

# ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ

# အာဆီယံ

## လမ်းညွှန်ချက်

### လူကုန်ကူးခံရသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း



Australian Aid | ASEAN-Australia Counter Trafficking

**သက်ဆိုင်မှုမရှိကြောင်းရှင်းလင်းချက်။** ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်ကို အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး (ASEAN-ACT) မှတစ်ဆင့် ဩစတြေးလျအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင်(ACWC) မှ ပြုစုထားပါသည်။ ဤထုတ်ဝေမှုတွင် ဖော်ပြထားသော အမြင်များသည် အာဆီယံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တရားဝင် ရပ်တည်ချက် သို့မဟုတ် ထင်မြင်ချက်များကို ကိုယ်စားမပြုပါကြောင်းနှင့် ဩစတြေးလျအစိုးရ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၏ ထင်မြင်ချက်များ မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက်
ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ

# အာဆီယံ

## လမ်းညွှန်ချက်

### လူကုန်ကူးခံရသူများ၏ အခွင့်အရေးများကို
### အကာအကွယ်ပေးခြင်း

# မာတိကာ


**ကျေးဇူးတင်လွှာ** ........ ခ

**ACWC ၏ ဥယျောဇဉ်** ........ ဂ

**အာဆီယံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်၏ အမှာစာ** ........ င

**လမ်းညွှန် အသုံးပြုခြင်း** ........ ၁

အသုံးပြုရမည့်သူများ ........ ၁

အသုံးပြုပုံ ........ ၁

အသုံးဝင်သောအခြား စာရွက်စာတမ်းများ ........ ၁

**နည်းဗျူဟာ** ........ ၂

**အဓိကသဘောတရားများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ** ........ ၃

**လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ထိခိုက်နစ်နာမှုမရှိစေရေး ဟူသည်မှာ အဘယ်နည်း။** ........ ၆

**ထိခိုက်နစ်နာမှု မရှိစေရေး သဘောတရား** ........ ၆

**ထိခိုက်နစ်နာမှုမရှိစေရေးနှင့် လူကုန်ကူးမှု** ........ ၆

**ထိခိုက်နစ်နာမှုမရှိစေရေးကို မြှင့်တင်ပေးမည့် နိုင်ငံတကာမူဘောင်များ** ........ ၇

**ထိခိုက်နစ်နာမှုမရှိစေရေးကို မြှင့်တင်ပေးမည့် အာဆီယံ မူဘောင်များနှင့် လမ်းညွှန်ချက်များ** ........ ၈

**ကျူးလွန်ခံရသူအား တိုက်ရိုက်ကူညီနေစဉ်နှင့် ကာကွယ်နေစဉ်တို့တွင် ထိခိုက်နစ်နာမှုမရှိစေရေးကို ကျင့်သုံး ဆောင်ရွက်ခြင်း** ........ ၁၀

**ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း** ........ ၁၁

၁။ ကျူးလွန်ခံရသူသည် လူကုန်ကူးခံရသူအဖြစ် အသတ်မှတ်မခံရခြင်း ........ ၁၃

၂။ ပြစ်မှုအဖြစ် သတ်မှတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း ........ ၁၉

၃။ တွေ့ဆုံမေးမြန်းမှုများအတွင်း ကျူးလွန်ခံရသူ ထပ်တလဲလဲဖြစ်ခြင်း ........ ၂၃

၄။ စွမ်းဆောင်ရည်မဲ့စေခြင်း၊ အတင်းအကျပ်သတ်မှတ်ခြင်းနှင့် အကူအညီ ........ ၂၉

၅။ မိသားစုနှင့် အသိုင်းအဝိုင်းက ကဲ့ရဲ့ ပြစ်တင်ခြင်းနှင့် ပစ်ပယ်ခြင်း ........ ၃၁

၆။ လွှဲအပ်မှုလုပ်ငန်းစဉ်အတွင်း စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှု ........ ၃၃

**နာလန်ထူလာရေး၊ ပြန်လည်သုံးသပ်ရေးနှင့် ခိုလှုံရေး** ........ ၃၆

၁။ ရွေးချယ်စရာများကို ဆုံးဖြတ်ရန်အတွက် ပြန်လည်သုံးသပ်ရေး အချိန်မရှိခြင်း ........ ၃၈

၂။ ခိုလှုံရာနေရာ သို့မဟုတ် ယာယီနေထိုင်ရာ အဆောက်အအုံများတွင် နေထိုင်ခွင့် မရှိခြင်း ........ ၄၀

၃။ ခိုလှုံရာနေရာနှင့် အခြားအကူအညီများသည် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ပူးပေါင်း
ဆောင်ရွက်နိုင်မှုအပေါ် မူတည်သည်။ ........ ၄၂

၄။ ကျူးလွန်ခံရသူများ၏ လွတ်လပ်စွာ သွားလာလှုပ်ရှားမှုနှင့် လွတ်လပ်စွာ ပြောဆိုဆက်သွယ်မှုတို့ကို
ကန့်သတ်ထားသော ခိုလှုံရေးဂေဟာများ ........ ၄၄

၅။ အထူးစီမံထားသော တစ်ဦးချင်း ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုတို့ မရှိခြင်း ........ ၄၈

**နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး** ........ ၅၁

၁။ မူလနေရပ်သို့ အတင်းအကျပ် ပြန်ခိုင်းခြင်း ........ ၅၃

၂။ ဘေးမကင်း၊ ဂုဏ်သိက္ခာမရှိသော နေရပ်ပြန်ခြင်း ........ ၅၆

၃။ ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် အထောက်အပံ့များသည် အကန့်အသတ်ရှိခြင်းနှင့်/
သို့မဟုတ် ကျူးလွန်ခံရသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း ........ ၅၇

၄။ ရပ်ရွာလူထုအခြေပြုမဟုတ်သော ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် ထောက်ပံ့ကူညီမှုများ ........ ၆၂

၅။ ကျား၊မဆိုင်ရာ ပုံသေကားကျသတ်မှတ်ချက်များနှင့် ထိခိုက်နစ်နာစေသော လူမှုစံနှုန်းများကို
အားပေးနေသည့် ပြန်လည်ပေါင်းစည်းရေး အစီအစဉ်များ ........ ၆၄

**ဆေးကုသမှုနှင့် စိတ်ကျန်းမာရေး စောင့်ရှောက်မှု** ........ ၆၅

၁။ ဆေးကုသမှုနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်းရရှိခွင့် မရှိခြင်း ........ ၆၇

၂။ အကန့်အသတ်ရှိသော သို့မဟုတ် ကာလတိုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ........ ၆၉

၃။ စိတ်ဒဏ်ရာအကြောင်း သိနားလည်စွာ စောင့်ရှောက်ပေးမှု မရှိခြင်း ........ ၇၁

၄။ ယဉ်ကျေးမှုအရသင့်လျော်၍ တစ်ဦးချင်းအလိုက် ဂရုစိုက်စောင့်ရှောက်မှု မရှိခြင်း ........ ၇၃

**ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်** ........ ၇၅

၁။ ၎င်းတို့အား ခေါင်းပုံဖြတ်အမြတ်ထုတ်သူများကို ဆန့်ကျင်၍ ထွက်ဆိုမှုတွင် လွဲမှားစွာ နားလည်စေခြင်း၊
ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အကျပ်ကိုင်ခံရခြင်း ........ ၇၇

၂။ ကိုယ်ရေးအချက်အလက် လုံခြုံမှုနှင့် အမည်မဖော်လိုမှု ဆုံးရှုံးခြင်း ........ ၇၉

၃။ ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့ခြင်း - လူကုန်ကူးမှု ကျူးလွန်သူများ၏ လက်တုံ့ပြန်မှု ........ ၈၀

၄။ တရားစီရင်ရေး လုပ်ငန်းစဉ်အတွင်း ထပ်တလဲလဲ ကျူးလွန်ခံရသူဖြစ်ခြင်း ........ ၈၄

၅။ ဘက်လိုက်မှုနှင့် ပုံသေကားကျသတ်မှတ်ချက်များအပေါ် အခြေခံသော တရားစွဲဆိုခြင်းနှင့် တရား စီရင်ရေး
ဆုံးဖြတ်ချက်များ ........ ၈၈

၆။ စီးပွားရေးဆိုင်ရာ စိတ်ဖိအားများနှင့် ကန့်သတ်နစ်နာကြေး သို့မဟုတ် လျော်ကြေး ........ ၉၀

၇။ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှု သို့မဟုတ် ကိုယ်စားပြုမှု ကင်းမဲ့ခြင်း ........ ၉၃

**ရည်ညွှန်းချက်များ** ........ ၉၄

**နောက်ဆက်တွဲ ၁။ အမျိုးသားဆင့် ဆွေးနွေးတိုင်ပင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများကို နိုင်ငံအလိုက် ခွဲခြားဖော်ပြထားမှု ဇယား** ........ ၉၆

# ကျေးဇူးတင်လွှာ

ဤထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ကို Ms. Chen Chen Lee မှ ရေးသားပြုစုထားပါသည်။ ၎င်းလမ်းညွှန်ချက်သည် အာဆီယံ-ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး (ASEAN-ACT)မှ ထောက်ပံ့ပေးပါသော ကျူးလွန်ခံရသူ အခြေပြု ချဉ်းကပ်မှုများနှင့် ကျားမဂရုပြု ချဉ်းကပ်မှုများကို အသုံးပြု၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို တုံ့ပြန်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ နှစ်ရှည်စီမံချက် ("စီမံချက်")အရ ဆောင်ရွက်ရမည့် အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင်(ACWC)၏ စီမံချက်တစ်ခု ဖြစ်ပါသည်။

ACWC သည် ဂုဏ်သရေရှိသံအမတ် Ms. Sri Danty Anwar ၊ ACWC၏ အမျိုးသမီးများအခွင့်အရေးဆိုင်ရာ အင်ဒိုနီးရှား ကိုယ်စားလှယ်အား စီမံကိန်းကို ကြီးကြပ်ဆောင်ရွက်ပေးမှုနှင့် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်အတွက် ကျေးဇူးတင်ရှိပါသည်။ ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြပါသော Ms. Sri Danty Anwar (ACWC အင်ဒိုနီးရှား)၊ Mrs. Yanti Kusumawardhani (ACWC အင်ဒိုနီးရှား)၊ Prof. Lourdesita Sobrevega-Chan (ACWC ဖိလစ်ပိုင်)၊ Dr. Ratchada Jayagupta (ACWC ထိုင်း) နှင့် Mr. Wanchai Roujanavong (ACWC ထိုင်း) တို့ကို ကျေးဇူးအထူး တင်ရှိပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပခဲ့သော အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါသည်။

ACWC သည် ဤထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်ကို ရေးသားပြုစုရာတွင် ပါဝင်ခဲ့ကြပါသော ASEAN-ACT အဖွဲ့၏ ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုသလို ကျူးလွန်ခံရသူအခွင့်အရေးများနှင့် ကျားမတန်းတူညီမျှမှု၊ မသန်စွမ်းမှုနှင့် လူမှုအကျိုးဝင်မှုဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Nurul Qoiriah ကိုလည်း ကျေးဇူးအထူး တင်ရှိပါသည်။ အာဆီယံအတွင်းရေးမှူးရုံး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ကျားမရေးရာဌာနထံမှလည်း ဤလမ်းညွှန်ကို အပြီးသတ် ပြုစုရန်အတွက် အဖိုးမဖြတ်နိုင်သော အထောက်အပံ့များ ရရှိခဲ့ပါသည်။

# ACWC ၏ ဥယျောဇဉ်

ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက် - လူကုန်ကူး ခံရသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်းကို အပြီးသတ်ရေးသားပြီးစီးခဲ့သော အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင် (ACWC)ကို ကျွန်ုပ် ချီးကျူးဂုဏ်ပြု လိုပါသည်။ ACWC သည် လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် အာဆီယံ၏ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးများ မြှင့်တင်ရာတွင် အဓိက မှတ်တိုင်ဖြစ်သည့် ဤအစပြုမှုအတွက် အမှန်တကယ် ဂုဏ်ယူပါသည်။

ACWC သည် ၂၀၁၆ခုနှစ်မှ စတင်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အာဆီယံဒေသဆိုင်ရာစီမံချက် (RPA EVAW)ကို ခိုင်မာစွာ အကောင်အထည်ဖော်ခြင်းဖြင့် ဒေသတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပုံစံအားလုံး အဆုံးသတ်ရေးအတွက် အာဆီယံ၏ စုပေါင်းကြိုးပမ်းမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် ACWC သည် 2015 ခုနှစ်တွင် လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း (ACTIP)ပေါ်ထွက်ပြီးနောက်တွင် အာဆီယံ၏ ကတိကဝတ်ကို အကောင်အထည်ဖော်ရန် အခိုင်အမာ ကတိပြုထားပါသည်။ ACWC သည် RPA EVAW ၏ အကောင်အထည်ဖော်မှုကို ဆက်လက်ထိန်းကျောင်းနေပြီး အာဆီယံတစ်ဝှမ်း ACTIP ၏ အပြည့်အဝအကောင်အထည်ဖော်မှုကို ပံ့ပိုးကူညီရန်အတွက် သက်ဆိုင်ရာကဏ္ဍဆိုင်ရာအဖွဲ့အစည်း များအားလုံးနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

ACTIPကို ကုလသမဂ္ဂမှ လူကုန်ကူးမှုကို တားဆီး၊ နှိမ်နင်းခြင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမြင့်ဆုံး စံသတ်မှတ်ချက်တစ်ရပ်ကို ပိုင်ဆိုင်ထားသည်နှင့်အတူ နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်း ရှင်းတွင် ဖြည့်စွက်ထားသည့် လူကုန်ကူးမှု၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့်  လူကုန်ကူးမှုများကို တားဆီး နှိမ်နင်း အပြစ်ပေးရေးဆိုင်ရာ နောက်ဆက်တွဲ စာချုပ် (၂၀၀၀ ပြည့်နှစ်)ထက် နယ်ပယ်အချို့၌ ပိုမိုတိုးတက်မှုရှိသည်ဟု ယူဆ ထားသည်ကို ACWCက အသိအမှတ်ပြုပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွန်ခဲ့သောနှစ်များအတွင်းက အာဆီယံက အကောင်အထည်ဖော်ခဲ့သော၊ အထူးသဖြင့် လူကုန်ကူးခံရ သူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးမည့် ဒေသအလိုက် လမ်းညွှန်ချက်ကို ထောက်ကူပံ့ပိုးပေးရာတွင် သိသိသာသာ တိုးတက် ပြောင်းလဲမှုများကို အခြေခံ၍ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသော အာဆီယံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်း အားထုတ်မှုတွင် ဩစတြေးလျအစိုးရက ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် အာဆီယံ- ဩစတြေးလျ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်(ASEAN-ACT)၏ အရေးပါသောထောက်ပံ့မှုကို ACWC က တန်ဖိုးထား အသိအမှတ်ပြုပါသည်။ ယင်းတို့တွင် "လူကုန်ကူး ခံရသူအမျိုးသမီးများ နှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်"နှင့် "လူကုန်ကူးမှုကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ် ဖြေရှင်းရန် အလို့ငှာ ချမှတ်သော ဒေသဆိုင်ရာလမ်းညွှန်မှုများ လုပ်ထုံးလုပ်နည်းများ" လည်း ပါဝင်ပါသည်။

ကျွန်ုပ်တို့၏ အဓိကရည်မှန်းချက်မှာ လူကုန်ကူးမှုခံရသူများ၏ အခွင့်အရေးများကို ကာကွယ်ရေး၊ ၎င်းတို့၏ ဂုဏ်သိက္ခာကို လေးစား ရေးနှင့် ပြန်လည်အဖတ်ဆယ်ကာ လူမှုအသိုင်းအဝိုင်းသို့ ပြန်လည်ပေါင်းစည်းပြီး ၎င်းတို့၏ ဘဝများကို ပြန်လည် တည်ဆောက်ရေး တို့ကို ဆက်လက် အထောက်ပံ့ပေးရေးတို့ ဖြစ်သည်။ ဤသည်တို့ကို ဆောင်ရွက်ရန်အတွက် ACWCသည် ကျူးလွန်ခံရသူကို

ထောက်ပံ့သည့် ဝန်ဆောင်မှုများနှင့် ကရုဏာထားသော၊ လူတိုင်းအကျုံးဝင်သော၊ ကိုယ့်ကျင့်တရား ဝေဖန်မှု မပါသည့် နည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ပေးအပ်ရာတွင် ကျွန်ုပ်တို့၏ ရှေ့တန်းမှ တုံ့ပြန် ဆောင်ရွက်သူများ၏ စွမ်းရည်ကို ဆက်လက်မြှင့်တင်ရန် ဦးစားပေးပါသည်။

ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်သည် ကျူးလွန်ခံရသူကို တိုက်ရိုက်ကူညီ၊ ကာကွယ် စောင့်ရှောက်ရေး အဆင့်များတွင် ကျူးလွန်ခံရသူအခြေပြု ချဉ်းကပ်မှုနှင့် ကျား၊မဂရုပြု ချဉ်းကပ်မှုတို့ကို အသုံးပြု၍ အရှေ့တောင်အာရှဒေသအတွင်း ကျူးလွန်ခံရသူများအား ကာကွယ် စောင့်ရှောက်မှုကို မြှင့်တင်ရေးအတွက် ကျွန်ုပ်တို့နှင့် ASEAN-ACT တို့၏ ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာသော အဓိကရလဒ်ဖြစ်သည်။ လူကုန်ကူးခံရသူများထိတွေ့ရသော အစိုးရနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ရှေးဦးတုံ့ပြန် ဆောင်ရွက်သူများနှင့် ကူညီထောက်ပံ့ပေးသူများအတွက် ၎င်းတို့ ကူညီလုပ်ကိုင်ဆောင်ရွက်နေစဉ်တွင်း ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များပြည့်မီပြီး ထိုသူတို့၏ ဘေးကင်းရေးနှင့် အကာအကွယ် ရရှိစေခွင့်များကို ပဓာနကျစွာထည့်သွင်းစဉ်းစားပြီး ပို၍ကူညီနိုင်ရန် ရည်ရွယ်ပါသည်။

ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် လူကုန်ကူး ခံရသူများကို ကူညီရာတွင် ကြုံတွေ့ရသော တကယ့်ဖြစ်ရပ်များနှင့် စိန်ခေါ်မှုများကို ထင်ဟပ်ပြသထားပြီး ကျူးလွန်ခံရသူများနှင့် အခြားသူများ ခံစားရသော ထိခိုက်နစ်နာမှုများကို ကြိုတင်ကာကွယ်ရန်နှင့် လျှော့ချပေးရန်တို့အတွက် လက်တွေ့လုပ်ဆောင်ရမည့် စီမံဆောင်ရွက်ချက်များကို အကြံပြုထားသည်။ ဤလမ်းညွှန်ချက်သည် အာဆီယံ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ အခြေအနေအလိုက် ရှုပ်ထွေးမှုများအားလုံးကို မလွှမ်းခြုံနိုင်သော်လည်း ACTIP နှင့်တကွ အခြားသော အာဆီယံ မူဘောင်များကို ကိုးကား၍ အရှေ့တောင်အာရှဒေသတွင်း ဖြစ်နိုင်ခြေနှင့် လက်တွေ့ဖြစ်ပေါ်နေမှုကို ဖော်ထုတ်ထားပါသည်။ ဤလမ်းညွှန်သည် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအားလုံးအတွက် နေ့စဉ်တာဝန်များ ဆောင်ရွက်ရာတွင် အသုံးဝင်သော အကိုးအကားရင်းမြစ်တစ်ခု ဖြစ်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။



**Hou Nirmita**
**Under-Secretary of State of Ministry of Women's Affairs**
**Cambodia's Representative on Women's Rights to the ACWC**
**Chair of the ACWC**

# အာဆီယံဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်၏ အမှာစာ

သြစတြေးလျနိုင်ငံသည် လူကုန်ကူးမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရန် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်ဖြစ်ခဲ့သည်မှာ အချိန်အတော်ကြာပြီ ဖြစ်ပါသည်။ အာဆီယံ- သြစတြေးလျ လူကုန်ကူးမှု တိုက်ဖျက်ရေး အစီအစဉ် (ASEAN-ACT)သည် အရှေ့တောင်အာရှဒေသမှ လူကုန်ကူးမှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးရန်နှင့် လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း (ACTIP)ကို အကောင်အထည်ဖော်မှုအား ဆက်လက်ပံ့ပိုးကူညီရန်ဟူသော သြစတြေးလျနိုင်ငံ၏ ကတိကဝတ်အပေါ် အခြေခံပါသည်။ ASEAN-ACT က အဓိကအာရုံစိုက်သည်မှာ ကျူးလွန်ခံရသူ၏ အခွင့်အရေးများ၊ ကျား၊မတန်းတူညီမျှမှု၊ မသန်စွမ်းအကျုံးဝင်မှုနှင့် လူမှုရေးအကျုံးဝင်မှုတို့ကို မြှင့်တင်ရန်ဖြစ်ပြီး ဤအတွက် လူကုန်ကူးခံရသူများနှင့် ၎င်းတို့ မိသားစုများ၏ အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်ရန်အလို့ငှာ ဒေသတွင်းမှ အစိုးရနှင့် အစိုးရမဟုတ်သော ပတ်သက်ဆက်နွယ်သူများနှင့်အတူ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်သည် ASEAN-ACT ၏ ကူညီမှုနှင့်အတူ ACWCက ဦးစီးလုပ်ကိုင်ခဲ့သော ပူးပေါင်းအားစိုက်မှု၏ ရလဒ်ဖြစ်သည်။ ဤလမ်းညွှန်သည် လူကုန်ကူးမှုများတွင် ရှေးဦးတုံ့ပြန်ဆောင်ရွက်သူများအတွက် လက်တွေ့အသုံးချနိုင်သော ရင်းမြစ်တစ်ခု ဖြစ်စေရန်နှင့် ကျူးလွန်ခံရသူကို အကာအကွယ်ပေးရေးနှင့် ကူညီထောက်ပံ့ပေးရေး အဆင့်အားလုံးရှိ ထိခိုက်နစ်နာမှုဖြစ်နိုင်ခြေများကို တတ်နိုင်သမျှ အနည်းဆုံးလျှော့ချရန် ရည်ရွယ်ပါသည်။ လူကုန်ကူးမှုများမှာ ရှုပ်ထွေးလှသည်ဖြစ်ရာ ၎င်းကို တန်ပြန်ရန် ရည်ရွယ်သော စီမံဆောင်ရွက်မှုများသည်လည်း ထိခိုက်နစ်နာမှုကို ဖြစ်စေနိုင်သော အလားအလာရှိပါသည်။ ထိခိုက်နစ်နာမှု ပုံစံအမျိုးမျိုးရှိတတ်ပြီး လူကုန်ကူးခံရသူနှင့် ၎င်း၏ မိသားစုများကိုသာမက လူကုန်ကူးခံရသူအား ပံ့ပိုးကူညီနေသူများပါ ထိခိုက်နစ်နာမှုကို ရင်ဆိုင်ရနိုင်ပါသည်။ ဤလမ်းညွှန်သည် လူကုန်ကူးခံရသူများနှင့် ၎င်းတို့မိသားစုများ၏ ကွဲပြားစုံလင်သော ကိုယ်စီလိုအပ်ချက်များကို အသိအမှတ်ပြုပြီး ကျူးလွန်ခံရသူများ၏ ကွဲပြားစုံလင်သော နောက်ခံအခြေအနေ၊ အတွေ့အကြုံ တို့နှင့်အညီ လိုက်လျောညီထွေ အသုံးပြုနိုင်သော နည်းကိရိယာများကို ဖော်ပြပေးထားပါသည်။

ဤလမ်းညွှန်ကို အောင်မြင်စွာ ရေးသားပြီးစီးခြင်းအပေါ် ကျွန်ုပ်အနေနှင့် ACWC နှင့် အာဆီယံမိတ်ဖက်များကို ဂုဏ်ပြုလိုပါသည်။ ဤလမ်းညွှန်သည် လူကုန်ကူးခံရသူများနှင့်အတူ ဆောင်ရွက်ရာတွင် ကျူးလွန်ခံရသူ ဗဟိုပြု၊ ကျား၊မ ကွဲပြားမှု၊ လူတိုင်းအကျုံးဝင်သော ချဉ်းကပ်နည်းကို အသုံးပြုမှုများကို ပေါင်းစည်းစေရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ထင်ဟပ်ထားပါ၏။ အာဆီယံအဖွဲ့ဝင် ဖနိုင်ငံနှင့် အခြား သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ကျယ်ပြန့်စွာ ပြုလုပ်ခဲ့သော အမျိုးသားအဆင့် တိုင်ပင် ဆွေးနွေးမှုများက ဤလမ်းညွှန်ကို အာဆီယံပိုင်ပစ္စည်းစစ်စစ်တစ်ခု  ဖြစ်စေရန် ကူညီခဲ့ပါသည်။ သြစတြေးလျအစိုးရ/ သို့မဟုတ် ASEAN-ACT သည် လာမည့်နှစ်များ၌ ACTIP ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ACWC၊ အာဆီယံတို့နှင့် မိတ်ဖက်များအဖြစ် ဆက်လက် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်လျက်ရှိပါသည်။



**Will Nankervis**
**Australian Ambassador to ASEAN**

# လမ်းညွှန် အသုံးပြုခြင်း

ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများသည် လူကုန်ကူးခံရသူများကို ကာကွယ်ခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်းတို့တွင် အဓိကအခန်းကဏ္ဍမှာ ပါဝင်သူများ ဖြစ်သည်။ ၎င်းတို့သည် ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်အတွင်း ကျူးလွန်ခံရသူအတွက် ပထမဆုံး ဆက်သွယ်ထိတွေ့ရသူများ ဖြစ်လေ့ရှိပါသည်။ ၎င်းတို့သည် ရေတိုနှင့် ရေရှည် အကာအကွယ်ပေးရေး၊ ကျန်းမာရေး၊ ခိုလှုံရေး၊ နာလန်ထူလာရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကိုလည်း ပံ့ပိုးကူညီကြသည်။ ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများနှင့် အထောက်အကူပေးသူများသည် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများကို ပံ့ပိုးမြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြပါသည်။

### အသုံးပြုရမည့်သူများ

ဤလမ်းညွှန်သည် လူကုန်ကူးခံရသူများကို အထောက်အပံ့၊ အကာအကွယ်ပေးရေးတွင် တိုက်ရိုက်ပါဝင်နေကြသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများအတွက် ဖြစ်သည်။ ၎င်းတို့တွင် -

- တရားဥပဒေစိုးမိုးရေး အရာရှိများ (ရဲအရာရှိများ၊ စုံထောက်များ၊ တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ အကောက်ခွန်အရာရှိများ၊ လျှို့ဝှက်အေးဂျင့်များ၊ နယ်ခြားစောင့်အရာရှိများ၊ လူဝင်မှုကြီးကြပ်ရေး အရာရှိများ)
- လူမှုဝန်ထမ်းများ၊ မျက်မြင်သက်သေနှင့် ကျူးလွန်ခံရသူ ကာကွယ်ရေး အေဂျင်စီများ/ ညှိနှိုင်းဆောင်ရွက်သူများ၊ စကားပြန်များ၊ ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးလုပ်သားများ၊ စိတ်ပညာရှင်များ/ စိတ်ရောဂါကု ဆရာဝန်များ၊ ခိုလှုံရေး စီမံခန့်ခွဲသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရှေ့နေများ/ တရားရုံးချုပ်ရှေ့နေများ/ ဥပဒေအထောက်အကူပြု NGOများ၊ အမျိုးသမီးသမဂ္ဂများ၊ အလုပ်သမားကြီးကြပ်ရေးအရာရှိများအစရှိသော အခြားအသုံးပြုသူများ ပါဝင်ပါသည်။

ဤလမ်းညွှန်သည် လူကုန်ကူးမှု(TIP) အမှုအခင်းများကို စီရင်သော တရားရေး အရာရှိများ၊ လူကုန်ကူးခံရသူများအား အထောက်အပံ့၊ အကာအကွယ်ပေးရေး အစီအစဉ်များ၊ စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်သော မူဝါဒချမှတ်သူများနှင့် စီမံကိန်း စီမံခန့်ခွဲသူများ အတွက် ရည်ညွှန်းကိုးကားစရာတစ်ခုလည်း ဖြစ်နိုင်ပါသည်။

### အသုံးပြုပုံ

ဤလမ်းညွှန်ကို အာဆီယံ နောက်ခံအခြေအနေတွင် လက်တွေ့အသုံးချနိုင်သော ရင်းမြစ်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်သည်။ ဤလမ်းညွှန်ကို ဒီဇိုင်းရေးဆွဲရာတွင် ကျူးလွန်ခံရသူကို အထောက်အပံ့နှင့် အကာအကွယ်တို့ တိုက်ရိုက်ပေးအပ်စဉ်၌ ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အခြေခံမူကို နားလည်သဘောပေါက်၊ အသုံးပြုရန်အတွက် သင့်အား အထောက်အကူ ပေးရန် ရည်ရွယ် ရေးဆွဲထားပါသည်။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် လူကုန်ကူးခံရသူများနှင့် အခြား ပါဝင်သူများအား မရည်ရွယ်ဘဲ ထိခိုက်နစ်နာမိစေခြင်းကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန်အလို့ငှာ မိမိတို့၏ စီမံဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များကို စစ်ဆေးအကဲဖြတ်ရန် သို့မဟုတ် သုံးသပ်ရန်အတွက် ဤလမ်းညွှန်ကို အသုံးပြုသင့်ပါသည်။

ဤလမ်းညွှန်တွင် (၁) ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း၊ (၂) နာလန်ထူလာရေး၊ ပြန်လည်သုံးသပ်ရေးနှင့် ခိုလှုံရေး (၃) နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး (၄) ဆေးကုသမှုနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုနှင့် (၅) ပြစ်မှုဆိုင်ရာတရားစီရင်ရေးလုပ်ငန်းစဉ်ဟူသော အကြောင်းအရာနယ်ပယ် ငါးခုမှ လူကုန်ကူးခံရသူများ ရင်ဆိုင်ရရန် အလားအလာရှိသော ထိခိုက်နစ်နာမှုများကို သတ်မှတ်ဖော်ထုတ်ထားသည်။

ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ လမ်းညွှန်ချက်များကို အကြောင်းအရာနယ်ပယ်တစ်ခုချင်းစီအောက်မှ သတ်မှတ်ဖော်ထုတ် ထားသော ထိခိုက်နစ်နာမှုများနှင့်အညီ လိုက်လျောညီထွေ အကြံပြုထားပါသည်။ ဤလမ်းညွှန်သည် ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများ အလုပ်လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် ရန်ပုံငွေကန့်သတ်ချက်၊ ရင်းမြစ်ကန့်သတ်ချက်တို့နှင့် တကွ ကန့်သတ်ချက်ပေါင်းစုံကို အသိအမှတ်ပြုပါသည်။ ဤလမ်းညွှန်ချက်သည် အာဆီယံနိုင်ငံအားလုံးအတွက် ဖြစ်သော်လည်း အချို့သော ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ လမ်းညွှန်ချက်များသည် တရားစီရင်ရေးစနစ်အချို့တွင်သာ ဆီလျော်ခြင်းမျိုး ရှိကောင်းရှိနိုင်သည်ကို ဖတ်ရှုသူအနေနှင့် သတိချပ်သင့်ပါသည်။

### အသုံးဝင်သော အခြား စာရွက်စာတမ်းများ

ဤလမ်းညွှန်ချက်၏ ရည်ရွယ်ချက်မှာ လူကုန်ကူးခံရသူများနှင့် အခြား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအား ထိခိုက်နစ်နာစေမှုကို ရှောင်ရှားနိုင်စေမည့် နည်းဗျူဟာတစ်ခုလုံးကို ပေးအပ်ရန်မဟုတ်ဘဲ အကြံပြုချက်များနှင့် လမ်းညွှန်ချက်များပေးရန်သာ ရည်ရွယ်ပါသည်။ ထို့ကြောင့် လူကုန်ကူးခံရသူများနှင့် အလုပ်လုပ်ခြင်းအကြောင်း ညွှန်ကြားချက်များနှင့် အကြံဉာဏ်များ ပေးသော အခြား စာရွက်စာတမ်းများနှင့် တွဲ၍ ဤလမ်းညွှန်ချက်ကို ဖတ်ရှုသင့်ပါသည်။ အသုံးဝင်သော စာရွက်စာတမ်းများ စာရင်းကို လမ်းညွှန်ချက်အဆုံးတွင် ထည့်သွင်းထားပါသည်။ ဤလမ်းညွှန်ချက်အတွက် မရှိမဖြစ်အရေးပါသော အဆိုပါ အပိုဆောင်းဖြည့်စွက်ချက်များကို ထည့်သွင်းစဉ်းစားရန်နှင့် ထိုရင်းမြစ်များကို လိုအပ်သလို ကြည့်ရှုလေ့လာရန် ကျွန်ုပ်တို့က တိုက်တွန်းလိုပါသည်။

# နည်းဗျူဟာ

ဤလမ်းညွှန်ချက်သည် ASEAN-ACT က ၂၀၂၁ ခုနှစ်၊ မေလတွင် ASEAN-ACT ၏ ဝန်ထမ်းများနှင့် မိတ်ဖက်များအတွက် ရေးသားခဲ့သော လူကုန်ကူးမှုကျူးလွန်ခံရသူများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် လိုက်နာရမည့် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ လမ်းညွှန်ချက်အပေါ် အခြေတည်ပါသည်။ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များ အစရှိသည်တို့ ထုတ်ဝေထားသော ရှိပြီးသားစာရွက်စာတမ်းများအား တစ်ဆင့် ပြန်လည် ဆန်းစစ်ချက်အပေါ် အခြေခံ၍ ဤလမ်းညွှန်ချက်ကို ရေးသားထားပါသည်။

ဤလမ်းညွှန်ချက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံဟူသော အာဆီယံနိုင်ငံများ၌ ပြုလုပ်သည့် အမျိုးသားအဆင့် ညှိနှိုင်းတိုင်ပင်ရေး အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိချက်များကိုလည်း ပေါင်းစပ်ထည့်သွင်းထားပါသည်။ မလေးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများမှ ပတ်သက်ဆက်နွှယ်သူများနှင့်လည်း တစ်စိတ်တစ်ပိုင်း ပုံစံချထားသည့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

ဤလမ်းညွှန်ချက်ကို အချောသတ်ရန်အတွက် ACWC အဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ဝန်ထမ်းများထဲမှ ရွေးချယ်ထားသူများ ပါဝင်သော ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။[1]

အရေးကြီးသောအချက်မှာ နိုင်ငံတကာ မူဘောင်များနှင့် လမ်းညွှန်ချက်များကို ကိုးကား၍ လက်ရှိ အာဆီယံစံနှုန်းများနှင့် လမ်းညွှန်ချက်များကို အခြေခံပြီး ဤလမ်းညွှန်ချက်ကို ရေးသားထားသည်ဟူသောအချက် ဖြစ်သည်။[2] ဤလမ်းညွှန်ချက်သည် လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း (ACTIP) အတိုင်း အကောင်အထည်ဖော်ခြင်းကို အထောက်အကူပေးရန် ရည်ရွယ်ပါသည်။

**ပတ်သက်ဆက်နွှယ်သူ**

**စုစုပေါင်း**

**၂၆၃ ဦးက**

**ဤလမ်းညွှန်ချက်အတွက်**

**ပါဝင်ဖြေဆိုပေးခဲ့ကြသည်။**



| **၎င်းတို့၏ ၆၀ ရာခိုင်နှုန်းသည်** | **၄၀ ရာခိုင်နှုန်းမှာ** |
|---|---|
| **အစိုးရအဖွဲ့များမှ ဖြစ်ပြီး** | **အစိုးရမဟုတ်သော ကဏ္ဍများမှ ဖြစ်သည်။** |

---

၁ TWG သည် လမ်းညွှန်ချက်ကို ဆွေးနွေးအပြီးသတ်ရန် ဂျကာတာတွင် ၆-၇ရက် ဇွန် ၂၀၂၂၌ လူချင်းတွေ့ဆုံခဲ့ပါသည်။ အစည်းအဝေးတွင် ACWCမှ အဖွဲ့ဝင်အချို့ အွန်လိုင်းမှ တက်ရောက်ခဲ့ပါသည်။

၂ ACWC လူကုန်ကူးခံရသူ အမျိုးသမီးများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော အာဆီယံ လမ်းညွှန်ချက် (၂၀၁၅) နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို အထူးပြုသော ACWC လူကုန်ကူးမှုကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ဒေသဆိုင်ရာလမ်းညွှန်မှုများနှင့် လုပ်ထုံးလုပ်နည်းများ(ရက်စွဲမသိရ)။

# အဓိကသဘောတရားများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ

**အောင်ဂျင်စီ –** ရွေးချယ်မှုများကို ထိထိရောက်ရောက် ပြုလုပ်နိုင်သလို ယင်းရွေးချယ်မှုများကို လိုလားတောင့်တသည့် ရလဒ်များ အဖြစ်သို့ အသွင်ပြောင်းလဲနိုင်သော လူတစ်ဦးတစ်ယောက်၏ (သို့မဟုတ် အုပ်စုတစ်စု၏) စွမ်းရည်ဖြစ်သည်။ အေဂျင်စီဆိုသည်မှာ အမျိုးသမီးများ၊ အမျိုးသားများသည် ၎င်းတို့ လိုလားတောင့်တသော ရလဒ်များ ရရှိရန်အလို့ငှာ  တွက်ချေကိုက်အောင် အခွင့်ကောင်းယူရန်အတွက် ၎င်းတို့၏ ပင်ကိုအစွမ်းအစများကို အသုံးပြုသော လုပ်ငန်းစဉ်တစ်ရပ်ဟု နားလည်နိုင်သည်။[၃] ဥပမာ ဆိုရသော် ကျောင်းသားကျောင်းသူများသည် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် ရွေးချယ်ရာတွင် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှု ထက် မိသားစုမှ ဆုံးဖြတ်သူ၏ လွှမ်းမိုးမှုကို ခံရလေ့ရှိသည်။

**ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်စေမည့် အကျိုးစီးပွား –** ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UN Convention on the Rights of the Child – CRC) ၏ အပိုဒ် - ၃(၁) သည် ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်စေမည့် အကျိုးစီးပွားဆိုင်ရာ အခြေခံမူအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ၎င်းသည် ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်စေမည့် အကျိုးစီးပွားကို ပြည့်စုံစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိသော်လည်း အခြေခိုင်သော အခွင့်အရေးတစ်ရပ်၊ အခြေခံကျပြီး ဘာသာစကားအမျိုးမျိုးသို့ ပြန်ဆိုနိုင်သော ဥပဒေမူနှင့် CRC တွင် အသိအမှတ် ပြုထားသော အခွင့်အရေးအားလုံးကို အပြည့်အဝ၊ ထိထိရောက်ရောက် ခံစားပိုင်ခွင့်ရှိစေရန် ရည်ရွယ်သော လုပ်ထုံးလုပ်နည်း စည်းမျဉ်းများပါဝင်သည့် ဖိုခနောက်ဆိုင်သဘောတရား တစ်ခုအဖြစ် ဤအခြေခံမူကို နားလည်နိုင်ပြီး ၎င်းအခွင့်အရေးများသည် ကလေးသူငယ်၏ အလုံးစုံဖွံ့ဖြိုးမှုကို အဓိက အလေးပေး စဉ်းစားပါသည်။[၄]

**ကလေးသူငယ် –** အသက် (၁၈) နှစ်အောက် လူသားအားလုံး။[၅]

**ယဉ်ကျေးမှုနှင့် လျော်ညီသော ပြုစုစောင့်ရှောက်မှု –** ကွဲပြားစုံလင်သော နောက်ခံပေါင်းစုံမှ လူတို့၏ အမျိုးမျိုးသော တွေ့ကြုံရပုံများ၊ နာမကျန်းမှုကို ဖော်ပြပုံများနှင့် ပြုစုစောင့်ရှောက်မှုကို တုံ့ပြန်ပုံများကို အလေးပေးသော ပြုစုစောင့်ရှောက်မှု ပံ့ပိုး ပေးခြင်းကို ညွှန်းဆိုသည်။ ၎င်းသည် လူတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမျိုးစု သို့မဟုတ် ဘာသာစကား နောက်ခံတို့ကို ထည့်သွင်းစဉ်းစား၊ အလေးထားသည်။[၆]

**မသန်စွမ်းမှု –** မသန်စွမ်းမှုဆိုသည်မှာ ပြောင်းလဲနေသော သဘောတရားတစ်ခုဖြစ်ပြီး ချို့ယွင်းချက်ရှိသူများနှင့် လူ့အဖွဲ့အစည်း တွင် အခြားသူနည်းတူ အပြည့်အဝ၊ ထိထိရောက်ရောက် ပါဝင်မှုကို ဟန့်တားနိုင်သော စိတ်နေသဘောထားဆိုင်ရာ အတားအဆီး၊ ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးတို့အကြားရှိ အပြန်အလှန် သက်ရောက်မှု၏ ရလဒ် ဖြစ်သည်။[၇]

**မသန်စွမ်းသူများ –** လူ့အဖွဲ့အစည်းတွင် အခြားသူနည်းတူ အပြည့်အဝ၊ ထိထိရောက်ရောက် ပါဝင်မှုကို ဟန့်တားနိုင်သော အတားအဆီးအမျိုးမျိုးရှိသူများ၊ အပြန်အလှန် တုံ့ပြန်ဆက်သွယ်ရာတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏ်ရည်ပိုင်းဆိုင်ရာ သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက် ရှိသူများ ပါဝင်သည်။[၈]

**ကျား၊မ –** အမျိုးသမီးများနှင့် အမျိုးသားများ၏ စရိုက်လက္ခဏာဟု သတ်မှတ်သည့် လူမှုရေးအရ အဓိပ္ပါယ်ဖွင့်ဆိုသော လိင်ဝိသေသ စံသတ်မှတ်ချက်များ၊ အပြုအမူများ၊ လုပ်ဆောင်လှုပ်ရှားမှုများ၊ အရည်အသွေးများနှင့် အမျိုးသမီးများနှင့် အမျိုးသားများအကြား ရှိ ဆက်ဆံရေးများကို ညွှန်းဆိုသည်။ အသက်အရွယ်အားလုံးမှ အမျိုးသမီးများနှင့် အမျိုးသားများအပေါ် လူ့အဖွဲ့အစည်း၏ ရှုမြင်ပုံသည် အခွင့်အလမ်းများ၊ အရင်းအမြစ်များကို လက်လှမ်းမီနိုင်မှုနှင့် ထိန်းချုပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချခြင်းတို့ အပါအဝင် ကျား၊မ မညီမျှမှုများကို လွှမ်းမိုးထားပါသည်။

**ကျား၊မဆိုင်ရာ ပုံသေကားကျ သတ်မှတ်ချက်များ –** အမျိုးသမီးများနှင့် အမျိုးသားများအကြောင်း ပုံဖော်ချက်များ၊ ယုံကြည်ချက်များ၊ ရှုမြင်ပုံသဘောထားများ သို့မဟုတ် ယူဆချက်များ ဖြစ်သည်။ ပုံသေကားကျ သတ်မှတ်ချက်များသည် အများအားဖြင့် အဖျက်သဘော ဆောင်ပြီး ယူဆထားသော လိင်ဝိသေသဆိုင်ရာ စံနှုန်းများ၊ စံသတ်မှတ်ချက်များနှင့် ဆက်ဆံရေးများအပေါ် အခြေခံလေ့ရှိသည်။

---

၃ World Bank. (2012)၊ အမျိုးသမီးအေဂျင်စီကို မြှင့်တင်ခြင်း။ World Development Report 2012 မှရယူသည်။ https://siteresources.worldbank.org/INTWDR2012/Resources/7778105-1299699968583/7786210-1315936222006/chapter-4.pdf

၄ https://ec.europa.eu/home-affairs/pages/glossary/best-interests-child-bic_en

၅ CRC အပိုဒ် ၁ ကို ကြည့်ပါ။

၆ IOM (2009)၊ လူကုန်ကူးခံရသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပံ့ပိုးပေးသူများအတွက် လမ်းညွှန်ချက် Geneva: IOM. Geneva: IOM.

၇ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် နိဒါန်း။

၈ မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁။

**ကျား၊မဂရုပြု ချဉ်းကပ်မှု –** ကျား၊မဂရုပြု ချဉ်းကပ်မှုသည် လူအားလုံး၏ ကျား၊မဆိုင်ရာ သီးခြားလိုအပ်ချက်များကို ၎င်းတို့ ထိခိုက်နစ်နာပုံနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရပုံအလိုက် ထည့်သွင်းစဉ်းစားသည်။ ၎င်းသည် အဆိုပါ လိုအပ်ချက်များနှင့် ကိုက်ညီသော တုံ့ပြန်မှုများနှင့် စီမံဆောင်ရွက်မှုများကို စီစဉ်၊ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့အား ကူညီသည်။ ၎င်းသည် ကျား၊မဆိုင်ရာ ဘက်လိုက်မှုများကို ကျွန်ုပ်တို့၏ ဖြေရှင်းနိုင်စွမ်း၊ သမားရိုးကျသတ်မှတ်ချက်အတိုင်း မဟုတ်သော ကျူးလွန်ခံရသူများ နှိမ့်ချခွဲခြားမှုကို ဖြစ်စေသော အမျိုးသားဆန်ခြင်းနှင့် အမျိုးသမီးဆန်ခြင်းဆိုင်ရာ[၉] ပုံသေကားကျ သတ်မှတ်ချက်များကို တိုက်ဖျက်ခြင်းတွင် အမျိုးသားများနှင့် ယောကျ်ားလေးများ ချိတ်ဆက်ပါဝင်မှုကို အားပေး မြှင့်တင်နိုင်စွမ်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကိုဖြစ်စေသည့် ဇာစ်မြစ်အား ဖြေရှင်းနိုင်စွမ်း တို့ကိုလည်း မြှင့်တင်ပေးပါသည်။[၁၀]

**သိရှိ သဘောတူခွင့်ပြုချက် –** ပြုလုပ်မည့် တွေ့ဆုံမေးမြန်းမှု၊ ကုသမှု၊ လုပ်ထုံးလုပ်နည်း၊ အထောက်အပံ့ သို့မဟုတ် အခြားစီမံဆောင်ရွက်ချက်များကို သဘောတူသည့် လူတစ်ဦးတစ်ယောက်၏ ဆန္ဒအလျောက် ဆုံးဖြတ်ချက်ကို ညွှန်းဆိုသည်။ ရည်ရွယ်ထားသော စီမံဆောင်ရွက်ချက်များ၏ အကျိုးအပြစ်များအကြောင်း ရှင်းလင်း၊ နားလည်လွယ်သည့် သတင်း အချက်အလက်များနှင့် ရရှိနိုင်သော ရွေးချယ်စရာများကို မှန်ကန်စွာ ရွေးချယ်နိုင်စေရန်အတွက် ကျူးလွန်ခံရသူတစ်ဦး/ လူတစ်ဦးအား အသိပေးရမည်။ ပြောဆိုဆက်သွယ်နေသော အချက်အလက်များကို ထိုသူ နားလည်စေရန် စကားပြန်တစ်ဦး စီစဉ်ပေးသင့်သည်။

**ဘုံတူညီမှု –** ကျား-မ၊ အသက်အရွယ်နှင့် မသန်စွမ်းမှုအပါအဝင် လူတစ်ဦးတစ်ယောက်ချင်းစီတို့၏ စရိုက်လက္ခဏာများ ဆက်သွယ်ချိတ်ဆက်ပုံကို ညွှန်းဆိုသည်။ ဥပမာအားဖြင့် လူတစ်ဦးသည် သူ၏ ကျား၊မဖြစ်တည်မှုနှင့် မသန်စွမ်းမှုတို့ကြောင့် ခွဲခြားဆက်ဆံခံရကောင်းခံရနိုင်ပါသည်။ ဤအချက်သည် ထိုသူအတွက် ချန်လှပ်ခံထားရမှု သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ခြေကို ပိုဆိုးစေနိုင်ပြီး အလေးထားထည့်တွက်ရန်လိုသော အရာဖြစ်သည်။ ဘုံတူညီမှုသည် သီးခြားစရိုက်လက္ခဏာတစ်ခု၏ အရေးပါပုံကိုမျှသာ မကြည့်ဘဲ လူမှုအကျုံးဝင်မှုထံ အလုံးစုံချဉ်းကပ်နည်းတစ်နည်းကို အသုံးပြုခြင်း၏ အရေးပါပုံကိုပါ မီးမောင်းထိုးပြသသည်။[၁၁]

**ထိခိုက်လွယ်သော အုပ်စုများ –** ၎င်းတို့၏ နိုင်ငံသားဖြစ်မှု၊ အိမ်ထောင်ရေးအခြေအနေ၊ ကျား-မ၊ လူမျိုး၊ လူမျိုးစု၊ ဘာသာ၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှုပုံစံများကြောင့် လူကုန်ကူး ခံရနိုင်သည့် အန္တရာယ်ပိုများသော လူအုပ်စုများကို ညွှန်းဆိုသည်။

**နစ်နာကြေး –** ကျူးလွန်ခံရသူများအတွက် ပြန်လည်ထူထောင်ရေးကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ပေးနေစဉ် တစ်ချိန်တည်းမှာပင် ကျူးလွန်ခံရသူ၏ ထိခိုက်နစ်နာမှုအချို့ကို ပြန်လည်ဖြည့်ဆည်းပေးသလို ကျူးလွန်သူကို တာဝန်ခံစေနိုင်မည့် လူမှုဆိုင်ရာ အပြုသဘောဆောင် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။[၁၂] နစ်နာကြေး ဆိုရာတွင် ခံစားခဲ့ရသော ထိခိုက်နစ်နာမှု သို့မဟုတ် ဆုံးရှုံးမှုအတွက် ပစ္စည်း သို့မဟုတ် ငွေကြေး ပြန်ပေးခြင်း၊ ကျူးလွန်ခံရခြင်းကြောင့် ဖြစ်သော ကုန်ကျစရိတ်များကို ပေးလျော်ခြင်း၊ ဝန်ဆောင်မှုများ ထောက်ပံ့ခြင်းနှင့် အခွင့်အရေးများ ပြန်လည်ရရှိစေခြင်းတို့ ပါဝင်သည်။[၁၃]

**ဝန်ဆောင်မှုပေးသူ –** လူကုန်ကူးခံရသူများကို လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာ၊ တရားဥပဒေဆိုင်ရာ ကာကွယ်မှုများနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အထောက်အပံ့များ အပါအဝင် အထောက်အပံ့ အမျိုးမျိုး ပေးအပ်သည့် အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော လူပုဂ္ဂိုလ်များ/ အသင်းအဖွဲ့များ/ အေဂျင်စီများနှင့် အဖွဲ့အစည်းများ ပါဝင်သည်။[၁၄]

**လူမှုအကျုံးဝင်မှု –** ကျား-မ၊ လူမျိုး၊ လူမျိုးစု၊ ဘာသာ၊ မသန်စွမ်းမှု၊ သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ခြင်း အခြေအနေတို့ကြောင့် အားနည်းချို့ငဲ့သူများအနေဖြင့် လူ့အဖွဲ့အစည်းတွင် ပါဝင်နိုင်ရန်အတွက် ၎င်းတို့၏ စွမ်းရည်၊ အခွင့်အလမ်းနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင်ပေးသော လုပ်ငန်းစဉ် ဖြစ်သည်။[၁၅]

**လူကုန်ကူးမှု ကျူးလွန်ခံရသူ သို့မဟုတ် လူကုန်ကူးမှုမှ လွတ်မြောက်လာသူ –** ဤလမ်းညွှန်ချက်သည် လူကုန်ကူးခံရသူများကို ညွှန်းဆိုရာတွင် "လွတ်မြောက်လာသူ" ဟူသော ဝေါဟာရထက် "ကျူးလွန်ခံရသူ" ဟူသော ဝေါဟာရကို အသုံးပြုပါသည်။[၁၆] ယင်း

---

၉ ဤလမ်းညွှန်၏ ကျူးလွန်ခံရသူအား ဖော်ထုတ်ခြင်းဆိုင်ရာ ကဏ္ဍတွင် စံနမူနာပြ ကျူးလွန်ခံရသူသဘောတရား၏ ရှင်းလင်းချက်ကို ကိုးကားပါ။

၁၀ OSCE လူကုန်ကူးမှု တိုက်ဖျက်ရေး အထူးကိုယ်စားလှယ်နှင့် ညှိနှိုင်းရေးမှူးရုံး၊ လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကျား-မ ကွဲပြားမှုကို ဂရုပြုသော နည်းလမ်းများကို ကျင့်သုံးခြင်းမှ ဆီလျော်အောင်ရေးသားသည်။(Vienna 2021)

၁၁ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကျား၊မရေးရာသုတေသနအတွက် ဆွီဒင်အတွင်းဝန်ရုံး၏ အွန်လိုင်းဝေါဟာရမှ ရယူထားပါသည်။ https://www.genus.se/en/wordpost/intersectionality/ နှင့် Merriam-Webster အဘိဓာန်မှ ယူထားပါသည်။ https://www.merriam-webster.com/words-at-play/intersectionality-meaning.

၁၂ UNODC (1999)၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုဆိုင်ရာ လက်စွဲစာအုပ်- ကျူးလွန်ခံရသူများနှင့် အာဏာအလွဲသုံးစားမှုများအတွက် တရားမျှတမှုဆိုင်ရာ အခြေခံမူများ ကြေညာစာတမ်းကို အသုံးချခြင်းဆိုင်ရာနှင့် အသုံးပြုခြင်း။ New York: UNODC.

၁၃ ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် အာဏာအလွဲသုံးစားမှုများအတွက် အခြေခံတရားမျှတမှုဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း။ အထွေထွေညီလာခံဆုံးဖြတ်ချက် ၄၀/၃၄၊ ၂၉ နိုင်ဝင်ဘာ ၁၉၈၅၊ https://www.ohchr.org/en/instruments-mechanisms/instruments/declaration-basic-principles-justice-victims-crime-and-abuse ကို ကြည့်ပါ။

၁၄ ASEAN (2016)၊ လူကုန်ကူးခံရသူ အမျိုးသမီးများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော အာဆီယံ လမ်းညွှန်ချက် Jakarta: ASEAN Secretariat.

၁၅ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကမ္ဘာ့ဘဏ် (၂၀၁၃)မှ ယူထားပါသည်။ Inclusion Matters: The Foundation for Shared Prosperity. Washington, DC: World Bank.

ဝေါဟာရနှစ်ခုကို ဖလှယ်၍ အသုံးပြုကြသော်လည်း ဥပဒေနှင့် တရားစီရင်ရေး၊ ကျူးလွန်ခံရသူကို အကြံပြု တိုက်တွန်းနှိုးဆော်ရေးနှင့် ဝန်ဆောင်မှု ထောက်ပံ့ရေးဆိုင်ရာ အကြောင်းအရာများ၌ အသုံးပြုသောအခါတွင် ၎င်းတို့၏ အဓိပ္ပါယ်သက်ရောက်ပုံမှာ မတူညီပါ။[၁၇] ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် "ကျူးလွန်ခံရသူ" ဟူသောဝေါဟာရသည် ဥပဒေရေးရာ သက်ရောက်မှုများရှိပြီး ပြစ်မှုတစ်ခုကြောင့် ထိခိုက်နစ်နာခဲ့သော လူတစ်ဦးကို ညွှန်းဆိုပါသည်။ လူတစ်ဦး တစ်ယောက်ချင်းစီကို သီးခြားအခွင့်အရေးများနှင့် ဥပဒေရေးရာ ရပ်တည်မှုပေးသော ဥပဒေများသည် 'ကျူးလွန်ခံရသူ' ဟူသော ဝေါဟာရကို အသုံးပြုပြီး တရားဥပဒေစိုးမိုးရေးအေဂျင်စီများသည်လည်း ၎င်းတို့၏အလုပ်တွင် ဤဝေါဟာရကို အသုံးပြုသည်။ 'လွတ်မြောက်လာသူ' ဟူသော ဝေါဟာရကိုမူ ကျူးလွန်ခံရခြင်းကိုဖြတ်ကျော်ရန် လိုအပ်သောကြံ့ခိုင်မှုနှင့် သတ္တိကို အသိအမှတ်ပြုရန်အတွက် ဝန်ဆောင်မှုထောက်ပံ့ရေးအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။

**ကျူးလွန်ခံရသူဗဟိုပြု ချဉ်းကပ်မှု –** ကျူးလွန်ခံရသူဗဟိုပြုချဉ်းကပ်မှုဆိုသည်မှာ ဝန်ဆောင်မှုများကို ဝေဖန်ဆုံးဖြတ်မှုမပါဘဲ စာနာစွာဖြင့် ဂရုတစိုက် ပေးအပ်နိုင်ရန်အတွက် ကျူးလွန်ခံရသူ၏လိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများအပေါ် စနစ်တကျ အလေးပေးဆောင်ရွက်ခြင်း ဖြစ်သည်။[၁၈]

ဆိုလိုသည်မှာ တုံ့ပြန်ဆောင်ရွက်မှုတိုင်းတွင် ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ရှေ့တန်းတင်ခြင်းဖြစ်ပါသည်။[၁၉]

ချဉ်းကပ်မှုအတွက် အဓိပ္ပါယ်သတ်မှတ်ချက်တစ်ချက်ဟူ၍ မရှိသော်လည်း ဒုက္ခသည်များဆိုင်ရာ ကုသမဂ္ဂမဟာမင်းကြီးရုံး (UNHCR)က ၎င်းကို "လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတို့နှင့် သက်ဆိုင်သော နောက်ခံအကြောင်းအရာ၌ ကျူးလွန်ခံရသူဗဟိုပြု ချဉ်းကပ်မှုဆိုသည်မှာ ကျူးလွန်ခံရသူ(များ) ပြောကြားသည်ကို ဦးစားပေးနားထောင်ပြီး စိတ်ဒဏ်ရာများ ပြန်ပေါ်လာစေခြင်းကို ရှောင်ကြဉ်၍ ၎င်းတို့၏ ဘေးကင်းရေး၊ အခွင့်အရေးများ၊ ကျန်းမာပျော်ရွှင်ရေး၊ ထုတ်ဖော်ပြောဆိုသော လိုအပ်ချက်များနှင့် ရွေးချယ်မှုများကို စနစ်တကျ အာရုံစိုက်ကာ ကျူးလွန်ခံရသူ(များ) နှင့် ထိတွေ့ဆက်ဆံနည်းတစ်နည်းဖြစ်ပြီး ယင်းသို့ လုပ်ဆောင်ခြင်းအားဖြင့် ကျူးလွန်ခံရသူများအား တတ်နိုင်သမျှ မိမိကိုယ်ကို ပြန်လည်ထိန်းသိမ်းနိုင်စွမ်းရှိစေ၍ ဝန်ဆောင်မှုများနှင့် အဖော်သဟဲကို ကိုယ်ချင်းစာနာစွာ ဂရုတစိုက်ပေးအပ်ကြောင်း သေချာစေခြင်းဖြစ်သည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထား၏။[၂၀]

ဘာလီလုပ်ငန်းစဉ် (Bali Process)က ကျူးလွန်ခံရသူ ဗဟိုပြုချဉ်းကပ်မှုကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ကျူးလွန်ခံရသူတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ အကာအကွယ်ပေးရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများအား လိုက်လျောညီထွေ လုပ်ဆောင်ခြင်း ဖြစ်သည်။ ၎င်းတုံ့ပြန်ဆောင်ရွက်မှုများသည် ဘေးကင်းရေး၏ အခြေခံမှုများ၊ လျှို့ဝှက်ထိန်းသိမ်းပေးခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့အပေါ် အခြေခံသင့်သည်။ ၎င်းတို့သည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်တွင် ကျူးလွန်ခံရသူ၏ ပါဝင်မှု၊ မပါဝင်မှုနှင့် မသက်ဆိုင်သင့်ပါ။[၂၁]

**စိတ်ဒဏ်ရာကို သိနားလည်မှုရှိသော စောင့်ရှောက်မှု –** လူတစ်ဦး၏ ဘဝနှင့် အပြုအမူတို့အပေါ်တွင်လည်းကောင်း၊ ၎င်း၏ မိမိကိုယ်တိုင်နှင့် မိမိခန္ဓာကိုယ်တို့အပေါ် ရှုမြင်ပုံတို့အပေါ်တွင်လည်းကောင်း စိတ်ဒဏ်ရာရစေသော အတွေ့အကြုံများ (အထူးသဖြင့် လူကုန်ကူးမှုကို တွေ့တွေ့ဆိုင်ဆိုင် တွေ့ကြုံနေရစဉ်နှင့် မတွေ့ကြုံရသေးမီ နှိပ်စက်ညှဉ်းပန်းမှုတို့ ပါဝင်နိုင်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု)၏ သက်ရောက်မှုကို အသိအမှတ်ပြုသည်။ ၎င်းသည် လူကုန်ကူးခံရသူများတွင် ဖြစ်ပေါ်သည့် စိတ်ဒဏ်ရာ၏ လက္ခဏာများနှင့် ရောဂါလက္ခဏာများကို အသိအမှတ်ပြုသည်။[၂၂] ၎င်းသည် ကျူးလွန်ခံရသူဗဟိုပြု ချဉ်းကပ်မှုကဲ့သို့ပင် ကျူးလွန်ခံရသူ၏ ဘေးကင်းရေး၊ လုံခြုံရေးနှင့် ကျူးလွန်ခံရသူများကို စိတ်ဒဏ်ရာရစေနိုင်သော မူဝါဒများနှင့် အလေ့အထများမှ ကာကွယ်ပေးခြင်းတို့ကို အလေးပေးသည်။[၂၃]

---

၁၆ ASEAN-ACT ကျူးလွန်ခံရသူ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၂၀၂၁)ကို အခြေခံထားပါသည်။

၁၇ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ပြင်းထန်စွာချိုးဖောက်ခြင်း ခံရသူများအတွက် ကုစားခွင့်နှင့် လျော်ကြေးပေးပိုင်ခွင့်ဆိုင်ရာ အခြေခံမှုများနှင့် လမ်းညွှန်ချက်များ၊ C.H.R. res. 2005/35, U.N. Doc. E/CN.4/2005/ L.10/Add.11 (19 April 2005).

၁၈ လူကုန်ကူးမှုလုပ်ငန်းအဖွဲ့ e-Guide၊ ကျူးလွန်ခံရသူ ဗဟိုပြုချဉ်းကပ်ခြင်း။ Office for Victims of Crime, Office of Justice Programs, U.S. Department of Justice. https://www.ovcttac.gov/taskforceguide/eguide/1-understanding-human-trafficking/13-victim-centered-approach/ (accessed 15 October 2021)

၁၉ ကျူးလွန်ခံရသူ/လွတ်မြောက်သူ ဗဟိုပြုချဉ်းကပ်နည်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ အဆုံးသတ်စေရန် UN Women၏ အွန်လိုင်းမှ အသိပညာပေးစင်တာ https://www.endvawnow.org/en/articles/1790-victim-survivor-centred-approach.html (accessed 15 October 2021)

၂၀ https://www.unhcr.org/5fdb345e7.pdf

၂၁ https://www.baliprocess.net/UserFiles/baliprocess/File/RSO-CIFAL-curriculum%20Enhancing%20a%20Victim-Centered%20Approach_A4_Final_2017-02-14_for-web.pdf

၂၂ IOM (2009)၊ လူကုန်ကူးခံရသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပံ့ပိုးပေးသူများအတွက် လမ်းညွှန်ချက် Geneva: IOM.

၂၃ လူကုန်ကူးမှုလုပ်ငန်းအဖွဲ့ e-Guide- စိတ်ဒဏ်ရာ-အသိအမြင်ရှိကာ ချဉ်းကပ်မှုအား အသုံးပြုခြင်း။ Office for Victims of Crime, Office of Justice Programs, U.S. Department of Justice. https://www.ovcttac.gov/taskforceguide/eguide/4-supporting-victims/41-using-a-trauma-informed-approach/ (accessed 15 October 2021)

# လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ထိခိုက်နစ်နာမှုမရှိစေရေး ဟူသည်မှာ အဘယ်နည်း။

## ထိခိုက်နစ်နာမှု မရှိစေရေး သဘောတရား

ထိခိုက်နစ်နာမှုမရှိစေရေး ချဉ်းကပ်နည်းသည် အကူအညီပေးရန် သို့မဟုတ် အထောက်အပံ့ပေးရန် ဖန်တီးထားသော ရည်ရွယ်ချက်ကောင်းသည့် လုပ်ဆောင်မှုများကလည်း ထိခိုက်နစ်နာမှုကို ဖြစ်ကောင်း ဖြစ်စေနိုင်သည်ဟူသော အချက်ကို အသိအမှတ်ပြုပါသည်။

၎င်းသည် ရည်ရွယ်ထားသော လုပ်ဆောင်ချက်တိုင်း၏ ထိခိုက်နစ်နာမှု ဖြစ်နိုင်ခြေ အလားအလာကို စစ်ဆေးအကဲဖြတ်မည့် စီမံချက်/အစီအစဉ် မန်နေဂျာများနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများကို လိုအပ်ပါသည်။ အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်မှုနှင့် စီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲရာတွင် အလားအလာရှိသော ထိခိုက်နစ်နာမှုများကို စောင့်ကြည့်ရန်နှင့် လျှော့ချရန်အတွက် ထိခိုက်သူ လူတစ်ဦးတစ်ယောက်/အသိုင်းအဝိုင်းနှင့် ညှိနှိုင်းတိုင်ပင်ကာ ရေးဆွဲသင့်ပါသည်။

## ထိခိုက်နစ်နာမှုမရှိစေရေးနှင့် လူကုန်ကူးမှု

လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံဆောင်ရွက်မှုများနှင့် အစီအစဉ်များသည် အများအားဖြင့် ရည်ရွယ်ချက် ကောင်းမွန်ပြီး လူကုန်ကူးခံရသူများနှင့် ၎င်းတို့မိသားစုများ၏ ဘဝနှင့် ကျန်းမာပျော်ရွှင်မှုတို့ကို ထိခိုက်စေရန် မရည်ရွယ်ပါ။ ဤသည့်တိုင် တစ်ခါတစ်ရံတွင် ထိုလုပ်ဆောင်မှုအချို့သည် ထိခိုက်နစ်နာမှုကို ဖြစ်စေတတ်ပါသည်။ ဤသို့ ဖြစ်ရသည်မှာ လူကုန်ကူးမှုနှင့် ဆက်စပ်သော ပြင်းထန်၊ ရှုပ်ထွေးလှသည့် အန္တရာယ်ဖြစ်နိုင်ခြေများနှင့်လည်းကောင်း၊ လူကုန်ကူးခံရသူများစွာတို့၏ ထိရှလွယ်သော အခြေအနေနှင့်လည်းကောင်း၊ စိတ်ဒဏ်ရာ ပိုရနိုင်ခြေ အလားအလာတို့နှင့်လည်းကောင်း သက်ဆိုင်ပါသည်။

ထိခိုက်နစ်နာမှုကို တစ်ခါတစ်ရံတွင် ကြိုတင်မတွေ့မြင်နိုင်သလို မရည်ရွယ်ဘဲလည်း ဖြစ်လေ့ရှိသည်။ ၎င်းသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ တရားဥပဒေဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်သည်။ ထိခိုက်နစ်နာမှုဖြစ်နိုင်ခြေရှိသော အန္တရာယ်အချို့မှာ သိသာထင်ရှားလှသည်။ ဥပမာ - ပြည့်တန်ဆာလုပ်ငန်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်ခြင်းကဲ့သို့သော တရားမဝင် လှုပ်ရှားမှုများတွင် ပါဝင်သည့် နစ်နာသူများကို ပြစ်မှု ကျူးလွန်သူများအဖြစ် သတ်မှတ်ခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်း။

အခြားအန္တရာယ်ဖြစ်နိုင်ခြေများမှာမူ မသိသာလှပေ။ ဥပမာအားဖြင့် နစ်နာသူကို ခိုလှုံရာနေရာနှင့် အကာအကွယ်တို့ ထောက်ပံ့ရာတွင် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုခြင်းဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ရန်ဟူသော ၎င်း၏ သဘောတူညီမှုအပေါ် မူတည်ကာ ထောက်ပံ့ခြင်း၊အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကို အားပေးအားမြှောက်ပြုသည့် သမားရိုးကျ ပုံသေကားကျ သတ်မှတ်ချက်များကို အားဖြည့်ပေးသော သတင်းစကားများနှင့် ရုပ်ပုံများအား မရည်ရွယ်ဘဲ အသုံးပြုမိခြင်း။

ကြားဝင်ဆောင်ရွက်ခြင်း/ထောက်ပံ့ခြင်း/လုပ်ဆောင်ခြင်း အဆင့်တိုင်းတွင် ထိခိုက်နစ်နာမှု ဖြစ်နိုင်ခြေများ ရှိပါသည်။ ထို့ကြောင့် လူကုန်ကူးခံရသူများနှင့် အလုပ်လုပ်သော လက်တွေ့ လုပ်ကိုင်ဆောင်ရွက်သူများအနေနှင့် ထိခိုက်နစ်နာမှုနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို အကဲဖြတ်ခြင်းနှင့် လျှော့ချခြင်းများအတွက် ကျူးလွန်ခံရသူအခြေပြု သို့မဟုတ် ကျားမဂရုပြု ချဉ်းကပ်မှုကို အသုံးပြုရန် အရေးကြီးပါသည်။

ဤသို့ အသုံးပြုရာတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများသည် ထိခိုက်နစ်နာမှုကို ကျူးလွန်ခံရသူ၏ ရှုထောင့်မှ နားလည်နိုင်ရန်အတွက် ကျူးလွန်ခံရသူအားလုံးနှင့် စကားပြောရန် လိုအပ်ပါသည်။ လက်တွေ့လုပ်ကိုင် ဆောင်ရွက်သူများ အနေနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင် ကျူးလွန်ခံရသူများ ပါဝင်အောင် လုပ်ဆောင်ရန်လည်း လိုအပ်ပါသေးသည်။ ထို့ကြောင့် ကျူးလွန်ခံရသူနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ချမှတ်၊ ဆောင်ရွက်ရာတွင် ထိုသူ၏ ထိခိုက်နစ်နာမှု အကဲဖြတ်ချက်၊ အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်ချက်တို့အပေါ် အခြေခံသင့်ပါသည်။

**ကျူးလွန်ခံရသူကိုယ်စီတွင် လူမှုဆိုင်ရာ သီးခြားဖြစ်တည်မှုနှင့် လူကုန်ကူးမှုဆိုင်ရာ သီးခြားအတွေ့အကြုံများ ရှိကြသည်ဖြစ်ရာ ထိခိုက်နစ်နာမှု လျှော့ချခြင်းအတွက် အခြေအနေအားလုံးတွင် အသုံးပြုနိုင်သော ချဉ်းကပ်နည်းတစ်ရပ်ဟူ၍ မရှိနိုင်ပါ။ ဤအစား လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအနေနှင့် ကျူးလွန်ခံရသူတစ်ဦးနှင့် အလုပ်လုပ်ရာတွင် အလားအလာရှိသော ထိခိုက်နစ်နာမှုတို့ကို ဆန်းစစ်ရန်၊ အကဲဖြတ်ရန်နှင့် လျှော့ချရန်အတွက် မိမိ၏ အကဲဖြတ်ပိုင်းခြားမှုနှင့် ကျွမ်းကျင်မှုကို အသုံးပြုရန် လိုအပ်ပါသည်။**

အမျိုးသမီးများနှင့် မိန်းကလေးများ၊ လူမျိုးစုလူနည်းစုများ၊ မသန်စွမ်းသူများ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများနှင့် အခြားသူများကဲ့သို့သော ယခင်ကတည်းက ခွဲခြားဆက်ဆံခံနေရသူများအတွက် အထူးသီးသန့် ထည့်သွင်းစဉ်းစားမှုများ ပြုလုပ်ပေးရပါမည်။

# ထိခိုက်နစ်နာမှုမရှိစေရေးကို မြှင့်တင်ပေးမည့် နိုင်ငံတကာမူဘောင်များ

***ပလာမို လုပ်ထုံးလုပ်နည်း (Palermo protocol) ဟုခေါ်သော လူကုန်ကူးမှုကို ကာကွယ်၊ နှိမ်နင်း၊ အပြစ်ပေးရေးဆိုင်ရာ ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်း (၂၀၀၀ ပြည့်နှစ်)*** တွင် လူကုန်ကူးမှု ကျူးလွန်ခံရသူများ၏ လူ့အခွင့်အရေးများကို အပြည့်အဝ လေးစားလျက် ၎င်းတို့ကို ကာကွယ်ရန်နှင့် ထောက်ပံ့ကူညီရန် နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားပါသည်။ အပိုဒ် (၆) တွင် ကျူးလွန်ခံရသူများ၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုနှင့် ကိုယ်ရေးအထောက်အထားကို ကာကွယ်ခြင်း၊ ကျူးလွန်ခံရသူများကို တရားစွဲဆိုခြင်းဆိုင်ရာ သတင်းအချက်အလက်များပေးအပ်ခြင်း၊ ကျူးလွန်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆိုင်ရာ ပြန်လည်ကျန်းမာလာစေရေး ဆောင်ရွက်ပေးခြင်း၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေး တောင်းခံခွင့်ပေး၍ ကျူးလွန်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် ထောက်ပံ့ဆောင်ရွက်ခြင်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

***လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က အကြံပြုထားသော လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အခြေခံမူများနှင့် လမ်းညွှန်ချက်များ***တွင် လူကုန်ကူးမှု တိုက်ဖျက်ရေး စီမံဆောင်ရွက်ချက်များသည် လူကုန်ကူးခံရသူများ အပါအဝင် လူသားတို့၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာအပေါ် ဆိုးကျိုးသက်ရောက်မှု မဖြစ်စေရန် (လမ်းညွှန်ချက် ၁)၊ လူကုန်ကူးခံရသူများအဖြစ် သတ်မှတ်ခြင်းကို လျင်မြန်တိကျစွာ ဆောင်ရွက်ရန် (လမ်းညွှန်ချက် ၂)၊ လူကုန်ကူးခံရသူများ၏ အခွင့်အရေးများ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးခြင်းအကျိုးကို ခံစားခွင့်ရှိရန် (လမ်းညွှန်ချက် ၅)၊ လူကုန်ကူးခံရသူအားလုံးကို ခွဲခြားခြင်းမရှိဘဲ ကာကွယ်ခြင်းနှင့် ထောက်ပံ့ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ရန် (လမ်းညွှန်ချက် ၆)၊ လူကုန်ကူးခံရသော ကလေးသူငယ်များကို ကာကွယ်ရေးဆိုင်ရာ အထူး စီမံဆောင်ရွက်ချက်များ ဖော်ဆောင်ရန် (လမ်းညွှန်ချက် ၈) ဟူသော လမ်းညွှန်ချက်များကို လိုက်ပါဆောင်ရွက်ရန် နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားသည်။

***လူကုန်ကူးမှု ကျူးလွန်ခံရသူ ကလေးသူငယ်များဆိုင်ရာ (UNICEF) လမ်းညွှန်ချက်များ (၂၀၀၆)*** တွင် ကလေးသူငယ်၏ စိတ်ခံစားမှုဆိုင်ရာ ထိခိုက်မှု ပြန်လည်ခံစားရခြင်းကို အတတ်နိုင်ဆုံး လျှော့ချရန်အတွက် မိသားစု ပြန်လည်ဆုံဆည်းရန် ပြင်ဆင်ခြင်းများနှင့် ကဲ့ရဲ့ပြစ်တင်ခံရနိုင်ခြေနှင့် ထပ်တလဲလဲကျူးလွန်ခံရနိုင်ခြေတို့ကို ထည့်သွင်းစဉ်းစားခြင်း (စာပိုဒ် ၉.၂)၊ ကျူးလွန်ခံရသူ၏ မျက်မြင်သက်သေများ လုံခြုံစွာ သက်သေထွက်ဆိုနိုင်စေရန်နှင့် တရားရုံးတွင် ကျူးလွန်ခံရသူများ ရင်ဆိုင်ရလေ့ရှိသော ဒုတိယမြောက်စိတ်ဒဏ်ရာ လျှော့ချရေးကို အားထုတ်လုပ်ဆောင်နိုင်စေရန် နိုင်ငံများက ဆောင်ရွက်ခြင်း (စာပိုဒ် ၁၀.၁)၊ ကလေးသူငယ် လူကုန်ကူးခြင်းကို စုံစမ်းလေ့လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု တစ်မျိုးမျိုးကို ကာကွယ်ပေးခြင်း (စာပိုဒ် ၁၂.၁) တို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည်။

***နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကလေးသူငယ်များ လွတ်မြောက်ခွင့်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေး သဘောတူစာချုပ် (CRC) အထွေထွေ မှတ်ချက် အမှတ် (၁၃) (၂၀၁၁ ခုနှစ်)*** တွင် ကလေးသူငယ်အခွင့်အရေးကို သိရှိနားလည် အလေးထားရန်၊ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်အားလုံးတွင် ကလေးသူငယ်များ၏ ရှုထောင့်အမြင်များကို အလေးအနက်ထားပြီး အသိအမှတ်ပြုဆောင်ရွက်ပေးရန်၊ ကလေးသူငယ် ထိန်းသိမ်းကာကွယ်၊ စောင့်ရှောက်ခြင်းဆိုင်ရာ မဟာဗျူဟာများနှင့် အစီအစဉ်များတွင် ၎င်းတို့အား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် ပါဝင်ဆောင်ရွက်စေခြင်းတို့ကို အဓိကထား ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ (အပိုင်း ၁.၃ (င))

***ကမ္ဘာအနှံ့ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဟူသောခေါင်းစဉ်ဖြင့် အမျိုးသမီးများနှင့်အမျိုးသမီးငယ်များကို လူကုန်ကူးခြင်းနှင့် စပ်လျဉ်းသည့် စီဒေါ (CEDAW) အထွေထွေအကြံပြုချက် အမှတ် (၃၈) (၂၀၂၀ ပြည့်နှစ်)တွင်*** လူကုန်ကူးခြင်းမှ လွတ်မြောက်လာသူများကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန်၊ ထောက်ပံ့ကူညီရန်နှင့် ကာကွယ်ရန်၊ ထပ်တလဲလဲ ကျူးလွန်ခံရခြင်းမှ ၎င်းတို့ကို ကာကွယ်ရန်၊ ၎င်းတို့ တရားမျှတမှုရရှိနိုင်ရေးအတွက် ပြစ်မှုကျူးလွန်သူများအား အပြစ်ပေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်ရန် (စာပိုဒ် ၆) တို့ကို လုပ်ဆောင်ရန် နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားပါသည်။

**မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူညီချက်** တွင် လိင်ဖြစ်တည်မှုနှင့် အသက်အရွယ်တို့အပေါ် အခြေခံမှုများ အပါအဝင် မသန်စွမ်းသူများနှင့် ဆက်နွယ်နေသည့် ပုံသေကားကျသတ်မှတ်ချက်များ၊ အခြေအမြစ်မရှိသည့် မလိုမုန်းထားမှုများ၊ ထိခိုက်နစ်နာစေသော အလေ့အထများကို တိုက်ဖျက်ရန် နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားပါသည် (အပိုဒ် ၈)။

***ပြစ်မှု ကျူးလွန်ခံရသူများနှင့် အာဏာအလွဲသုံးစားလုပ်မှုတို့အတွက် တရားမျှတမှု အခြေခံမူများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း***တွင် ပြစ်မှု ကျူးလွန်ခံရသူများအနေဖြင့် ကြင်နာ၊ လေးစားစွာ ဆက်ဆံခံပိုင်ခွင့်၊ တရားမျှတမှုရရှိပိုင်ခွင့်၊ နစ်နာကြေးကို မဆိုင်းမတွ ရရှိပိုင်ခွင့်၊ သတင်းအချက်အလက် ရရှိပိုင်ခွင့်၊ ၎င်းတို့၏ ရှုထောင့်အမြင်များကို သိရှိနားလည်အလေးထားခံပိုင်ခွင့်နှင့် သင့်လျော်သည့် လုပ်ငန်းအဆင့်၌ ၎င်းတို့၏ အမြင်များကို တင်ပြဆွေးနွေးပိုင်ခွင့်နှင့် ထည့်သွင်းစဉ်းစားခံပိုင်ခွင့်၊ တရားစွဲဆိုမှု တစ်လျှောက်လုံး၌ သင့်လျော်သော အကူအညီကို ရယူပိုင်ခွင့် ရှိသည်ဟု အကြံပြုထားပါသည်။

***ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ ထုတ်ဝေသော လူကုန်ကူးခံရသူများအတွက် တိုက်ရိုက် အကူအညီပေးခြင်းဆိုင်ရာ လက်စွဲစာအုပ် (၂၀၀၇)***တွင် လူကုန်ကူးခံရသူများနှင့် အလုပ်လုပ်ကိုင်ရာတွင် ထိခိုက်နစ်နာမှု မရှိစေရေး၏ အရေးပါပုံကို အခြေခံမူတစ်ရပ်အနေနှင့် အလေးပေးဖော်ပြ ထားပါသည်။ လူကုန်ကူးမှု ကျူးလွန်ခံရသူများနှင့် အလုပ်လုပ်ကိုင်သော လူများတွင် ၎င်းတို့ လက်ခံဆောင်ရွက်ရန် အဆိုပြုထားသော ဆောင်ရွက်ချက်များနှင့် ဆက်စပ်၍ ဖြစ်လာနိုင်ဖွယ်ရှိသော ထိခိုက်နစ်နာမှုများကို ကျိုးကြောင်းခိုင်လုံပြီး စေ့စပ်သေချာသော ဆန်းစစ်အကဲဖြတ်ချက်များ ချမှတ်ရန်ဟူသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ဝတ္တရားတစ်ရပ် ရှိသည်ဟု ရည်ညွှန်းဖော်ပြထားပါသည်။

# ထိခိုက်နစ်နာမှုမရှိစေရေးကို မြှင့်တင်ပေးမည့် အာဆီယံ မူဘောင်များနှင့် လမ်းညွှန်ချက်များ

***လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်း*** တွင် လူကုန်ကူးမှု(TIP) ကျူးလွန်ခံရသူများ၏ လူ့အခွင့်အရေးကို လေးစားရန်နှင့် ကာကွယ်ရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများကို တောင်းဆိုထားသည်။ TIP ကျူးလွန်ခံရသူများကို ကာကွယ်ရေးဆိုင်ရာ အပိုဒ်(၁၄)အရ TIP ကျူးလွန်ခံရသူများအဖြစ် မှန်ကန်စွာ သတ်မှတ်ခြင်း၊ ကျူးလွန်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံရေး၊ ကျူးလွန်ခံရသူများ၏ ကိုယ်ရေး အချက်အလက် လုံခြုံမှုနှင့် ကိုယ်ရေးအထောက်အထားကို အကာအကွယ်ပေးခြင်း၊ ၎င်းတို့ ကျူးလွန်သော ဥပဒေမဲ့ လုပ်ရပ်များအတွက် ကျူးလွန်ခံရသူများကို ပြစ်မှု ကျူးလွန်သူများအဖြစ် မသတ်မှတ်ခြင်း၊ ကျူးလွန်ခံရသူများကို အချုပ်ချထားမှု သို့မဟုတ် အကျဉ်းချထားမှု မပြုခြင်း၊  ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးငွေပေးခြင်း၊  ဂရုစိုက်မှုနှင့် အထောက်အပံ့တို့ကို လိုအပ်သလိုပေးခြင်း စသည်တို့ အပါအဝင် နယ်ပယ်အမျိုးမျိုးတွင် လမ်းညွှန်ချက်များ ချမှတ်ရန်တို့ကို အာဆီယံနိုင်ငံများက ဆောင်ရွက်ရမည်ဖြစ်သည်။

***လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ အစီအစဉ်တွင်*** ACTIP၏ အပိုဒ်(၁၄)ကို ထပ်မံအတည်ပြုထားပြီး TIPကျူးလွန်ခံရသူများကို ကျန်းမာရေးဝန်ဆောင်မှုများ အပါအဝင် အထူးဝန်ဆောင်မှုများပေးရန်၊ ကျူးလွန်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုဆိုင်ရာ ပြန်လည် နာလန်ထူနိုင်ခွင့်နှင့် ပြန်လည် ထူထောင်နိုင်ခွင့် ရရှိရန်၊ ကျူးလွန်ခံရသူ၏ တရားရုံးထွက်ဆိုချက် မရှိသည့်တိုင် TIP အမှုများကို စွဲချက်တင်နိုင်ရန်၊ TIP မျက်မြင်သက်သေများအတွက် သင့်လျော်ထိရောက်သော ကာကွယ်ရေးဆိုင်ရာ ယန္တရားများကို ချမှတ်ရန် အစရှိသည်တို့ကို အကြံပြုထားပါသည်။

***ဘိုဟိုး TIP လုပ်ငန်းအစီအစဉ်*** (အာဆီယံ ကဏ္ဍပေါင်းစုံ လုပ်ငန်းအစီအစဉ်) သည် APAနှင့် ACTIPတို့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပံ့ပိုးကူညီပေးပါသည်။ ၎င်းလုပ်ငန်းစဉ်တွင် APA၏ အကြောင်းအရာနယ်ပယ်လေးခုဖြစ်သော (၁) TIPကို တားဆီးခြင်း၊ (၂) ကျူးလွန်ခံရသူများကို ကာကွယ်ခြင်း၊ (၃) တရားဥပဒေ စိုးမိုးရေးနှင့် TIP ပြစ်မှုများကို တရားစွဲဆိုခြင်း၊ (၄) ဒေသတွင်းနှင့် နိုင်ငံတကာ ပူပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဟူသော TIPကို တိုက်ဖျက်မည့် ညီညွတ်မျှတသော ဒေသတွင်းလုပ်ငန်းများကို အလေးပေးဖော်ပြထားပါသည်။

***လူကုန်ကူးခံရသူ အမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်*** တွင် "လုပ်ဆောင်ချက်များ မဆောင်ရွက်မီ ကျူးလွန်ခံရသူအပေါ် ဖြစ်ပေါ်စေနိုင်မည့် မည်သည့် ထိခိုက်နစ်နာမှုမျိုးကိုမဆို အနည်းဆုံးဖြစ်စေရန် စဉ်းစားပေးရမည်" ဟူ၍ အကြံပြုထားပါသည်။[၂၄] ၎င်းလမ်းညွှန်ချက်တွင် ကျူးလွန်ခံရသူကို ထောက်ပံ့ကူညီရေး လုပ်ငန်းစဉ်၏ အဆင့်အားလုံး၌ လျှို့ဝှက်ထိန်းသိမ်းမှုနှင့် သိရှိနားလည် သဘောတူ ခွင့်ပြုချက်တို့ကို ထည့်သွင်းစဉ်းစားရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ ၎င်းလမ်းညွှန်ချက်တွင် ထောက်ပံ့ကူညီပေးရေးကို စီစဉ်၊ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျူးလွန်ခံရသူများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်လာစေရန်ကိုလည်းကောင်း၊  ဝန်ဆောင်မှုပေးသူများအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ အထူးလိုအပ်ချက်များကို သိရှိလေးစားရန်ကို လည်းကောင်း  တိုက်တွန်းနှိုးဆော်ထားပါသည်။

***အာဆီယံ အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကော်မရှင် (ACWC) ၏ TIP ကျူးလွန်ခံရသူများအတွက် လိုအပ်ချက်များ ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ဒေသတွင်းလမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များ၌*** ကျူးလွန်ခံရသူများကို သတ်မှတ်ရာတွင် တိကျမှန်ကန်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးသည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များချမှတ်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားသည်။  တရားစွဲဆိုရေးတွင် ပါဝင်ဆောင်ရွက်ရန် ကျူးလွန်သူက ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထောက်ပံ့ကူညီမှုနှင့် အကာအကွယ်တို့ကို ချက်ချင်းပေးအပ်ရန်ကိုလည်း တောင်းဆိုထားသည်။ ၎င်းတွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သော ထိခိုက်နစ်နာမှုမှ ကာကွယ်ခြင်း၊ ကိုယ်ရေးအချက်အလက်လုံခြုံမှုကို ကာကွယ်ခြင်း၊ လိုအပ်သည့် အကူအညီနှင့် အထောက်အပံ့ကို ချက်ချင်းပေးအပ်ခြင်း၊ နိုင်ငံခြားသားကျူးလွန်ခံရသူများ၏

၂၄   အပိုဒ် ၂.၁ ကို ကြည့်ပါ။

တရားဝင်မှု အဆင့်အတန်းနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းပေးခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် တရားစွဲဆိုခံရခြင်းတို့မှ ကာကွယ်ပေးခြင်းတို့ ပါဝင်သည်။

***အာဆီယံဒေသတွင်း လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအတွက် လမ်းညွှန်ချက်များ –*** လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ချက်များတွင် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှာဖွေရန်၊ အကာအကွယ်နှင့် ခိုလှုံရာနေရာ ရပိုင်ခွင့် ချက်ချင်းပေးအပ်ရန်နှင့် ၎င်းတို့ကို လူကုန်ကူးသူများ၏ လက်တုံ့ပြန်ခြင်းမှ ကာကွယ်ပေးရန်တို့ကို အကြံပြုထားသည်။ ကျူးလွန်ခံရသူများ ခံစားရသော စိတ်ဖိစီးမှုနှင့် ဖိအားတို့ကို လျှော့ချပေးရန်အတွက် လူကုန်ကူးမှုများအား ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်ရန်ကိုလည်း တိုက်တွန်း နှိုးဆော်ထားသည်။

***ရွှေ့ပြောင်းနေထိုင်ခြင်းဟူသော အကြောင်းအရာအောက်ရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အာဆီယံ ကြေညာစာတမ်း*** တွင် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ရွှေ့ပြောင်းနေထိုင်သော ကလေးသူငယ်ကို ထိန်းသိမ်းရာတွင် ထိန်းသိမ်းမှု၏ အကျိုးသက်ရောက်မှုကို လျှော့ချရန်အတွက် ထိရောက်သော လုပ်ငန်းစဉ်များနှင့် အခြားနည်းလမ်းသစ်များကို ရေးဆွဲရမည်ဖြစ်ပြီး ဖြစ်နိုင်လျှင် အချုပ်မဟုတ်သည့် သန့်ရှင်း၊ လုံခြုံသော ပတ်ဝန်းကျင်တွင် ကလေးသူငယ်များကို ၎င်းတို့၏ မိသားစုများနှင့် အတူထားရှိရမည်ဟူ၍ သဘောတူထားကြသည်။

***အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း*** တွင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ အသက်အရွယ် ကြီးရင့်သူများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ထိခိုက်လွယ်သော ဖယ်ကြဉ်ချန်လှပ်ခံ လူအုပ်စုများ၏ အခွင့်အရေးများကို ငြင်းပယ်၍မရသော၊ တစ်သားတည်းဖြစ်သော၊ ခွဲထုတ်၍မရသော လူ့အခွင့်အရေးအဖြစ်လည်းကောင်း၊ အခြေခံလွတ်လပ်ခွင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ်လည်းကောင်း အတည်ပြုထားသည်။[၂၅]

***ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အာဆီယံ၏ ဒေသတွင်းလုပ်ငန်းအစီအစဉ်*** တွင် ခွဲခြားဆက်ဆံမှု မရှိဘဲ နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကလေးသူငယ်များ၏ အကာအကွယ်ရရှိပိုင်ခွင့်ကို သိရှိနားလည်နိုင်ရန်အတွက် လိုအပ်သော စီမံဆောင်ရွက်ချက်အားလုံးကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်တွန်း နှိုးဆော်ထားပါသည်။ အဖွဲ့ဝင်နိုင်ငံအားလုံးသည် ကလေးသူငယ်များအပေါ် သက်ရောက်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ကလေးသူငယ်၏ ထင်မြင်ချက်အား သိရှိနားလည် အလေးထားခံပိုင်ခွင့်နှင့် တင်ပြပိုင်ခွင့်တို့ကို အသိအမှတ်ပြု လေးစား၊ မြှင့်တင်ပေးရမည်ဖြစ်ပြီး ကလေးသူငယ်များ၏ တိုးတက်ပြောင်းလဲလာသော စွမ်းဆောင်ရည်အရ ၎င်းတို့၏ ရှုထောင့် အမြင်များအား လွတ်လပ်စွာ ထုတ်ဖော်ပိုင်ခွင့်ကို ကျင့်သုံးနိုင်စေရမည်။

***အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ အာဆီယံ ဒေသတွင်းလုပ်ငန်းအစီအစဉ် (၂၀၁၆ – ၂၀၂၅)*** တွင် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု"ကို ဖြစ်ပေါ်စေနိုင်သော ရှုပ်ထွေးလှသည့် အကြောင်းရင်းများနှင့် တွန်းအား ပေးမှုများကို" ကိုင်တွယ်ဖြေရှင်းနိုင်မည့် "ရေရှည်တည်တံ့အောင် ညှိနှိုင်းဆောင်ရွက်ထားသော လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ" ကို တိုက်တွန်းတောင်းဆိုထားပါသည်။

***အာဆီယံ အထောက်အကူပြု မဟာစီမံချက် ၂၀၂၅ –*** မသန်စွမ်းသူများ အခွင့်အရေးကို ဦးစားပေး ရေ့တန်းတင်ခြင်းတွင် မသန်စွမ်းသူများ အခွင့်အရေးကို လေးစားရန်၊ အားပေးမြှင့်တင်ရန်နှင့် ကာကွယ်ရန်ဟူသော အဖွဲ့ဝင်နိုင်ငံများ၏ ဝတ္တရားများကို အသိအမှတ်ပြုဖော်ပြထားပါသည်။

***အာဆီယံ ကျား၊မ ဦးစားပေးရေ့တန်းတင်ရေး မဟာဗျူဟာမူဘောင် ၂၀၂၁ – ၂၀၂၅*** တွင် အခွင့်အရေးအခြေပြု ချဉ်းကပ်မှုတစ်ရပ်ကို ၎င်း၏ လမ်းညွှန်အခြေခံမှုများ၊ တန်ဖိုးများထဲမှတစ်ခုအဖြစ် အတည်ပြုထားပါသည်။ ဆိုလိုသည်မှာ အမျိုးသမီးများတွင် အခြေခံဝန်ဆောင်မှုများကို ခံစားပိုင်ခွင့်မရှိခြင်းနှင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် ပါဝင် ဆောင်ရွက်နိုင်ခွင့် မရှိခြင်းတို့သည် ၎င်းတို့၏ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်းတစ်ရပ်သာဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများကို ၎င်းတို့၏ လိုအပ်ချက်များကို ထုတ်ဖော်ပြောဆိုခြင်း၊ တာဝန်ခံမှုရှိစေရေးကို တောင်းဆိုခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးများ တောင်းဆိုခြင်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကူညီပေးမည့် လုပ်ငန်းကို တိုက်တွန်းတောင်းဆိုရမည်ဟူ၍ ဖြစ်သည်။

---

၂၅ ASEAN Community Vision 2025၏ အပိုဒ် ၁၂.၂ ကို ကြည့်ပါ။

# ကျူးလွန်ခံရသူအား တိုက်ရိုက်ကူညီနေစဉ်နှင့် ကာကွယ်နေစဉ်တို့တွင် ထိခိုက်နစ်နာမှုမရှိစေရေးကို ကျင့်သုံးဆောင်ရွက်ခြင်း

ဤလမ်းညွှန်ချက်တွင် ကျူးလွန်ခံရသူအား တိုက်ရိုက်ကူညီခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ အဓိကနယ်ပယ်ငါးခုကို ထည့်သွင်းစဉ်းစားထားပါသည်။ ၎င်းတို့မှာ -



**ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း၊**



**နာလန်ထူလာရေး၊ ပြန်လည်သုံးသပ်ခြင်းနှင့် ခိုလှုံရေး၊**



**နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊**



**ဆေးကုသမှုနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှု၊**



**ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်တို့ ဖြစ်ပါသည်။**

၎င်းလမ်းညွှန်ချက်တွင် အကြောင်းအရာအလိုက် နယ်ပယ်တစ်ခုချင်းစီအောက်တွင် ထိခိုက်နစ်နာမှုမရှိစေရေး လမ်းညွှန်ချက်နှင့် အကြံဉာဏ်တို့ကို ဖော်ပြထားသော်လည်း ၎င်းတို့တွင် သက်ဆိုင်ရာ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများအတွက် လိုအပ်သမျှ အလုံးစုံပါဝင်မည်ဟု မမှတ်ယူသင့်ပါ။ လက်တွေ့လုပ်ကိုင်ဆောင်ရွက်သူများသည် ဤလမ်းညွှန်၏ နောက်ဆက်တွဲ အချက်အလက်များကို မှီငြမ်းကိုးကား ဆွေးနွေးသင့်သည်။



Photo by Rawena Russell



# ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်း

ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်ခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လူကုန်ကူးမှု ကျူးလွန်ခံရသူ (TIP)တစ်ဦး အဖြစ် သတ်မှတ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျူးလွန်ခံရသူများကို ၎င်းတို့၏ အခွင့်အရေးများ ရရှိပိုင်ခွင့်၊ ဆေးကုသပေးခြင်းနှင့် အခြားသော ကျန်းမာရေး ဝန်ဆောင်မှုများ၊ နေရာထိုင်ခင်း၊ အစားအစာနှင့် အခြေခံလိုအပ်ချက်များ၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် အခြားသူများအကြား စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု အစရှိသည့် အကူအညီနှင့် အကာအကွယ် ဝန်ဆောင်မှုများ ရပိုင်ခွင့်ပေးခြင်းဖြစ်သည်။[၂၆] လျင်မြန်တိကျစွာ သတ်မှတ်နိုင်ပါက ကယ်ဆယ်ရေးနှင့် ကျူးလွန်ခံရသူ တစ်ဦးအပေါ် စောင့်ရှောက်မှုတို့ကို အလျင်အမြန် ပံ့ပိုးပေးအပ်နိုင်မည်။ ဤနည်းဖြင့် လူကုန်ကူးမှုလုပ်ငန်းစဉ်ကို အမြစ်ဖြတ်ပြီး ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုရာတွင် အထောက်အပံ့ရမည် ဖြစ်သည်။



၂၆ ဘာလီ လုပ်ငန်းစဉ် (၂၀၁၅) လူကုန်ကူးမှုကျူးလွန်ခံရသူများအား စိစစ်အတည်ပြုခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်မှု - မူဝါဒချမှတ်သူများနှင့် လက်တွေ့ဆောင်ရွက်သူများအတွက် မိတ်ဆက် လမ်းညွှန်မှု၊ ဘန်ကောက်၊ ဘာလီ လုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ ပံ့ပိုးမှုရုံး

***လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWC ဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ*** တွင် ကျူးလွန်ခံရသူများကို လျင်မြန်တိကျစွာ သတ်မှတ်ခြင်းသည် ၎င်းတို့၏ လုံခြုံရေးနှင့် ကျန်းမာရေးတို့အတွက် အလွန်အရေးပါသည်။ လူကုန်ကူးမှုကျူးလွန်သူများကို ၎င်းတို့၏ ပြစ်မှုများအတွက် ဖမ်းဆီးအရေးယူ၊ အပြစ်ပေးရေးကိုလည်း မလွဲမသွေဆောင်ရွက်ရန် လိုအပ်သည်။ ထိုလမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များတွင် ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်းကို လမ်းညွှန်ရန်နှင့် ကူညီပေးရန်အတွက် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ သတ်မှတ်ရန် တိုက်တွန်း နှိုးဆော်ထားပါသည်။ ဤအချက်များကို အာဆီယံဒေသတွင်းအနှံ့ စံသတ်မှတ်ထားသင့်ပါသည်။

**ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်း (တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ) ဖြစ်စဉ်တွင် မည်သူတို့ ပါဝင်နိုင်သနည်း။**




အောက်ပါ ထိခိုက်နစ်နာမှုများကို အာဆီယံတွင် ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်း လုပ်ငန်းစဉ်အတွင်း အတွေ့ရ များသည်ဟု သတ်မှတ်ထားသည်။ ဖြစ်လာနိုင်ဖွယ်ရှိသော ထိခိုက်နစ်နာမှုများကို သိရှိရန်နှင့် ထိခိုက်နစ်နာမှုမရှိစေရေး လမ်းညွှန်ချက်ကို ထို ထိခိုက်နစ်နာမှုများမှ ကာကွယ်ရန် သို့မဟုတ် လျော့ပါးစေရန် နည်းလမ်းတစ်ခုအဖြစ် လက်ခံ စဉ်းစားရန်မှာ ရှေးဦးတုံ့ပြန်ဆောင်ရွက်သူ သို့မဟုတ် ကူညီထောက်ပံ့သူတစ်ဦးဖြစ်သော သင့်အတွက် အရေးပါလှသည်။

# ၁ ကျူးလွန်ခံရသူသည် လူကုန်ကူးခံရသူအဖြစ် အသတ်မှတ်မခံရခြင်း

လူကုန်ကူးခံရသူ အများအပြားသည် ကျူးလွန်ခံရသူများအဖြစ် သတ်မှတ်ခံရခြင်းကို ၎င်းတို့ကိုယ်တိုင် ရှောင်ရှား ကြသည်။ အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်တတ်ကြသည်- ၎င်းတို့သည် ၎င်းတို့တွင် ဖြစ်ပျက်ခဲ့သည်ကို ရှက်ကြသည်၊ ၎င်းတို့အား လူကုန်ကူးသူများက ၎င်းတို့အပေါ် လက်တုံ့ပြန်မည်ကို ကြောက်ကြသည်၊ အပြစ်ပေး ခံရမည်ကို ကြောက်ကြသည်၊ ၎င်းတို့၏ အခွင့်အရေးများနှင့် ကျူးလွန်ခံရသူတစ်ဦး အနေနှင့် ရရှိနိုင်မည့် အကူအညီများကို မသိရှိကြ၊ ကိုယ့်ဘဝနှင့်ကိုယ် ရှေ့ဆက်လိုကြသည်။

လူကုန်ကူးခံရသည်ကို မသိရှိသော ကျူးလွန်ခံရသူများလည်း ရှိသည်။ လူကုန်ကူးသည်ဟူသော အကြောင်းအရာကို မသိရှိသူများ ဖြစ်နိုင်ပြီး ၎င်းတို့ကိုယ်ကို ကျူးလွန်ခံရသူတစ်ဦးအနေနှင့် မမြင်တတ်ကြပေ။ ဤဖြစ်ရပ်သည် အထူးသဖြင့် ဆင်းရဲ၍ ထိခိုက်လွယ်သော မိသားစုများမှ ကလေးသူငယ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည်။ (၎င်းတို့၏ မိဘများ၊ ဆွေမျိုးများပင် ဖြစ်နေနိုင်သည့်) ပြစ်မှုကျူးလွန်သူများက ၎င်းတို့အပေါ် နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အမြတ်ထုတ်ခြင်း တို့မှာ သာမန်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူများ၏ မိသားစုတာဝန်တစ်ရပ် ဖြစ်သည်ဟု ထိုကလေးသူငယ်များကို အယုံသွင်းထားကြသည်။ လှည့်ဖြား၍ အတင်းအဓမ္မ ထိမ်းမြားလက်ထပ်ခြင်းခံရသော အမျိုးသမီးများသည်လည်း ကိုယ်တိုင် သဘောတူလိုက်လျော လိုက်ပြီးဖြစ်၍ ကိုယ့်ကိုယ်ကို လူကုန်ကူးခံရသူများအဖြစ် မမြင်ကြတော့ပေ။

အာဆီယံဒေသတွင်မှု လိင်လုပ်သားများသည် လူကုန်ကူးမှု ကျူးလွန်ခံရသူများအဖြစ် သတ်မှတ်ခံရခြင်း နည်းပါးလှသည်။[၂၇] ရွှေ့ပြောင်းအလုပ်သမားများသည် အတင်းအဓမ္မ အလုပ်စေခိုင်းခံရသည် သို့မဟုတ် အမျိုးမျိုးသော ကြွေးမြီ စာချုပ်များအကြား ပိတ်မိနေသည်ဟူသော သက်သေ အထောက်အထားများရှိသော်လည်း ဆောက်လုပ်ရေး၊ ငါးဖမ်း လုပ်ငန်းနှင့် အိမ်အကူလုပ်ငန်းများတွင် လုပ်ကိုင်နေသူများထဲမှ အနည်းစုကိုသာ လူကုန်ကူးမှု ကျူးလွန်ခံရသူများအဖြစ် သတ်မှတ်ကြသည်။

လူကုန်ကူးခံရသူတစ်ဦးအဖြစ် သတ်မှတ်မခံရခြင်းကြောင့် ၎င်းတို့အပေါ် ဆက်လက်အမြတ်ထုတ်ခြင်းနှင့် နှိပ်စက် ညှဉ်းပန်းခြင်းတို့ ခံရနိုင်သည်။ ကျူးလွန်ခံရသူများသည် အောက်ပါ ဆိုးကျိုးများကိုလည်း ရင်ဆိုင်ရသည်။ ၎င်းတို့မှာ ထိန်းသိမ်းခံရခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း၊ အခွင့်အရေးများ ချိုးဖောက်ခံရခြင်း၊ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အကူအညီများ မရရှိခြင်း၊ ထပ်ခါထပ်ခါ လူကုန်ကူးခံရခြင်း၊ လူကုန်ကူးသူများ၏ လက်တုံ့ပြန်ခြင်းများ တို့ ဖြစ်သည်။[၂၈] ၎င်းတို့သည် ချက်ချင်းလက်ငင်း ရရှိရန်လို အပ်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များကို ရရှိနိုင်မည့် အခွင့်အလမ်းနှင့်လည်း လွဲချော် သွားကြသည်။

ပြစ်မှု တရားစီရင်ရေးရှုထောင့်မှ ကြည့်လျှင် ကျူးလွန်ခံရ သူတစ်ဦးအဖြစ် မသတ်မှတ်နိုင်ခြင်းသည် လူကုန်ကူးမှုနှင့် ပတ်သက်သော တရားဥပဒေ စိုးမိုးရေးလုပ်ပိုင်ခွင့်ကို လျော့ကျ စေသည်။



Photo by Naruephon Boonyaban

---

၂၇ McAdam, Marika (2021)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း၊ အနှစ်ချုပ် Bangkok: ASEAN-ACT

၂၈ Anti-Slavery International (2002)၊ လူကုန်ကူးမှု၊ လူ့အခွင့်အရေး - ကျူးလွန်ခံရသူ ကာကွယ်စောင့်ရှောင့်ရေးကို ပြန်လည်ဖွင့်ဆိုခြင်း။ London: Anti-Slavery International

**‘ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူ’ ဆိုသည်မှာ အဘယ်နည်း။**

လူထုမီဒီယာတွင် ဖော်ပြကြသော လူကုန်ကူးမှု ဇာတ်လမ်းအများစုတွင် ကျူးလွန်ခံရသူ အမျိုးသမီးတစ်ဦး ပါဝင်မြဲဖြစ်သည်။ အမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းဖြစ်စေ၊ ‘အိမ်တွင်းကျွန်များ’အဖြစ်ဖြစ်စေ လူကုန်ကူးခံရလေ့ရှိသည်။ လူကုန်ကူးမှု ဇာတ်ကြောင်းတွင် ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူကို ‘အားနည်းသူ’၊ ‘အပြစ်မဲ့သူ’ အဖြစ် သရုပ်ဖော်လေ့ရှိသည်။[၂၉]

၎င်းတို့ကို ကျား-မ၊ အသက်အရွယ်၊ လူမျိုးစုဖြစ်မှုတို့ကိုလိုက်၍ အားနည်းသူအဖြစ် ရှုမြင်တတ်ကြသည်။ ပြောရမည်ဆိုလျှင် ကျူးလွန်ခံရသူ အမျိုးသမီးကို ဩဇာအာဏာမရှိသူ၊ ထိခိုက်လွယ်သူ၊ အခြားသူများ၏ လွှမ်းမိုးချုပ်ကိုင်ခြင်းကို ခံရသူအဖြစ် ယူဆကြသည်။ အခြားတစ်ဖက်တွင်မူ အမျိုးသားများသည် ၎င်းတို့၏အလုပ်နှင့် ပတ်သက်ဆက်နွှယ်မှုတို့အပေါ် အပြည့်အဝ ထိန်းချုပ်နိုင်သည်ဟူ၍ ယူဆလေ့ရှိကြပြီး ၎င်းတို့ကို လူကုန်ကူးမှု ကျူလွန်ခံရသူများအဖြစ် ဖော်ပြခြင်းနည်းပါးကြသည်။

ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူများသည် ‘အပြစ်မဲ့သူ’ သို့မဟုတ် ‘သနားခံရထိုက်သူ’များ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲမှုနှင့် ကြံမိကြံရာကြံမိမှုကြောင့် ၎င်းတို့လုပ်ခဲ့သည်တို့ကို လုပ်ရန် ဖိအားပေး ခံခဲ့ရသည်။ (ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူ အများစုကို ကြည့်ခြင်းအားဖြင့်) ၎င်းတို့သည် ပြန်ပေးဆွဲခံရသည်မျိုး၊ အဓမ္မ ခေါ်ဆောင်ခံရသည်မျိုး ဖြစ်နိုင်သည် သို့မဟုတ် အမြတ်ထုတ်ခံရသော အခြေအနေများ အတွင်းသို့ လှည့်ဖြားခံရနိုင်သည်။[၃၀]

‘ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူများ’ အကြောင်း အလေးပေးဖော်ပြသော ဇာတ်ကြောင်းသည် ကျူးလွန်ခံရသူအားလုံးသည် ပြုသမျှနုရမည် သို့မဟုတ် အေဂျင်စီမရှိသူများ ဖြစ်ရမည်ဟူသော ယူဆချက်မှားများကို အားပေးနေသည်။ ၎င်းသည် လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု သို့မဟုတ် အခြား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို မခံစားရသော လူကုန်ကူးခံရသူများသည် လူကုန်ကူးခံရသည်ကို ညွှန်ပြနိုင်သည့် ‘မှန်ကန်သော’ အညွှန်းများ မရှိဟူ၍ အဓိပ္ပာယ်သက်ရောက်နေသည်။ ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူ အယူအဆနှင့် မကိုက်ညီသူများ၊ ဥပမာ - အမျိုးသားများနှင့် ယောကျ်ားလေးများ၊ စည်းကမ်းနှင့်မညီသော ရွှေ့ပြောင်းနေထိုင်သူများ စသည်တို့သည် အထောက်အပံ့၊ အကူအညီနှင့် တရားမျှတမှု မရရှိကြပေ။



၂၉ ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများ လူကုန်ကူးခံရသူများနှင့် အပြန်အလှန်ဆက်ဆံခြင်းတွင် ကျား၊မ ဂရုပြုမှုနှင့် ကျူးလွန်ခံရသူဦးတည်သည့် ချဉ်းကပ်မှုများ ACWC အခြေခံ E-learning Module တွင် စံနမူနာပြကျူးလွန်ခံရသူ၏ သဘောတရားကိုလည်း ဆွေးနွေးထားသည်။ (2022 တွင် လာမည်)။

၃၀ O'Brien, Erin (2018)၊ လူကုန်ကူးမှု ဇာတ်ကြောင်းကို စိန်ခေါ်ခြင်း- ကျူးလွန်ခံရသူများ၊ လူဆိုးများနှင့် သူရဲကောင်းများ။ (အခန်း ၄၊ စံနမူနာပြနှင့် မမြင်နိုင်သော ကျူးလွန်ခံရသူများ) Taylor & Francis Group

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- လူကုန်ကူးမှု လက္ခဏာများကို သတိထားပါ။ ၎င်းတို့တွင် [၂၁]
    - ပိုက်ဆံ၊ ဖုန်း သို့မဟုတ် မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ်ကဲ့သို့ သက်သေခံ စာရွက်စာတမ်းများ ကိုင်ဆောင်ထားမှု မရှိခြင်း၊
    - ကြောက်ရွံ့၊ ပူပင်သောကရောက်နေသလို၊ နှိမ့်ချသလို အပြုအမူများကို ပြသခြင်း၊
    - လက်ရှိ သို့မဟုတ် အရင်က နေခဲ့သည့်နေရာများကို လုံးဝ မသိခြင်း၊
    - စိတ်ရှုပ်ထွေးနေပုံ၊ အိပ်ရေးမဝသည့်ပုံ သို့မဟုတ် အာဟာရချို့တဲ့ပုံပေါက်ခြင်း၊ နှုတ်အားဖြင့်ဖြစ်စေ၊ ရုပ်ပိုင်း ဆိုင်ရာဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ အနိုင်ကျင့်ခံရသည့် လက္ခဏာများ ပြသခြင်း၊
    - ပျောက်ကင်းမှု အခြေအနေမတူသော ဒဏ်ရာဒဏ်ချက်များ ရှိခြင်းဖြစ်စေ၊ ကျန်းမာရေးစောင့်ရှောက်မှု မရှိခြင်းဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ တွေ့ရခြင်း၊
    - အဝတ်အစား/ဝတ်စုံသည် ရာသီဥတုနှင့် မကိုက်ညီခြင်း၊
    - လွတ်လပ်စွာ စကားမပြောဆိုနိုင်ခြင်းနှင့် ဆက်တိုက်ဆိုသလို ဟိုကြည့်ဒီကြည့် လုပ်ခြင်း၊
    - မျက်လုံးချင်းဆုံခြင်းကို ရှောင်ရှားခြင်းနှင့် တာဝန်ရှိသူကို ကြောက်ရွံ့ခြင်း၊
    - ခရီးဆောင်အိတ် မရှိသလောက်ဖြစ်ခြင်း သို့မဟုတ် လုံးဝမရှိခြင်းတို့ ပါဝင်ကြသည်။

- အစိုးရတစ်ရပ် သို့မဟုတ် အေဂျင်စီက အတည်ပြုထားသော အညွှန်းများ၏ အကူအညီကို အသုံးပြု၍ လူတစ်ယောက်ကို ကျူးလွန်ခံရသူ ဟုတ်၊မဟုတ် ဆုံးဖြတ်ပါ။ သံသယရှိလျှင် အထက်လူကြီး သို့မဟုတ် ပို၍ အတွေ့အကြုံရှိသော၊ ဗဟုသုတများသော အဖွဲ့ဝင်ဝန်ထမ်းနှင့် အမှုအကြောင်းတိုင်ပင်ပါ။

- လူကုန်ကူးခံရသူများသည် ပထမဆုံးတွေ့ဆုံမှုတွင် သူတို့ ဖြစ်ခဲ့သမျှကို အမှန်အတိုင်းပြောပြရန် တွန့်ဆုတ်နေနိုင်သည်။ ၎င်းတို့၏ ဇာတ်လမ်းသည် အဆီအငေါ်မတည့်၊ ယုတ္တိမတန် ဖြစ်နေတတ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ကြောက်စိတ်ကြောင့်ဖြစ်စေ၊ စိတ်ဒဏ်ရာကြောင့်ဖြစ်စေ နှစ်မျိုးစလုံးကြောင့်ဖြစ်စေ ဖြစ်နိုင်သည်။ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် အထူးလိုအပ်ချက် ရှိသူများသည် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေရာတွင် ပို၍အခက်အခဲကြုံတွေ့နိုင်သည်။

- လူတစ်ဦးကို လူကုန်ကူးခံရသူ ဟုတ်၊မဟုတ် အကဲဖြတ်ရာတွင် စိတ်ရှည်ပါ၊ အချိန်ယူပါ။ ၎င်းတို့သည် လူကုန်ကူး ခံရသူများ ဖြစ်နိုင်သည်ဟု သံသယရှိလျှင် လူကုန်ကူးခံရသူတစ်ဦးအဖြစ် ဆက်ဆံပြီး လိုအပ်သည့် ဂရုစိုက်မှုနှင့် အထောက်အပံ့ကို ပေးအပ်ပါ။

- လူတစ်ဦး၏ အသက်အရွယ်ကို သေသေချာချာ မသိသောအခါ အရွယ်ရောက်သူအဖြစ် မဆုံးဖြတ်နိုင်သေးပါက ကလေးသူငယ်အဖြစ် သတ်မှတ်သင့်သည်။

- လူကုန်ကူးခံရသော ကလေးသူငယ်များအတွက် ၎င်းတို့ကို အကြံဉာဏ်ပေးရန်နှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးရန် တရားဝင်အုပ်ထိန်းသူတစ်ဦးကို သတ်မှတ်တာဝန်ပေးပါ။ ၎င်းတို့၏ မိဘများသည် ယာယီဖြစ်စေ၊ အမြဲဖြစ်စေ မိဘများ၏ အုပ်ထိန်းပိုင်ခွင့်ကို မကျင့်သုံးနိုင်ပါက၊ မလိုလားပါက သို့မဟုတ် မသင့်လျော်ပါက တရားဝင်အုပ်ထိန်းသူတစ်ဦးကို သတ်မှတ်သင့်ပါသည်။[၂၂] ပတ်သက်သော လုပ်ဆောင်ချက်အားလုံးအတွက် တာဝန်ပေးထားသော အုပ်ထိန်းသူကို တိုင်ပင်၊ အသိပေးသင့်သည်။

---

၂၁ A21 လူမှုမီဒီယာဂရပ်ဖစ်များ၊ ဗီဒီယိုများနှင့် ပိုစတာများကို ဝင်ရောက်ကြည့်ရှုပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကို ပညာပေးကာ မျှဝေပါ။ https://www.a21.org/content/media/grmytc (accessed 1 December 2021)

၂၂ UNICEF (2006)၊ ကလေးသူငယ် လူကုန်ကူးခံရသူများ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ။ UNICEF နည်းပညာမှတ်စုများ၊ New York: UNICEF

- ကျူးလွန်ခံရသူသည် မသန်စွမ်းသူ သို့မဟုတ် မသန်စွမ်း ကလေးသူငယ်ဖြစ်ပါက ၎င်းတို့အတွက် အခွင့်အလမ်း၊ ပါဝင်ဆောင်ရွက်မှုနှင့် အကျိုးကျေးဇူးများ ရရှိစေရန် မသန်စွမ်းသူများနှင့် အလုပ်လုပ်ကိုင်နေသော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများ လုပ်ဆောင်ပါ။

- သင် လူတွေ့မေးမြန်းနေသော လူပုဂ္ဂိုလ်ကို လိုအပ်လျှင် စကားပြန်အသုံးပြု၍ ရှင်းလင်းပြီး ထိုလူပုဂ္ဂိုလ် နားလည်နိုင်မည့် ဘာသာစကားဖြင့် ကျူးလွန်ခံရသူအဖြစ်သတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို ရှင်းပြပါ။ လုပ်ငန်းစဉ်တွင် ပါဝင်သော အရာများ၊ ၎င်းတို့၏ အခွင့်အရေးများ၊ ရရှိနိုင်ဖွယ်ရှိသည့် အကျိုးကျေးဇူးများနှင့် ဆုံးရှုံးနိုင်ခြေများ၊ ၎င်းတို့၏ ကိုယ်ရေး အချက်အလက် လုံခြုံမှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှုတို့ကို ကာကွယ်ပေးမည်ဟူ၍ အာမခံချက်များကို ထိုလူပုဂ္ဂိုလ်က ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်အောင် ဆောင်ရွက်ပါ။

- ကျူးလွန်ခံရသူအဖြစ် အသတ်မှတ်ခံရန် ထိုလူပုဂ္ဂိုလ်က အဆင်သင့်မဖြစ်လျှင် ၎င်းကို အတင်းအဓမ္မ မလုပ်ပါနှင့်။ ၎င်းတို့ဘက်ကကြည့်လျှင် ဆုံးရှုံးနိုင်ခြေများရှိသည်ကို သတိရပါ။

- လူပုဂ္ဂိုလ်တစ်ဦးသည် လူကုန်ကူးခံရသူအဖြစ် အသတ်မှတ်ခံရန် သို့မဟုတ် အကူအညီနှင့် အကာအကွယ်ကို လက်ခံရန် ဆန္ဒမရှိလျှင် ထိုသူ ရှောင်ထွက်သွားနိုင်ရန် အသင့်ပြင်ဆင်ထားပါ။ မည်သည့်အချိန်မဆို ၎င်းတို့ကို ကူညီပေးမည်ဖြစ်ကြောင်း ထိုလူပုဂ္ဂိုလ်ကို သေချာစွာ ပြောပြပါ။

- အခြားသောနိုင်ငံများဖြင့် လူကုန်ကူးသူအဖြစ် သတ်မှတ်ဆုံးဖြတ်ခြင်းကို နှစ်နိုင်ငံ အပြန်အလှန် အသိအမှတ်ပြု လွှဲအပ်မှုများ လုပ်ဆောင်နိုင်ရန်အတွက် ကျူးလွန်ခံရသူကို အဆင့်အတန်း သတ်မှတ်၊ ဆုံးဖြတ်ခြင်းဆိုင်ရာ တရားဝင် မှတ်တမ်းတစ်ခုကို ထားရှိပါ။

**လူကုန်ကူးမှု ကျူးလွန်ခံရသူများကို အောက်ပါတို့တွင် အမြတ်ထုတ်ကြသည်။**



အလုပ် – စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာ ထုတ်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ စားသောက်ဆိုင်လုပ်ငန်း၊ သန့်ရှင်းရေး စသည်၊



လိင် – ပြည့်တန်ဆာလုပ်ငန်း၊ လိင်ပိုင်းဆိုင်ရာ ရုပ်ရှင်ရိုက်ကူးမှု၊



အိမ်တွင်း ကျွန်ပြုခြင်း၊



ကိုယ်တွင်းအင်္ဂါ ထုတ်ယူခြင်း၊



အတင်းအဓမ္မ တောင်းရမ်းစေခြင်း၊



အတင်းအဓမ္မ လပ်ထပ်ခြင်းနှင့် အငှားကိုယ်ဝန်ဆောင်ခိုင်းခြင်း၊



အင်တာနက်ပေါ်တွင် ကလေးများအား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း (OSEC)၊



မူယစ်ဆေး မှောင်ခို/ ကုန်ကူးခိုင်းခြင်း၊



ရာဇဝတ်ဂိုဏ်းများတွင် အတင်းအဓမ္မ ပါဝင်ပတ်သက်ခိုင်းခြင်း၊



လက်နက်ကိုင် ပဋိပက္ခတွင် အတင်းအဓမ္မ ပူးပေါင်းပါဝင်ခိုင်းခြင်း၊

**အလေ့အထကောင်း။**[၃၃]

ထိုင်းနိုင်ငံတွင် အထူးစုံစမ်းရေးဌာန(DSI)သည် အထူးသဖြင့် ညှဉ်းပန်းနှိပ်စက် ခံရသည်ကို သိသာစေသည့် ရုပ်ပိုင်းဆိုင်ရာလက္ခဏာမရှိသူများကို လူကုန်ကူးခံရသူများအဖြစ် သတ်မှတ်ရာတွင် NGO များနှင့် လက်တွဲလုပ်ကိုင်ကြသည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူ တံငါသည်များနှင့် လက်တွဲလုပ်ကိုင်နေသော NGOများသည် ကိုယ်ထိလက်ရောက်မဟုတ်သော အကျပ်ကိုင်မှုများရှိနေသည်ကို ထိထိရောက်ရောက် နားလည်ပြီး ဤအရာများကို အချက်အလက်စုဆောင်းမှုနှင့် ထိခိုက်လွယ်သော အလုပ်သမားများကို တွေ့ဆုံမေးမြန်းခြင်းဖြင့် ကူညီသတ်မှတ် ပေးနိုင်ကြသည်။ ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာအပြင် အခြားနှိပ်စက်ညှဉ်းပန်းမှု လက္ခဏာများကို ရှာဖွေကြသည်။ ၎င်းတို့၏ ကျူးလွန်ခံရသူ အဖြစ် သတ်မှတ်ခြင်း လုပ်ငန်းစဉ်သည် ကျူးလွန်ခံရသူများ၏ ပြန်လည်နာလန်ထူရေးကို ပံ့ပိုးခြင်းနှင့် ၎င်းတို့၏ တစ်ပါးသူကို ယုံကြည်မှုနှင့် မိမိကိုယ်ကို ယုံကြည်မှုတို့ တည်ဆောက်ခြင်းတို့နှင့် ပတ်သက်၍ အလေးအနက်ထားဆောင်ရွက်သည်။ DSIသည် အချို့သော ကျူးလွန်ခံရသူအုပ်စုများ၊ ဥပမာအားဖြင့် အထူးနှစ်သိမ့်ဆွေးနွေးမှု လိုအပ်သူများ၊ အခြားသော ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုများမှ ကျူးလွန်ခံရသူများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အရင်းအမြစ်များ နည်းပါးသည်ကို အသိအမှတ်ပြုထားသဖြင့် ၎င်းတို့သည် ဤအဖွဲ့များကို ထောက်ပံ့ရန် သင့်လျော်ရာ NGO မိတ်ဖက်များကို သတ်မှတ်ပြီး ယင်းအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်နိုင်မည် ဖြစ်သည်။

**စိန်ခေါ်မှု။**[၃၄]

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အစိုးရရှေ့နေများနှင့် တရားသူကြီးများသည် လူကုန်ကူးခံရသူများကို ဥပဒေကြောင်းအရ ရှင်းရှင်းလင်းလင်း ဖွင့်ဆိုသတ်မှတ်ရာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ရသည်။ ဥပဒေကြောင်းအရ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသောကြောင့် ကလေးမွေးစားခြင်း၊ ကလေးလုပ်သား၊ အလုပ်လုပ်ရန် သို့မဟုတ် လပ်ထပ်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်း၊ ကိုယ်တွင်းအင်္ဂါများ ရောင်းချခြင်း စသည်တို့ကိုလည်းကောင်း၊ ၎င်းတို့သည် လူကုန်ကူးမှုဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲတွင် ပါဝင်ခြင်း ရှိမရှိဟူသော အချက်ကိုလည်းကောင်း ရှုပ်ထွေးဝေဝါးသွားစေသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အားထုတ်ဆောင်ရွက်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ်တွင် အလွန်အကျွံ အာရုံစိုက်နေပြီး ကျူးလွန်ခံရသူ အမျိုးသားများ ပါဝင်သည့် တရားစွဲဆိုမှုများမှာမူ မရှိသလောက် နည်းပါးလှသည်။ အကျိုးဆက်အားဖြင့် ကျူးလွန်ခံရသူ အမျိုးသားများအတွက် တရားဝင် ထောက်ပံ့ကူညီမှု သို့မဟုတ် တရားမျှတမှု ရရှိပိုင်ခွင့် အနည်းငယ်သာ ရှိသည်။

၃၃ ထိုင်း အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၈ အောက်တိုဘာ ၂၀၂၁။
၃၄ လာအို ပီဒီအာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၇ ဒီဇင်ဘာ ၂၀၂၁။

# ၂ ပြစ်မှုအဖြစ် သတ်မှတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်း

ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်းလုပ်ငန်းစဉ်အတွင်း၌ ကျူးလွန်ခံရသူများသည် ၎င်းတို့အပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၏ တိုက်ရိုက်အကျိုးဆက်ဖြစ်သော ဥပဒေနှင့်မညီသည့် လုပ်ငန်းများတွင် ပါဝင်နေမှုအတွက် ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံရပြီး အပြစ်ပေးခံရမည်ကို ကြောက်ကြသည်။ ဥပမာအားဖြင့် နိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်ခြင်း၊ စာရွက်စာတမ်းအတု/မမှန်ကန်သော စာရွက်စာတမ်းများ အသုံးပြုခြင်း၊ မူးယစ်ဆေး မှောင်ခိုသွင်းခြင်း၊ ပြည့်တန်ဆာပြုခြင်း စသည့်လုပ်ငန်းများ ဖြစ်သည်။

နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သော ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့ လူကုန်ကူးခံရချိန်အတွင်း ကျူးလွန်ခဲ့သော လူဝင်မှုအဆင့်အတန်းဆိုင်ရာ ပြစ်မှုများနှင့် ရာဇဝတ်မှုများအတွက် ဖမ်းဆီးထိန်းသိမ်းခံရကာ ပြည်နှင်ဒဏ်ပေးခံရလေ့ရှိသည်။ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများသည် လူမှောင်ခိုကုန်ကူးမှု ကျူးလွန်ခံရသူ များအဖြစ် ဆက်ဆံခံရလေ့ရှိပြီး လူကုန်ကူးခံရသူများအဖြစ် သတ်မှတ်ခြင်းမခံရပါ။ ၎င်းတို့ကို အများအားဖြင့် လူဝင်မှုကြီးကြပ်ရေးဌာန၏ ထိန်းသိမ်းရေးစင်တာများ၊ အကျဉ်းထောင်များ သို့မဟုတ် အခြားအလုံပိတ် အဆောက်အအုံများတွင် ထားတတ်ကြသည်။

ရွှေ့ပြောင်းလုပ်သားများနှင့် လိင်လုပ်သားများကို လိုလိုချင်ချင် လက်ခံကြသော နစ်နာသူများ/ ပါဝင်သူများအဖြစ် မြင်ကြလေ့ရှိသည်။ ထို့ကြောင့် လူကုန်ကူးခံရသူများအဖြစ် မသတ်မှတ်ပါ။ ပြည့်တန်ဆာလုပ်ငန်း တရားမဝင်သော နိုင်ငံများတွင် လူကုန်ကူးခံရသူများဖြစ်ကြသော လိင်လုပ်သားများသည် ပြစ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်ခံရ နိုင်သည်။

အချို့အမှုများတွင် ဥပဒေချိုးဖောက်သည့် ကျူးလွန်ခံရသူကလေးသူငယ်များကို ၎င်းတို့၏အကျိုးစီးပွားနှင့် ဆန့်ကျင်ကာ လူကုန်ကူးခံရသူများထက် ‘ဥပဒေနှင့် ရင်ဆိုင်ပတ်သက်ရသူကလေးသူငယ်များ’အဖြစ် အမျိုးအစားသတ် မှတ်ကြသည်။[၃၅]

ကျူးလွန်ခံရများကို ပြစ်မှုကျူးလွန်သူများအဖြစ် ဆက်ဆံခြင်းသည် ၎င်းတို့ အကူအညီရှာဖွေခြင်း သို့မဟုတ် ရဲတပ်ဖွဲ့များနှင့် ဆက်သွယ်ခြင်းတို့ကို အဟန့်အတားဖြစ်စေသည်။


Photo by Anton Porsche on Unsplash

၃၅ McAdam, Marika (2021)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမူအား လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခြင်း၊ အနှစ်ချုပ် Bangkok: ASEAN-ACT

*ACTIP၏ အပိုဒ်၁၄(၇)တွင် လူကုန်ကူးမှု ကျူးလွန်ခံရသူများ ကျူးလွန်ခဲ့သော ဥပဒေနှင့်မညီသည့် လုပ်ဆောင်ချက်များသည် လူကုန်ကူးမှုနှင့် တိုက်ရိုက်ဆက်နွယ်နေလျှင် ထိုလုပ်ဆောင်ချက်များအတွက် ပြစ်မှုပိုင်းအရ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းအရ အရေးယူခြင်း မပြုလုပ်ရန် နိုင်ငံများကို တောင်းဆိုထားသည်။*

*လူကုန်ကူးမှုအပေါ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး တုံ့ပြန်ဆောင်ရွက်ချက်အတွက် လက်တွေ့လုပ်ကိုင် ဆောင်ရွက်သူများဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၏ အပိုင်း (၁)၊ ဂ(၂)* တွင် လူကုန်ကူးခံရသူများကို လူကုန်ကူးခံရသူအဆင့်အတန်း၏ တိုက်ရိုက်အကျိုးဆက်တစ်ခုအနေဖြင့် ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ပတ်သက်၍ ဖြစ်နိုင်သမျှ အတိုင်းအတာတစ်ခုအထိ အရေးယူခြင်း သို့မဟုတ် တရားစွဲဆိုခြင်း မပြုလုပ်သင့်ကြောင်း ဖော်ပြထားသည်။

*OHCHR လူ့အခွင့်အရေးနှင့် လူကုန်ကူးမှု အကြံပြုချက် အခြေခံသဘောတရားများနှင့် လမ်းညွှန်ချက်များ၏ လမ်းညွှန်ချက် ၂(၆)တွင် လူကုန်ကူးခံရသူများကို မည်သည့်အခြေအနေတွင်မျှ လူဝင်မှုကြီးကြပ်ရေးဌာန၏ ထိန်းသိမ်းရေး စင်တာ သို့မဟုတ် အခြားအချုပ်ခန်းများတွင် ထိန်းသိမ်းထားခြင်း မပြုလုပ်ရန် နိုင်ငံများကို တောင်းဆိုထားသည်။*

**သဘောတူခွင့်ပြုချက်ကို မမှန်ကန်သော နည်းလမ်းများဖြစ်သည့်၊ ဥပမာအားဖြင့် လိမ်လည်မှု၊ အကျပ်ကိုင်မှု၊ လှည့်ဖျားမှု သို့မဟုတ် အာဏာ အလွဲသုံးစားပြုမှုတို့ဖြင့် ရယူခဲ့လျှင် လူတစ်ဦးတစ်ယောက်သည် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရန် သဘောတူခွင့်ပြုခဲ့သည်ဟု မသတ်မှတ်နိုင်ပါ။ ကလေးသူငယ်များ၏ အမှုတွင် ၎င်းတို့၏ အထူးသဖြင့် ထိရှလွယ်သော အဆင့်အတန်းကြောင့် သဘောတူခွင့်ပြုချက်ပေးရန်ဆိုသည်မှာ ကနဦးကတည်းကပင် မဖြစ်နိုင်ပါ။**[၃၆]

၃၆ Palermo Protocol အပိုဒ် ၃ မှ ဆီလျော်အောင် ရေးသားသည်။

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- သဘောတူခွင့်ပြုချက်သည် လူကုန်ကူးမှုကိစ္စရပ်များတွင် တရားဥပဒေအရ မသက်ဆိုင်ပါ။ ရည်ရွယ်ထားသော ခေါင်းပုံဖြတ်အမြတ်ထုတ်မှု သို့မဟုတ် ရာဇဝတ်မှု ကျူးလွန်ခြင်းများအပေါ် ကျူးလွန်ခံရသူတစ်ယောက်၏ "သဘောတူ ခွင့်ပြုချက်" သို့မဟုတ် "သဘောတူညီချက်"သည် ၎င်းတို့ကို အပြစ်ပေးနိုင်သော ကျိုးကြောင်းပြချက်အဖြစ် အသုံးမပြုသင့်သည်ကို ပြန်လည်သတိရပါ။

- လူကုန်ကူးမှု ကျူးလွန်ခံရသူများကို ၎င်းတို့ လူကုန်ကူးခံရစဉ်တွင် ကျူးလွန်ရန် အတင်းအကျပ် စေခိုင်းခြင်းခံခဲ့ရသည့် တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင် နေထိုင်ခြင်း သို့မဟုတ် တရားမဝင် အလုပ်လုပ်ကိုင်ခြင်းကဲ့သို့သော အဆင့်အတန်းနှင့် ဆက်နွှယ်နေသော ပြစ်မှုများအတွက် ပြစ်မှုအဖြစ် သတ်မှတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းများ မပြုလုပ်ပါနှင့်။

- နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော ကျူးလွန်ခံရသူများ နိုင်ငံအတွင်း ဆက်လက် နေထိုင်နိုင်ရန်အတွက် တရားဝင်အဆင့်အတန်းနှင့် စာရွက်စာတမ်းများ ရရှိနိုင်ရန် ကူညီပေးပါ။ ဤသို့လုပ်ဆောင်ခြင်းသည် ကျူးလွန်ခံရသူများ၏ လုံခြုံမှုခံစားရခြင်းနှင့် ၎င်းတို့၏ လွတ်မြောက်ခွင့်တို့ကို ပြန်လည်ရယူရာတွင် အရေးကြီးသည်။

- ဖမ်းဆီးခံရသူများတွင် လူ့အခွင့်အရေးရှိသည်ကို သတိရပါ။ ဥပဒေစိုးမိုးရေး အရာရှိများသည် ၎င်းတို့ ဖမ်းဆီးခံရခြင်း၏ အကြောင်းရင်းများနှင့် စွဲချက်တင်ထားသော မည်သည့်စွဲချက်များကိုမဆို ၎င်းတို့အား အသိပေးရန်နှင့် ၎င်းတို့၏ အမှုများကို တရားသူကြီး သို့မဟုတ် အခြားအရာရှိတစ်ဦး၏ ရှေ့မှောက်သို့ ချက်ချင်း ယူဆောင်စွဲဆိုပေးရန် တာဝန်ရှိသည်။[၃၇] လူကုန်ကူးမှု၏ ကျူးလွန်ခံရသူများအဖြစ် သံသယရှိသူများအား ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်း လုပ်ငန်းစဉ်ကို ချက်ချင်း ဆောင်ရွက်နိုင်ရန် ပြုလုပ်ပေးသင့်သည်။

- ဖမ်းဆီးခံရသော သို့မဟုတ် ထိန်းသိမ်းခံရသော နိုင်ငံခြားသားများကို ကောင်စစ်ဆိုင်ရာ အကြံဉာဏ်နှင့် အထောက်အပံ့များ လက်ခံနိုင်ရန်အတွက် ၎င်းတို့၏သံရုံးကို အကြောင်းကြားရန် အခွင့်အရေးရှိကြောင်း သတင်းပေးရမည် ဖြစ်သည်။[၃၈] သို့သော် ၎င်းတို့မိခင်နိုင်ငံ၏ ဖိနှိပ်မှုမှ လွတ်မြောက်ရန်အတွက် နိုင်ငံရေးခိုလှုံခွင့် တောင်းခံနေသူများတွင် ဤအချက်ကို အသုံးပြု၍ မရပါ။

- ဥပဒေစိုးမိုးရေး အရာရှိများသည် သက်ဆိုင်ရာ အာဏာပိုင်များက တရားဝင်လူကုန်ကူးမှု စစ်ဆေးခြင်း မပြုလုပ်မီ အချိန်အထိ လူကုန်ကူးခံရသူဖြစ်နိုင်သူများကို တရားစွဲသင့်၊ မစွဲသင့်နှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်မချသင့်ပါ။[၃၉]

- ကျူးလွန်ခံရသူ ကလေးသူငယ်များကို အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ လူဝင်မှုကြီးကြပ်ရေးဌာန၏ ထိန်းသိမ်းရေး စင်တာများနှင့် အခြား ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဆောက်အအုံများတွင် ထားခြင်းကို ရှောင်ကြဉ်ပါ။ စောင့်ရှောက်မှု ပေးနိုင်သည့် နေရာအတွက် အခြားရွေးချယ်စရာမရှိလျှင် ထိုကဲ့သို့သောနေရာများတွင် ဖြစ်နိုင်သမျှ ကာလအတိုဆုံး ထားရန်နှင့် သီးခြားအာဏာပိုင်က ပုံမှန်ပြန်လည်စစ်ဆေးပေးရန်တို့ကို သေချာစွာ ဆောင်ရွက်ပေးရမည်။[၄၀]

---

၃၇ အပိုဒ် ၉(၂) နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ်

၃၈ McAdam, Marika (2021)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခြင်း၊ အနှစ်ချုပ် Bangkok: ASEAN-ACT

၃၉ McAdam, Marika (2021)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးခြင်း၊ အနှစ်ချုပ် Bangkok: ASEAN-ACT

၄၀ အာဆီယံ လက်တွေ့လုပ်ဆောင်သူများ၏ စံ အကောင်အထည်ဖော်ဆောင်ရေး ကိရိယာစုံ (၂၀၁၉)

### လူကုန်ကူးမှုနှင့် လူမှောင်ခိုကုန်ကူးမှု[၄၁]

| လူကုန်ကူးမှု | လူမှောင်ခိုကုန်ကူးမှု |
|---|---|
| လူတစ်ဦးတစ်ယောက်အပေါ် ကျူးလွန်မှု (လူ့အခွင့်အရေး ချိုးဖောက်ခြင်း)။ | နိုင်ငံအပေါ် ကျူးလွန်မှု (နယ်စပ်စည်းမျဉ်းများကို ချိုးဖောက်ခြင်း)။ |
| တရားဝင်၊ တရားမဝင် သို့မဟုတ် နယ်စပ်ဖြတ်ကျော်ခြင်း မရှိပါ၊ | တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း ဖြစ်သည်။ |
| ကျူးလွန်ခံရသူအပေါ် ဆက်လက်၍ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု ပါဝင်သည်။ | သွားမည့်နေရာသို့ ရွှေ့ပြောင်းနေထိုင်သူများ ရောက်ရှိချိန်တွင် အဆုံးသတ်သည်။ |
| ကျူးလွန်ခံရသူများက မည်သည့်အခါမျှ သဘောတူ ခွင့်ပြုခြင်းမရှိပါ။ အကယ်၍ ကနဦးတွင် သဘောတူ ခွင့်ပြုခဲ့လျှင် လူကုန်ကူးမှု၏ အကျပ်ကိုင်မှုနှင့် လှည့်ဖျားမှုတို့ကြောင့် ၎င်းသည် အဓိပ္ပာယ်မရှိပါ။ | ဆန္ဒအလျောက်ဖြစ်ကာ သဘောတူခွင့်ပြုချက် ပါဝင်သည်။ |

**စိန်ခေါ်မှု။**

လူကုန်ကူးခံရသော ပင်လယ်ရပ်ခြားမှ ဖိလစ်ပိုင်အလုပ်သမားများ(OFW)သည် လူသစ်စုဆောင်းရေး အေဂျင်စီများ အပါအဝင် ၎င်းတို့ကို လူကုန်ကူးသူများရှေ့တွင် အပြစ်ပေးခံရလေ့ရှိပြီး တရားစွဲခံကြရသည်။ ၎င်းတို့ကို ဖိလစ်ပိုင်နိုင်ငံမှ လူများက စုဆောင်းခြင်းဖြစ်စေကာမူ အထူးသဖြင့် (ဥပမာ ဆီးရီးယား၊ ဆော်ဒီအာရေဗျ သို့မဟုတ် ယူအေအီး)ကဲ့သို့သော ရောက်ရှိရာနိုင်ငံများ၌ ကျူးလွန်ခံရသူများ လူကုန်ကူးခံရသည့် အမှုများတွင် တရားစီရင်ပိုင်ခွင့်နှင့် ဆိုင်သော စိန်ခေါ်မှုများ ပေါ်ပေါက်ခဲ့သည်။ ငါးဖမ်းလုပ်ငန်းတွင် လူကုန်ကူးခံရသူ ဖိလစ်ပိုင်နိုင်ငံသားများကို ဖိလစ်ပိုင်နိုင်ငံ အပြင်ဘက်တွင် တရားစွဲဆိုခြင်းဟူသော နောက်ခံအကြောင်းအရာ၌ တရားစီရင်ပိုင်ခွင့်အမျိုးမျိုးဖြင့် အပြစ်မပေးခြင်းဟူသော အခြေခံမှုကို အားပေးထောက်ခံခြင်းဆိုင်ရာ စိန်ခေါ်မှုကို ပေါ်ပေါက်စေကာ ဒေသတွင်း ဥပဒေစိုးမိုးရေး အရာရှိများနှင့် အစိုးရရှေ့နေများအတွက် စိန်ခေါ်မှုများ ဖြစ်ပေါ်လာစေသည်။[၄၂]

**အလေ့အထကောင်း။**

အလေ့အထကောင်းများကို စင်္ကာပူနိုင်ငံတွင် တွေ့ရှိရသည်။ ဥပမာအားဖြင့် လူကုန်ကူးခံရသူတစ်ယောက်အဖြစ် တရားဝင် သတ်မှတ်ခြင်းခံထားရသော လိင်မှုလုပ်ငန်းရှိ လူကုန်ကူးခံရသူ တစ်ယောက်သည် သူမ၏ အလုပ်ဗီဇာ သတ်မှတ်ချက်များကို ကျော်လွန်ကာ လုပ်ကိုင်နေမှုအပေါ် အရေးမယူခြင်းဖြစ်သည်။ အရေးယူခံရမည့်အစား သူမကို ကာကွယ်ပေးကာ သူမနေထိုင်ရာ ခိုလှုံရေးစခန်းအပြင်ဘက်တွင် အလုပ်လုပ်နိုင်ရန် အခွင့်အရေးပေးခဲ့သည်။ သို့သော် ပြည့်တန်ဆာလုပ်ငန်းနှင့် ဆက်နွှယ်နေသော ပြစ်မှုများအတွက် ကျူးလွန်ခံရသူများအား အပြစ်ပေးနိုင်ခြေများကို လည်း တွေ့ရှိရသည်။ ဖိလစ်ပိုင်၊ ထိုင်းနှင့် အင်ဒိုနီးရှားနိုင်ငံများမှ အမျိုးသမီးများသည် အကူအညီရယူရန် ရဲတပ်ဖွဲ့ကို ချဉ်းကပ်ပြီးနောက်တွင် ရာဇဝတ်မှုအဖြစ် သတ်မှတ်ခံရသည့် အဖြစ်အပျက်များ ရှိဖူးသည်။[၄၃]

---

၄၁ https://stophk.org/en/resource-library/human-trafficking-vs-human-smuggling မှ ယူထားပါသည်။

၄၂ McAdam, M (2022)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း၊ https://www.aseanact.org/wp-content/uploads/2022/04/Non-Punishment_print_smallsize.pdf

၄၃ McAdam, M (2022)၊ ASEAN အဖွဲ့ဝင်နိုင်ငံများ၌ လူကုန်ကူးခံရသည့် နစ်နာသူများအတွက်ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခြေခံမှုအား လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးခြင်း၊ https://www.aseanact.org/wp-content/uploads/2022/04/Non-Punishment_print_smallsize.pdf

# ၃ တွေ့ဆုံမေးမြန်းမှုများအတွင်း ကျူးလွန်ခံရသူ ထပ်တလဲလဲဖြစ်ခြင်း

တွေ့ဆုံမေးမြန်းမှုများအတွင်း လူကုန်ကူးခံရသူများအား ၎င်းတို့၏ လူကုန်ကူးခံရမှု အတွေ့အကြုံအကြောင်းကို အသေးစိတ် မေးခွန်းထုတ်ခြင်း သို့မဟုတ် ပြန်လည်ပြောပြ ခိုင်းခြင်းမျိုးကို ပြုလုပ်တတ်ကြသည်။ ကျူးလွန်ခံရသူများကို အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ရာထူးတာဝန် အမျိုးမျိုးမှ လူပုဂ္ဂိုလ်အမျိုးမျိုးက တူညီသောမေးခွန်းများကို ထပ်ခါထပ်ခါ မေးတတ်ကြသည်။ တွေ့ဆုံမေးမြန်းမှုကို ကျူးလွန်ခံရသူအတွက် မလုံခြုံသော သို့မဟုတ် ထင်သာ မြင်သာရှိလွန်းသော နေရာတွင် လုပ်ဆောင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံထားရသော ကျူးလွန်ခံရသူ အမျိုးသမီးများသည် အမျိုးသားအရာရှိက မေးမြန်းလျှင် သို့မဟုတ် အမျိုးသားအရာရှိများ ရှိနေလျှင် အနေရခက်ကာ မလုံခြုံဟု ခံစားရနိုင်သည်။

အာဆီယံနိုင်ငံအချို့တွင် ကျူးလွန်ခံရသူအား အပြစ်တင်ခြင်း သည် ဥပဒေစိုးမိုးရေး အရာရှိများအကြား ပြဿနာ တစ်ခု အဖြစ် ရှိနေဆဲဖြစ်သည်။ ကျူးလွန်ခံရသူများသည် 'ခေါင်းမာ သည်၊ လောဘကြီးသည်၊ ဉာဏ်နည်းသည်၊ အသရေပျက် စေသည်၊ လူမှုရေးရာမလုံခြုံမှုနှင့် လူမှုရေးရာပရမ်းပတာများ ဖြစ်စေသည်'ဟု စွပ်စွဲခံကြရသည်။[၄၄] ထပ်မံ လူကုန်ကူးခံရ သည့် အမျိုးသမီးများကို အပျက်သဘောဖြင့် ရှုမြင်တတ်ကြ ကာ ထို့ကြောင့်လည်း ဝန်ဆောင်မှုများနှင့် အကာအကွယ်များ ငြင်းပယ်ခံကြရသည်။ အထူးသဖြင့် ကလေးသူငယ်များကို ဥပဒေစိုးမိုးရေး အရာရှိများနှင့် ၎င်းတို့၏ မိသားစုများက ၎င်း တို့တွင် ဖြစ်ပျက်ခဲ့ခြင်းများအတွက် အပြစ်တင်ကြလေ့ရှိ သည်။[၄၅] ၎င်းတို့သည် ပြောလိုသည်များ မပြောနိုင်ရန် ဟန့်တားခံကြရကာ ဥပဒေစိုးမိုးရေး အရာရှိများသည် ကလေးသူငယ်များထက် မိဘတို့၏စကားများကို ယုံကြည် တတ်ကြသည်။

ကျူးလွန်ခံရသူအား အပြစ်တင်သည့် သဘောထားများနှင့် စာနာမှုကင်းမဲ့သော မေးခွန်းများသည် စိတ်ဖိစီးမှု ရှိနှင့်ပြီး သူများအပေါ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာဖိအား အများအပြား သက်ရောက်စေ သည်။[၄၆] လူကုန်ကူးခံရသူများသည် နှိပ်စက်ညှင်းပန်းမှု၊ အကြမ်းဖက်မှုနှင့် ကြိုးကိုင်ခြယ်လှယ်မှုတို့ကို ထပ်ခါထပ်ခါ၊ ကာလကြာရှည်စွာ ကြုံတွေ့ခဲ့ရသောကြောင့် လူကုန်ကူးမှုတွင် အလွန်အတွေ့များသော ရောဂါဖြစ်သည့် ထိခိုက်မှုကို ကြုံပြီးနောက် စိတ်ထိခိုက်မှုဝေဒနာ (PTSD) နှင့် မှတ်ဉာဏ် ပျောက်ဆုံးခြင်းတို့ကို ခံစားရနိုင်သည်။[၄၇]

ကျူးလွန်ခံရသူများသည် မေးခွန်းမေးသည့် အသံအနိမ့်အမြင့် နှင့် မေးခွန်းအသွားအလာကြောင့် ကြောက်ရွံ့ထိတ်လန့် သောအခါ သို့မဟုတ် လုံခြုံသည်၊ အကာအကွယ်ပေး ထားသည်ဟု မခံစားရသောအခါတို့၌ ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုတွင် ပါဝင်ခြင်းနှင့် အကူအညီတို့ကို ပိုရှုပ်ငြင်းပယ်နိုင်ဖွယ်ရှိသည်။

---

၄၄ ASEAN Do No Harm Guide အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်သူများမှ မျှဝေထားသော လေ့လာတွေ့ရှိချက်များ။
၄၅ ASEAN Do No Harm Guide အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်သူများမှ မျှဝေထားသော လေ့လာတွေ့ရှိချက်များ။
၄၆ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသူများကို စာနာမှုကင်းသော မေးခွန်းထုတ်ခြင်း ဥပမာများ - သင် ဘာဝတ်ထားခဲ့သလဲ။ သင်ဘာကြောင့် အဲလိုဖြစ်ခွင့်ပေးရတာလဲ။ မဟုတ်ဘူးလို့ ပြောခဲ့တာလား။ အလုပ်သမားခေါင်းပုံဖြတ်ခံရသူများအား စာနာမှုကင်းသော မေးခွန်းထုတ်ခြင်း ပါဝင်နိုင်သော ဥပမာများ - သင်သည် တရားမဝင် အလုပ်လုပ်နေပါသလား။ အဲဒီလိုလုပ်ဖို့ အခွင့်ကြုံတဲ့အခါ သင်ဘာလို့ထွက်မပြေးတာလဲ။ ဘာအမှားမှ မလုပ်ရင် အာဏာပိုင်တွေကို ဘာလို့ကြောက်တာလဲ။
၄၇ IOM (2009)၊ လူကုန်ကူးခံရသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပံ့ပိုးပေးသူများအတွက် လမ်းညွှန်ချက် Geneva: IOM.

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- စစ်ဆေးမေးမြန်းခြင်း သို့မဟုတ် တွေ့ဆုံမေးမြန်းမှုများကို လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ဆောင်ရွက်ပါ။ ထိုသူ သို့မဟုတ် ကလေးသူငယ်နှင့် သူ၏ စောင့်ရှောက်ပေးသူတို့ သက်တောင့်သက်သာရှိပြီး ကိုယ်ရေးအချက်အလက် လုံခြုံမှုရှိသော သီးသန့်နေရာတစ်ခု ဖြစ်သင့်သည်။ မေးမြန်းမည့် အကြောင်းအရာများသည် အကဲဆတ်သော အကြောင်းအရာများဖြစ်စေ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ ပါဝင်နိုင်သောကြောင့်ကလေးသူငယ် အကာအကွယ်ပေးရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသင့်သလို ဝင်ရောက်နားထောင်သော သို့မဟုတ် ကြားဖြတ်ဝင်ပြောသော လူအရေအတွက်ကို ကန့်သတ်ထားနိုင်ရန်အတွက် တည်နေရာကို လျှို့ဝှက်ထားသင့်ရန် သတိပြုပါ။[၄၈]
- တွေ့ဆုံမေးမြန်းမှုကို အထူးပြုလေ့ကျင့်ထားသူက ဆောင်ရွက်သင့်သည်။ ဖြစ်နိုင်လျှင် (ရှေ့နေ၊ လူမှုဝန်ထမ်း၊ NGO ဝန်ထမ်း သို့မဟုတ် စိတ်ရောဂါပညာရှင်ကဲ့သို့သော) အရည်အချင်းပြည့်မီသည့် ထောက်ပံ့ပေးနိုင်သူတစ်ယောက် စီစဉ်ပေးပါ။
- ထိုသူကို ၎င်းတို့နှင့် သက်တောင့်သက်သာ ပြောဆိုနိုင်သောဂျဲန်ဒါရှိသူက တွေ့ဆုံမေးမြန်းသင့်သည်။ တွေ့ဆုံမေးမြန်းသူကိုယ်တိုင်က တွေ့ဆုံမေးမြန်းခံရသူ သို့မဟုတ် ကလေးသူငယ် သို့မဟုတ် ၎င်း၏ စောင့်ရှောက်သူကို ကသိကအောက်ဖြစ်စေလျှင် တွေ့ဆုံမေးမြန်းသူပြောင်းရန် စဉ်းစားသင့်သည်။
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကျွမ်းကျင်သူများကသာ ကလေးသူငယ်များကို မေးမြန်းသင့်သည်။ သင်၏ အဖွဲ့အစည်းတွင် ထိုသို့ ကျွမ်းကျင်သူမရှိပါက ပြင်ပကျွမ်းကျင်သူများ သို့မဟုတ် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး အထူးပြုအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် စဉ်းစားပါ။
- ဖြစ်နိုင်မည်ဆိုလျှင် တွေ့ဆုံမေးမြန်းစဉ်တွင် ကလေးသူငယ်များကို တရားဝင်အုပ်ထိန်းသူ သို့မဟုတ် ၎င်းတို့ ယုံကြည်သော လူကြီးတစ်ဦးက အဖော်ပြုရန် ခွင့်ပြုပေးပါ။ ၎င်း၏စောင့်ရှောက်သူများ သို့မဟုတ် အခြား မိသားစုဝင်များနှင့် သီးခြားစီ တွေ့ဆုံမေးမြန်းသူအား စကားပြောနိုင်ခွင့်လည်း ကလေးသူငယ်တွင် ရှိသင့်သည်။ ဤအချက်သည် မိသားစု အတွင်း ဖြစ်ပွားနေသော သံသယဖြစ်ဖွယ် အကြမ်းဖက်မှု သို့မဟုတ် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုကြောင့် ကလေးသူငယ်ကို လွှဲပြောင်းပေးချိန်မျိုးတွင် အထူးသဖြင့် သက်ဆိုင်သည်။
- တွေ့ဆုံမေးမြန်းသူသည် တရားဝင်ယူနီဖောင်းအစား အရပ်သားအဝတ်အစားကို ဝတ်ဆင်သင့်သည်။ ဥပဒေစိုးမိုးရေး အရာရှိများက လက်နက်မကိုင်ဆောင်သင့်ပါ။ ဤသို့လုပ်ဆောင်ခြင်းသည် တွေ့ဆုံမေးမြန်း ဖြေကြားသူများ၊ အထူးသဖြင့် ကလေးသူငယ်များ စိတ်သက်သာရာရစေရန် ကူညီပေးသည်။
- သက်ဆိုင်ရာ အာဏာပိုင်များက စိစစ်ထားသော အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်စကားပြန်များကို အသုံးပြုပါ။ ထိုသူ၏ (သူငယ်ချင်းမိတ်ဆွေများ၊ မိသားစု၊ အိမ်နီးချင်းများ၊ ရပ်မိရပ်ဖများ သို့မဟုတ် ခေါင်းပုံဖြတ် အမြတ်ထုတ်သူ ဖြစ်နိုင်ခြေရှိသူနှင့် ဆက်စပ်နေသူများ အပါအဝင်) အနီးစပ်ဆုံးအသိုင်းအဝိုင်းမှ လူများကို စကားပြန်အဖြစ် အသုံးမပြုပါနှင့်။[၄၉]
- ၎င်းတို့ကို အပြစ်တင်မည်မဟုတ်ကြောင်း စိတ်ချယုံကြည်စေရန် ထိုသူကို အာမခံချက်ပေးပါ။ ထို့နောက် ၎င်းတို့တွင် ဖြစ်ပျက်ခဲ့မှုများသည် ၎င်းတို့၏ အပြစ်မဟုတ်ကြောင်း ရှင်းပြပါ။ ၎င်းတို့ ကြုံတွေ့ခဲ့ရသော စိတ်ဒဏ်ရာများ၊ ၎င်းတို့၏ ကြောက်ရွံ့မှုများနှင့် စိုးရိမ်ထိတ်လန့်မှုများကို သတိထားဖြေရှင်းပါ။ ၎င်းတို့၏ အတွေ့အကြုံကြောင့် ၎င်းတို့သည် ကဲ့ရဲ့ အပြစ်တင်ခံရခြင်း၊ စိတ်ဒဏ်ရာရခြင်း၊ ရှက်ရွံ့ခြင်းနှင့် စွမ်းဆောင်ရည်မဲ့ခြင်းတို့ကို ခံစားရပြီးဖြစ်ကြောင်းကို သတိရပါ။

---

၄၈ ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းသည် ၄င်းတို့အားလုံး အန္တရာယ်ဖြစ်နိုင်ချေရှိသော သို့မဟုတ် အမှန်တကယ် အန္တရာယ်ဖြစ်စေသော တမင် သို့မဟုတ် မရည်ရွယ်သည့် လုပ်ရပ်များမှ ကာကွယ်ထားကြောင်း သေချာစေရန် တားဆီးကာကွယ်သည့် လုပ်ဆောင်ချက်များအပေါ် အာရုံစိုက်သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၏ ရည်ရွယ်ချက်ပန်းတိုင်မှာ ၄င်းတို့၏ မိသားစုများ၊ ရပ်ရွာကိုယ်စားလှယ်များ၊ အသိုင်းအဝိုင်းအားလုံးနှင့် စဉ်ဆက်မပြတ် အဓိပ္ပါယ်ရှိသော ထိတွေ့ဆက်ဆံမှုမှတဆင့် ကလေးသူငယ်များကို အာရုံစိုက်သော ဘေးကင်းလုံခြုံသည့် ယဉ်ကျေးမှုကို ဖန်တီးထိန်းသိမ်းရန် ဖြစ်ပါသည်။ https://www.savethechildren.org/us/what-we-do/safeguarding-children မှ ထုတ်နှုတ်ထားပါသည်။

၄၉ ဘာလီ လုပ်ငန်းစဉ် (၂၀၁၅)၊ လူကုန်ကူးမှုကျူးလွန်ခံရသူများအား စိစစ်အတည်ပြုခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်မှု - မူဝါဒချမှတ်သူများနှင့် လက်တွေ့ဆောင်ရွက်သူများအတွက် မိတ်ဆက် လမ်းညွှန်မှု၊ ဘန်ကောက်၊ ဘာလီ လုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ ပံ့ပိုးမှုရုံး

## လူကုန်ကူးခံရသူများနှင့် ကျူးလွန်ခံရကြောင်း ထင်မှတ်ရသူများကို တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ အလေ့အထ ကောင်းများ

### တွေ့ဆုံမေးမြန်းခြင်း မစတင်မီ

- မိမိကိုယ်ကိုနှင့် အခန်းအတွင်းရှိသူအားလုံးကို မိတ်ဆက်ပါ။ တွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားမည့်သူနှင့် သက်ဆိုင်သူများသာ အခန်းအတွင်း ရှိနေစေရန် သေချာစွာ ဆောင်ရွက်ပါ။
- အေးဆေး၊ဖော်ရွေသော အသံနှင့် ခြိမ်းခြောက်မှုကင်းသော ကိုယ်အမူအရာတို့ဖြင့် ပြောဆိုလှုပ်ရှားပါ။
- တွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက်နှင့် သတင်းအချက်အလက်များ အသုံးပြုပုံတို့ကို ရှင်းပြပါ။
- ထိုပုဂ္ဂိုလ်ကို ၎င်းတို့၏ အခွင့်အရေးများနှင့် ရရှိနိုင်သော လူမှုရေးရာ၊ ဥပဒေရေးရာ ဝန်ဆောင်မှုများနှင့် အကူအညီများ အကြောင်း အသိပေးပါ။ ၎င်းတို့နားလည်စေရန် သေချာစွာ ရှင်းပြပါ။
- ၎င်းတို့၏ ကိုယ်ရေးအချက်အလက် လုံခြုံပိုင်ခွင့်နှင့် အမည်မဖော်ပိုင်ခွင့်ကို စိတ်ချစေရန် အာမခံချက်ပေးပါ။ သတင်း အချက်အလက်အားလုံးကို အလုံးစုံ လျှို့ဝှက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း ၎င်းတို့အား ပြောပြပါ။[၅၀]
- ထိုပုဂ္ဂိုလ်တွင် မေးခွန်းတစ်စုံတစ်ရာ ရှိ၊မရှိ မေးမြန်းပါ။ ၎င်းတို့ လုံခြုံ၍ သက်တောင့်သက်သာ ဖြစ်၊မဖြစ် မေးမြန်းပါ။ ၎င်းတို့တွင် နာကျင်နေခြင်း ရှိ၊မရှိ၊ ဆေးကုသမှုတစ်စုံတစ်ရာလိုအပ်ခြင်း ရှိ၊မရှိ မေးမြန်းပါ။
- တွေ့ဆုံမေးမြန်းခြင်းကို မည်သည့်အချိန်တွင်မဆို ခဏတာရပ်နားနိုင်ကြောင်း သို့မဟုတ် ရပ်တန့်လိုက်နိုင်ကြောင်း ပြောပြပါ။ အချိန်မရွေး မေးခွန်းမေးနိုင်ကြောင်းလည်း ပြောပြပါ။
- တွေ့ဆုံမေးမြန်းခြင်းကို ဆက်လက်လုပ်ဆောင်ရန်အတွက် ၎င်းတို့၏ သိရှိ၊ သဘောတူခွင့်ပြုချက်ကို ရယူပါ။ သဘောတူ ခွင့်ပြုချက်နှင့် (လူငယ်နှင့် ကလေးသူငယ်များအတွက်) သဘောတူညီချက် တောင်းခံရာတွင် ဖိအားပေးခြင်း သို့မဟုတ် ၎င်းတို့အတွက် မည်သည်က အကောင်းဆုံးဖြစ်နိုင်ကြောင်း သွယ်ဝိုက်ပြောဆိုခြင်း မပြုလုပ်ပါနှင့်။ သတင်း အချက်အလက်နှင့် သဘောတူခွင့်ပြုချက်၊ သဘောတူညီချက်ဆိုင်ရာ တောင်းဆိုချက်များကို မျှမျှတတ တင်ပြပါ။ လွတ်လပ်စွာ ရွေးချယ်နိုင်ကြောင်းနှင့် ၎င်းတို့ မည်သည့်အရာကို ရွေးချယ်သည်ဖြစ်စေ ၎င်းတို့ကို ဆန့်ကျင်ခြင်းမရှိဘဲ လက်ခံပေးမည်ဖြစ်ကြောင်း ပြောပြပါ။

### တွေ့ဆုံမေးမြန်းနေစဉ်အတွင်း

- ၎င်းတို့၏ ဖြစ်စဉ်ကို ပြောပြရာတွင် ၎င်းတို့၏ နည်းလမ်းအတိုင်း၊ ၎င်းတို့၏ လေရှိန်အတိုင်း ပြောခွင့်ပေးပါ။ တွေ့ဆုံမေးမြန်းခြင်းကို အလောတကြီး မပြုလုပ်ပါနှင့်။
- နားလည်ရ လွယ်ကူသော တဲ့တိုးမေးခွန်းများဖြင့် မေးမြန်းပါ။ ဝါကျတိုများကို အသုံးပြုပါ။
- ကလေးသူငယ်များအတွက် မေးခွန်းများကို ကလေးသူငယ်၏ ပင်ကိုလက္ခဏာများနှင့် မိသားစုနောက်ခံနှင့်အညီ လိုအပ်သလို ပြောင်းလဲမေးမြန်းပါ။ တတ်နိုင်သမျှ ကလေးသူငယ်နှင့် ကိုက်ညီသော အသုံးအနှုန်းကို အသုံးပြုပါ။ ကလေးသူငယ်များအား မေးခွန်းများ မမေးမြန်းမီ ၎င်းတို့၏ ဖြစ်စဉ်ကို ၎င်းတို့ကိုယ်ပိုင်နည်းလမ်းအတိုင်း ပြောခွင့်ပေးပါ။ မေးခွန်းများကို အဖွင့်မေးခွန်းများဖြင့် စတင်သင့်သည်။ တိုက်ရိုက်မေးခွန်း သို့မဟုတ် နိမိတ်ပြမေးခွန်းများကို ကလေးသူငယ်များ ပို၍ သက်တောင့်သက်သာဖြစ်လာပုံရသော နောက်ပိုင်းတွေ့ဆုံမေးမြန်းခြင်းအတွက် ချန်ထားသင့်သည်။
- ငယ်ရွယ်သော ကလေးသူငယ်များသည် အာရုံစိုက်နိုင်သည့်ကာလ တိုတောင်းသဖြင့် ၎င်းတို့အတွက် တွေ့ဆုံမေးမြန်းခြင်းကို တိုတိုနှင့် အကြိမ်ရေများများလုပ်ပေးရန် စဉ်းစားပါ။ အချို့ကလေးသူငယ်များသည် ပုံဆွဲခြင်း

---

၅၀ ကလေးသူငယ်များနှင့် အရွယ်မရောက်သေးသူများ ပါဝင်သည့်ကိစ္စများတွင် ၎င်းတို့၏ကျန်းမာရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် အခြားဝန်ဆောင်မှုပေးသူများထံ သတင်းအချက်အလက်မျှဝေရန် လိုအပ်ပါသည်။ အခြေအနေကို ဖြစ်ရပ်တစ်ခုချင်းအလိုက် အကဲဖြတ်ပါ။

သို့မဟုတ် ပုံပြင်ပြောခြင်း တို့ကို ပို၍နှစ်သက်နိုင်သည်။ ကလေးသူငယ်များ ရပ်တန့်ချင်လျှင် ထိတွေ့နိုင်သည့် သို့မဟုတ် ထောင်ပြနိုင်သည့် အနီကတ်ကဲ့သို့သော ပစ္စည်းများ အသုံးပြုခြင်းကို စမ်းသပ်လုပ်ဆောင်ပါ။

- ဆက်လက်၍ တွေ့ဆုံမေးမြန်းခြင်းမေးခွန်းများကို လမ်းညွှန်ပေးရန်အတွက် ရရှိနိုင်လျှင် အစိုးရ သို့မဟုတ် အေဂျင်စီက အတည်ပြုထောက်ခံထားသော လူကုန်ကူးမှုညွှန်းကိန်းအစုံကို ကိုးကားပါ။
- ထိုပုဂ္ဂိုလ်ကို လေးစားသမှုဖြင့် ဆက်ဆံပါ။ ၎င်းတို့ ရှင်းပြနေချိန်နှင့် ဖြစ်စဉ်ကို ပြောပြနေချိန်တွင် ကြားဖြတ်မပြောပါနှင့်။
- တူညီသောမေးခွန်းကို ထပ်ခါထပ်ခါ မမေးမြန်းပါနှင့်။ ဤသို့ပြုလုပ်ခြင်းသည် ထိုပုဂ္ဂိုလ်ကို ဖိအားပေးရာ ရောက်ပြီး အင်တာဗျူးကို မေးမြန်းစစ်ကြောမှုပုံစံမျိုး ဖြစ်စေကာ စိတ်ဖိစီး၍ ယုံကြည်မှု ပျက်ပြားစေနိုင်သည်။ သိလိုသော အဖြေကို ရရှိရန် အခြားနည်းလမ်းများကို စဉ်းစား၍ မေးခွန်းကို အခြားရှုထောင့်တစ်ခုမှ ချဉ်းကပ်ပါ။
- နားလည်သဘောပေါက်ရန်အတွက် မေးခွန်းများကို နောက်တစ်ခေါက်ထပ်ပြောရန် အချိန်ပေးပါ။
- တွေ့ဆုံမေးမြန်းနေစဉ်အတွင်း ခဏတာနားချိန် (အပေါ့အလေး၊ အစာ၊ ရေ သို့မဟုတ် လေ) အတွက် စီစဉ်ပေးပါ။
- တွေ့ဆုံမေးမြန်းနေစဉ်တစ်လျှောက် ပညာရှင်ပီသအောင် ပြုမူနေထိုင်ပါ။ သို့သော် တစ်ချိန်တည်းမှာပင် မေတ္တာထားကာ နှစ်သိမ့်မှုပေးပါ။
- ထိုပုဂ္ဂိုလ်၏ အခွင့်အရေးများနှင့် လိုအပ်ချက်များအပေါ် အာရုံစိုက်ပါ။
- ၎င်းတို့ရရှိနိုင်သော အကူအညီ သို့မဟုတ် အကာအကွယ်ကို ဖြစ်နိုင်သည်ထက် ပို၍ကတိမပေးပါနှင့်။
- ၎င်းတို့၏ လူမှုဓလေ့ထုံးတမ်းများနှင့် ကိုးကွယ်ယုံကြည်မှုများအပါအဝင် ယဉ်ကျေးမှုဆိုင်ရာနောက်ခံကို လေးစားပါ။ ဤအချက်များသည် လိင်နှင့် စိတ်ကျန်းမာရေးကဲ့သို့သော အချို့အကြောင်းအရာများကို ဆွေးနွေးရန် ကသိကအောက် ဖြစ်စေနိုင်သည်။
- ထိုပုဂ္ဂိုလ်သည် ရုတ်တရက် စိုးရိမ်ပူပန်မှု သို့မဟုတ် စိတ်ဖိစီးမှုလက္ခဏာများ (acute signs of anxiety or stress) ပြသလာပါက တွေ့ဆုံမေးမြန်းခြင်းကို ရပ်တန့်ပါ။ ချက်ချင်း မသိသာသော နဂိုရှိနှင့်ပြီးသား ကျန်းမာရေး အခြေအနေများ ရှိနိုင်သည်။ တွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားနေသော ထိုပုဂ္ဂိုလ်သည် စိတ်ကျန်းမာရေး အခြေအနေတစ်မျိုး ခံစားနေရသည်ဟု ယုံကြည်နိုင်လောက်သော အကြောင်းရင်းများရှိလျှင် ဆက်လက် မမေးမြန်းခင် စိတ်ရောဂါပညာရှင်၏ အကူအညီကို ရယူပါ။[၅၁]
- ထိုပုဂ္ဂိုလ်ကို မှန်ကန်စွာ သတ်မှတ်ဖော်ထုတ်ရန်နှင့် ကူညီပေးရန်အတွက် ပထမဆုံး တွေ့ဆုံမေးမြန်းရာတွင် သတင်း အချက်အလက် လုံလုံလောက်လောက် စုဆောင်းရန် မဖြစ်နိုင်ကြောင်း သတိရပါ။ ယုံကြည်မှုကို တည်ဆောက်ရန် ပို၍ အရေးကြီးသည်။
- တွေ့ဆုံမေးမြန်းနေသောအရာရှိသည် ထိုပုဂ္ဂိုလ်နှင့် အပြန်အလှန်နားလည်၊ ယုံကြည်မှု မတည်ဆောက်နိုင်လျှင် သို့မဟုတ် ထိုပုဂ္ဂိုလ်၏ ကျန်းမာရေးသည် ဘေးအန္တရာယ်ရှိနေလျှင် သို့မဟုတ် ထိုပုဂ္ဂိုလ်သည် အသုံးဝင်သော သတင်း အချက်အလက်များ မပေးနိုင်လျှင် သို့မဟုတ် ပေးရန် တွန့်ဆုတ်နေလျှင် တွေ့ဆုံမေးမြန်းခြင်းကို အဆုံးသတ်ရန် စဉ်းစားပါ။
- တွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားသူများ၏ ပြောပြချက်များအပြင် ထိုအမှုသည် လူကုန်ကူးမှုဖြစ်ကြောင်း ဆုံးဖြတ်ရန်အတွက် အချက်အလက်များနှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို သတ်မှတ် ဖော်ထုတ်ရန် အခြား သက်သေများကို စုဆောင်းသင့်သည်။[၅၂]

---

၅၁ IOM (2007)၊ လူကုန်ကူးခံရသူများအတွက် တိုက်ရိုက်ကူညီမှုဆိုင်ရာ IOM လက်စွဲစာအုပ်။ Geneva: IOM

၅၂ မှတ်စု ၁၁၊ UNHCHR မှ အကြံပြုထားသော အခြေခံမူများနှင့် လမ်းညွှန်ချက်များ၊ လမ်းညွှန်ချက် ၅၊ အပိုဒ် ၃ - "နိုင်ငံများအနေဖြင့် ကျူးလွန်ခံရသူထွက်ဆိုချက်အပေါ် အလွန်အမင်း အားကိုးခြင်းမှ ရှောင်ရှားနိုင်သော ကြိုတင်စုံစမ်းစစ်ဆေးရေးလုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးထောက်ခံသင့်ပါသည်။"

**တွေ့ဆုံမေးမြန်းပြီးနောက်**

- ထိုပုဂ္ဂိုလ်အား နောက်ထပ် ဆက်လက်ဆောင်ရွက်မည့် ဖြစ်စဉ်များနှင့် သင်က ၎င်းတို့အား ဆက်လက်ကူညီမည့် နည်းလမ်းများကို ပြောပြပါ။
- ထိုပုဂ္ဂိုလ်က မေးခွန်းများ ပြန်လည်မေးမြန်းရန်အတွက် အချိန်ပေးပါ။
- ခိုလှုံရာနေရာ သို့မဟုတ် အခြားအကူအညီအတွက် အထူးပြုဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း ကဲ့သို့သော ဘေးကင်းသည့် တစ်နေရာရာသို့ ၎င်းတို့ သွားနိုင်ရန် သေချာစွာ ဆောင်ရွက်ပါ။ ၎င်းတို့ ထိုနေရာသို့ ဘေးကင်းစွာ ရောက်ရှိနိုင်ရန် တတ်စွမ်းသမျှ ကူညီပေးပါ။
- ထိုပုဂ္ဂိုလ်အား ကျေးဇူးတင်စကားဆိုပါ။ ထို့နောက် ၎င်းတို့ ဆန္ဒရှိလျှင် သင့်အား ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်ကို ပေးပါ။
- ကိုယ်ရေးအချက်အလက်နှင့် စုဆောင်းရရှိသော သတင်းအချက်အလက်များကို လုံခြုံသောနေရာတွင် သိမ်းဆည်းပါ။ လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များကို ထိုပုဂ္ဂိုလ်၏ သဘောတူခွင့်ပြုချက်မပါဘဲ ထုတ်ဖော်ပြောဆိုခြင်း မပြုလုပ်ပါနှင့်။
- ဖြစ်ပျက်ခဲ့သည်များကို တွက်ဆချင့်ချိန်၍ အခြားအရာရှိ သို့မဟုတ် ကြီးကြပ်သူနှင့်အတူ နောက်ထပ် အဆင့်များအတွက် စီစဉ်ပါ။

**ကျူးလွန်ခံရသူများအပေါ် လူကုန်ကူးမှု၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုကို ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများက နားလည်ထားရန်မှာ အရေးကြီးလှသည်။ ကျူးလွန်ခံရသူများသည် အောက်ဖော်ပြပါ ရောဂါ လက္ခဏာများမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြသနိုင်သည်။**

- ၎င်းတို့၏ အတွေ့အကြုံ/ ၎င်းတို့တွင် ဖြစ်ပျက်ခဲ့ပုံများကို မရှင်းပြနိုင်ခြင်း သို့မဟုတ် နားမလည်နိုင်ခြင်း။
- ဖြစ်စဉ်ကို ရှေ့နောက်ညီညွတ်စွာ သို့မဟုတ် တစ်သမတ်တည်း ပြောပြရန် ခက်ခဲခြင်း။
- ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း။
- မှတ်ဉာဏ်တစ်စိတ်တစ်ပိုင်း ပျောက်ဆုံးခြင်း။
- ၎င်းတို့၏ ပြောပြချက်များတွင် ထင်ရှားသော ကွဲလွဲချက်များ ရှိနေခြင်း။
- အခြေအနေကို ငြင်းပယ်ခြင်း သို့မဟုတ် အခြေအနေ၏ အတိမ်အနက်ကို အနည်းဆုံးဖြစ်အောင် ပြောနိုင်ခြေရှိခြင်း။
- ဖြစ်စဉ်မှ အချက်အလက်များကို ပြောင်းလဲခြင်း။
- ၎င်းတို့၏ လိုအပ်ချက်/ အကူအညီများကို သတ်မှတ်ဖော်ထုတ်နိုင်မှု မရှိခြင်း။
- အကူအညီမဲ့သည်ဟု ခံစားရခြင်း။
- အချိန်ကာလကို နားလည်နိုင်စွမ်း ပြောင်းလဲခြင်း။
- စိတ်ခံစားချက်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် သိမှုပိုင်းဆိုင်ရာ လွှမ်းမိုးခံရခြင်း။



လူကုန်ကူးခံရသော ကလေးသူငယ်များ၏ မိဘများသည် ယာယီဖြစ်စေ၊ အမြဲဖြစ်စေ မိဘများ၏ အုပ်ထိန်းပိုင်ခွင့်ကို မကျင့်သုံးနိုင်ပါက၊ မလိုလားပါက သို့မဟုတ် မသင့်တော်ပါက ထိုကလေးသူငယ်များအတွက် ၎င်းတို့ကို အကြံဉာဏ်ပေးရန်နှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်ပေးရန် တရားဝင် အုပ်ထိန်းသူ တစ်ယောက်ကို သတ်မှတ်တာဝန်ပေးသင့်သည်။[၅၃] ထိုကလေးသူငယ်နှင့် ပတ်သက်သော လုပ်ဆောင်ချက် အားလုံးအတွက် တာဝန်ပေးထားသော အုပ်ထိန်းသူကို တိုင်ပင်၊ အသိပေးသင့်သည်။

ကလေးသူငယ်တွင် ဘေးအန္တရာယ်ရှိနိုင်သည်ဟု သတ်မှတ်ဖော်ထုတ်ပြီးသည်နှင့် ကလေးသူငယ်၏ အကျိုးစီးပွားအတွက် စစ်ဆေးအကဲဖြတ်ချက်တစ်ခု ဆောင်ရွက်ပါ။ ၎င်းသည် ကလေးသူငယ်၏ အကျိုးစီးပွားကို မည်သည့်လုပ်ဆောင်ချက် မဆို၏ ဗဟိုတွင် ထားရှိသော၊ ၎င်းကလေးသူငယ်အပေါ် သက်ရောက်သော မည်သည့် ဆောင်ရွက်ချက်မဆို ဦးစားပေး စဉ်းစားချက်နှင့် ရည်ရွယ်ချက်အဖြစ် ထားရှိသော လက်ရှိလုပ်ဆောင်နေဆဲ လုပ်ငန်းစဉ်တစ်ခု ဖြစ်သင့်သည်။[၅၄]

တွေ့ဆုံမေးမြန်းနေစဉ်အတွင်း ကလေးသူငယ်က လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မအခြေပြု အကြမ်းဖက်မှုအကြောင်း ထုတ်ပြောလာ နိုင်သည်။ သို့မဟုတ် တွေ့ဆုံမေးမြန်းသူက ထိုကလေးသူငယ်သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံခဲ့ရသည်ဟု သံသယဖြစ်လာ နိုင်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအကြောင်း ထုတ်ပြောချက်ကို အမြဲတစေ အလေးအနက်ထားရမည်ဖြစ်ပြီး မည်သည့်အခါမျှ လျစ်လျူမရှုသင့်ပါ။ တွေ့ဆုံမေးမြန်းသူသည် သင့်တော်သော လေ့ကျင့်သင်ကြားမှု ရရှိထားရန်နှင့် ဤအခြေအနေကို သတိထားတုံ့ပြန် ဆောင်ရွက်ပုံတို့အတွက် ၎င်းတို့၏ ကြီးကြပ်သူထံမှ သို့မဟုတ် အထူးကျွမ်းကျင်သူထံမှ ပံ့ပိုးမှုရယူရန် အရေးကြီးသည်။ ဤလုပ်ငန်းစဉ်အတွင်း ထိုကလေးသူငယ်နှင့် စောင့်ရှောက်သူတို့ကို ပံ့ပိုးကူညီပေးပုံများ ပါဝင်သင့်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား၊မအခြေပြု အကြမ်းဖက်မှုတို့ကို တွေ့ကြုံခဲ့ရသော ယောကျ်ားလေးများနှင့် မိန်းကလေးများသည် အကြမ်းဖက်ခံရမှုအတွက် အပြစ်လုံးဝ မရှိသကဲ့သို့ ထိုကလေးသူငယ်အပေါ် အပျက်သဘောဆောင်သော ထင်ဟပ်မှု မဟုတ်ကြောင်းကိုလည်း တွေ့ဆုံမေးမြန်းသူက နားလည်ထားရမည်။

**အလေ့အထကောင်း။**[၅၅]

လာအိုအစိုးရသည် လုပ်ငန်းစဉ်တစ်လျှောက် လူကုန်ကူးခံရသူများ၏ အခွင့်အရေးများနှင့် ဘေးကင်းလုံခြုံရေးကို သေချာစွာ ဆောင်ရွက်ပေးလျက် ၎င်းတို့ထံမှ တိကျမှန်ကန်သော သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရယူရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို အသိအမှတ်ပြုလက်ခံထားသည်။ ကျူးလွန်ခံရသူ များအား ၎င်းတို့၏ အခွင့်အရေးများကို အသိပေးခြင်းနှင့် သဘောတူခွင့်ပြုချက် ရရှိခြင်းသည် အရေးကြီးသော ပထမအဆင့် ဖြစ်သည်။ အချို့ကျူးလွန်ခံရသူများသည် ၎င်းတို့ကိုယ်ကို လူကုန်ကူးမှု ကျူးလွန်ခံရသူဟု မမြင်ကြပါ။ အချို့သည် ကနဦးတွင် သတင်းအချက်အလက်များကို ဖုံးကွယ်ထားကြလိမ့်မည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရသူများသည် အစပိုင်းတွင် အပြည့်အဝ ဖွင့်ပြောရမည်ကို ကြောက်ရွံ့တတ်ကြသည်။ ဤသို့ဖြစ်လာလျှင် ရှေ့တန်းမှ တုံ့ပြန် ဆောင်ရွက်သူများသည် ခဏတာ ရပ်နားခြင်း သို့မဟုတ် ကျူးလွန်ခံရသူအား စစ်ဆေးမေးမြန်းခြင်း/ ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ခြင်းကို နောက်တစ်ရက် သို့မဟုတ် အစောဆုံး အခွင့်အရေးရသည့်ရက်သို့ ရွှေ့ဆိုင်းခြင်းမျိုး လုပ်ဆောင်သင့်သည်။ ကျူးလွန်ခံရသူနှင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ ၎င်းတို့ ဘေးကင်း၍ သက်တောင့်သက်တာရှိသည်ဟု ခံစားရစေနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းတို့အပေါ်တွင် အာရုံစိုက်ထားရမည် ဖြစ်သည်။

---

၅၃ UNICEF (2006)၊ ကလေးသူငယ် လူကုန်ကူးခံရသူများ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ။ UNICEF နည်းပညာမှတ်စုများ၊ New York: UNICEF

၅၄ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အကြံပြုတိုက်တွန်းထားသော အခြေခံမူများနှင့် လမ်းညွှန်ချက်များ (ရက်စွဲ မသိရ)

၅၅ လာအို ပီဒီအာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၇ ဒီဇင်ဘာ ၂၀၂၁။

# ၄ စွမ်းဆောင်ရည်မဲ့စေခြင်း၊ အတင်းအကျပ်သတ်မှတ်ခြင်းနှင့် အကူအညီ

ကျူးလွန်ခံရသူတိုင်းသည် ၎င်းတို့ကိုယ်ကို ကျူးလွန်ခံရသူအဖြစ် မမြင်တတ်ကြပါ။ အချို့သည် ၎င်းတို့၏ ‘အခြေအနေ’များကို လက်ခံလာနိုင်ပြီး အလုပ်ဆက်လုပ်နိုင်လာကြသည်။ အချို့သည် သတ်မှတ်ခံလိုခြင်း မရှိသည့်အပြင် သတ်မှတ်ခြင်းကိုပင် ပြင်းပြင်းထန်ထန် ရှောင်ကြဉ်ကြသည်။

ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ဖော်ထုတ်သည့် တရားဝင်လုပ်ငန်းစဉ်တွင် ပါဝင်သည့်အကူအညီများမှာ အချို့သူများအတွက် ၎င်းတို့ မလိုချင်သောအကူအညီ သို့မဟုတ် ၎င်းတို့ လက်မခံလိုသောပုံစံမျိုး ဖြစ်နေနိုင်သည်။ (ဥပမာ- ခိုလှုံရာနေရာတစ်ခုတွင် နေထိုင်ရန် လိုအပ်ခြင်း သို့မဟုတ် မိသားစုနှင့်ခွဲနေရန် လိုအပ်ခြင်း) ကျူးလွန်ခံရသူ သတ်မှတ်ခြင်းကြောင့် ကျူးလွန်ခံရသူများက ဦးတည်ရာနိုင်ငံ သို့မဟုတ် မြို့တွင် အလုပ်ရှာရန် မျှော်လင့်ထားသော်လည်း ၎င်းတို့ ပြန်လည်သွားရောက်လိုခြင်း မရှိသော ၎င်းတို့၏ နိုင်ငံ သို့မဟုတ် မူလနေရာသို့လည်း  ပြန်ရနိုင်သည်။ အချို့ကျူးလွန်ခံရသူများက အာဏာပိုင်များကို မယုံကြည်ကြသလို သတ်မှတ်ခြင်းသည် ၎င်းတို့အတွက် တိကျ သေချာသော အကျိုးကျေးဇူးတစ်စုံတစ်ရာအဖြစ် အကောင်အထည်ပေါ်လာမည်ဟုလည်း မယုံကြည်ကြပါ။

သို့သော်လည်း အချို့ကျူးလွန်ခံရသူများသည် ၎င်းတို့၏ အခွင့်အရေးများကို သတိမပြုမိသည့်အခြေအနေ၊ ကူညီထောက်ပံ့သူ အရာရှိ သို့မဟုတ် တွေ့ဆုံမေးမြန်းသူကို ‘ငြင်းပယ်စကား’ မပြောနိုင်သည့် အခြေအနေတစ်ရပ်သို့ ရောက်သွားနိုင်သည်။ စိတ်ဒဏ်ရာရထားသော လူကုန်ကူးခံရသူတို့သည် ၎င်းတို့၏ သိမ်ငယ်စိတ်နှင့် မှီခိုနေရမှုကို အလွယ်တကူ လက်ခံလိုက်နိုင်သည်သည်။[၅၆] လုပ်ငန်းစဉ်တစ်ခုကို ပြုလုပ်ရန် သို့မဟုတ် အကူအညီ ရယူလိုက်ရန် အတင်းအကျပ်လုပ်သည်ဟု ခံစားရနိုင်သည်။ ဆုံးဖြတ်ချက်ချရာတွင် သို့မဟုတ် ကမ်းလှမ်းထားသောအကူအညီပုံစံကို ဝင်ရောက်ပြောဆိုခွင့်မရှိဟု ခံစားရနိုင်သည်။

---

၅၆ IOM (2007)၊ လူကုန်ကူးခံရသူများအတွက် တိုက်ရိုက်ကူညီမှုဆိုင်ရာ IOM လက်စွဲစာအုပ်။ Geneva: IOM

**စိန်ခေါ်မှု**

အရှေ့တောင်အာရှတွင် အကူအညီအစီအစဉ်များကို အထက်မှအောက်သို့ အမိန့်ပေးလုပ်ဆောင် ကြပြီး အလွဲသုံးစား ပြုခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့မှ ကျူးလွန်ခံရသူများအား “ကာကွယ်ခြင်း”ကို ဦးစားပေးလေ့ရှိသည်။ လူကုန်ကူးခံရသူများကို ၎င်းတို့၏ အခြေအနေများမှ “ကယ်ထုတ်ရန်” သို့မဟုတ် “ကယ်ဆယ်ရန်” လိုအပ်သည်ဟု ယူဆကြသည်။ အရေးယူအပြစ်ပေးခြင်း၊ ကန့်သတ်ခြင်းနှင့် အလုံပိတ်ထားခြင်း ကဲ့သို့သော လုပ်ဆောင်ချက်များကို အာဏာပိုင်များ သို့မဟုတ် ကျူးလွန်ခံရသူများ၏ အကျိုးအတွက် ပြုလုပ်ပေးနေသည်ဟု ယုံကြည်သော ဝန်ဆောင်မှု ပေးသူများက လုပ်ဆောင်ကြသည်။ ထိုသို့ အကာအကွယ်ပေးမှုဝါဒကို ကျင့်သုံးသောကြောင့် ကျူးလွန်ခံရသူအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းကို လျစ်လျူရှုထားလေ့ရှိကြသည်။[၅၇]

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- စကားပြောလေသံနှင့် ကိုယ်အမူအရာ ဘာသာစကားကို သတိပြုပါ။ ၎င်းသည် ကျူးလွန်ခံရသူအတွက် ဝေဖန် အကဲဖြတ်ခြင်း၊ မလေးစားခြင်း၊ ခွဲခြားဆက်ဆံခြင်းတို့ ခံစားရစေနိုင်သည်ကို သတိပြုပါ။

- ကျူးလွန်ခံရသူကို ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ချနိုင်ရန် အားပေးပါ။ ၎င်းတို့ကို ဝေဖန်အကဲဖြတ်ခြင်း လုံးဝမပြုပါနှင့်။

- ၎င်းတို့၏ လူမှုစီးပွားနောက်ခံနှင့် ယဉ်ကျေးမှုနောက်ခံတို့ကိုလည်းကောင်း၊ ထိုအရာများက ၎င်းတို့၏အပြုအမူနှင့် တုံ့ပြန်မှုများအပေါ် လွှမ်းမိုးနိုင်ပုံကိုလည်းကောင်း အထူးသတိပြုပါ။

- အကယ်၍ ကျူးလွန်ခံရသူတို့သည် သတ်မှတ်မခံလို၊ အကူအညီမယူလိုပါက ၎င်းတို့၏ ဆန္ဒများကို အလေးထားပါ။ သဘောမတူစေကာမူ ၎င်းတို့ကို ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်ခွင့်ပြုပါ။ ၎င်းတို့ကို ဉာဏ်နည်းသည် သို့မဟုတ် ကျေးဇူးသိတတ်မှု မရှိဟု မခံစားရပါစေနှင့်။

- ၎င်းတို့၏စိတ်ကို အချိန်မရွေး ပြောင်းလဲနိုင်ကြောင်း၊ ထိုအကူအညီနှင့် အထောက်အပံ့တို့ကို ရရှိနေဦးမည်ဆိုသည့် အကြောင်းတို့ကို ၎င်းတို့ စိတ်ချယုံကြည်သည်အထိ အားပေးပြောဆိုပါ။ ထိုအချိန်တွင် အကူအညီကို ငြင်းပယ်ရန် ဆုံးဖြတ်ပါက ဆက်သွယ်ရန်နံပါတ်တစ်ခု ပေးထားပါ။

- ပြည်တွင်းဥပဒေများနှင့် မူဝါဒများကို လိုက်နာပါ။ ၎င်းတို့သည် သတ်မှတ်ခံလိုခြင်း ရှိ/မရှိ၊ အကူအညီယူလိုခြင်း ရှိ/မရှိ သို့မဟုတ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဖွဲ့များနှင့် ပူးပေါင်းလိုခြင်း ရှိ/မရှိတို့ အပါအဝင် ၎င်းတို့၏ ရွေးချယ်စရာများကို ဆုံးဖြတ်ရန်အတွက် ပြန်လည်သုံးသပ်ရေးနှင့် နာလန်ထူလာရေးကာလတစ်ခုဖြင့် ပံ့ပိုးပေးပါ။ ဤအတောအတွင်း ၎င်းတို့ကို ခိုလှုံရာနေရာ၊ ဆေးကုသမှု၊ ဥပဒေကြောင်းဆိုင်ရာအကူအညီ၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ၎င်းတို့၏ မိသားစုနှင့်ဆက်သွယ်ခြင်း အစရှိသည်တို့ပါဝင်သည့် အခြေအနေ သတ်မှတ်မထားသော အကူအညီများဖြင့် ပံ့ပိုးပေးပါ။[၅၈]

---

၅၇ Issara Institute and A Lisborg၊ “Demand-Driven ဆီသို့၊ လူကုန်ကူးခံရသူများအတွက် အထောက်အကူဖြစ်စေရန်” လေ့လာချက်အကျဉ်းချုပ်၊ မေ ၂၀၁၇။ https://docs.wixstatic.com/ugd/5bf36e_f6df2997d6734cd1a35e74167adf182a.pdf. ကို ကြည့်ပါ။

၅၈ ဘာလီ လုပ်ငန်းစဉ် (၂၀၁၅) လူကုန်ကူးမှုကျူးလွန်ခံရသူများအား စိစစ်အတည်ပြုခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်မှု - မူဝါဒချမှတ်သူများနှင့် လက်တွေ့ဆောင်ရွက်သူများအတွက် မိတ်ဆက် လမ်းညွှန်မှု၊ ဘန်ကောက်၊ ဘာလီ လုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ ပံ့ပိုးမှုရုံး။

# ၅ မိသားစုနှင့် အသိုင်းအဝိုင်းက ကဲ့ရဲ့ ပြစ်တင်ခြင်းနှင့် ပစ်ပယ်ခြင်း

လူကုန်ကူးခံရသူဖြစ်ခြင်းကို အာဏာပိုင်များ၊ မိသားစုနှင့် အသိုင်းအဝိုင်းများက ကဲ့ရဲ့ပြစ်တင်ခြင်း၊ ပစ်ပယ်ခြင်းနှင့် တံဆိပ်ကပ်ခြင်းတို့ ဖြစ်လာနိုင်သည်။ အထူးသဖြင့် ဤအချက်သည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရသူတို့အတွက် မှန်ကန်သည်။[၅၉] ကျူးလွန်ခံရသူအများအပြားတွင် ၎င်းတို့ မျှော်မှန်းထားခဲ့သော လစာရရှိရန် သို့မဟုတ် အကြွေးပြန်ဆပ်ရန်အတွက် ၎င်းတို့ မလုပ်ဆောင်နိုင်ခဲ့မှုအပေါ် အရှက်ရသည့်နှင့် အရှက်တကွဲဖြစ်သည့် ခံစားချက် များလည်း ရှိသည်။ အချို့သည် ၎င်းတို့၏ အတွေ့အကြုံများ ထုတ်ဖော်ဝေမျှမိခြင်းနှင့် လူကုန်ကူးခံရသူအဖြစ် သတ်မှတ်ခံရခြင်းတို့ကို နှောင်တရနိုင်သည်။




၅၉ လူကုန်ကူးမှုဆန့်ကျင်ရေးဆိုင်ရာ ဌာနအချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICAT) - ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု အခြေအနေများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား လူကုန်ကူးမှုအပေါ် CEDAW ၏ ယေဘုယျအကြံပြု ထောက်ခံချက်များ မူကြမ်းတင်ပြခြင်း (ရက်စွဲ မသိရ)

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူများအား ဖြစ်ခဲ့ပြီးသောအရာသည် ၎င်းတို့၏ အမှားမဟုတ်ကြောင်းနှင့် ၎င်းတို့ကို အပြစ်တင်ရန် မဟုတ်ကြောင်း စိတ်ချယုံကြည်သည်အထိ အားပေးပြောဆိုပါ။ သင့်လျော်ပါက လူကုန်ကူးခံရသူများကို ဖြစ်ပျက်ခဲ့သမျှအတွက် အပြစ်မတင်သင့်ကြောင်း ၎င်းတို့၏ မိသားစုများကို ရှင်းပြပါ။ ပြန်လည်ထူထောင်ရေးနှင့် နာလည်ထူရေးတွင် လူကုန်ကူးခံရသူများကို ပံ့ပိုးပေးရန် သူတို့ကိုအားပေးပါ။
- ၎င်းတို့၏ အထောက်အထားများကို ကာကွယ်ရန်နှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက် အသေးစိတ်များကို တင်းတင်းကျပ်ကျပ် လျှို့ဝှက်ထားရန်အတွက် လုပ်ဆောင်ရသော ကြိုတင်ကာကွယ်မှုများကို ရှင်းပြပါ။
- အကယ်၍ ၎င်းတို့သည် ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏ အခြေအနေ၊ ၎င်းတို့၏ အနာဂတ်တို့နှင့် ပတ်သက်ပြီး ဆိုးဆိုးရွားရွား ခံစားနေရကြောင်း အရိပ်အမြွက်ပြပါက သို့မဟုတ် ဖော်ပြပါက လူမှုဝန်ထမ်းတစ်ဦး သို့မဟုတ် နှစ်သိမ့်ဆွေးနွေးသူ တစ်ဦးထံ လွှဲအပ်ပေးပါ။
- အကယ်၍ ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ကြောက်ရွံ့မှုများ၊ စိုးရိမ်မှုများကို တစ်စုံတစ်ယောက်အား မပြောပြလိုပါက လွှဲအပ်နိုင်သည့် ဝန်ဆောင်မှုပေးသော နေရာများအတွက် ကတ်ပြားတစ်ခု ပေးထားပါ။ ၎င်းတို့လိုအပ်သည်ဟု ဆုံးဖြတ်ခဲ့ပါက နောင်တွင် အသုံးပြုနိုင်ရန် သိုသိပ်စွာ သိမ်းဆည်းထားနိုင်ပါသည်။ ဝန်ဆောင်မှုအမျိုးမျိုးအတွက် သတင်းအချက်အလက်များကို ရနိုင်သမျှ ပံ့ပိုးပေးသင့်သည်။ ကတ်ပြားတွင် မည်သည့်အတွက်ဟု ဖော်ပြထားခြင်း မရှိသည့် လိပ်စာများနှင့် ဖုန်းနံပါတ်များ ပါဝင်နိုင်သည်။ အချို့ကျူးလွန်ခံရသူများသည် ကတ်ပြား သို့မဟုတ် သတင်းအချက်အလက်များကို လက်ခံလိုခြင်း မရှိနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ထားပါ။[၆၀]
- လိုအပ်ချက်များအပေါ် မူတည်ကာ ကျူးလွန်ခံရသူများအား ဝန်ဆောင်မှုအမျိုးမျိုး ပံ့ပိုးပေးရန်လိုလားသော၊ ထိရှလွယ်သည့် မသန်စွမ်းသူများနှင့် လုပ်ကိုင်နေသော အဖွဲ့အစည်းများ ပါဝင်သည့် သင့်လျော်သော အဖွဲ့အစည်းများ သို့မဟုတ် NGO မိတ်ဖက်များကို ဖော်ထုတ်သတ်မှတ်ပါ။

---

**စိန်ခေါ်မှု**

ကိုဗစ်-၁၉ ကပ်ရောဂါသည် အွန်လိုင်းတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုအတွက် လူသစ်စုဆောင်းမှုများပြားလာခြင်း၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုသည့် အွန်လိုင်း အချက်အလက်ကို တောင်းဆိုမှုများပြားခြင်းနှင့် နည်းပညာပံ့ပိုးမှုဖြင့် ကလေးသူငယ်များကို လိင်အတွက် လူကုန်ကူးခြင်းတို့ အပါအဝင် ဆိုက်ဘာရပ်ဝန်းတွင် လူကုန်ကူးမှု တိုးပွားလာခြင်းကို အရှိန်အဟုန် မြင့်တက်စေခဲ့သည်။[၆၁]
ကျူးလွန်ခံရသူ များသည် ကလေးသူငယ်များ ဖြစ်လေ့ရှိပြီး ၎င်းတို့၏ မိဘများ သို့မဟုတ် အနီးစပ်ဆုံး ပြုစုစောင့်ရှောက်သူများသည် အဓိက ပြစ်မှုကျူးလွန်သူများ ဖြစ်နေတတ်သည်။[၆၂] မိုဘိုင်းဖုန်းများ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းသည်လည်း မိုဘိုင်း အက်ပလီကေးရှင်းများမှတစ်ဆင့် ကလေးသူငယ်များကို ပစ်မှတ်ထားမည့်၊ စုဆောင်းမည့်၊ လိင်ပိုင်းဆိုင်ရာကိစ္စရပ်တွင် ပါဝင်လာရန် အတင်းအကျပ်စေခိုင်းနိုင်မည့် နည်းလမ်း ရစေသည်။ ကျူးလွန်ခံရသူ ကလေးသူငယ် အများအပြားသည် ၎င်းတို့ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံနေရကြောင်း သတိမပြုမိတတ်ကြပေ။ တစ်ချိန်တည်းမှာပင် လူမှုကွန်ရက်တွင် ၎င်းတို့၏ လျှို့ဝှက်အပ်သော အစိတ်အပိုင်းကို ဖော်ပြမိသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ အမည်မဖော်ခြင်းကို ဖုံးကွယ်ထားရန် ပိုမို ခက်ခဲသွားသည်။ ကလေးသူငယ်များကို အွန်လိုင်းပေါ်တွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း (OESC)၏ သဘော သဘာဝကြောင့် ဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများက ၎င်းကို ရှာဖွေထောက်လှမ်းပြီး ဖြိုခွဲရာတွင် ပိုမိုခက်ခဲစေသည်။ OESC တစ်ရှိန်ထိုးမြင့်တက်လာခြင်းသည် လွှဲအပ်မှုတိုင်း သို့မဟုတ် အမှုတိုင်းကို စုံစမ်းဖော်ထုတ်ပြီး တုံ့ပြန်ဖြေရှင်းရာတွင် လွှဲအပ်မှုအချို့ သို့မဟုတ် အမှုအချို့မှာ သတင်းအချက်အလက် ဆူနာမီလှိုင်းအကြား နစ်မြုပ်နေနိုင်ခြေရှိသောကြောင့် ဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းရည်ကိုလည်း အကန့်အသတ်ရှိစေသည်။[၆၃]

---

၆၀ Zimmerman, C. & Watts, C (2003)၊ လူကုန်ကူးခံရသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုအတွက် ကျင့်ဝတ်ဆိုင်ရာနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ WHO ၏ အကြံပြုတိုက်တွန်းချက်များ၊ ဥရောပကော်မရှင် Daphne Programme၏ ပံ့ပိုးမှုဖြင့် လန်ဒန် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် အပူပိုင်း ဆေးပညာတက္ကသိုလ်မှ ထုတ်ဝေသည်။
၆၁ CEDAW (2020) ကမ္ဘာလုံးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှု အခြေအနေတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လူကုန်ကူးမှုဆိုင်ရာ ယေဘုယျ အကြံပြုချက်များ အမှတ် ၃၈ (၂၀ နိုဝင်ဘာ၂၀၂၀)
၆၂ International Justice Mission (2020)၊ ဖိလစ်ပိုင်ရှိ ကလေးသူငယ်များအား အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း- အစိုးရများ၊ စက်ရုံနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အကြံပြုချက်များ။
၆၃ ASEAN-ACT ကမ္ဘောဒီယား တရားဝင်အလုပ်ရုံဆွေးနွေးပွဲ၊ ၃၀ စက်တင်ဘာ ၂၀၂၀။

# ၆ လွှဲအပ်မှုလုပ်ငန်းစဉ်အတွင်း စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှု

ဝန်ဆောင်မှုပေးသည့်နေရာများနှင့် အကူအညီများထံ လွှဲအပ်ခြင်းသည် ကျူးလွန်ခံရသူတစ်ဦး အနေဖြင့် သတ်မှတ်သည့်အချိန်မှအစပြု၍ ၎င်းတို့ လူကုန်ကူးခံရသည့် အတွေ့အကြုံများမှ အပြည့်အဝ ပြန်လည်နာလန်ထူလာပြီး နဂိုအတိုင်း ပြန်လည် ဝင်ဆန့်ပေါင်းစည်းနိုင်သည်အထိ အချိန်ကာလ အမျိုးမျိုးတွင် ဖြစ်ပေါ်တတ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်စနစ်သည် တောင်းဆိုမှုအများအပြားဖြင့် လွှမ်းမိုးနေပြီး ရင်းမြစ် မလုံလောက်ပါက လွှဲအပ်မှုများအတွက် စောင့်ဆိုင်းရသောအချိန်သည် ကြာမြင့်နိုင်ပါသည်။ အေဂျင်စီများအကြား/နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်မှု မကောင်းလျှင်လည်း နှောင့်နှေးနိုင်ပါသည်။ လွှဲအပ်မှုလုပ်ငန်းစဉ်၏ မသေချာမရေရာမှုများသည် ကျူးလွန်ခံရသူများ အတွက် စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေသည်။ ဤဖြစ်စဉ်အတွင်း ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို ဂရုပြုမိရန် ပျက်ကွက်ခြင်းသည် ကျူးလွန်ခံရသူများက အထောက်အပံ့ယူလိုခြင်းကို အားလျော့စေပြီး ပိုဆိုးသည်မှာ ၎င်းတို့ကို အကာအကွယ်ကင်းမဲ့စေပြီး ထိရှလွယ်စေပါသည်။



Photo by National Cancer Institute on Unsplash

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူအဖြစ် သတ်မှတ်ထားပြီးသူများကို နီးစပ်ရာ သင့်လျော်သော ဝန်ဆောင်မှုပေးသူများထံ မဆိုင်းမတွ လွှဲအပ်ပါ။
- ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည့် သို့မဟုတ် ညှင်းပန်းနှိပ်စက်ခံရသည့် လက္ခဏာများ သိသာထင်ရှားစွာ ပြသည့်သူများဖြစ်ပါက ကျူးလွန်ခံရသူ အဆင့်အတန်းကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ဆေးကုသပေးရာ နေရာဌာနများဆီ ချက်ချင်းလွှဲအပ်သင့်သည်။
- လွှဲအပ်သောအခါ မသန်စွမ်းသူများ၊ လိင်လုပ်သားများ၊ လူမျိုးစုလူနည်းစုများနှင့် အခြားထိခိုက်လွယ်သောအုပ်စုများကို လူမှုဖွဲ့စည်းတည်ဆောက်ပုံအရ ခွဲခြားဆက်ဆံခြင်း၊ စနစ်တကျ ခွဲခြားဆက်ဆံခြင်း၊ အခြေအမြစ်မရှိ မလိုမုန်းထားခြင်းတို့ကို ဂရုတစိုက် သတိထားပါ။
- လွှဲအပ်ရာဌာနရှိ ဝန်ဆောင်မှုပေးသူများနှင့် ၎င်းတို့၏ ဆက်သွယ်ရာပုဂ္ဂိုလ်များ/ဖုန်းနံပါတ်များကို အစဉ်ပြုပြင် မွမ်းမံထားသည့် စာရင်းတစ်ခု ထားရှိပါ။
- အထူးသဖြင့် ဝေးလံခေါင်းပါးသောဒေသများတွင် အမျိုးမျိုးသော ဝန်ဆောင်မှုနှင့် အကူအညီများကို ကျူးလွန်ခံရသူများ ရရှိကြောင်း သေချာစေရန် ဒေသခံ NGO နှင့် ရပ်ရွာ(ယုံကြည်မှုအခြေပြု)ကွန်ယက်နှင့် ရင်းနှီးမှုရယူပါ။
- ကျူးလွန်ခံရသူသည် အကြံပြုထောက်ခံပေးမည့် ဝန်ဆောင်မှုများနှင့် အကူအညီများကို လိုအပ်သည်ဟု သက်ဆိုင်ရာ အထူးပြုကျွမ်းကျင်သူများ (သမားတော်များ၊ စိတ်ပညာရှင်များ၊ လူမှုဝန်ထမ်းများ)က သေချာစွာ စစ်ဆေးအကဲဖြတ်ထားခြင်း ရှိ၊ မရှိကို စိစစ်ပါ။
- ရရှိနိုင်သော ဝန်ဆောင်မှုနှင့် အကူအညီ ရွေးချယ်စရာအမျိုးမျိုး၊ တစ်ခုချင်းစီကို ရရှိနိုင်ရေး လုပ်ငန်းစဉ်နှင့် စောင့်ဆိုင်းရန် ကြာချိန်တို့ကို ကျူးလွန်ခံရသူများအား အသိပေးပါ။ အကျိုးကျေးဇူးနှင့် အန္တရာယ်ဖြစ်နိုင်ခြေများကို ရိုးသားစွာ ရှင်းပြပါ။ အသိပညာသည် စွမ်းအားဖြစ်ကြောင်း၊ ကျူးလွန်ခံရသူနှင့် (ကလေးသူငယ်အမှုများတွင်) ၎င်းတို့၏ ပြုစုစောင့်ရှောက်သူများအား ဝန်ဆောင်မှုကိုဖြစ်စေ၊ ထောက်ပံ့ကူညီမှုကိုဖြစ်စေ၊ နှစ်မျိုးစလုံးကိုဖြစ်စေ ပြင်ဆင်ပေးနိုင်လေလေ၊ ပိုကောင်းလေလေ ဖြစ်ကြောင်း သတိရပါ။ အကယ်၍ ရရှိခဲ့ပါက  ၎င်းတို့ မည်သည့်အထောက်အပံ့ လက်ခံလိုသည်ကို ဆုံးဖြတ်ပါစေ။
- လွှဲအပ်ရေးလမ်းကြောင်းများသည် အတတ်နိုင်ဆုံး သေချာတိကျရမည်ဖြစ်ပြီး မကြာခဏ  ပြုပြင်မွမ်းမံထားရမည်။
- လျှို့ဝှက်ထိန်းသိမ်းခြင်းကို အလေးထားသင့်ပြီး ကျူးလွန်ခံရသူနှင့် (ကလေးသူငယ်အမှုများတွင်) ၎င်းတို့၏ ပြုစုစောင့်ရှောက်သူများသည် လွှဲအပ်ခြင်းကို သဘောတူခွင့်ပြုချက်/ သဘောတူညီချက် ပေးသင့်သည်။ ဝန်ဆောင်မှုပေးသူများနှင့် ပြောဆိုဆက်ဆံရာတွင် အချက်အလက်များ၏ လုံခြုံစိတ်ချရေးနှင့် လျှို့ဝှက်ထိန်းသိမ်းရေး လုပ်ထုံး လုပ်နည်းများအတိုင်း စွဲမြဲဆောင်ရွက်ပါ။ ကျူးလွန်ခံရသူ၏အချက်အလက်များကို သင့်အဖွဲ့အစည်းကွန်ရက် ပြင်ပရှိ တတိယအဖွဲ့အစည်းများ (ဥပမာ- သံရုံးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ NGOsများ၊ ဘုရားကျောင်းများ အစရှိသည်တို့) နှင့် ပြောဆိုဝေမျှသောအခါ အထူးဂရုပြုပါ။ ကိစ္စရပ်တွင် တိုက်ရိုက် ပါဝင်ပတ်သက်သူများ အကြား 'သိရန်လိုအပ်သည်ကိုသာ ဖွင့်ဟခြင်း'အခြေခံကို တိတိကျကျ စွဲမြဲဆောင်ရွက်ပါ။
- ကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် အရေးတကြီး အကူအညီ လိုအပ်နေသော သူများအတွက် လွှဲအပ်ရေး ဝန်ဆောင်မှုများကို ဦးစားပေးပြီး အလျင်အမြန် ပြီးမြောက်အောင် ဆောင်ရွက်ပါ။
- ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကြုံတွေ့ခဲ့ရသော ကျူးလွန်ခံရသူများအတွက် သက်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ပေးနိုင်သော နေရာများသို့ လွှဲအပ်ရန် ရွေးချယ်စရာရှိနေစေရန် သေချာစွာ ဆောင်ရွက်ပါ။ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု (VAW) အထူးပြု ဝန်ဆောင်မှု ပေးရာနေရာသို့ လွှဲအပ်ရန် သေချာစွာ ဆောင်ရွက်ပါ။
- အဖြေအားလုံး မပေးနိုင်သည့်တိုင် ကျူးလွန်ခံရသူကို တိုးတက်မှုဖြစ်စဉ်အကြောင်း အသိပေးပါ။ ၎င်းသည် လွှဲအပ်ခြင်းဖြစ်စဉ်တွင် ကျူးလွန်ခံရသူ၏ မိမိကိုယ်ကို ယုံကြည်မှု တဖြည်းဖြည်းချင်း ဖြစ်ပေါ်လာစေပါသည်။
- ဆီလျော်သော ဝန်ဆောင်မှုများ သို့မဟုတ် ထောက်ပံ့ကူညီမှု သို့မဟုတ် နှစ်မျိုးစလုံးကို ပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း သိရှိနိုင်ရန်အတွက် ဝန်ဆောင်မှုပေးသူဘက်နှင့် ကျူးလွန်ခံရသူနှင့် (ကလေးသူငယ်အမှုများတွင်) ၎င်းတို့၏ မိဘများ/ ပြုစုစောင့်ရှောက်သူများဘက် နှစ်ဖက်စလုံးတွင် လွှဲအပ်ရေးအကြောင်း  ပိုမိုသိရှိရန်ဆောင်ရွက်ပါ။

**ကိုယ်ရေးအချက်အလက်နှင့် လူကုန်ကူးမှုအချက်အလက်များကို လုံခြုံပြီး လျှို့ဝှက်မှုရှိစေရန် ထိန်းသိမ်းထားရှိခြင်း**

- အရာရှိများသည် ကျူးလွန်ခံရသူများအား အချက်အလက်စုဆောင်းခြင်း ရည်ရွယ်ချက်၊ ၎င်းကို အသုံးပြုပုံနှင့် ၎င်းတို့၏ အချက်အလက်များ ကြည့်ရှုပိုင်ခွင့်တို့ကို အသိပေးသင့်သည်။
- ကျူးလွန်ခံရသူများ၏ အချက်အလက်များကို ၎င်းတို့၏ သဘောတူခွင့်ပြုချက် မပါဘဲ မထုတ်ပြန်ရ။
- အရာရှိများသည် 'သိရန်လိုအပ်သည်ကိုသာ' အခြေခံပြီး ထုတ်ဖော်ပြောဆိုသင့်သည်။
- လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များအကြောင်း  အလွတ်သဘော ဆွေးနွေးမှုများကို အဖွဲ့အစည်းအတွင်းတွင် သို့မဟုတ် ပြင်ပတွင် မပြုလုပ်ရ။
- ဖြစ်ရပ်ဖိုင်တွဲများနှင့် စာရွက်စာတမ်းများကို ကြည့်ရှုသူမရှိဘဲ သို့မဟုတ်  စာရေးစားပွဲများ၊ စားပွဲခုံများပေါ်တွင် သို့မဟုတ် အခြားသူများ ဝင်ရောက်ကြည့်ရှုနိုင်သောနေရာများတွင် မထားသင့်ပါ။ အချက်အလက်အားလုံးကို လုံခြုံစွာ (ဥပမာ - အချက်အလက်ကို ကြားလူဖတ်မရအောင် ကုတ်နံပါတ်ဖြင့် ပြောင်းလဲခြင်း၊ ဖိုင်တွဲများကို သော့ခတ်သိမ်းဆည်းထားခြင်း၊ လျှို့ဝှက်နံပါတ်ဖြင့် ကာကွယ်ထားခြင်းတို့ဖြင့်) သိမ်းဆည်းထားသင့်သည်။
- အချက်အလက်များကို မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ရေးအချက်အလက်၊ အထောက်အထား မသိရှိသူများထံ နားစွန်နားဖျား ကြားနိုင်သော အများပိုင်နေရာတွင် ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် ဖုန်းမှတစ်ဆင့် ထုတ်ဖော် ပြောဆိုခြင်းတို့ကို လုံးဝ မပြုလုပ်သင့်ပါ။
- စကားပြန်များနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများကို လျှို့ဝှက်မှု ထိန်းသိမ်းခြင်း၏ အရေးပါပုံအကြောင်းနှင့် အချက်အလက်ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေရေးရာ တာဝန်များ စောင့်ထိန်းခြင်းအကြောင်းကိုလည်း ပညာပေးပါ။
- ဖြစ်ရပ်ဖိုင်တွဲနှင့် ကျူးလွန်ခံရသူနှင့်ပတ်သက်သော လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်ကို လူမှုကွန်ရက်၊ ရုပ်သံထုတ်လွှင့်ရာ သို့မဟုတ် ပုံနှိပ်မီဒီယာမှတစ်ဆင့်  သို့မဟုတ် ရုပ်ရှင်လုပ်ငန်းများကိုပါ ဖွင့်ဟပြောဆိုခြင်း မပြုရ။
- ကျူးလွန်ခံရသူများကို ၎င်းတို့၏ ကိုယ်တွေ့အဖြစ်အပျက်၊ ဇာတိ၊  မိသားစုအကြောင်းများ အစရှိသည်တို့ ပါဝင်သည့် အချက်အလက်များအား  အခြားသူများနှင့် ပြောဆိုမျှဝေရာတွင် သတိပြုရန် အကြံပေးပါ။



# နာလန်ထူလာရေး၊ ပြန်လည်သုံးသပ်ရေးနှင့် ခိုလှုံရေး

လူကုန်ကူးခံရသူအများအပြားသည် လူကုန်ကူးမှုကို တွေ့ကြုံရပြီးနောက် စိတ်ဒဏ်ရာများ ကျန်ရစ်ကြသည်။ ကြောက်ရွံ့ခြင်း၊ အရှက်ရခြင်း၊ ကူရာကယ်ရာမဲ့ဖြစ်ခြင်း၊ ရှုပ်ထွေးခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ အပါအဝင် ခံစားချက်မျိုးစုံကို ခံစားရနိုင်သည်။ ၎င်းတို့ထဲမှ အများစုသည် ပျောက်ကင်းရန်အချိန်ယူရသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ခံစားရသည်။ အချို့သည်ကာလကြာရှည် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းကြောင့် နာတာရှည်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေး အခြေအနေများ ဖြစ်ပေါ်လာကြသည်။

နာလန်ထူလာရေးနှင့် ပြန်လည်သုံးသပ်ရေးကာလသည် ကျူးလွန်ခံရသူများကို ၎င်းတို့၏ အတွေ့အကြုံများမှ နာလန်ထူလာရန် အချိန်ရစေသည်။ ၎င်းကာလသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ္တသုခ၊ လူမှုသုခတို့ကို ပြန်လည်ထူထောင်ဖို့ စတင်ရန် ကူညီပေးသည်။ ခိုလှုံရာ သို့မဟုတ် ယာယီခိုလှုံရာဂေဟာများသည် လူကုန်ကူးခံရသူအတွက် အရေးပါသော ဝန်ဆောင်မှုများ ရရှိရန်၊ နာလန်ထူလာရန်နှင့် မည်သည့်တရားစွဲဆိုခြင်းတွင်မဆို အကူအညီပေးရန်အတွက် လုံခြုံ၊ စိတ်ချရသော ပတ်ဝန်းကျင်တစ်ခုကို ပံ့ပိုးပေးသည်။ ဤကာလအတွင်း ကျူးလွန်ခံရသူများသည် ၎င်းတို့ရရှိသော အချက်အလက်အားလုံးနှင့် ရွေးချယ်စရာများကို သေချာ အစီအစဉ်တကျ တွေးတော ဆောင်ရွက်နိုင်ကြသည်။



**ACTIP** ၏ အပိုဒ် ၁၄(၁၀)တွင် လူကုန်ကူးခံရသူများကို သင့်လျော်သော နေရာထိုင်ခင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ အချက်အလက်များ ပေးခြင်းနှင့် ဆေးပညာဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ပစ္စည်း အကူအညီများ ထောက်ပံ့ပေးခြင်းတို့ကိုပါ တောင်းဆိုထားသည်။ သို့ရာတွင် နာလန်ထူလာရေးနှင့် ပြန်လည်သုံးသပ်ရေးကာလတစ်ခုနှင့် ပတ်သက်ပြီး ACTIP သို့မဟုတ် **ပလာမို လုပ်ထုံးလုပ်နည်း (Palermo protocol)** တွင် ပြဋ္ဌာန်းထားချက် မရှိပါ။

ACTIP တွင် ဖော်ပြထားသည်မှာ အဖွဲ့ဝင်နိုင်ငံများသည် ကျူးလွန်ခံရသူများကို နိုင်ငံအတွင်း၌ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ နေထိုင်ခွင့်ပြုသည့် နည်းလမ်းများကို ကျင့်သုံးရန် ထည့်သွင်းစဉ်းစားသင့်သည်ဟူ၍ ဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ရိုင်းပင်းစာနာမှုဆိုင်ရာ အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည့်အချက်များအဖြစ် အတိအလင်း ဖော်ပြထားသည်။

ထို့အပြင် အာဆီယံနိုင်ငံအများစုသည် လူကုန်ကူးခံရသူများအတွက် ရက်(၃၀)မှ ရက်(၉၀)အထိ အမျိုးမျိုးကြာမြင့်သော ပြန်လည်သုံးသပ်ရေးကာလတစ်ခုနှင့် ဆက်စပ်အကူအညီကို ပံ့ပိုးပေးရန် ထောက်ခံအကြံပြုသော ဘာလီလုပ်ငန်းစဉ်၏ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။[၆၄]

အာဆီယံနိုင်ငံများအတွင်း ပြန်လည်သုံးသပ်ရေး၊ နာလန်ထူလာရေးနှင့် ခိုလှုံရေးဖြစ်စဉ်ကာလအတွင်း အောက်ပါထိခိုက် နစ်နာမှုများကို အတွေ့ရများသည်ဟု သတ်မှတ်ထားသည်။ ရှေးဦး တုံ့ပြန်ဆောင်ရွက်သူတစ်ဦး သို့မဟုတ် ပံ့ပိုးကူညီသူ တစ်ဦးအနေဖြင့် ဤအလားအလာရှိသော ထိခိုက်နစ်နာမှုများကို သတိပြုမိရန်နှင့် ဤထိခိုက်နစ်နာမှုများကို ကာကွယ်ရေး သို့မဟုတ် လျော့ပါးစေရေး နည်းလမ်းတစ်ခုအနေဖြင့် ပံ့ပိုးထားသော ထိခိုက်နစ်နာမှုမရှိစေရေးလမ်းညွှန်ချက်ကို ထည့်သွင်း စဉ်းစားရန် အရေးကြီးပါသည်။

---

၆၄ ဘာလီ လုပ်ငန်းစဉ် (၂၀၁၅)၊ လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်- မူဝါဒချမှတ်သူများနှင့် လက်တွေ့လုပ်ဆောင်သူများအတွက် မိတ်ဆက်လမ်းညွှန်။ ဘန်ကောက်၊ ဘာလီ လုပ်ငန်းစဉ် ဒေသ ဆိုင်ရာ ပံ့ပိုးမှုရုံး။

# ၁ ရွေးချယ်စရာများကို ဆုံးဖြတ်ရန်အတွက် ပြန်လည်သုံးသပ်ရေး အချိန်မရှိခြင်း

ဥပဒေစိုးမိုးရေးအရာရှိများသည် ကျူးလွန်ခံရသူများကို တတ်နိုင်သမျှအမြန်ဆုံး တွေ့ဆုံမေးမြန်းလိုပြီး ပြစ်မှု ကျူးလွန်သူများကို ဖမ်းဆီးရန်အတွက်ဖြစ်စေ၊ တရားစွဲရန်အတွက်ဖြစ်စေ၊ နှစ်မျိုးစလုံးအတွက်ဖြစ်စေ လုံလောက်သော သက်သေအထောက်အထားကို ရယူလိုကြသည်။ ၎င်းတို့က လူကုန်ကူးခံရခြင်း၏ အရေးပါသော အချက်အလက် အတိအကျတို့ကို ပြန်လည်စုစည်းရသည့် ကျူးလွန်ခံရသူ၏ မှတ်ဉာဏ်သည် အချိန်ကြာလာသည်နှင့်အမျှ မေးမှိန် အားလျော့နိုင်သည်ဟု ယုံကြည်ကြသည်။ တစ်ချိန်တည်း မှာပင် သက်သေအထောက်အထားသည် ဖျက်ဆီးခံရနိုင်သလို ကျူးလွန်သူသည်လည်း လွတ်မြောက်ရန် အချိန်ရသွားနိုင်သည်။ ထို့ကြောင့် ကျူးလွန်ခံရသူများသည် အချိန်တို အတွင်းတွင် အချက်အလက်အတိအကျကို ပေးရန်အတွက်  ရဲ သို့မဟုတ် စုံထောက်များ သို့မဟုတ် အစိုးရရှေ့နေများနှင့် ပူးပေါင်းရန် မကြာခဏ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်း ခံရသည်။ ၎င်းတို့သည်  တွေ့ဆုံမေးမြန်းမှုတစ်ခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခု၌ ပါဝင်လိုခြင်း ရှိမရှိ  သို့မဟုတ် အကူအညီယူလိုခြင်း ရှိမရှိဟူသော အချက်များနှင့် ပတ်သက်၍ သိရှိဆုံးဖြတ်ချက်ချခြင်း အပါအဝင် ဖြစ်ပျက်နေသည့်အချက်များကို တွေးတောရန် အချိန်မရှိခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။



Photo by Kali9 on Istockphoto

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- အချို့သော ကျူးလွန်ခံရသူများသည် ၎င်းတို့ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံထားရကြောင်း နားမလည်ကြပါ။ ဤသည်ကို ကလေးသူငယ်ကျူးလွန်ခံရသူများတွင် အလွန်အတွေ့ရများသည်။ ကျူးလွန်ခံရသူကို လူကုန်ကူးခြင်းဆိုသည်မှာ မည်သို့ အဓိပ္ပာယ်ရကြောင်း သာမန်လူ နားလည်လွယ်သော ရိုးရှင်းသည့်စကားလုံးဖြင့် ရှင်းပြပါ။ ပြစ်မှုကျူးလွန်သူများက အချိန် ကြာမြင့်စွာ လက်သပ်မွေးခံထားရသော သို့မဟုတ် ထိန်းချုပ်ခံထားရသော ကျူးလွန်ခံရသူများသည် ဖြစ်ပျက်ခဲ့သည့် အချက်များကို အပြည့်အဝနားလည်ရန် ခဲယဉ်းနိုင်သည်ကို သတိရထားပါ။ ၎င်းတို့သည် ဆုံးဖြတ်ချက် ချရာတွင် သို့မဟုတ် ၎င်းတို့က နောင်တွင် ဆက်ဖြစ်မည့်အရာများကို ဆုံးဖြတ်နိုင်ကြောင်း နားလည်သဘောပေါက်အောင် ကြိုးစားရာတွင် အခက်အခဲရှိနိုင်သည်။
- ဆေးပညာဆိုင်ရာ၊ ဥပဒေကြောင်းဆိုင်ရာနှင့် လူမှု သို့မဟုတ် (လိုအပ်ပါက) စိတ်ပိုင်းဆိုင်ရာကဲ့သို့ အခြားသော အကူအညီများ တတ်နိုင်သမျှ အမြန်ဆုံး ပံ့ပိုးပေးပါ။
- ပြန်လည်သုံးသပ်ရေးနှင့် နာလန်ထူလာရေးအချိန်သည် ကျူးလွန်ခံရသူတစ်ဦးချင်းစီအတွက် မတူညီကြပါ။ လူတစ်ဦးချင်းစီ၏ ထူးခြားသောအဖြစ်အပျက်များအပေါ်လိုက်၍ လိုအပ်သောအချိန်ကို အလိုက်သင့်ပြောင်းလဲပြီး ညှိယူပါ။

**အလေ့အထကောင်း။**[၆၅]

ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုဆန့်ကျင်ရေးဥပဒေတွင် အခွင့်ရအရာရှိသည် တရားရုံး၏ခွင့်ပြုချက်ဖြင့် လူကုန်ကူးခံရသူများဟု ယူဆထားသူများကို ၂၄ နာရီ သို့မဟုတ် ၇ ရက်ထက် မပို၍ ထိမ်းသိမ်းထားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ဤကာလအတွင်း လူကုန်ကူးခံရသူအဖြစ် ဖော်ထုတ်သတ်မှတ်မှုကို ပြီးစီးအောင် ဆောင်ရွက်ရမည်။ ၎င်းသည် လူကုန်ကူးခံရသူများ ပြန်လည် နာလန်ထူရန်နှင့် အာဏာပိုင်များမှ လူကုန်ကူးခံရသူများ မှန်ကန်တိကျစွာ ဖော်ထုတ်နိုင်စေရန်အတွက် လုံလောက်သော အချိန် မပေးနိုင်ခြင်းကို အသိအမှတ်ပြုထားပြီး နိုင်ငံတော်သည် လူကုန်ကူးခံရသူများဟု ယူဆထားသူများအတွက် 15 ရက်ကြာ ပြန်လည်သုံးသပ်သည့်ကာလကို ခွင့်ပြုရန် ၈ရက်၊ ဧပြီလ၊ ၂၀၂၂ ခုနှစ်တွင် လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တယား/လုပ်ငန်းစဉ်ကို ထပ်ဆင့်ရေးသား၍ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းမတိုင်မီက၊ အထူးသဖြင့် ထိုင်းလူမျိုး လူကုန်ကူးခံရသူများကို အမှုတွဲတစ်ခုချင်းစီလိုက် ပြန်လည်သုံးသပ်သည့်ကာလကို အသုံးပြုခဲ့သည်။ ဥပမာ၊ အမှုတစ်ခုတွင် ပြည်ပနိုင်ငံမှ ပြန်လာသော ကိုယ်ဝန်ဆောင် ထိုင်းအမျိုးသမီးတစ်ဦးကို တရားရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် အဆင်သင့်မဖြစ်မီအထိ ကလေး မွေးဖွားခြင်းနှင့် ပြန်လည်နာလန်ထူချိန်ကို ပေးခဲ့သည်။

**အလေ့အထကောင်း။**[၆၆]

ဖိလစ်ပိုင်နိုင်ငံ၌ ရာဇဝတ်မှုဆိုင်ရာအမှုများတွင် အစိုးရရှေ့နေများက လုပ်ဆောင်သော အလွတ်သဘော အကျဉ်းချုပ်စုံစမ်းစစ်ဆေးခြင်းများဖြစ်သည့် စစ်မေးတရားစွဲဆိုခြင်းများအတွက် ၃၆-နာရီကြာ ပြင်ဆင်ရန် အချိန်ပေးသည့်ကာလရှိသည်။ တိုတောင်းသောအချိန်ကာလသည် အချက်အလက်များ ထုတ်ဖော်ပြောဆိုရန် အဆင်သင့် မဖြစ်သေးသော ကျူးလွန်ခံရသူများအပေါ် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်စေသည်ကို အာဏာပိုင်များက အသိအမှတ် ပြုကြသည်။ အစိုးရသည် စစ်မေးမှုအတောအတွင်း ဗီဒီယိုတိပ်ခွေဖြင့်ရိုက်ကူးထားသော တွေ့ဆုံမေးမြန်းခြင်းများကို ခွင့်ပြုပေးခြင်းဖြင့် ဤဝန်ထုပ်ဝန်ပိုးကြီးကို လျှော့ချပေးခဲ့သည်။ ဤသို့ လုပ်ဆောင်ခြင်းသည် ကျူးလွန်ခံရသူဗဟိုပြု ချဉ်းကပ်နည်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

---

၆၅ ထိုင်း အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၈ အောက်တိုဘာ ၂၀၂၁။
၆၆ ဖိလစ်ပိုင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ အောက်တိုဘာ ၂၀၂၁။

# ၂ ခိုလှုံရာနေရာ သို့မဟုတ် ယာယီနေထိုင်ရာ အဆောက်အအုံများတွင် နေထိုင်ခွင့် မရှိခြင်း

အာဆီယံနိုင်ငံအများအပြားတွင်  ခိုလှုံရာဂေဟာများကို  လူကုန်ကူးခံရသူ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဆက်လက်ဦးစားပေး ထားရှိပါသည်။ သင့်လျော်သော ခိုလှုံရာနေရာများနှင့် နေရာထိုင်ခင်းများတွင် နေထိုင်ခွင့်သည် အမျိုးသားများနှင့် ယောကျ်ားလေးများ၊ ဥပဒေကိုဆန့်ကျင်သော ကလေးသူငယ်များ၊ မသန်စွမ်းသူများကဲ့သို့ အထူးလိုအပ်ချက်ရှိသူများနှင့် နိုင်ငံခြားသားများအတွက် စိန်ခေါ်မှုကြီးတစ်ခု ဖြစ်ပါသည်။

အာဏာပိုင်အချို့က ခိုလှုံရာနေရာများ မရှိ၍ လူကုန်ကူးခံရသူများကို ထိန်းသိမ်းရေးနေရာဌာနများတွင် ထားကြသည်။ ဤသို့ထားရှိခြင်းသည်  ၎င်းတို့၏ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို လျော့ကျစေပြီး ၎င်းတို့ လူကုန်ကူးခံရခြင်းတွင် ကျူးလွန်သူများ ခံစားရသည့် ထိန်းချုပ်နိုင်စွမ်းနှင့် လုပ်ရည်ကိုင်ရည်တို့ ဆုံးရှုံးခြင်းကို ဆက်လက်ဖြစ်ပေါ်စေသည့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ခြေရှိသည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- လူကုန်ကူးခံရသူဟု သတ်မှတ်ခံရသူများကို လုံခြုံပြီးစိတ်ချရသော ခိုလှုံရာ သို့မဟုတ် ယာယီနေထိုင်ရာ အဆောက်အအုံသို့ လျင်မြန်စွာ လွှဲပြောင်းပါ။ အထူးပြုအကူအညီနှင့် အထောက်အပံ့တို့ ရရှိရန်အလို့ငှာ တာဝန်ရှိသော အေဂျင်စီ အဖွဲ့အစည်းများထံလည်း ၎င်းတို့ကို လျင်လျင်မြန်မြန် လွှဲပို့သင့်သည်။

- အကြံပြုထားသော ခိုလှုံရာနေရာ သို့မဟုတ် နေရာထိုင်ခင်းသည် ကျူးလွန်ခံရသူများ၏ နောက်ခံ၊ အတွေ့အကြုံများနှင့် ယဉ်ကျေးမှုတို့ကို ထည့်သွင်းစဉ်းစားပြီး လျော်ကန်အောင်ပြုသင့်သည်။ အသက်၊ လိင်ဖြစ်တည်မှု၊ နိုင်ငံသား၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ အစရှိသည့်  ကွဲပြားခြားနားသော ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပါ။

- ကိုယ်ဝန်ဆောင်နှင့် နို့တိုက်အမျိုးသမီးများ၊ ကလေးငယ်များ တွဲပါလာသော သားသည်မိခင်များကို သင့်လျော်ပြီး သီးခြားဖြစ်သောနေရာများ ပံ့ပိုးပေးသင့်သည်။

- အကယ်၍ နိုင်ငံပိုင် ခိုလှုံရာနေရာများ သို့မဟုတ် အဆောက်အအုံများ မရရှိပါက အမျိုးသားများနှင့် ယောကျ်ားလေးများ၊ မသန်စွမ်းသူများ၊ အထူးလိုအပ်ချက်ရှိသူများနှင့် နိုင်ငံခြားသားများအတွက် သင့်လျော်သော နေရာထိုင်ခင်းများ စီစဉ်ပေးခြင်းကို  NGOများ သို့မဟုတ် ဘာသာရေးအခြေပြုအဖွဲ့အစည်းများနှင့်  ညှိနှိုင်းဆောင်ရွက်ပါ။

- ဖြစ်နိုင်လျှင် ကျူးလွန်ခံရသူများကို တရားဝင် ခိုလှုံရေးစနစ်ပြင်ပတွင် စောင့်ရှောက်မှုရယူနိုင်ရန် ရွေးချယ်စရာ ပေးထားသင့်သည်။ ဤရွေးချယ်စရာသည် ငှားရမ်းထားသောအိမ်များ၊ တိုက်ခန်းများ၊ သို့မဟုတ် ရပ်ရွာအခြေပြု အိမ်ရာများ အပါအဝင် လုံခြုံစိတ်ချရပြီး သင့်လျော်သည့် နေရာထိုင်ခင်းများ ဖြစ်နိုင်သည်။[၆၇]

- အကယ်၍ ကျူးလွန်ခံရသူများကို ထိန်းသိမ်းရေးအဆောက်အအုံများတွင် ထားရပါက တတ်နိုင်သမျှ အချိန်အတိုဆုံးသာ ထားသင့်ပြီး ထိုအတောအတွင်း အခြားနေထိုင်စရာအတွက် စီစဉ်ပါ။

---

၆၇  McAdam, M (2020)၊ လူကုန်ကူးမှုကျူးလွန်ခံရသူများ၏ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် - အာဆီယံဒေသတွင်းရှိ ဥပဒေ၊ မူဝါဒနှင့် အလေ့အထများ၊ ဩစတြေးလျ အစိုးရ၏ ပံ့ပိုးမှုဖြင့် ထုတ်ပြန်သော သုတေသနအချက်အလက်မှတ်စု။ Bangkok: ASEAN-ACT

ACTIP ၏ အပိုဒ် ၁ (၂၀)တွင် အာဆီယံနိုင်ငံများမှ အစိုးရများသည် ခွဲခြားဆက်ဆံခြင်းမပြုရေးဆိုင်ရာ သဘောတူညီချက်ရှိ နည်းလမ်းများကို ကျင့်သုံးရန် တာဝန်ရှိသည်။ **အာဆီယံဒေသတွင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များတွင်** အာဆီယံနိုင်ငံအစိုးရများသည် လူကုန်ကူးမှုကျူးလွန်ခံရသူများကို "အသက်၊ လိင်ဖြစ်တည်မှု၊ လူမျိုးစု သို့မဟုတ် မသန်စွမ်းမှု တို့ကြောင့် ဖြစ်ပေါ်လာသည့် အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး လူမျိုး၊ လိင်ဖြစ်တည်မှု၊ မူလနိုင်ငံသား သို့မဟုတ် အခြားတားမြစ်ထားသော နောက်ခံအချက်အလက်များကို အခြေခံသည့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ထပ်မံထိခိုက်နစ်နာမှုများ မရရှိအောင် ထောက်ပံ့ကူညီပေးခြင်းနှင့် ကာကွယ်ပေးခြင်း"တို့ကို ပြုလုပ်ရန် အကြံပြုထားသည်။ **အာဆီယံ ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်တွင်** ကျူးလွန်ခံရသူကို ဝန်ဆောင်မှုများ သို့မဟုတ် အကူအညီထံ လွှဲပို့ရာတွင် ခွဲခြားဆက်ဆံခြင်းမရှိသင့်ဟု ဖော်ပြထားသည်။[၆၈]

**အာဆီယံ ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်တွင်** ပါဝင်ပတ်သက်သူများသည်  သင့်လျော်သော အကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ တွေ့ဆုံမေးမြန်းခြင်းများ၊ လုံခြုံစိတ်ချရသော ခိုလှုံရာများ အစရှိသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်အတွက်  ကျူးလွန်ခံရသူ၏ ကျား၊မကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်" ဟု ဖော်ပြထားပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ အထူးစိုးရိမ်မှုနှင့် လိုအပ်ချက်များကို အသိအမှတ်ပြုသည်။[၆၉]  ပိုမိုကျယ်ပြန့်စွာ ရှင်းလင်းရလျှင် ၎င်းသည် အရှေ့တောင်အာရှဒေသအတွင်း လူကုန်ကူးခံရသူအမျိုးသမီးများနှင့် ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးရာတွင် ဘုံလမ်းညွှန်ချက်များနှင့် ကျား၊မဂရုပြုနည်းလမ်းများ ပြုစုရေးဆွဲမှုကို အားပေး ထောက်ခံသည်။ ဒေသတွင်းရှိ အမျိုးသားနှင့် ယောကျ်ားလေး ကျူးလွန်ခံရသူများ၏ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များကို များသောအားဖြင့် ကိုင်တွယ်ဖြေရှင်းပေးခြင်း မရှိကြပါ။ ဤအုပ်စုအတွက် ဝန်ဆောင်မှုများမှာ အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။ ကျား၊မဂရုပြုချဉ်းကပ်နည်းတစ်ခုတွင် အမျိုးသားနှင့် အမျိုးသမီး ကျူးလွန်ခံရသူများ ကြုံတွေ့ရသော ညှဉ်းပန်းနှိပ်စက်မှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုတို့၏ မတူညီသောပုံစံများကို ထည့်သွင်းစဉ်းစားရန်နှင့် အုပ်စုတစ်ခုချင်းစီအတွက် တိတိကျကျသတ်မှတ်ထားသော လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းရန် လိုအပ်သည်။

၆၈ စာပိုဒ် ၃.၄.၅ ကို ကြည့်ပါ။
၆၉ စာပိုဒ် ၂.၇.၂ ကို ကြည့်ပါ။

# ၃ ခိုလှုံရာနေရာနှင့် အခြားအကူအညီများသည် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် မူတည်သည်။

ဖြစ်ရပ်အများစုတွင် လူကုန်ကူးမှု ကျူးလွန်ခံရသူများသည် ‘လူကုန်ကူးခံရသူ’ တစ်ယောက်အဖြစ် တရားဝင် သတ်မှတ်ခြင်းမခံ သေးမီ ခိုလှုံရာနေရာနှင့် အခြားထောက်ပံ့ကူညီမှုများ ရရှိရန်အတွက် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ပါဝင်ဆောင်ရွက်ရန် သဘောတူရသည်။ ဥပဒေစိုးမိုးရေးတွင် ပူးပေါင်းရန် ငြင်းဆန်သူများသည် ၎င်းတို့အား လူကုန်ကူးမှုကျူးလွန်သူများထံမှ ဘေးကင်း သော ခိုလှုံရာနေရာ မရရှိနိုင်ဘဲ ငြင်းပယ်ခံရခြင်းမျိုး ရှိကောင်း ရှိနိုင်သည်။ အထူးသဖြင့် နိုင်ငံခြားသား ကျူးလွန်ခံရသူများသည် ပြည်နှင်ဒဏ်ပေးခံရခြင်း၊ အကျဉ်းချခံရခြင်း သို့မဟုတ် ၎င်းတို့ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည့်နေရာသို့ ပြန်လည်ပို့ဆောင်ခြင်း တို့ကို ခံရနိုင်ခြေရှိရာ ၎င်းတို့သည် ထိခိုက်လွယ်သူများ ဖြစ်ကြသည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ပြစ်မှုဆိုင်ရာ တရားစီရင်ရေးရည်မှန်းချက်များကို သတ်မှတ်ရာတွင် တရားစီရင်ရေး၌ ကျူးလွန်ခံရသူများ ပါဝင်ခြင်း ရှိမရှိ ဟူသော အချက်ကို ခိုလှုံရာနေရာ၌ နေထိုင်ခွင့်နှင့် ချိတ်ဆက်သတ်မှတ်ခြင်း မပြုပါနှင့်။ ကျူးလွန်ခံရသူများက ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်တွင် မပါဝင်ရန် ဆုံးဖြတ်ထားစေကာမူ ၎င်းတို့အား ခိုလှုံရာနေရာနှင့် ဝန်ဆောင်မှုများ ပေးသင့်သည်။
- ကျူးလွန်ခံရသူများကို ခိုလှုံရေးဂေဟာများတွင် အချိန်ကြာမြင့်စွာ ထိန်းသိမ်းမထားဘဲ သက်သေ အထောက်အထားများ၊ ထွက်ဆိုချက်များ ရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေပါ။ တရားခွင်အကြို သက်သေထွက်ဆိုချက်များ၊ သက်သေ ထွက် ဆိုချက်များ၏ ဗွီဒီယိုမှတ်တမ်းများ သို့မဟုတ် ဗွီဒီယိုလင့်ခ်မှတစ်ဆင့် သက်သေထွက်ဆိုချက်တို့ကို အသုံးပြုမှုများ ပါဝင် နိုင်သည်။
- ကျူးလွန်ခံရသူများကို ၎င်းတို့ ပါဝင်ပတ်သက်သည့် အမှုတိုင်း၏ တိုးတက်မှုအခြေအနေကို အမြဲအသိပေးပါ။ သတင်း အချက်အလက်များကို ၎င်းတို့ အချိန်မရွေးတောင်းဆိုနိုင်ကြောင်း ပြောပြပါ။
- ခိုလှုံရာနေရာများတွင် အလုပ်လုပ်နေကြသော လူသားရင်းမြစ်အားလုံးကို လူကုန်ကူးမှုကျူးလွန်ခံရသူများနှင့် လုပ်ကိုင် ဆောင်ရွက်ပုံနှင့်ပတ်သက်၍ သင်တန်းပေးရမည်။ သင်တန်းပေးသည်ဆိုရာတွင် ခိုလှုံရေးဂေဟာ စီမံခန့်ခွဲသူနှင့် လူမှုဝန်ထမ်း များကိုသာမက လုံခြုံရေးအစောင့်များ၊ ထမင်းချက်များနှင့် သန့်ရှင်းရေးသမားများကိုပါ သင်တန်း ပေးရမည်။ ကျူးလွန်ခံရ သူတစ်ဦးနှင့် ပြုမူဆက်ဆံပုံကိုသာမက ခိုလှုံရာနေရာတစ်ခုတွင် အလုပ်လုပ်ပါက ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေ များကို သိရှိရန်လည်း သတင်းအချက်အလက်များ ပေးထားသင့်သည်။

**စိန်ခေါ်မှု။**[၇၀]

အင်ဒိုနီးရှားတွင် ကျူးလွန်ခံရသူများသည် ၎င်းတို့၏ တိုင်ကြားချက်များကို ရုပ်သိမ်းရန် ဖျောင်းဖျခံရခြင်း၊ ကျူးလွန်သူများထံမှ ခြိမ်းခြောက်မှုများ ကြုံတွေ့ရခြင်း သို့မဟုတ် ဖြစ်ပျက်ခဲ့သည့်ကိစ္စအတွက် ၎င်းတို့၏ မိဘများနှင့် ဒေသန္တရအကြီးအကဲများ၏ အပြစ်တင်ခံရခြင်းတို့ကို ကြုံတွေ့ရနိုင်သည်ဖြစ်ရာ ကျူးလွန်ခံရသူများအား ခိုလှုံရာ နေရာများအစား ၎င်းတို့၏ ရပ်ရွာများတွင် ဆက်လက်နေထိုင်ရန် ခွင့်ပြုထားခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ရကြောင်း ပါဝင်ပတ်သက်သူများက ထုတ်ဖော်ပြောကြားထားသည်။ လူကုန်ကူးခံရသူများက ရဲများကို ထွက်ဆိုခဲ့သည့် စကားများကို လွှမ်းမိုးနိုင်ရန်အတွက် လူကုန်ကူးမှု ကျူးလွန်သူများက ကျူးလွန်ခံရသူများနှင့် တွေ့ဆုံရန် ကြိုးစားလေ့ရှိသည်။ အချို့သော ကျူးလွန်ခံရသူများသည် ခိုလှုံရာနေရာတစ်ခု၌ နေစေကာမူ ၎င်းတို့အား ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ပြစ်မှုကျူးလွန်သည့်အဖွဲ့တွင် ပါဝင်သူများနှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် အဆက်အသွယ် မပြတ်ရှိကြသည်။ ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ခိုလှုံရာနေရာ၏ တည်နေရာကို ပေါက်ကြားစေနိုင်ပြီး ကျူးလွန်ခံရသူများအတွက်သာမက ခိုလှုံရာနေရာ ဝန်ထမ်းများနှင့် အခြားနေထိုင်သူများအတွက်ပါ လုံခြုံရေးအန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည်။ ကျူးလွန်သူများက ခိုလှုံရာနေရာ သို့မဟုတ် နေထိုင်ရာဂေဟာသို့ ရောက်ချလာပြီး လုံခြုံရေးအစောင့်များကို ခြိမ်းခြောက်ခြင်း၊ ခြံစည်းရိုးများ ချိုးဖျက်ခြင်းအပါအဝင် ကျူးလွန်ခံရသူများကို အန္တရာယ်ပေးသည့် ဖြစ်ရပ်များကို ပါဝင်ပတ်သက်သူများမှ ထုတ်ပြန်ထားမှုများ ရှိသည်။

**စိန်ခေါ်မှု။**[၇၁]

ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် လူမှုဝန်ထမ်းများသည် ခိုလှုံရာနေရာများတွင် နေထိုင်ကြသော လူကုန်ကူးခံရသည့် ကျူးလွန်ခံရသူ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့ရသည်။ ပြစ်မှုကျူးလွန်သူအများစုသည် ကျူးလွန်ခံရသူများနှင့် ဆွေမျိုးတော်စပ်မှုရှိပြီး အချို့ဖြစ်ရပ်များတွင် မိသားစုဝင်များသည် ပြစ်မှုတွင်ပါဝင်ကျူးလွန်သူများ ဖြစ်နေတတ်သည်။ ကလေးသူငယ်တစ်ဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာ အခြေအနေများနှင့် လိုအပ်ချက်များအပေါ် မူတည်၍ ခိုလှုံရာနေရာများသို့ လူကိုယ်တိုင် လာရောက်တွေ့ဆုံမှုများအပါအဝင် မိသားစုနှင့် ဆက်သွယ်မှုကို ကြီးကြပ်မှုအောက်တွင် ခွင့်ပြုနိုင်သည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် လူမှုဝန်ထမ်းများသည် လုပ်ဆောင်ချက်တိုင်း၏ ကောင်းကျိုးဆိုးကျိုးကို ထည့်သွင်းစဉ်းစားရန်ဆိုသည်မှာ မလွယ်ကူလှသော်လည်း ထည့်သွင်းစဉ်းစားပေးပြီး ကလေးသူငယ်အတွက် အကောင်းဆုံးဖြစ်စေမည့် အကျိုးစီးပွားကို ထည့်သွင်းစဉ်းစား ဆုံးဖြတ်ပေးရမည်။ ကိုဗစ်-၁၉ကြောင့် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများနှင့် အသွားအလာကန့်သတ်မှုများကြောင့်လည်း ကျူးလွန်ခံရသူ ကလေးသူငယ်များ ခိုလှုံရာနေရာမှ ထွက်ခွာ၍ ကျောင်းတက်ရန်မဖြစ်နိုင်တော့ပေ။ အွန်လိုင်းသင်ကြားရေးသို့ ပြောင်းလဲမှုသည် သင်ကြားရေးအခက်အခဲရှိသော ကလေးသူငယ်များကို သင်ကြားရာတွင် ခိုလှုံရေးဂေဟာဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို ပိုမိုကြီးမားလာစေသည်။ ထို့ပြင် ကျူးလွန်ခံရသည့် ကလေးသူငယ်များနှင့်ပတ်သက်သော တရားစွဲဆိုမှု များသည် ကပ်ရောဂါကာလအတွင်း နှောင့်နှေးခဲ့ရသည်။ ကလေးသူငယ်များနှင့် အလုပ်လုပ်နေသော အန်ဂျီအိုတစ်ခုက တရားရုံး၌ အမှုဖွင့်ထားသော အမှု ၆၄ ခုတွင် အမှု ၉ ခုသာ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။

---

၇၀ အင်ဒိုနီးရှား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၁ အောက်တိုဘာ ၂၀၂၁။

၇၁ ဖိလစ်ပိုင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ အောက်တိုဘာ ၂၀၂၁။

# ၄ ကျူးလွန်ခံရသူများ၏ လွတ်လပ်စွာ သွားလာလှုပ်ရှားမှုနှင့် လွတ်လပ်စွာ ပြောဆိုဆက်သွယ်မှုတို့ကို ကန့်သတ်ထားသော ခိုလှုံရေးဂေဟာများ

ကျူးလွန်ခံရသူများသည် မိမိတို့၏ ဆန္ဒနှင့်ဆန့်ကျင်၍ ၎င်းတို့၏ လုံခြုံမှုကို ကာကွယ်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ထိန်းသိမ်းရေးဂေဟာများတွင် ထားရှိခြင်းခံရသည်။ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများက ဂေဟာများတွင် ထိန်းသိမ်းထားခြင်းသည် ကျူးလွန်ခံရသူများ၏ အရေးပေါ် အကူအညီလိုအပ်ချက်များ ရရှိရန် အကောင်းဆုံးနှင့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ကျိုးကြောင်းပြလက်ခံထားတတ်ကြသည်။ နိုင်ငံအချို့တွင် မှုမမှန်ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်ကြသည့် လူကုန်ကူးခံရသူများ၏ အသွားအလာကို ကန့်သတ်ရန်အတွက် အစိုးရက လည်ပတ်သော သို့မဟုတ် အသိအမှတ်ပြုထားသော ခိုလှုံရာနေရာများတွင် ၎င်းတို့ကို ထားရှိခြင်းခံရသည်။[၇၂] စုံစမ်းစစ်ဆေးမှုများ၊ စွဲချက်တင်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက်လည်း ကျူးလွန်ခံရသူများကို ထိန်းသိမ်းရေး ဂေဟာများတွင်လည်း ထိန်းသိမ်းထားတတ်ကြသည်။ ကျူးလွန်ခံရသူအချို့ဆိုလျှင် ပြစ်မှုဆိုင်ရာ တရားစွဲဆိုသည့် ကာလတစ်လျှောက် ထိန်းသိမ်းခြင်းခံရပြီး ဝင်ငွေရှာဖွေမှုနှင့် မိသားစုနှင့်အတူ နေထိုင်မှုတို့ကို မပြုလုပ်နိုင်တော့ပေ။ အသွားအလာကန့်သတ်ထားသော ခိုလှုံရာနေရာများတွင် အတင်းအကျပ် နေထိုင်စေမှုသည် စိတ်သောကများစေပြီး ကျူးလွန်ခံရသူများ၏ လူကုန်ကူးမှုဖြစ်စဉ်ဇာတ်ကြောင်းနှင့် အတွေ့အကြုံဆိုင်ရာ ရှုထောင့်များကို အသွင်တုဖြစ်စေသည်။ ခိုလှုံနေထိုင်သူများသည် ၎င်းတို့၏ မိသားစုများနှင့် အဆက်အသွယ်မလုပ်နိုင်သဖြင့် ငယ်ရွယ်သည့် ကျူးလွန်ခံရသူများနှင့် ၎င်းတို့အား မှီခိုနေထိုင်သူများ (ဥပမာ-ကလေးသူငယ်များ) ကို စိတ်မချသော လူကြီးများအတွက် အလွန်အမင်း စိတ်သောကများစေသည်။ ဥပမာဆိုရသော် လူကုန်ကူးမှု ကျူးလွန်ခံရသူများသည် ခိုလှုံရေးဂေဟာများတွင် နှစ်ရှည်လများ နေထိုင်ရပြီး မိမိနေရပ်သို့ မပြန်နိုင်ကြတော့ပေ။

---

၇၂ McAdam, M (2021)၊ လွတ်လပ်မှုအတွက် ဆက်လက်ပေးဆပ်နေရခြင်း - ကျူးလွန်ခံရသူများအား ယင်းတို့ လူကုန်ကူးမှု ကြုံတွေ့ရပြီးနောက်တွင် ဆက်လက်ထိန်းသိမ်းထားခြင်း Bangkok: ASEAN-ACT

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူများကို ခိုလှုံရေးဂေဟာတွင် ၎င်းတို့နေထိုင်ရန် လိုအပ်သည့်အကြောင်းရင်း၊ ၎င်းတို့ နေထိုင်ရမည့် မျှော်မှန်းကြာချိန်၊ ၎င်းတို့ခိုလှုံရမည့် အခြေအနေများ၊ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ကျူးလွန်ခံရသူများ၏ အခွင့်အရေးများကို ၎င်းတို့နားလည်နိုင်သည့် ဘာသာစကားနှင့် ပုံစံဖြင့် အချက်အလက် အပြည့်အစုံပေးကာ ကျူးလွန်ခံရသူများ၏ စာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဂေဟာသို့ ဝင်လျှင်ဝင်ချင်း တောင်းဆိုရယူထားပါ။

- ကျူးလွန်ခံရသူများကို ၎င်းတို့၏ သဘောတူညီချက်အား အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ပြောပြပါ။ ခိုလှုံရာနေရာတွင် ၎င်းတို့ ဆက်လက်နေထိုင်လိုခြင်း ရှိ၊မရှိ ပုံမှန်စစ်ဆေးမေးမြန်းပါ။

- ခိုလှုံရာနေရာ သို့မဟုတ် စင်တာ၏ စည်းမျဉ်းများကို အချိန်ယူရှင်းပြပြီး ကျူးလွန်ခံရသူများအား မေးခွန်းများ မေးခွင့်ပြုပါ။ ကျူးလွန်ခံရသူများသည် လူမှုရေးနောက်ခံအမျိုးမျိုး၊ ယဉ်ကျေးမှုအမျိုးမျိုးမှ လာသည်ဖြစ်ရာ ဤစည်းမျဉ်းများသည် ၎င်းတို့အတွက် အသစ်အဆန်း ဖြစ်နေနိုင်သည်ကို သတိရပါ။ စည်းမျဉ်းများ ထားရှိရခြင်း၏ အကြောင်းပြချက်ကို ရှင်းပြပါ။ ထိုစည်းမျဉ်းများသည် ၎င်းတို့၏ ကိုယ်ရေးအချက်အလက် လုံခြုံပိုင်ခွင့်နှင့် လွတ်လပ်ခွင့်တို့ကို ချိုးဖောက်ပြီး ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာတရားတို့အပေါ် ထိခိုက်သည်ဟု ခံစားရနိုင်သည့် ကျူးလွန်ခံရသူများက အကြံပြုချက်များ ပေးလာပါက ထိုအကြံပြုချက်များကို လက်ခံပါ။

- လုံခြုံ၍ သက်ဆိုင်ရာ အစိုးရအေဂျင်စီမှ အသိအမှတ်ပြုသော/ စစ်ဆေးထားပြီးဖြစ်သော ရွေးချယ်စရာများ ရှိပါက ရပ်ရွာအခြေပြု ခိုလှုံရာနေရာ သို့မဟုတ် ဝင်ထွက်သွားလာလွယ်သော ခိုလှုံရာနေရာတစ်ခုတွင် နေထိုင်ရန် ရွေးချယ်ခွင့်ပေးပါ။

- ပတ်ဝန်းကျင်သည် ခိုလှုံရေးဂေဟာများတွင် နေထိုင်သူများအတွက် လုံခြုံသာယာမှုရှိပါစေ။ တစ်ဦးတည်းသီးသန့် နေထိုင်ရန်နေရာ၊ အိပ်ရန်နေရာ၊ ပစ္စည်းပစ္စယ ထားရန်နေရာနှင့် အနားယူရန်နေရာတို့ကို နေထိုင်သူဦးရေအတိုင်း လုံလုံလောက်လောက် ပံ့ပိုးထားရှိပေးပါ။ သွားလာလှုပ်ရှားခွင့်ကို အလွန်အကျူး မကန့်သတ်ဘဲ နေထိုင်သူများကို အပြင်လောကနှင့်လည်းကောင်း၊ လူမှုအသိုင်းအဝိုင်းနှင့်လည်းကောင်း ဘေးအန္တရာယ်ကင်းကင်း ဆက်လက် ဆက်သွယ်ခွင့်ပြုပါ။

- ဒေသခံများတွင် ခိုလှုံရာနေရာ စီမံခန့်ခွဲသူများ သို့မဟုတ် ၎င်းတို့၏ ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ၎င်းတို့ယုံကြည်ရသူထံသို့ သတင်းပို့နိုင်သော နည်းလမ်းတစ်ခု ရှိပါစေ။

- ကျူးလွန်ခံရသူများ၏ မိုဘိုင်းဖုန်းများအပါအဝင် ကိုယ်ရေးကိုယ်တာပစ္စည်းများကို သိမ်းယူခြင်းမှ ရှောင်ရှားပါ။ ကျူးလွန်သူများက ၎င်းတို့နှင့် ဆက်သွယ်မှုမပြုနိုင်စေရေးနှင့် ခိုလှုံရာနေရာများ/ ခိုလှုံရေးစခန်းများ၏ တည်နေရာကို ရှာမတွေ့စေရေးအတွက် ၎င်းတို့၏ မိုဘိုင်းဖုန်းများကို ပိတ်ထားရန် ကျူးလွန်ခံရသူများအား ပြောပါ။ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအား ကျူးလွန်သူများကို ခိုလှုံရာနေရာများ၏ တည်နေရာကို သိစေခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်နှင့် အန္တရာယ်ဖြစ်နိုင်ခြေကို အသိပေးပါ။ ဖြစ်နိုင်ပါက ကျူးလွန်ခံရသူများ၏ မိုဘိုင်းဖုန်းများတွင် ဆင်းကတ်နံပါတ်အသစ်တစ်ခု တပ်ဆင်ပေးပါ။ ကျူးလွန်ခံရသူများက ၎င်းတို့၏ မိသားစုဝင်များ သို့မဟုတ် ၎င်းတို့ အမြဲတစေ ယုံကြည်ရသူများနှင့် ဆက်သွယ်ရန် လိုအပ်ပါက ကြီးကြပ်မှုအောက်တွင် ဆက်သွယ်ခွင့်ပြုပါ။

**အာဆီယံ ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်တွင်** ကျူးလွန်ခံရသူတစ်ဦးစီသည် ရရှိနိုင်သော အချက်အလက်အားလုံးအပေါ်မူတည်၍ ရွေးချယ်မှုတစ်ခုကို တစ်ပါးသူစွက်ဖက်မှုမပါဘဲ လွတ်လပ်စွာ ပြုလုပ်နိုင်သင့်သည် ဟု ဖော်ပြထားသည်။ ကျူးလွန်သူများသည် ကနဦးဆက်သွယ်မှုမှ လူမှုပြန်လည်ပေါင်းစည်းမှုအထိ ၎င်းတို့ရရှိထားသော အကူအညီတိုင်းကို အပြည့်အဝ သဘောတူ ခွင့်ပြုမှုရှိရမည်။ သဘောတူခွင့်ပြုမှု ရမရသေချာစေရန် သက်ဆိုင်ရာ လုပ်ဆောင်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်တိုင်းကို ကျူးလွန်ခံရသူနားလည်နိုင်သည့် နည်းလမ်းဖြင့် ရှင်းပြရန် ဝန်ဆောင်မှု ပေးသူများတွင် တာဝန်ရှိသည်။ အကူအညီပေးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်တွင်  ကျူးလွန်ခံရသူမှ စာဖြင့် သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း  သဘောတူခွင့်ပြုမှုပေးရန် လိုအပ်သည်။ ဝန်ဆောင်မှုပေးသူ တစ်ဦးက ကျူးလွန်ခံရသူ နားလည်နိုင်သည့် ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်မှု မပြုလုပ်နိုင်ပါက စာဖြင့်၊ နှုတ်ဖြင့် ပြောဆိုဆက် သွယ်မှုအတွက် (လူကုန်ကူးခံရသူများနှင့် အလုပ်လုပ်ရန် လေ့ကျင့်ပေးထားသော) စကားပြန်တစ်ဦး၏ အကူအညီရရှိရန် အစွမ်းကုန် အားထုတ်ကြိုးစားရမည်။

**အလေ့အထကောင်း။**[72]

ဖိလစ်ပိုင်တွင် အချို့သော ခိုလှုံရာနေရာများကို လူကုန်ကူးမှု ကျူးလွန်ခံရသည့် ကလေးသူငယ်များ “အိမ်” တစ်အိမ် ကဲ့သို့ ခံစားမိစေရန် ဒီဇိုင်းဆွဲ ဆောက်လုပ်ထားသည်။ ဥပမာအနေဖြင့် ပြင်ပ ပတ်ဝန်းကျင်ကို ကလေးသူငယ်များ မြင်နိုင်လောက်သည့် ခြံစည်းရိုးအနိမ့်များ ရှိခြင်း၊ ခိုလှုံရာနေရာဖြစ်သည်ဟု ရည်ညွှန်းသော အမှတ်အသားများ အဆောက်အအုံတွင် မရှိခြင်း၊ ခိုလှုံရာနေရာသည် အလုံပိတ် အကျဉ်းထောင်ကဲ့သို့ မခံစားရခြင်း၊ လူမှုဝန်ထမ်းများ၊ စိတ်ပညာရှင်နှင့် “အိမ်နေမိဘများ” ကို ခိုလှုံရာနေရာတွင် ဝန်ထမ်းခန့်ထားခြင်းတို့ ဖြစ်သည်။ ကလေးသူငယ်များသည် ခိုလှုံရာနေရာပြင်ပရှိ ကျောင်းသို့ တက်ရောက်ခွင့်လည်းရှိသည်။ တရားရုံး လုပ်ငန်းစဉ်များတွင် ပါဝင်နေသော ကလေးသူငယ်များကို ၎င်းတို့၏ ခိုလှုံရာနေရာတွင် နေရာချထားမှု၊ ၎င်း၏ တရားစွဲဆိုမှုတို့နှင့် ပတ်သက်၍ အသိပေး သည်။ ၎င်းတို့၏ ခိုလှုံရာနေရာတွင် နေရာချထားမှုအပေါ် အမြင်များကိုလည်း ထည့်သွင်းစဉ်းစားသည်။ ကလေးသူငယ် များသည် ၎င်းတို့နေထိုင်ရန် ဆန္ဒရှိသည်ဟု မဆုံးဖြတ်မီ ခိုလှုံရာနေရာတစ်ခုတွင် စမ်းသပ်နေထိုင်ရန် အချိန်တစ်ပတ် ရသည်။

**အလေ့အထကောင်း။**[73]

စင်္ကာပူအစိုးရသည် လူကုန်ကူးမှု ကျူးလွန်ခံရသူများအတွက် ခိုလှုံရာနေရာနှင့် ပြုစုစောင့်ရှောက်မှုပေးရန် အန်ဂျီအို အနည်းငယ်ကို ရန်ပုံငွေ ထောက်ပံ့ပေးသည်။ စင်္ကာပူအာဏာပိုင်များသည် ရုပ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုခံရသူများမှလွဲ ၍ ကျူးလွန်ခံရသူအများစုကို ခိုလှုံရာနေရာများပြင်ပ၌ လွတ်လပ်စွာသွားလာခွင့် ပြုထားသည်။ ကျူးလွန်ခံရသူများသည် ခြောက်လကြာ ယာယီအလုပ်စီမံကိန်းတွင် လေ့ကျင့်/အလုပ်လုပ်ရန် ခိုလှုံရာနေရာများမှ ထွက်ခွာနိုင်သည်။ လက်ရှိ တရားစွဲဆိုမှုများတွင် ပါဝင်နေသော ကျူးလွန်ခံရသူများအတွက် ယာယီအလုပ်စီမံကိန်းကို သက်တမ်းတိုးနိုင်သည်။ ဤသို့ သွားလာလှုပ်ရှားမှုကို အမှုတစ်ခုချင်းစီအလိုက် ရရှိသည်။ ခိုလှုံရေးဂေဟာတစ်ခုတွင် ပိတ်လှောင်ထားခြင်းသည် နေထိုင်သူများ၏ စိတ်ကျန်းမာရေးကို ဆိုးရွားစေသည်ဟု အာဏာပိုင်များက သဘောတူသည်။ လူကုန်ကူးခံရသူများ၏ အလုပ်အကိုင်ရရှိမှုကို စင်္ကာပူဥပဒေက အလေးပေးထားခြင်း မရှိသော်လည်း အမှုစစ်အရာရှိ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ ခွင့်ပြုထားသည်။

၇၂ ဖိလစ်ပိုင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ အောက်တိုဘာ ၂၀၂၁။
၇၄ Singapore stakeholder အဖွဲ့ တစ်ဖွဲ့နှင့် တွေ့ဆုံမေးမြန်းမှု။ ၂၈ နိုင်ဝင်ဘာ ၂၀၂၁

**အလေ့အထကောင်း။**[၇၅]

ထိုင်းနိုင်ငံရှိ 'Happy Shelter' ပုံစံငယ်ကို လူကုန်ကူးခံရသူများအား ခိုလှုံခွင့်ပေးရာတွင် တယ်လီဖုန်း လွတ်လပ်စွာ အသုံးပြုခွင့်ပေးခြင်း၊ မိသားစုများကို ထောက်ပံ့ရန် ဝင်ငွေလည်ပတ်စေသည့် လုပ်ဆောင်မှု များတွင် ပါဝင်ရန် အားပေး ခြင်းနှင့် ကျူးလွန်ခံရသူများ၏ စိတ်ဒဏ်ရာနှင့် စိုးရိမ်မှုများကိုလျှော့ချခြင်းစသော ကျူးလွန်ခံရသူ အခြေပြုချဉ်းကပ်မှုဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ အစိုးရသည် ကျူးလွန်ခံရသူများ၏ တစ်ဦးချင်းလိုအပ်ချက်နှင့် အလုပ်အကိုင် ရည်မှန်းချက်များ ကို ထည့်သွင်းစဉ်းစားထားသော လုပ်ငန်းခွင်သင်တန်းများ ပို့ချပေးရန် ဒေသခံအရပ်ဘက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည်။ ၎င်းသည် ကျူးလွန်ခံရသူ တဖန်ပြန်လည်ဖြစ်ခြင်းကို တားဆီးရန်နှင့် တည်မြဲသော ဘဝသစ် တစ်ခု စတင်ရန်တို့အတွက် လှုံ့ဆော်ပေးရန် ရည်ရွယ်သည်။ မကြာသေးမီက ပြည်ထဲရေး ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာနတို့သည် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ပါဝင်ပတ်သက်နေသော နိုင်ငံခြားသား ကျူးလွန်ခံရသူ မျက်မြင်သက်သေများကို နိုင်ငံအတွင်း ဆက်လက်နေထိုင်ရန်နှင့် ခိုလှုံရာနေရာပြင်ပတွင် အလုပ် လုပ်ကိုင်ရန်အတွက် အထူးခွင့်ပြုချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ခိုလှုံရာနေရာတွင် နေထိုင်သူများသည် Line Application ကို အသုံးပြု၍ ၎င်းတို့၏မိသားစုများနှင့် ဗီဒီယိုချတ်(video-chat)ပြီးနောက် ပိုမိုပျော်ရွှင်ကြကြောင်း ပြောကြား ခဲ့ကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော သွားလာမှု ကန့်သတ်ချက်များကို လျှော့ပါးစေရန် ဤနည်းလမ်းကို စတင် အသုံးပြုခဲ့ခြင်းဖြစ်သည်။

**စိန်ခေါ်မှု။**[၇၆]

ထိုင်းဥပဒေသည် လူကုန်ကူးခံရသူများကို ခိုလှုံရာနေရာများတွင်သာ နေထိုင်ရန် အတင်းအကြပ် စေခိုင်းခြင်း မပြု သော်လည်း အချို့သော အုပ်စုများကို နိုင်ငံတော်က အကာအကွယ်ပေးရန် လိုအပ်သည်၊ အထူးသဖြင့် စနစ်တကျ ကျူးလွန်ခြင်းခံရသည့် လူကုန်ကူးခံရသူများကို အစိုးရက အကာအကွယ်ပေးရန် လိုအပ်သည်ဟု ယူဆထားသည်။ ဤကျူးလွန်သူများကို အာဏာပိုင်များက အိမ်ပြန်ရန် ဘေးကင်းသည်ဟု မသတ်မှတ်မချင်း ခိုလှုံရာနေရာများတွင် ထားရှိလေ့ရှိသည်။ သို့သော် အချို့သော ကျူးလွန်ခံရသူများသည် ခိုလှုံရာနေရာများကို ထိန်းသိမ်းရေးစင်တာများ သို့မဟုတ် 'အန္တရာယ်ရှိသောနေရာများ'ဟု အထင်မှားအောင် လှည့်စားခြင်းခံထားရသောကြောင့် ခိုလှုံရာနေရာများ တွင် မနေချင်ကြပေ။ ထိုင်းနိုင်ငံ အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းမှု အလုပ်ရုံဆွေးနွေးပွဲများမှ လက်တွေ့လုပ်ကိုင် ဆောင်ရွက်သူများ၏ အဆိုအရ ၎င်းတို့သည် ထွက်ပြေးရန်ကြိုးစားလေ့ရှိကြသည်။

---

၇၅ ထိုင်း အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၈ အောက်တိုဘာ ၂၀၂၁။
၇၆ ထိုင်း အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၈ အောက်တိုဘာ ၂၀၂၁။

# ၅ အထူးစီမံထားသော တစ်ဦးချင်း ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုတို့ မရှိခြင်း

ခိုလှုံရာနေရာ အများစုသည် အမှုတစ်ခုချင်းအလိုက် ဝန်ဆောင်မှုအစီအစဉ်များပေါ်အခြေခံ၍ ပြည့်စုံသော တစ်သမတ်တည်း ပြုစုစောင့်ရှောက်မှု မပေးနိုင်ကြပါ။ အထူးဝန်ဆောင်မှုများ တည်ရှိနေသည့်နေရာတွင်မူ အမျိုးသမီးများနှင့် မိန်းကလေးများကိုသာ အာရုံစိုက်လေ့ရှိပြီး အမျိုးသားများနှင့် ယောကျာ်းလေးများ၊ မသန်စွမ်းသူများစသော လူအုပ်စုများ၏ လိုအပ်ချက်များကို လျစ်လျူရှုထားကြသည်။ ခိုလှုံရာနေရာဝန်ထမ်းများကို စိတ်ဒဏ်ရာပိုင်းဆိုင်ရာ ဂရုပြုစောင့်ရှောက်ပေးမှုနှင့် ပတ်သက်၍ လုံလောက်စွာ လေ့ကျင့်ပေးထားမှု မရှိခြင်းကြောင့် လူကုန်ကူးခံရသူများ၏ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ဖြေရှင်းရာတွင် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ ၎င်းတို့၏ အထူးအခြေအနေများနှင့် လိုအပ်ချက်များအတိုင်း အံဝင်ခွင်ကျဖြစ်သော တစ်ဦးချင်း ပြုစုစောင့်ရှောက်မှုနှင့် ကူညီမှုမရှိခြင်းတို့သည် ရေရှည်တွင် ကျူးလွန်ခံရသူများ၏ ပြန်လည်ကုစားမှု အပေါ်တွင် ဆိုးရွားစွာ သက်ရောက်မှုရှိနိုင်သည်။ ၎င်းတို့၏ ခိုလှုံရာနေရာများတွင် နေလိုမှုနှင့် အကူအညီရလိုမှု များကိုလည်း ဟန့်တားကောင်းဟန့်တားစေနိုင်သည်။

**ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ထုတ်ဝေသော လူကုန်ကူးခံရသူများအတွက် တိုက်ရိုက်ကူညီမှု လက်စွဲစာအုပ်တွင် ကျူးလွန်ခံရသူတစ်ဦးချင်း၏ ကိစ္စအလိုက် ဝန်ဆောင်မှုအစီအစဉ်များကို အခြေခံ၍ အရည်အသွေး ကောင်းမွန်သော ကာကွယ်မှုနှင့် အကူအညီပေးရန် ခိုလှုံရာနေရာများကို အကြံပြုထားသည်။**



Photo by Rawena Russell

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူများကို လူတစ်ဦးချင်းစီအလိုက် သီးခြားရှုမြင်ပေးပြီး ၎င်းတို့၏ မတူညီသော လိုအပ်ချက်များကို အသိအမှတ်ပြုပါ။ ခိုလှုံရာနေရာပြင်ပတွင် စာသင်ကြားခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းတို့ အပါအဝင် တစ်ဦးချင်းအလိုက် လူမှုစိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေး/အသက်မွေးမှု အစီအစဉ်များကို ၎င်းတို့နှင့်အတူ ဒီဇိုင်းရေးဆွဲပါ။ ကျူးလွန်ခံရသူများကို ဝန်ဆောင်မှုအတွက် ရွေးချယ်မှုများ ထပ်မံပေးအပ်ရာတွင် လွှဲပြောင်းမှုကွန်ရက်များကို အသုံးပြုရန် ဝန်မလေးပါနှင့်။

- ကျူးလွန်ခံရသူများ၏ ဆေးဘက်ဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို လျှို့ဝှက်ထိန်းသိမ်းပြီး ပုံမှန် စစ်ဆေးပါ။ လူကုန်ကူးခံရသူများက နှစ်သိမ့်ဆွေးနွေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့လိုအပ်ပါက ရရှိခွင့်ရှိပါစေ။ အဖွဲ့အစည်းတစ်ခုအတွင်းရှိ သို့မဟုတ် အများပြည်သူနှင့် ပုဂ္ဂလိက လက်တွေ့လုပ်ကိုင် ဆောင်ရွက်သူများမှတစ်ဆင့် "ခိုလှုံရာနေရာအတွင်း" ၌ပင် ဝန်ဆောင်မှုပေးသူများထံမှ ထောက်ပံ့မှုရရှိနိုင်သည်။

- စိတ်ဒဏ်ရာပြုစုစောင့်ရှောက်မှု အလေ့အထ အပါအဝင် စိတ်ပိုင်းဆိုင်ရာ အကူအညီနှင့် နှစ်သိမ့်ဆွေးနွေးမှုတို့ကို ဆောင်ရွက်ရာတွင် လိုအပ်သော ကျွမ်းကျင်မှုများရှိပြီး လူကုန်ကူးခံရသူများနှင့်အတူ ဂရုပြုလုပ်ကိုင်နိုင်သော ကျွမ်းကျင်အတတ်ပညာရှင်များကသာ ဆောင်ရွက်ရမည်။

- ကလေးသူငယ်များအတွက်ဆိုလျှင် ၎င်းတို့၏ အသက်အရွယ်၊ ကြီးထွားဖွံ့ဖြိုးမှုနှင့် လူကုန်ကူးခံရမှု အတွေ့အကြုံ တို့အပေါ်မူတည်၍ ထပ်ဆောင်း အထူးစီမံချက်များ လိုအပ်သည်။ ကျူးလွန်ခံရသူ ကလေးသူငယ်များကို ၎င်းတို့၏ တစ်ဦးချင်းအလိုက် ဖြစ်ရပ်စီမံခန့်ခွဲမှု အစီအစဉ်၏ တိုးတက်မှုတွင် ပါဝင်ပါစေ။ ၎င်းတို့ကို လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အလုပ်လုပ်ရန် လေ့ကျင့်ပေးထားသော ဝန်ဆောင်မှုပေးသူများထံ လွှဲပြောင်းပေးပါ။

- ခိုလှုံရာနေရာများနှင့် အခြားနေထိုင်ရာအဆောက်အအုံများတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော် လက်ခံဆောင်ရွက်ပါ။ ဝန်ထမ်းများ၏ အလွဲသုံးစားပြုမှု/ နှိပ်စက်ညှင်းပန်းမှု မဖြစ်စေရန်အတွက် ဝန်ထမ်းများကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒအတိုင်း လေ့ကျင့်ပေးထားရမည်။

- ကျူးလွန်ခံရသူများ၏ ပြန်လည်ကုစားမှု လုပ်ငန်းစဉ်တွင် ကူညီနိုင်ရန် ခိုလှုံရာနေရာအတွင်း၌ အသက်အရွယ်တူချင်း ထောက်ပံ့သော ကွန်ရက်များ ဖန်တီးမှု သို့မဟုတ် ယခင်လွတ်မြောက်ခဲ့သူများ၏ အတွေ့အကြုံ မျှဝေခြင်းတို့ကို ပြုလုပ်ရန်အားပေးပါ။ ၎င်းတို့၏ အတွေ့အကြုံနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မျှဝေရန် အဆင်သင့် မဖြစ်သေးပါက သို့မဟုတ် မျှဝေရန် ဆန္ဒမရှိပါက မည်သည့်ကျူးလွန်ခံရသူကိုမှ တွန်းအားမပေးရန် သတိပြုပါ။ အုပ်စုတွင်း၌ လျှို့ဝှက်ထိန်းသိမ်းမှုနှင့် လေးစားမှုဆိုင်ရာ အခြေခံစည်းမျဉ်းများ ထားရှိပါ။

**အလေ့အထကောင်း။**[၇၇]

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဘေးကင်းလုံခြုံရေးဝန်ကြီးဌာန (MSDHS)က အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံး ချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်သို့ ပြောင်းလဲပြုမူနေထိုင်သူ၊ ကျား-မအခြေပြုသတ်မှတ်ချက်များအောက်တွင် မနေသူနှင့် မည်သည့်လိင်ဝိသေသဖြစ်သည်ကို မွေးရာပါလိင်အင်္ဂါဖြင့် သတ်မှတ်၍မရသူ (LGBTQI+)များကို အသိအမှတ်ပြုသည်။ ကျူးလွန်ခံရသူ LGBTQI+များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကူညီထောက်ပံ့ရန်အတွက် ထိုင်းနိုင်ငံတွင် ခိုလှုံရာ နေရာတစ်ခုကို သတ်မှတ်ထူထောင်ရန် တိုးတက်မှုများ ရှိနေပြီဖြစ်သည်။[၇၈] ထို့ပြင် LGBTQI+ အုပ်စု၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ခိုလှုံရာ နေရာတိုင်း၌ ကိုယ်ပိုင်နေရာတစ်ခု ထည့်သွင်းပြုလုပ်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

**အလေ့အထကောင်း။**[၇၉]

စင်္ကာပူအခြေစိုက် အန်ဂျီအိုဖြစ်သော H.O.M.E (ရွှေ့ပြောင်းနေထိုင်သူများ၏ စီးပွားရေး လုပ်ငန်းဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်း)က အလွဲသုံးစားပြုကာ ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရသော ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအတွက် ခိုလှုံရာနေရာတစ်ခု စီမံပြုလုပ်ထားသည်။ စိတ်ကျန်းမာရေးပြဿနာများနှင့် သက်ဆိုင်သည့် အယူအဆစံသတ်မှတ်ချက် အလွဲကြောင့် ခိုလှုံရာနေရာတွင် နေထိုင်သူအများစုသည် နှစ်သိမ့်ဆွေးနွေးမှု ရယူရန် ဝန်လေးနေကြသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် စိတ်ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ရယူခြင်း၏ အကျိုးကျေးဇူးများကို နေထိုင်သူများအား နားလည်သဘောပေါက်သည်အထိ ရှင်းပြစေပြီး နှစ်သိမ့်ဆွေးနွေးမှုကို နေထိုင်သူများအားလုံး မဖြစ်မနေရရှိရမည်ဟု ဆုံးဖြတ်ခဲ့သည်။

**အလေ့အထကောင်း။**

ဖိလစ်ပိုင် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းမှ တည်ထောင်သော She WORKS အဖွဲ့အစည်းသည် လိင်ကုန်ကူးခံရမှုမှ လွတ်မြောက်လာသော အမျိုးသမီးများကို စုစည်းကာ ခေါင်းဆောင်မှုစွမ်းရည်များ ဖြည့်ဆည်းပေးပြီး အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကျွမ်းကျင်မှုများ သင်တန်းပို့ချပေးသော ယုံကြည်မှုအခြေခံ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယင်းအဖွဲ့အစည်းကို လူကုန်ကူးမှုမှ လွတ်မြောက်လာသူ အုပ်စုတစ်စုမှ ဖွဲ့စည်းထားခြင်းဖြစ်ပြီး လိင်ပိုင်းဆိုင်ရာ ခေါင်းပုံအမြတ်ထုတ်ပြီး လူကုန်ကူးခံရမှု၏ အမည်းစက်ကြောင့် ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းတွင် သီးခြားဖြစ်ကာ စွမ်းဆောင်ရည်မဲ့နေသည့် “ပြန်လည်ပေါင်းစည်းမိသော” အမျိုးသမီးများကို ထောက်ပံ့သော အဖွဲ့တစ်ခုအဖြစ် ၂၀၁၅ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ ဤအမျိုးသမီးအများစုသည် စိတ်ဒဏ်ရာ ပြင်းထန်စွာရခဲ့ဖူးသော အိမ်ထောင်ဘက်မရှိတော့သည့် မိခင်များ ဖြစ်ကြသည်။ ၎င်းတို့၏ ပြန်လည်ကုစားမှုနှင့် စီးပွားရေး အမှီအခိုကင်းမဲ့မှု ခရီးလမ်းသည် မလွယ်ကူသဖြင့် ၎င်းကို ထောက်ပံ့ပေးရာတွင် She WORKS သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။[၈၀]

---

၇၇ ထိုင်း အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၈ အောက်တိုဘာ ၂၀၂၁။
၇၈ ၁ ဇွန် ၂၀၂၂ မှစ၍။
၇၉ HOME Singapore နှင့် တွေ့ဆုံမေးမြန်းမှု။ ၁ ဒီဇင်ဘာ ၂၀၂၁
၈၀ She WORKS နှင့် တွေ့ဆုံမေးမြန်းမှု။

# နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး

ကျူးလွန်ခံရသူများ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် အမည်မဖော်မှုတို့ကို ငဲ့ကွက်သောအားဖြင့် ၎င်းတို့အား ဇာစ်မြစ်ဒေသသို့ ပြန်ပို့ခြင်းသည် ဘေးအန္တရာယ် ကင်းသင့်သလို ဂုဏ်သိက္ခာလည်း ရှိသင့်ပါသည်။ ကျူးလွန်ခံရသူတိုင်း၏ နေရပ်ပြန်မှုသည် ၎င်းတို့ဆန္ဒအလျောက်သာ ဖြစ်သင့်သည်။ ဆန္ဒရှိသော ကျူးလွန်ခံရသူများ နေရပ်ပြန်နိုင်ရန်အတွက် မဖြစ်သင့်သော သို့မဟုတ် အဓိပ္ပါယ်မရှိသော ကြန့်ကြာမှုများ မရှိစေဘဲ အထောက်အကူပေးသင့်သည်။[၈၁] အထူးသဖြင့် နေရပ်ပြန်ခြင်းသည် ၎င်းတို့၏ ဘေးကင်းမှုနှင့် ကျန်းမာပျော်ရွှင်မှုကို ထိခိုက်နိုင်သောကြောင့် နေရပ်မပြန်နိုင်ကြသူများ အတွက်မူ အခြား ရွေးချယ်စရာများကို ရှာဖွေပေးသင့်သည်။

စီစဉ်မှုကောင်းမွန်၍ အထောက်အကူပေးသော နာလန်ထူရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး စီမံကိန်းသည် လူကုန်ကူး ခံရသူများ၏ ဂုဏ်သိက္ခာနှင့် ကျန်းမာပျော်ရွှင်မှုတို့ကို ပြန်လည်မြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၎င်းသည် ကျူးလွန်ခံရသူများ သူတို့၏ မိသားစု သို့မဟုတ် ရပ်ရွာ အသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းနိုင်ရန် အပါအဝင် ဘဝကို ရှေ့ဆက်လျှောက်လှမ်းနိုင်ရန် အကူအညီပေးပါသည်။ စီစဉ်မှုကောင်းမွန်သော နာလန်ထူရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး စီမံကိန်းကို ကျူးလွန်ခံရသူများ နေရပ်ပြန်ရောက်ကာ ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းချိန်တွင် လုပ်ဆောင်ရလေ့ရှိပြီး ယင်းအချိန်မှာ ၎င်းတို့ နောက်ဆက်တွဲထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့နိုင်ခြေအများဆုံးအချိန်ဖြစ်သောကြောင့် ဤစီမံကိန်းသည် ဘေးကင်းစွာ နေရပ်ပြန်ခြင်း၏ မရှိမဖြစ်ကဏ္ဍ တစ်ခုလည်း ဖြစ်ပါသေးသည်။[၈၂]

---

၈၁ ASEAN (2019)၊ လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWCဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် လုပ်ကိုင်ဆောင်ရွက်သူများ၏ စံပြ အကောင်အထည်ဖော်ရေး ကိရိယာအစုံ၊ Jakarta: ASEAN Secretariat

၈၂ ASEAN (2019)၊ လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWCဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် လုပ်ကိုင်ဆောင်ရွက်သူများ၏ စံပြ အကောင်အထည်ဖော်ရေး ကိရိယာအစုံ၊ Jakarta: ASEAN Secretariat



*ပလာမို လုပ်ထုံးလုပ်နည်း (Palermo Protocol)* ၏ အပိုဒ် (၈) ၌ ကျူးလွန်ခံရသူများအား နေရပ်ပြန်ပို့မှုတိုင်းကို လုပ်ဆောင်ရာတွင် ၎င်းတို့၏ ဘေးကင်းရေးကိုသာ ငဲ့ကွက်ရမည်ဖြစ်ပြီး ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများတွင် ကျူးလွန်ခံရသူ၏ ပူးပေါင်းဆောင်ရွက်ခြင်း၊ မဆောင်ရွက်ခြင်းနှင့် သက်ဆိုင်မှု မရှိစေရဟု ပါရှိသည်။

*ACTIP* ၏ အပိုဒ်(၁၅)တွင်မူ ကျူးလွန်ခံရသူများကို နေရပ်ပြန်ပို့ရာတွင် "ယင်းပုဂ္ဂိုလ်၏ ဘေးကင်းရေးကို ငဲ့ကွက်၍" လုပ်ဆောင်ရမည်ဟု ဖော်ပြထားသည်။

**အာဆီယံ၏ လူကုန်ကူးခံရသူအမျိုးသမီးများနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်သည် လူကုန်ကူးခံရသူများ အပြည့်အဝ နာလန်ထူရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးကို သေချာစွာ ဆောင်ရွက်စေမည့် ပြည့်စုံကောင်းမွန်သော စီမံကိန်းတစ်ခု အား ဇာစ်မြစ်နိုင်ငံတွင် ဖော်ဆောင်ရန် တောင်းဆို ထားသည်။ ဤစီမံကိန်းသည် ကျူးလွန်ခံရသူများ၏ စိတ်ကျန်းမာရေး၊ ရုပ်ကျန်းမာရေးကို တိုးတက်စေကာ လူမှုရေးနှင့် စီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ဝန်ဆောင်မှုအပြည့်အစုံကို ပေးသင့်သလို နေရပ်ပြန်လာသော လူကုန်ကူးခံခဲ့ရ သူများအား ကဲ့ရဲ့ပြစ်တင်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို ကာကွယ်ရန်လည်း အသိပညာမြှင့်တင် ပေးသင့်သည်။**[၈၃]

အောက်ဖော်ပြပါ ထိခိုက်နစ်နာမှုများကို အာဆီယံတွင်း နေရပ်ပြန်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး လုပ်ငန်းစဉ်တွင် အတွေ့ရများသော ထိခိုက်နစ်နာမှုများအဖြစ် သတ်မှတ်ဖော်ထုတ်ထားပါသည်။ ရှေ့ဦး တုံ့ပြန်ဆောင်ရွက်သူ သို့မဟုတ် အထောက်အကူပေးသူ တစ်ဦးအနေဖြစ်သော သင်သည် အောက်ဖော်ပြပါ ထိခိုက်နစ်နာနိုင်ခြေများကို သိရှိထားရန် လိုအပ်ပြီး ယင်းထိခိုက်နစ်နာမှုများကို ကာကွယ်ရန် သို့မဟုတ် လျှော့ချရန် နည်းလမ်းတစ်ခုအဖြစ် ပေးထားသော ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်ကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်ပါသည်။

၈၃ အပိုဒ် ၃.၇.၁ ကို ကြည့်ပါ။

# ၁ မူလနေရပ်သို့ အတင်းအကျပ် ပြန်ခိုင်းခြင်း

လူကုန်ကူးခံရသူများတွင် နေရပ်သို့ပြန်ရန် စိုးရိမ်ပူပန်မှုများ ရှိနေနိုင်ပါသည်။ ၎င်းတို့သည် ၎င်းတို့၏ ရပ်ရွာ အသိုင်းအဝိုင်းနှင့် မိသားစု၏ တုံ့ပြန်ပုံအပေါ် ပူပန်တတ်ကြသလို ရင်ဆိုင်ရနိုင်သော ကဲ့ရဲ့ပြစ်တင်မှုများကိုလည်း စိုးရိမ်တတ်ကြသည်။ ကျူးလွန်ခံရသူ တစ်ဦးတစ်ယောက်ချင်းစီသည် ၎င်းတို့ခံခဲ့ရသော ခေါင်းပုံဖြတ်အမြတ်ထုတ်မှု အမျိုးအစားကြောင့် သို့မဟုတ် မျှော်မှန်းထားသော ငွေကြေး ပြန်မပါလာမှုကြောင့် ရှက်ရွံ့မှုကိုလည်း ခံစားကောင်း ခံစားရနိုင်ပါသည်။ ၎င်းတို့သည် အထူးသဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး အေဂျင်စီများနှင့် ပူးပေါင်း ဆောင်ရွက်မှုကြောင့် သို့မဟုတ် အကြွေးတင်နေသော ပိုက်ဆံကို ပြန်မပေးနိုင်သောကြောင့် လူကုန်ကူးသူတို့၏ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများနှင့်လည်း ရင်ဆိုင်ရနိုင်ပါသည်။[၈၄]

ကျူးလွန်ခံရသူများ၏ မိသားစုများက လူကုန်ကူးခံရမှုတွင် ပါဝင်နေသောအခါတွင် သို့မဟုတ် အတိတ်တွင် မိသားစုတွင်း အကြမ်းဖက်မှုနှင့် နှိပ်စက်ညှင်းပန်းမှု ဖြစ်ရပ်များ ရှိသောအခါတွင် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းသည် ပို၍ ရှုပ်ထွေးလာပါသည်။ ဤဖြစ်ရပ်များတွင် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းသည် ကျူးလွန်ခံရသူ၏ ပြန်လည် ပေါင်းစည်းရေး ဖြစ်စဉ်တွင် အပြုသဘောဆောင်သော သက်ရောက်မှု တစ်ရပ် ဖြစ်နိုင်မည် မဟုတ်ပါ။

ကျူးလွန်ခံရသူများကို ၎င်းတို့၏ မူလနေရပ်သို့ ပြန်ပို့ရာတွင် လူကုန်ကူးခံရစေခဲ့သော ပုံစံတူအခြေအနေများထံ ပြန်ပို့မိခြင်း သို့မဟုတ် အထောက်အပံ့ဆိုင်ရာ အကန့်အသတ်အလွန်များသော အခြေအနေတွင် ထားရှိမိခြင်းဟူသော အန္တရာယ်ဖြစ်နိုင်ခြေများလည်း ရှိပါသည်။[၈၅] ဤအန္တရာယ်ဖြစ်နိုင်ခြေအားလုံးသည် ကျူးလွန်ခံရသူ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှုအပေါ် နောက်ဆက်တွဲ သက်ရောက်မှုများရှိသလို ထပ်မံလူကုန်ကူးခံရနိုင်ခြေကိုလည်း တိုးမြှင့်ပေးပါသည်။




၈၄ ASEAN (2016) ကလေးသူငယ်များအား အထူးအလေးပေးသော လူကုန်ကူးမှုကျူးလွန်ခံရသူများအား စိစစ်အတည်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထိတွေ့ ဆက်ဆံခြင်းတို့နှင့် သက်ဆိုင်သော အာဆီယံဒေသအတွင်းရှိ ဥပဒေများ၊ မူဝါဒများနှင့် အလေ့အထများအပေါ် ဒေသဆိုင်ရာ ပြန်လှန်သုံးသပ်ချက်နှင့် လူကုန်ကူးမှုများတွင် နိုင်ငံတကာဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လက်စွဲစာအုပ်။ Jakarta: ASEAN Secretariat

၈၅ UNODC (2009)၊ ပြစ်မှုတရားစီရင်ရေး လက်တွေ့ဆောင်ရွက်နေသူများအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း လက်စွဲစာအုပ် - လူကုန်ကူးမှုများ စုံစမ်းစစ်ဆေးရာတွင် အန္တရာယ် ဖြစ်နိုင်ခြေကို စိစစ်အကဲဖြတ်ခြင်း။ New York: UNODC

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူတစ်ဦးကို မူလနေရပ်သို့ မည်သည့်အခါမျှ အတင်းအကျပ် မပြန်ခိုင်းပါနှင့်။[၈၆] ကျူးလွန်ခံရသူ နေရပ် ပြန်ခြင်းသည် ၎င်း၏ ဆန္ဒအလျောက်သာ ဖြစ်ရမည် ဖြစ်ပြီး ကျူးလွန်ခံရသူ၏ သိရှိ သဘောတူညီမှု၊ ဖြစ်နိုင်ပါက စာဖြင့် ရေးသားထားသော သဘောတူခွင့်ပြုချက်အပေါ် အခြေခံရပါမည်။[၈၇]

- ဤရွေးချယ်မှုသည် ကျူးလွန်ခံရသူအတွက် သင့်လျော်ခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန်အလို့ငှာ နေရပ်မှ မိသားစုနှင့် အသိုင်းအဝိုင်းကို အလုံးစုံစစ်ဆေးအကဲဖြတ်မှု ပြုလုပ်ပါ။ နေရပ်ပြန်လျှင် ထိခိုက်နစ်နာမှုတို့နှင့် ကြုံတွေ့ရနိုင်ကြောင်း သံသယဖြစ်စရာ အကြောင်းရင်းများ ရှိနေပါက အခြားရွေးချယ်စရာ အစီအစဉ်များကို ကျူးလွန်ခံရသူနှင့်အတူ ဆွေးနွေးညှိနှိုင်းပါ။

- သင့်အနေနှင့် ဘေးကင်းစွာ နေရပ်ပြန်ပို့ရန် အာမခံနိုင်ခြင်း မရှိပါက ကျူးလွန်ခံရသူသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးများတွင် မျက်မြင်သက်သေအဖြစ် ပါဝင်လိုသည်ဖြစ်စေ၊ မပါဝင်လိုသည်ဖြစ်စေ လူမှုရေးအကြောင်းပြချက်များအရ သို့မဟုတ် လူသားချင်း စာနာထောက်ထားရေး အကြောင်းပြချက်များအရ ယာယီနေထိုင်ခွင့် ခွင့်ပြုချက် ပေးပါ။ ဤသို့ ခွင့်ပြုချက်ပေးခြင်းမှာ ကျူးလွန်ခံရသူများ၏ ဘေးကင်းလုံခြုံရေး၊ စာနာရိုင်းပင်းစွာ ပြုမူဆက်ဆံမှုနှင့် ပြန်လည် ထူထောင်ရေးတို့ကို အာမခံချက်ပေးရာတွင် အရေးပါလှသည်။[၈၇]

- နေရပ်ပြန်ရန်သာ ရွေးချယ်စရာ ရှိသော ဖြစ်ရပ်များ၌ ကျူးလွန်ခံရသူများကို နေရပ်မပြန်မီအချိန်တွင် ကူညီထောက်ပံ့ရန် အာရုံစိုက်ပြီး အတတ်နိုင်ဆုံး စဉ်ဆက်မပြတ် စောင့်ရှောက်ပေးနိုင်ရန်အလို့ငှာ နေရပ်နိုင်ငံ သို့မဟုတ် ဒေသန္တရ ရပ်ရွာ အသိုင်းအဝိုင်း သို့မဟုတ် ၎င်းတို့နှစ်မျိုးစလုံးနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပါ။

- ကလေးသူငယ်များကို နေရာချထားရာတွင် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းသည် ပထမဆုံးနှင့် အဖြစ်သင့်ဆုံး ရွေးချယ်စရာ ဖြစ်သည်။ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခြင်းသည် ကလေးသူငယ်အတွက် ဘေးကင်းပြီး သင့်လျော်ကောင်းမွန်သော အခြေအနေအားလုံးတွင် ၎င်းကိုသာ လုပ်ဆောင်သင့်သည်။ ဤသို့ လုပ်ဆောင်ရန် မဖြစ်နိုင်သည့် အခြေအနေ၌ အစားထိုး နေရာချထားမှုများတွင် အနီးနေ ဆွေမျိုးမိသားစု၏ စောင့်ရှောက်မှု/ဆွေမျိုးသားချင်းအခြေပြု နေရာချထားမှု/မိဘမဲ့ဂေဟာ၊ စောင့်ရှောက်ရေး ဂေဟာငယ်များ အစရှိသည်တို့ ပါဝင်နိုင်ပါသည်။ သင့်လျော်သော အစားထိုး အစီအစဉ်များကို ဖော်ဆောင်ရန် သက်ဆိုင်ရာ ဒေသန္တရအေဂျင်စီများ၊ ဥပမာ - လူမှုဝန်ထမ်းဦးစီးရုံး သို့မဟုတ် အမျိုးသမီးသမဂ္ဂနှင့် ညှိနှိုင်းတိုင်ပင်ပါ။ ခိုလှုံရာနေရာများနှင့် အဖွဲ့အစည်းများသည် လူကုန်ကူးခံရသော ကလေးသူငယ်များအရေးတွင် နောက်ဆုံး အားထားရာသာဖြစ်သင့်ပြီး လိုအပ်ချိန်၌ ယာယီဖြေရှင်းမှုတစ်ခုသာ ဖြစ်သင့်ပါသည်။ ကလေးသူငယ်များနှင့် လူငယ်များသည် (အသက်အရွယ်၊ ရင့်ကျက်မှု၊ ကြီးထွားဖွံ့ဖြိုးမှုအဆင့်၊ လူကုန်ကူးမှုအတွေ့အကြုံ၊ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာနှင့် မိသားစုအခြေအနေ၊ အထောက်အပံ့ လိုအပ်မှုများ မတူညီသော) ကွဲပြားစုံလင်သည့် အုပ်စုဖြစ်သောကြောင့် နေရာထိုင်ခင်းဆိုင်ရာ ရွေးချယ်စရာအမျိုးမျိုး ရရှိနိုင်ရန် လုပ်ဆောင်ထားသင့်သည်။

---

၈၆ ACWC ဒေသဆိုင်ရာ ပြန်လုန်သုံးသပ်မှုအကြံပြု တိုက်တွန်းချက် ၇.၂။

၈၇ ကုလ လူကုန်ကူး နောက်ဆက်တွဲစာချုပ်၊ အပိုဒ် ၈။

၈၈ Warsaw: OSCE. OSCE ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးရုံး (ODIHR) (2004)၊ လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တယား/လုပ်ငန်းစဉ်၊ လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်ရန်ကျိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခြင်း - လက်တွေ့ လက်စွဲစာအုပ်။ Warsaw: OSCE

**အလေ့အထကောင်း။**[၇၉]

အင်ဒိုနီးရှားအာဏာပိုင်များသည် ကျူးလွန်ခံရသူတစ်ဦး နေရပ်မပြန်မီတွင် မိသားစုဝင်များ ကျူးလွန်ခံရသူကို လက်ခံရန် အဆင်သင့်ဖြစ်ကြောင်း အတည်ပြုရန်အတွက် မိသားစုနှင့် ဆက်သွယ်မှုများကို (ဖုန်းဖြင့် သို့မဟုတ် ဗီဒီယိုခေါ်ဆိုမှုဖြင့်) တွင်တွင်ကျယ်ကျယ် ပြုလုပ်ပါသည်။ နေရပ်ပတ်ဝန်းကျင်သည် ကျူးလွန်ခံရသူ၏ ဘေးကင်းရေးနှင့် နာလန်ထူရေးအတွက် ဖြစ်တန်စွမ်းရှိသော/အထောက်အကူပေးသော/သင့်လျော်ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုဟုတ်၊ မဟုတ်လည်း ၎င်းတို့က စစ်ဆေးအကဲဖြတ်ပါသည်။ ကျူးလွန်ခံရသူ၏ သဘောထား အမြင်များသည် အရေးပါလှသည်။ ကျူးလွန်ခံရသူများတွင် နေရပ်ပြန်ရန် ဆန္ဒ ရှိမရှိ၊ မိသားစုတွင်းတွင် ဘေးကင်း၍ သက်သောင့်သက်သာရှိသည်ဟု ခံစားရခြင်း ရှိမရှိ၊ ‘ဘေးကင်းခြင်း’ ဆိုသည်ကို  အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ပုံ အစရှိသော မေးခွန်းများကို အမေးခံရသည်။ ဘေးကင်းမှုအပေါ် ကျူးလွန်ခံရသူ၏ နားလည်ပုံနှင့် နေရပ်ပြန်ရန် သိရှိ သဘောတူညီချက်သည် မရှိမဖြစ် အရေးပါသည်။ ဤသို့ မဖြစ်နိုင်ပါက အာဏာပိုင်များသည် အခြားရွေးချယ်စရာများကို ရှာဖွေကြသည်။

လူကုန်ကူးခံရသူ ကလေးသူငယ်များအတွက် မိသားစုသည် ဘေးကင်း၍ သင့်လျော်ကောင်းမွန်သော ရပ်ဝန်းတစ်ခုကို မပေးနိုင်ဟု အကဲဖြတ်ရရှိပါက အခြား အစားထိုးအုပ်ထိန်းမှု သို့မဟုတ် စောင့်ရှောက်မှုကို စီစဉ်ပေးရပါမည်။

ကျူးလွန်ခံရသူတစ်ဦးကို ၎င်း၏ မူလနေရပ်သို့ ပြန်မပို့မီနှင့် ပို့ပြီးချိန်တို့တွင် အာဏာပိုင်များသည် ဒေသန္တရအစိုးရ သို့မဟုတ် ဒေသခံ လူမှုဝန်ထမ်းရုံးကို ကျူးလွန်ခံရသူအကြောင်း သတင်းပို့၍ ၎င်းသည် ဘေးကင်းပြီး ခွဲခြားဆက်ဆံမှုများနှင့် မကြုံတွေ့ရစေရန် အပါအဝင် ၎င်း၏ အခြေအနေကို စောင့်ကြည့်ရန်အတွက် ဒေသန္တရအစိုးရ သို့မဟုတ် ဒေသခံ လူမှုဝန်ထမ်းရုံးနှင့်အတူ ပူးပေါင်းလုပ်ကိုင်မည် ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများသည် ကျူးလွန်ခံရသူများ၏ မိသားစုဝင်များ သို့မဟုတ် ဆွေမျိုးနီးစပ်များ သို့မဟုတ် ရပ်ရွာအသိုင်းအဝိုင်းအတွင်းမှ လူများ ဖြစ်ပါက ကျူးလွန်ခံရသူ ဘေးကင်းစေရန် အတွက် ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေးကို အသက်သွင်းမည် ဖြစ်သည်။ လူကုန်ကူးခြင်းသည် ရာဇဝတ်မှုဖြစ်ကြောင်း မိသားစုဝင်များ နားလည်သိရှိရန် အရေးကြီးပုံကို အာဏာပိုင်များက အသိအမှတ်ပြုသည်။

၇၉ အင်ဒိုနီးရှား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၁ အောက်တိုဘာ ၂၀၂၁။

# ၂ ဘေးမကင်း၊ ဂုဏ်သိက္ခာမရှိသော နေရပ်ပြန်ခြင်း

အာဆီယံနိုင်ငံများမှ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများသည် နေရပ်ပြန်ခြင်းကိုသာ အဓိက အာရုံစိုက်သောကြောင့် ဦးတည်နိုင်ငံမှ ၎င်းတို့ ထွက်ခွာသွားသောအခါ သို့မဟုတ် ကျူးလွန်ခံရသူများ ၎င်းတို့၏ နေရပ်အသိုင်းအဝိုင်းများသို့ ပြန်ရောက်သောအခါတွင် ကျူးလွန်ခံရသူများအတွက် အကာအကွယ်မဲ့ ကျန်ရစ်စေခြင်းကို ဖြစ်စေပါသည်။ အချို့မှာ အကူအညီတောင်းရန် မည်သူ့ကို ဆက်သွယ်ရမှန်း မသိဘဲ နေရပ်သို့ (သို့မဟုတ် နယ်စပ်သို့) အဖော်မပါဘဲ ပို့ဆောင်ခံကြရပါသည်။ အခြားသူများမှာမူ နယ်စပ်အထိသာ အဖော်ပြုပို့ဆောင်ပေးပြီး သွားရမည့် နေရာနှင့် အကူအညီပေးနိုင်မည့်သူအကြောင်း အခြေခံအချက်အလက်အချို့သာ ပေးလိုက်ခြင်းတို့ကို တွေ့ကြုံကြရ ပါသည်။ ပို့ဆောင်သော အေဂျင်စီ/နိုင်ငံနှင့် လက်ခံသော အေဂျင်စီ/နိုင်ငံတို့ကြားတွင် ကျူးလွန်ခံရသူ၏ နေရပ် အသိုင်းအဝိုင်းတွင် ရနိုင်သော အကာအကွယ်၊ အထောက်အပံ့တို့နှင့် စပ်လျဉ်းသည့် ဆက်သွယ်ရေးနှင့် ညှိနှိုင်း ဆောင်ရွက်ရေးဆိုင်ရာ အားနည်းချက်များလည်း ရှိကောင်းရှိနေနိုင်ပါသည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- နေရပ်ပြန်ပို့ခြင်း မတိုင်မီတွင် ကျူးလွန်ခံရသူနိုင်ငံခြားသားများအား ၎င်းတို့၏ ဇာစ်မြစ်နိုင်ငံမှဖြစ်စေ၊ ဇာစ်မြစ်နိုင်ငံသို့ ဖြစ်စေ သွားလာခွင့်ပြုသော ပြန်လည်နေရာချထားမှု စာရွက်စာတမ်းများ ပေးရမည်။ ပြန်လည်နေရာချထားမှု စာရွက်စာတမ်းများတွင် ၎င်းတို့ကို လူကုန်ကူးခံရသူအဖြစ် ဝိသေသမပြုရန် ဂရုပြုပါ။ ထပ်ဆောင်းအနေနှင့် နောက်ဆက်တွဲ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးများအတွက် ကိုယ်ရေးအချက်အလက်များ ပေးရန် ကျူးလွန်ခံရသူက ရှင်းလင်းပြတ်သားစွာ ခွင့်ပြုသော အမှုများမှလွဲ၍ ကျူးလွန်ခံရသူနှင့် သက်ဆိုင်သော ကိုယ်ရေးအချက်အလက်များကို ဇာစ်မြစ်နိုင်ငံမှ အာဏာပိုင်များထံ ပေးအပ်ခြင်း မပြုသင့်ပါ။[၉၀]

- နေရပ်ပြန်ခြင်းဖြစ်စဉ်မှ သွားလာပို့ဆောင်ရေးအဆင့်သည် ကျူးလွန်ခံရသူ၏ လူကုန်ကူးခံရမှု အတွေ့အကြုံကို ပြန်နှိုးဆွနိုင်ကြောင်း သတိထားပါ။ ကျူးလွန်ခံရသူ စိတ်ပင်ပန်းမှု လျော့ပါးစေရန်အတွက် အဆင့်တစ်ဆင့်ချင်းစီ အကြောင်း ၎င်းကို အသိပေးထားပြီး ခရီးတစ်လျှောက်လုံးတွင် အန္တရာယ်မရှိကြောင်း အာမခံချက် ပေးပါ။

- နေရပ်သို့ အပြန်လမ်းတစ်လျှောက် ပံ့ပိုးကူညီရန်နှင့် ဘေးကင်းစေရန်အတွက် ဖြစ်နိုင်ပါက ကျူးလွန်ခံရသူနှင့်အတူ လူမှုလုပ်သားတစ်ဦး သို့မဟုတ် ကူညီသူတစ်ဦး အဖော်ထည့်ပေးပါ။

- ကျူးလွန်ခံရသူနိုင်ငံခြားသားများအတွက် နေရပ်နိုင်ငံသို့ ရောက်ရှိချိန်တွင် ၎င်းကို လက်ခံရယူမည့်သူ တစ်ဦး စီစဉ်ပေးရန် ၎င်းတို့၏ သံရုံးနှင့် ဆက်သွယ်ပါ။

- နေအိမ်အဝအထိ အဖော်ပြုပို့ဆောင်ခြင်းကို ကျူးလွန်ခံရသူများ ကြိုက်၊မကြိုက် အထူးဂရုပြုပါ။ ကျူးလွန်ခံရသူများသည် ၎င်းတို့ရပ်ရွာအသိုင်းအဝိုင်းတွင် လူကုန်ကူးခံရသူအဖြစ် အမည်တပ်ခံရမည်ကို ထိတ်လန့်ကောင်း ထိတ်လန့်နေနိုင်ပါသည်။

- မိမိဘာသာပြန်လိုသော ကျူးလွန်ခံရသူများကို သွားလာ၊ စားသောက်ရေး ကုန်ကျစရိတ်များအတွက် ထောက်ပံ့ကြေး ပေးသင့်သည်။

- ကျူးလွန်ခံရသူများကို နေရပ်ပြန်ရာ ခရီးလမ်းတွင် အကူအညီ လိုအပ်ပါက ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်တစ်ခု ပေးပါ။

---

၉၀ မှတ်စု ၃၆၊ လူကုန်ကူးမှု၊ လူ့အခွင့်အရေး၊ နှာ ၄၁။

# ၃ ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် အထောက်အပံ့များသည် အကန့်အသတ်ရှိခြင်းနှင့်/သို့မဟုတ် ကျူးလွန်ခံရသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း

ပြန်လည်ထူထောင်ရေး အထောက်အပံ့၊ ကျွမ်းကျင်မှု သင်တန်းများနှင့် ပညာရေးတို့သည် ကျူးလွန်ခံရသူ၏ ပြန်လည်ထူထောင်ရေး၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပြီး ကျူးလွန်ခံရသူ ထပ်ခါထပ်ခါ ဖြစ်စေခြင်း သံသရာကို ဖြတ်တောက်ရန်လည်း မရှိမဖြစ် အရေးပါ ပါသည်။ သို့သော် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများမှာ အမြဲတမ်း မရရှိနိုင်သလို ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုအခြေအနေများနှင့်လည်း အမြဲတမ်း မဆီလျော်နိုင်ပါ။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ခိုလှုံရေးဂေဟာများနှင့် စီမံကိန်းများ အခြေတကျ ထားရှိသော နိုင်ငံများစွာတွင် ကျူးလွန်ခံရသူအမျိုးသားများသည် ဝန်ဆောင်မှု အထောက်အပံ့ ရရှိမှု နည်းပါးနေဆဲ ဖြစ်၏။ မသန်စွမ်းသူများ၊ အလုပ်ပေးမည်ဟု လိမ်လည်ကာ လူကုန်ကူးခံရသူများ၊ ပြင်းထန်သော စိတ်ရောဂါရှိသူများ၊ မူးယစ်ဆေး အလွန်အကျွံ သုံးစွဲသူများ၊ မူးယစ်ဆေး စွဲသူများနှင့် နိုင်ငံခြားသားများ အတွက်လည်း အလားတူပင် ဖြစ်သည်။ ရှုပ်ထွေးသည့် လိုအပ်ချက်များ ရှိသော သို့မဟုတ် အထူးဝန်ဆောင်မှုများ လိုအပ်သော ကျူးလွန်ခံရသူ ကလေးသူငယ်များအား ယင်း လိုအပ်ချက်များနှင့် ကိုက်ညီသော ပြန်လည်ပေါင်းစည်းရေး သို့မဟုတ် ထောက်ပံ့ရေး အစီအစဉ်များ မစီစဉ် ပေးခြင်းမျိုးလည်း ဖြစ်တတ်ပါသည်။

ကျူးလွန်ခံရသူများစွာသည် ၎င်းတို့၏ သီးခြားအခြေအနေနှင့် မကိုက်ညီသော ကြိုတင်ရေးဆွဲပြီးသား 'နေရာစုံ သုံး' ထောက်ပံ့ရေး စီမံကိန်းများအရ ထောက်ပံ့ခံကြရသည်။ ဤသို့ ပြုလုပ်ခြင်းကြောင့် ကျူးလွန်ခံရသူက အထောက်အပံ့ကို ငြင်းဆန်ခြင်း သို့မဟုတ် ထောက်ပံ့မှုအစီအစဉ်မှ နုတ်ထွက်ခြင်းမျိုးလည်း ဖြစ်လေ့ရှိပါသည်။ ထို့အပြင် ယင်း စီမံကိန်းများသည် မိသားစုကိုထောက်ပံ့ရန် ငွေရှာလိုသော ကျူးလွန်ခံရသူ၏ စိတ်ဆန္ဒကိုလည်း ထည့်တွက်ထားခြင်း ရှိကောင်းမှရှိပေမည်။

သက်မွေးသင်တန်း သို့မဟုတ် ကျွမ်းကျင်မှုတိုးတက်ရေး သင်တန်း တက်ထားသော ကျူးလွန်ခံရသူများသည် ရနိုင်သော ရွေးချယ်စရာများကို အကန့်အသတ်ရှိသည်၊ လက်တွေ့မကျ သို့မဟုတ် ၎င်းတို့ ကိုယ်ပိုင် ရည်မှန်းချက်ဆန္ဒနှင့် ကိုက်ညီခြင်း မရှိဟု မြင်ကောင်း မြင်နိုင်သည်။ ဥပမာအားဖြင့် ကျူးလွန်ခံရသူများသည် ၎င်းတို့ နေထိုင်ရာဒေသတွင် အသုံးပြု၍ မရနိုင်သော ကျွမ်းကျင်မှုတစ်ခုခုကို သင်ကြားခံရခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ စီမံကိန်းများစွာကို ထောက်ပံ့ရာတွင် တစ်ဦးချင်းလိုအပ်ချက်များနှင့် အကျိုးခံစားခွင့်ရှိသူ၏ ဆန္ဒများကို ထည့်သွင်းမစဉ်းစားသော စံပုံစံ တစ်ခုဖြင့်သာ ပေးအပ်ကြသည်။



## အောင်မြင်သော ပြန်လည်ပေါင်းစည်းမှု ဟူသည်မှာ မည်သည့်ပုံစံ ဖြစ်သနည်း။



**တည်ငြိမ်၍ ဘေးကင်းသော ပတ်ဝန်းကျင်တစ်ခုတွင် နေထိုင်သည်။**



**သင့်လျော်သော လူနေမှုအဆင့်အတန်းတစ်ခုကို လက်လှမ်းမီရရှိနိုင်သည်။**



**ရုပ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှု။**



**စိတ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်မှု။**



**ကိုယ်ရည်ကိုယ်သွေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ။**



**လူမှုရေးနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုကို ရရှိနိုင်မှု။**

(Taken from Surtees, R and Laura S. Johnson (2021) *Recovery and Reintegration of Trafficking Victims: A Practitioner Guide. Bangkok: Regional Support Office of the Bali Process (RSO) and Washington, D.C.: NEXUS Institute.*



# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် လူမှုဝန်ထမ်းများသည် ကျူးလွန်ခံရသူနှင့် ပထမဆုံး တွေ့ဆုံချိန်တွင်ရော၊ ကူညီထောက်ပံ့မှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင်ပါကျူးလွန်ခံရသူများနှင့်ယုံကြည်မှုတည်ဆောက်ခြင်းကိုဦးစားပေးဆောင်ရွက်သင့်သည်။[၉၁] ဝန်ဆောင်မှုပေးသူများအပေါ် ကျူးလွန်ခံရသူ၏ ယုံကြည်မှုသည် ၎င်းတို့ ပြန်လည်ပေါင်းစည်းမှု၏ ရေရှည် တည်တံ့မှုကို ဆုံးဖြတ်ရာတွင် အလွန်အရေးကြီးသည့်အချက် ဖြစ်သည်။ ကျူးလွန်ခံရသူတွင် လူမှုရေးထောက်ပံ့မှုစနစ် မရှိခြင်းမျိုးဖြစ်နိုင်သည်ကို အမှတ်ရရန် အရေးကြီးသည်။ လူကုန်ကူးခံရမှုအတွေ့အကြုံသည် ကျူးလွန်ခံရသူများ၏ သင့်လျော်ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်နိုင်စွမ်းကို ထိခိုက်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဝန်ဆောင်မှု ပေးသူနှင့် ကျူးလွန်ခံရသူ၏ ပုဂ္ဂိုလ်ရေး ဆက်ဆံရေးသည် အထူးသဖြင့် အပြန်အလှန်ယုံကြည်မှုအပေါ် အခြေခံ တည်ဆောက်ထားပါက ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ ကျန်းမာရေးတို့ နာလန်ထူရန် ကူညီမှုတွင် အလွန်တာသွားမည် ဖြစ်ပါသည်။

- ကျူးလွန်ခံရသူတစ်ဦးချင်းစီနှင့် တွဲဖက်အလုပ်လုပ်ရန် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦး သို့မဟုတ် လူမှုဝန်ထမ်းတစ်ဦးကို တာဝန်ပေးပါ။ ကျူးလွန်ခံရသူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်ချက်များကို စေ့စပ်စွာ စစ်ဆေးအကဲဖြတ်ပြီး ၎င်းတို့၏ မရှိမဖြစ် လိုအပ်ချက်များနှင့် တစ်ဦးချင်းလိုအပ်ချက်များကို ဖြေရှင်းပေးမည့် ပြန်လည်ပေါင်းစည်းမှု အစီအစဉ်ကို ပြင်ဆင်ပါ။ မိမိတို့၏ နာလန်ထူရေးနှင့် ပြန်လည်ပေါင်းစည်းရေးကို ကျူးလွန်ခံရသူများကိုယ်တိုင် ထိန်းချုပ်နိုင်ရန် အကူအညီပေးမည့် အရင်းအမြစ်များ၊ အချက်အလက်များနှင့် လမ်းညွှန်ချက်များ ပေးပါ။

- ဝန်ဆောင်မှုများသည် ကျူးလွန်ခံရသူတစ်ဦးချင်းစီ၏ ကိုယ်တိုင်ဖော်ပြသော လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီစေရန်၊ ပြုစုစောင့်ရှောက်မှုဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များ၊ ၎င်းတို့၏ အသက်အရွယ် (အရွယ်ရောက်ပြီးသူ သို့မဟုတ် ကလေးသူငယ်) တို့နှင့်အညီ ဖြစ်စေရန်အလို့ငှာ ဖြစ်ရပ်စီမံခန့်ခွဲမှုကို အဆက်မပြတ်လုပ်ဆောင်ပြီး ကျူးလွန်ခံရသူ၏ ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ တိုးတက်မှုကို စစ်ဆေးအကဲဖြတ်ပါ။[၉၂]

- ကျူးလွန်ခံရသူကလေးသူငယ်များ၏ ပြန်လည်ပေါင်းစည်းရေးကို ကူညီမည့် ဝန်ဆောင်မှုများသည် ၎င်းတို့၏ တစ်ဦးချင်း လိုအပ်ချက်၊ သီးခြားလိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ကလေးသူငယ်များနှင့် လိုက်ဖက်သော နည်းလမ်းဖြင့် ၎င်းတို့ကို ရေးဆွဲ အကောင်အထည်ဖော်သင့်သည်။[၉၃] ၎င်းကို လုပ်ဆောင်ရာတွင် ကလေးသူငယ်အခွင့်အရေး မူဝါဒများနှင့် ကလေးသူငယ်ဆိုင်ရာ သီးခြားလုပ်ထုံးလုပ်နည်းများကို အခြေခံသင့်သည်။

- ကျူးလွန်ခံရသူကလေးသူငယ်များ၏ ပြန်လည်ပေါင်းစည်းရေးကို ကူညီမည့် ဝန်ဆောင်မှုများသည် ၎င်းတို့၏ တစ်ဦးချင်း လိုအပ်ချက်၊ သီးခြား လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ကလေးသူငယ်များနှင့် လိုက်ဖက်သော နည်းလမ်းဖြင့် ၎င်းတို့ကို ရေးဆွဲ၊ အကောင်အထည်ဖော်သင့်သည်။ ၎င်းကို လုပ်ဆောင်ရာတွင် ကလေးသူငယ်အခွင့်အရေး မူဝါဒများနှင့် ကလေးသူငယ်ဆိုင်ရာ သီးခြားလုပ်ထုံးလုပ်နည်းများကို အခြေခံသင့်သည်။[၉၄]

- ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ ပေးရာတွင် ကျူးလွန်ခံရသူ၏ ဆန္ဒတစ်ခုတည်းကိုသာ အခြေခံပါ။ ပေးအပ်မည့် အထောက်အပံ့၏ ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲနှင့် သက်ရောက်မှုအားလုံးကို ကျူးလွန်ခံရသူများအား ရှင်းပြပါ။ ကျူးလွန်ခံရသူများသည် ရနိုင်သော ရွေးချယ်စရာများနှင့် ဖြစ်နိုင်ခြေများ အကြောင်းကို လက်တွေ့ကျကျ သိနားလည်သင့်သည်။ ဝန်ဆောင်မှုများ ထောက်ပံ့ရာတွင် ကျူးလွန်ခံရသူ၏ သဘောတူခွင့်ပြုချက်အရသာ ထောက်ပံ့သင့်ပြီး  ကျူးလွန်ခံရသူ၏ ကိုယ်ရေးလုံခြုံမှုကို ငဲ့ကွက်၍ တင်းကျပ်စွာ လျှို့ဝှက်ထိန်းသိမ်းကာ ထောက်ပံ့သင့်သည်။

- ဝန်ဆောင်မှုအတိုင်းအတာကို အတတ်နိုင်ဆုံး အပြည့်အဝ ပေးနိုင်ကြောင်းနှင့် ပြန်လည်ပေါင်းစည်းရေး ထောက်ပံ့မှုတွင် ဝန်ဆောင်မှု အနည်းငယ်သာရရှိသောအုပ်စုများ ပါဝင်နိုင်စေရန် အခြားဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

- တရားဝင်ပြီး အာမခံချက်ရှိသော အချိန်ပြည့်အလုပ်အကိုင် အခွင့်အလမ်းများကို ကျူးလွန်ခံရသူများ ရှာဖွေနိုင်ရန် ဦးစားပေး ကူညီပါ။ လုံခြုံ၍ အာမခံချက်ရှိကာ အတိုင်းအတာတစ်ခုအထိ ဝင်ငွေရသော အလုပ်အကိုင်များ ရှိခြင်းသည် ကျူးလွန်ခံရသူများအနေဖြင့် ၎င်းတို့၏ ဘဝကို ပြန်လည်တည်ဆောက်ရန်နှင့် လူကုန်ကူးခံရသော အတွေ့အကြုံများကို အတိတ်တွင် ချန်ထားခဲ့နိုင်ရန် လိုအပ်သော အရာများအနက်မှ တစ်ခု ဖြစ်သည်။ ၎င်းသည် ဂုဏ်သိက္ခာနှင့် လွတ်လပ်မှုကို ပြန်လည်ရရှိရန် အကူအညီပေးသလို ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အခြား အထောက်အပံ့များ ရနိုင်ခြေကိုလည်း လမ်းဖွင့်ပေးပါသည်။[၉၅]

---

၉၁ Meshkovska, B., Bos, A.E., & Siegel, M.R. (2021)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသူများကို ရေရှည် (ပြန်လည်) ဝင်ဆံ့ပေါင်းစည်းခြင်း။ Victimology ဆိုင်ရာ နိုင်ငံတကာသုံးသပ်ချက်။ 27, 245 - 271

၉၂ Surtees, R and Laura S. Johnson (2021) လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး - လေ့ကျင့်ရေးလမ်းညွှန်၊ Bangkok: ဘာလီလုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အထောက်အကူပြုရုံး (RSO) နှင့် Washington, D.C.: NEXUS Institute

၉၃ Surtees, R. (2017)၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းကို ပံ့ပိုးကူညီခြင်း - မဟာမဲခေါင်ဒေသအတွက် လမ်းညွှန်စာအုပ်။ Bangkok: NEXUS Institute၊ UN-ACT နှင့် World Vision

၉၄ Surtees, R. (2017)၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းကို ပံ့ပိုးကူညီခြင်း - မဟာမဲခေါင်ဒေသအတွက် လမ်းညွှန်စာအုပ်။ Bangkok: NEXUS Institute၊ UN-ACT နှင့် World Vision

၉၅ Issara Institute and A Lisborg, “Demand-Driven ဆီသို့၊ လူကုန်ကူးခံရသူများအတွက် အထောက်အကူဖြစ်စေရန်” လေ့လာချက်အကျဉ်းချုပ်၊ မေ ၂၀၁၇။ https://docs.wixstatic.com/ugd/5bf36e_f6df2997d6734cd1a35e74167adf182a.pdf. ကို ကြည့်ပါ။

**အလေ့အထကောင်း။**[၉၆]

ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုဝန်ထမ်းဦးစီးဌာန (DOLISA)သည် ဒေသန္တရအဆင့်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးစင်တာများကို စီမံခန့်ခွဲပါသည်။ ယင်းစင်တာများတွင် လူကုန်ကူးခံရသူများကို စားစရိတ်ထောက်ပံ့ကြေးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များပေးကာ သုံးလအထိ နေထိုင်ခွင့် ပြုပါသည်။ (၁) မရှိမဖြစ်လိုအပ်ချက်များနှင့် သွားလာရေး ကုန်ကျစရိတ်များ၊ (၂) ဆေးဘက်ဆိုင်ရာ အထောက်အပံ့၊ (၃) စိတ်ပိုင်းဆိုင်ရာအကူအညီနှင့် နှစ်သိမ့်ဆွေးနွေးခြင်း၊ (၄) ဥပဒေရေးရာအကူအညီ ဟူသော အထောက်အပံ့ဝန်ဆောင်မှု လေးမျိုးကိုပြည်တွင်းမှ ကျူးလွန်ခံရသူများရော၊ နိုင်ငံခြားမှ ကျူးလွန်ခံရသူများပါ ခံစားခွင့်ရကြပါသည်။ စင်တာတွင် နေထိုင်သူများသည် သင်တန်းကြေး ကင်းလွတ်ခွင့်များနှင့် ငွေကြေးအထောက်အပံ့များ၊ ကာလတို သက်မွေးသင်တန်းအတွက်အထောက်အပံ့ကိုလည်း ခံစားခွင့်ရပါသည်။ စင်တာတွင် မနေလိုတော့သူများကိုမူ စားစရိတ်နှင့် နေရပ်ပြန်ရန် လမ်းစရိတ်အတွက် ငွေပေးပါသည် (လူတစ်ဦးလျှင် တစ်ရက်အတွက် အနည်းဆုံး ဗီယက်နမ်ဒေါင် ၇၀,၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာ)။ စင်တာသည် ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများမှ ကျူးလွန်ခံရသူများ နေရပ် ပြန်သောအခါတွင်လည်း ၎င်းတို့ကို အခက်အခဲများအတွက် ထောက်ပံ့ငွေ ကနဦးထောက်ပံ့ကြေး (ဗီယက်နမ်ဒေါင် ၁,၀၀၀,၀၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၄ ဒေါ်လာ) ပေးပါသည်။

ဗီယက်နမ်နိုင်ငံတွင် ကျူးလွန်ခံရသူ နေရပ်ပြန်ပြီးနောက် ၎င်း၏ လုံခြုံမှုနှင့် ကျန်းမာပျော်ရွှင်မှုကို အဆက်မပြတ်အကဲဖြတ်သည့် ၂၄ လကြာ စောင့်ကြည့်ရေးစီမံကိန်းတစ်ခု ရှိသည်။ ဒေသန္တရအာဏာပိုင်များသည် လိုအပ်သောထောက်ပံ့မှု အမျိုးအစားကို စစ်ဆေးအကဲဖြတ်ရန် ကျူးလွန်ခံရသူအား ၎င်းတို့ဘက်မှ ကြိုတင်ဆက်သွယ်၍ ကျူးလွန်ခံရသူ နေထိုင်ရာအရပ်ကို စစ်ဆေးသည်။ အစိုးရကြီးကြပ်သော ငြိမ်းချမ်းရေးဂေဟာသည် အသိုင်းအဝိုင်းနှင့် ပြန်လည်ပေါင်းစည်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရ၍ ဂေဟာသို့ ပြန်ရောက်လာကြသော ကျူးလွန်ခံရသူများအတွက်တံခါးဖွင့်မူဝါဒကို ကျင့်သုံးပါသည်။ ငြိမ်းချမ်းရေးဂေဟာသည် အချို့သော ကျူးလွန်ခံရသူများအား ၎င်း၏ ဂေဟာ/ခိုလှုံရာ နေရာတွင် သုံးကြိမ်တိုင် ပြန်လည်လက်ခံကာ ၎င်းတို့ အသိုင်းအဝိုင်းနှင့် အောင်မြင်စွာ ပြန်လည်ပေါင်းစည်းနိုင်သည်အထိ ထောက်ပံ့ ကူညီခဲ့ပါသည်။

**အလေ့အထကောင်း။**[၉၇]

ကမ္ဘောဒီးယားနိုင်ငံအစိုးရသည် ကျူးလွန်ခံရသူများ နာလန်ထူရေးနှင့် စီးပွားရေးဆိုင်ရာ အမှီအခိုကင်းရေးတို့ကိုကူညီပေးရာတွင် မိတ်ဖက်NGOများနှင့် အနီးကပ် ပူးပေါင်းလုပ်ကိုင်ပါသည်။ ဆိုင်ခန်းမျက်နှာစာများ ငှားရမ်းလိုသော သို့မဟုတ် ကိုယ်ပိုင်စီးပွားရေး ထူထောင်ရန် မြေကွက်ဝယ်လိုသော ကျူးလွန်ခံရသူများ၏ မျှော်လင့်ချက်များကိုထောက်ပံ့ကူညီရန်အတွက် အာဏာပိုင်များသည် ဘက်ဂျက်ရှိသည့် NGOများအား ကူညီသတ်မှတ် ဖော်ထုတ်ပေးပါသည်။ ဤသို့ လုပ်ဆောင်ရာတွင် ၎င်းတို့ စီးပွားရေးလုပ်ငန်းများ၏ ပထမခြောက်လအတွက် ငွေကြေးအထောက်အပံ့မှာ မဖြစ်မနေ ပါဝင်လေ့ရှိပါသည်။ စီးပွားရေး အောင်မြင်လာပြီး အမှီအခိုမပါဘဲ လည်ပတ်နိုင်လာပါက မိတ်ဖက်NGOများက ထောက်ပံ့မှုကို ရပ်တန့်မည်ဖြစ်သည်။

---

၉၆ ဗီယက်နမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၈ နိုဝင်ဘာ ၂၀၂၁။

၉၇ ကမ္ဘောဒီယား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၃ နိုဝင်ဘာ ၂၀၂၁။

**အလေ့အထကောင်း။**[၉၈]

ဖိလစ်ပိုင်နိုင်ငံမှ လူကုန်ကူးခံရသူများအတွက် နာလန်ထူလာရေးနှင့် ပြန်လည် ပေါင်းစည်းရေး စီမံကိန်း (RRPTP) သည် ကျူးလွန်ခံရသူ-လွတ်မြောက်လာသူများ အပြည့်အဝ နာလန်ထူရေးနှင့် ပြန်လည် ထူထောင်ရေးအတွက် ရည်ရွယ်စီစဉ်ထားသော ပြည့်စုံကောင်းမွန်သည့် စီမံကိန်းများနှင့် ဝန်ဆောင်မှုများ ဖြစ်သည်။ ဤစီမံကိန်းကို လူကုန်ကူးမှု ကျူးလွန်ခံရသူ-လွတ်မြောက်လာသူများ ကိုယ်တိုင် ထုတ်ဖော်ပြောဆိုထားသည့် စစ်မှန်သော လိုအပ်ချက်များ အပေါ် အခြေခံပြီး အဆင့်မြှင့်တင်ထားပါသည်။ ၎င်းကို လူကုန်ကူးမှုဖြစ်ပွားနှုန်း မြင့်မားသော ရပ်ရွာ အသိုင်းအဝိုင်းများတွင် အကောင်အထည်ဖော်လုပ်ကိုင်သည်။ ၎င်းတွင် ပြန်လည်နာလန်ထူလာရေး၊ ပြန်လည် ပေါင်းစည်းရေးနှင့် တစ်ကိုယ်စာဖူလုံရေးဟူသော အပိုင်းသုံးပိုင်း ပါဝင်သည်။ ဝန်ဆောင်မှုပေးသူများသည် အကျိုးခံစားသူများနှင့် အလုပ်လုပ်ရာတွင် ကျား၊မ အလေးထားတုံ့ပြန်သော ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် စိတ်ဒဏ်ရာကို သိနားလည်မှုရှိသော စောင့်ရှောက်မှု ချဉ်းကပ်နည်းကို အသုံးပြုသည်။

**အလေ့အထကောင်း။**[၉၉]

ဖိလစ်ပိုင်အာဏာပိုင်များသည် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်ကို ဆွေးနွေးရန် အတွက် ကျူးလွန်ခံရသူ ကလေးသူငယ်များ၊ ၎င်းတို့၏ မိသားစုများနှင့် နောက်ဆက်တွဲ ပြုစုစောင့်ရှောက်မှုပေးသော လူမှုဝန်ထမ်းများ ပါဝင်သော ဖြစ်ရပ်ညီလာခံများ ပြုလုပ်ကြပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူများသည် လွတ်မြောက်လာသူများနှင့် ပြစ်မှုမကျူးလွန်သော ဆွေမျိုးများ ပြန်လည်ပေါင်းစည်းရေး ကူညီရန်အတွက် အုပ်ထိန်းမှုစွမ်းရည် စစ်ဆေးအကဲဖြတ်မှု မှတ်တမ်းများကို ပြင်ဆင်ကြသည်။ ဖြစ်ရပ်ခန့်ခွဲသူများသည် လူကိုယ်တိုင်သွားရောက်ခြင်းနှင့် တွေ့ဆုံ မေးမြန်းခြင်းများ ပြုလုပ်ခြင်းမှတစ်ဆင့် စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြသည်။ ကျူးလွန်ခံရသူများ/လွတ်မြောက်လာသူများက ၎င်းတို့၏ အခြေအနေ၊ ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် တိုးတက်မှုနယ်ပယ်များကို တုံ့ပြန်အကြံပြုနိုင်သော လူကုန်ကူးမှုမှ လွတ်မြောက်လာသူများ အစည်းအဝေး (TIP Survivors’ summit) တစ်ခုကိုလည်း ပြုလုပ်ပါသည်။ ဝန်ဆောင်မှုပေးသူများသည် လွတ်မြောက်လာသူများကို ကယ်ဆယ်မှုအချို့တွင် ပါဝင်စေခြင်း အပါအဝင် လောလောလတ်လတ် ကယ်ဆယ်ထားသော ကျူးလွန်ခံထားရသူများအတွက် မျှော်လင့်ချက်အသံများ ဖြစ်လာစေသည့် လူကုန်ကူးမှုမှ လွတ်မြောက်လာသူများ၏ တန်ဖိုးကို အသိအမှတ်ပြုသည်။ ဒဗာနိုမြို့ (Mindanao)နှင့် ဇမ်ဘွန်ဂါမြို့  (Zamboanga Peninsula) နယ်မြေတွင် လူကုန်ကူးမှုကျူးလွန်ခံရခြင်းမှ လွတ်မြောက်လာသူကွန်ယက် ပေါ်ပေါက်လာသည်။

၉၈ ဖိလစ်ပိုင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ အောက်တိုဘာ ၂၀၂၁။
၉၉ ဖိလစ်ပိုင် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၉ အောက်တိုဘာ ၂၀၂၁။

# ၄ ရပ်ရွာလူထုအခြေပြုမဟုတ်သော ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် ထောက်ပံ့ကူညီမှုများ

ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် ထောက်ပံ့ကူညီမှုအများစုကို မြို့ပေါ်တွင်တည်ရှိသော ခိုလှုံရာနေရာ အစီအစဉ်များ၊ သက်မွေးသင်တန်းကျောင်းများနှင့် အထူးကုဆေးခန်းများမှတစ်ဆင့် ပေးအပ်ကြသည်။ ရပ်ရွာလူထု အဆင့်တွင် ၎င်းဝန်ဆောင်မှုများနှင့် ထောက်ပံ့ကူညီမှုများ မရှိခြင်းကြောင့် လူကုန်ကူးခံရသူ အများအပြားသည် ၎င်းတို့ ဌာနေရှိ 'ပုံမှန်ဘဝ' တစ်ခုဆီသို့ ပြန်သွားရန် ကြန့်ကြာနေပြီး ၎င်းတို့သည် ခိုလှုံရာနေရာများတွင် ထပ်မံ ကြာရှည်စွာ နေထိုင်ရခြင်းဖြင့်သာ အဆုံးသတ်သွားနိုင်သည်။ (ကာလရှည် အပါအဝင်) ခိုလှုံရာနေရာများတွင် မနေထိုင်လိုသော ကျူးလွန်ခံရသူများသည် ပြန်လည်ထူထောင်ရေး ထောက်ပံ့ကူညီမှုများ လက်ခံရရှိနိုင်မည့် အခွင့်အလမ်းများနှင့် လွဲချော်သွားမည် ဖြစ်သည်။ ထို့ပြင် ရပ်ရွာလူထုအဆင့်တွင် ကျူးလွန်ခံရသူများကို ထောက်ပံ့ရန်ဟူ၍ နိုင်ငံတော်က ပံ့ပိုးထားသော လူမှုဝန်ထမ်းများနှင့် နှစ်သိမ့်ဆွေးနွေးသူများမှာလည်း မလုံလောက်ပါ။ ပြန်သွားရာနေရာတွင် မျက်ခြည်မပြတ် ဂရုစိုက် စောင့်ရှောက်မှုမရှိခြင်းကြောင့် ကျူးလွန်ခံရသူများ၏ လူကုန်ကူးခံရသည့် အတွေ့အကြုံမှ ပြည့်ပြည့်ဝဝ နာလန်ထူနိုင်စွမ်းအပေါ် ထိခိုက်နေသည်။

ကျူးလွန်ခံရသူ အများစုအတွက် အလုပ်တစ်ခုရရှိရန် သို့မဟုတ် စီပွားရေးအရ ရပ်တည်နိုင်ရန်၊ ဆေးကုသမှု လက်ခံရရှိရန်၊ သို့မဟုတ် ပညာသင်ခွင့်ရရှိရန်တို့အတွက် ရပ်ရွာလူထုအခြေပြု အထောက်အပံ့ကို ရပိုင်ခွင့်မရှိခြင်းသည် ဆိုးရွားလှသော အမြတ်ထုတ်ခံရခြင်း သို့မဟုတ် လူကုန်ကူးခံရမှုသံသရာကို သက်ဆိုးရှည်စေသည်။



Photo by Rawena Russell

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- လူကုန်ကူးခံရသူများအတွက် ပြန်လည်ပေါင်းစည်းရေး အစီအစဉ်များ ရေးဆွဲရာတွင် ၎င်းတို့၏ ဌာနေဒေသရှိ ရပ်ရွာလူထုတွင် ရရှိနိုင်သော ထောက်ပံ့ကူညီမှုဆိုင်ရာ ဝန်ဆောင်မှုများကို ထည့်သွင်းစဉ်းစားပါ။
- ၎င်းတို့ ဌာနေတွင် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ကျူးလွန်ခံရသူများအပေါ်တွင် ရိုးသားမှုရှိပါ။ လက်ခံရန် ဆန္ဒရှိသည့် ဝန်ဆောင်မှုများကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ရန် တိုက်တွန်းအားပေးပါ။
- နာလန်ထူလာရေးနှင့် ပြန်လည်ပေါင်းစည်းရေး အစီအစဉ်တွင် ကျူးလွန်ခံရသူ၏ ခွင့်ပြုချက်နှင့်အတူ ကျူးလွန်ခံရသူ၏ မိသားစုနှင့် ဆက်သွယ်ဆောင်ရွက်ပါ။ အောင်မြင်၊ ခိုင်မာစွာ ပြန်လည်ပေါင်းစည်းနိုင်အောင် ဆောင်ရွက်ရာတွင် မိသားစု အထောက်အပံ့သည် အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လေ့ရှိသည်။
- ကျူးလွန်ခံရသူများအတွက် မြို့ပြအခြေပြု ခိုလှုံရာနေရာများ သို့အဟုတ် အခြားသော စင်တာများတွင် နေရာရှိပြီး အကယ်၍ ထိုနေရာများသည် ၎င်းတို့၏ ပြန်လည်ပေါင်းစည်းရေးအတွက် အကောင်းဆုံး ရွေးချယ်ခွင့်ဟု ၎င်းတို့က ဆုံးဖြတ်လျှင် ၎င်းတို့သည် ထိုနေရာများသို့ ပြန်သွားခွင့်ရှိသည်ကို ကျူးလွန်ခံရသူများကို သေချာသိစေရန် ပြောပြပေးပါ။
- ပြည့်စုံကျယ်ပြန့်သော ဝန်ဆောင်မှုများနှင့် မျက်ခြည်မပြတ် ဂရုစိုက်စောင့်ရှောက်မှု ရရှိရန်အတွက် ရပ်ရွာလူထု အဆင့်တွင် ဝန်ဆောင်မှုပေးသူများဆိုင်ရာ ကွန်ရက်တစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပါ။ ၎င်းတို့သည် ပြည်တွင်း အစိုးရ အေဂျင်စီများ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ၊ ဘုရားကျောင်းများ၊ အမျိုးသမီး အသင်းအဖွဲ့များ စသည်တို့ ဖြစ်နိုင်ပါသည်။

---

**စိန်ခေါ်မှု။**[၁၀၀]

ဗီယက်နမ်နိုင်ငံတွင် လူကုန်ကူးခံရသူများ ပြန်လည်ပေါင်းစည်းရေးသည် အောင်မြင်သောအဆင့်သို့ မရောက်ရှိနိုင်ဘဲ စိန်ခေါ်မှုများ ရင်ဆိုင်နေရသော အခြေအနေအဖြစ် ကျန်ရှိနေသည်။ ကျူးလွန်ခံရသူ အများအပြားသည် စာအနည်းငယ်သာ တတ်မြောက်ကြပြီး သက်မွေးသင်တန်းကို တက်ရောက်နိုင်မည့် လိုအပ်ချက်အချို့နှင့် မကိုက်ညီကြပါ။ အချို့သည် စိတ်အားထက်သန်မှုနှင့် စိတ်ရှည်သည်းခံမှုတို့ မရှိခြင်းကြောင့် သင်တန်းကာလတစ်ခုလုံးကို ပြီးမြောက်အောင် မတက်ရောက်နိုင်ကြပါ။ အချို့သူများအတွက်မှာမူ သင်တန်းကာလသည် တိုတောင်းလွန်းသောကြောင့် ကျကျနန ကျွမ်းကျင်မှုများ မရရှိနိုင်ပါ။ ထို့ကြောင့် ကျူးလွန်ခံရသူအများအပြားသည် ပုံမှန်ဝင်ငွေရရှိမည့် သင့်လျော်ရာ အလုပ်များကို ရှာဖွေရာတွင် အခက်အခဲများနှင့် ဆက်လက်ရင်ဆိုင်နေရသည်။ ကျူးလွန်ခံရသူများသည် အဝေး/ကျေးလက် ဒေသများတွင် နေထိုင်ကြသောအခါ နည်းပါးလှသော ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများကြောင့် ဤကိစ္စကို ပိုမိုခက်ခဲစေသည်။

**စိန်ခေါ်မှု။**[၁၀၁]

လာအိုနိုင်ငံ အမျိုးသမီးသမဂ္ဂသည် လူကုန်ကူးခံရသူများ၏ အမှုပေါင်း (၁၀၀)ကျော်ကို စီမံဆောင်ရွက်ပြီး ဖြစ်သော်လည်း ၎င်းတို့ထဲမှ လက်တစ်ဆုပ်စာကိုသာလျှင် အောင်မြင်စွာ ပြန်လည်ပေါင်းစည်းပေးနိုင် ခဲ့သည်။ ပြန်လည်ပေါင်းစည်ရေး အောင်မြင်စေသော အကြောင်းရင်းများတွင် ကျူးလွန်ခံရသူ၏ အဆင်သင့်ဖြစ်မှုနှင့် လူမှု-စီးပွား အခြေအနေများ ပါဝင်ကြသည်။ မိသားစု အထောက်အပံ့အားကောင်းမှုနှင့် ကျူးလွန်ခံရသူအချင်းချင်း အထောက်အပံ့ ရရှိနိုင်ခြင်း (ယခင် ကျူးလွန်ခံရသူများက အတွေ့အကြုံများကို မျှဝေပေးခြင်းကဲ့သို့)သည် အရေးပါသည်ဟူ၍ ဖော်ပြထားသည်။

---

၁၀၀ ဗီယက်နမ် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၈ နိုဝင်ဘာ ၂၀၂၁။

၁၀၁ လာအို ပီဒီအာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၇ ဒီဇင်ဘာ ၂၀၂၁။

# ၅ ကျား၊မဆိုင်ရာ ပုံသေကားကျသတ်မှတ်ချက်များနှင့် ထိခိုက်နစ်နာစေသော လူမှုစံနှုန်းများကို အားပေးနေသည့် ပြန်လည်ပေါင်းစည်းရေး အစီအစဉ်များ

အချို့သော ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုများနှင့် အစီအစဉ်များသည် အမျိုးသမီးများအတွက် အကူအညီ ပေးရာတွင် ဘဝတွက်တာ ကျွမ်းကျင်မှုများအပါအဝင် ကျူးလွန်ခံရသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ခံစားမှုပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ်တွင် နေရာအလိုက် အခြေခံ၊ အာရုံစိုက်သော်လည်း အမျိုးသားများအတွက် အကူအညီ ပေးရာတွင်မူ ၎င်းတို့၏ ငွေရှာသူနေရာများတွင် ပြန်လည် ဖြည့်ဆည်းနိုင်ရေးအပေါ်တွင်သာ အာရုံစိုက်ကြသည်ဟူသော ကျား၊မဆိုင်ရာ ယူဆချက်များနှင့် ဘက်လိုက်မှုများကို ပုံဖော်ပေးနေသည်။ အခြားအမှုများတွင် ကျူးလွန်ခံရသူ အမျိုးသားများသည် အမျိုးသမီးများထက် လိုအပ်ချက်နည်းသည်ဟု ရှုမြင်ကြသည်။ ဤအမြင်ကြောင့် နှစ်သိမ့်ဆွေးနွေးခြင်းကဲ့သို့သော ဝန်ဆောင်မှုအချို့ကို အမျိုးသားများအဖို့ မရရှိနိုင်ဖြစ်ရသည်။[၁၀၂]

ထို့အပြင် အမျိုးသမီးများကို ဆံပင်ညှပ်၊ ရက်ကန်း၊ အင်္ကျီချုပ် သို့မဟုတ် အချုပ်အလုပ်၊ အချက်အပြုတ် သို့မဟုတ် မုန့်ဖုတ်ခြင်း၊ သို့မဟုတ် တိရစ္ဆာန်မွေးမြူရေး စသော သက်မွေးသင်တန်းများ သင်ကြားပို့ချရန်နှင့် အမျိုးသားများကို ဆံပင်ညှပ်သင်တန်း၊ တိရစ္ဆာန်မွေးမြူရေး၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း၊ ရေဒီယိုပြုပြင်ခြင်း၊ လျှပ်စစ်ပစ္စည်း ပြုပြင်ခြင်း၊ သို့မဟုတ် အဲယားကွန်း ပြုပြင်ခြင်းတို့ကို သင်ကြားပို့ချရန် ကမ်းလှမ်းလိုကြသည်။[၁၀၃] ဤကဲ့သို့ သင်ကြား ပို့ချခြင်းများသည် အမျိုးသမီးများနှင့် အမျိုးသားများ၏ ကျွမ်းကျင်မှုများနှင့်ပတ်သက်၍ ကျား၊မ ကဏ္ဍများနှင့် ပုံသေကားကျသတ်မှတ်ချက် နည်းလမ်းများဖြင့် မြင်ကြသည့် မိရိုးဖလာ အယူအဆများဖြင့် ကိုက်ညီနေသည်။ ပို၍ဆိုးသည်မှာ ဤကိစ္စသည် အမျိုးသမီးများကို လစာနည်း၊ တန်ဖိုးနိမ့်၊ အမြတ်ထုတ်၍ ဆုံးရှုံးနိုင်ခြေများသော အလုပ်အကိုင်များသို့သာ ရောက်ရှိစေမည့် ကျား၊မကို ကဏ္ဍအလိုက်၊ အလုပ်အကိုင်အလိုက် ခွဲခြားခြင်းကို အမြစ်တွယ်စေသည်။[၁၀၄]

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ၎င်းတို့တွင် ရှိနှင့်ပြီးသားဖြစ်သော ကျွမ်းကျင်မှု လုပ်ရည်ကိုင်ရည်နှင့် ၎င်းတို့ သင်ယူရရှိလိုသော အရာများကို ကျူးလွန်ခံရသူများနှင့် ဆွေးနွေးတိုင်ပင်ပါ။ နိမ့်ပါးသော လစာ၊ တန်ဖိုးနိမ့်၍ အမြတ်ထုတ်သော အလုပ်အကိုင်များတွင် ပိတ်မိနေခြင်းမှ ရှောင်ရှားရန်အတွက် ကျွမ်းကျင်မှု မြှင့်တင်ရန် ကျူးလွန်ခံရသူများ၊ အထူးသဖြင့် အမျိုးသမီများနှင့် မိန်းကလေးများကို အားပေးပါ။
- ကျူးလွန်ခံရသူများ၏ ယဉ်ကျေးမှု နောက်ခံများသည် ၎င်းတို့ လက်ခံရရှိလိုသော အကူအညီနှင့် သက်မွေးသင်တန်း အမျိုးအစားကို ဆုံးဖြတ်ရာတွင် လွှမ်းမိုးမှုရှိသည်ကို သတိပြုပါ။ အမျိုးသမီးများ လုပ်သင့်သည့်အလုပ်အကိုင်များ၊ အမျိုးသားများ လုပ်သင့်သည့်အလုပ်အကိုင်များဟူသော ကျား၊မဆိုင်ရာ ပုံသေကားကျသတ်မှတ်ချက်များကို ကျော်လွန်၍ တွေးတောရန် အားပေးပါ။ သို့သော် ၎င်းတို့အတွက် သက်သောင့်သက်သာမရှိလျှင် ဖိအားမပေးပါနှင့်။
- အခြေခံစာတတ်မြောက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ သိနားလည်မှု၊ ရှေးဦးသူနာပြုနည်း၊ ကျန်းမာရေးနှင့် လုံခြုံရေး၊ မိသားစု စီမံကိန်း၊ စိတ်ဖိစီးမှု စီမံခန့်ခွဲနည်း၊ ITဆိုင်ရာသိနားလည်မှု အစရှိသည့် ကျူးလွန်ခံရသူ အမျိုးသမီး၊ အမျိုးသား အားလုံးအတွက် အကျိုးကျေးဇူးရှိစေမည့် ဘဝတွက်တာ ကျွမ်းကျင်မှုများကို သင်တန်းပေးရန် ကမ်းလှမ်းပါ။
- ကျူးလွန်ခံရသူ အမျိုးသမီး၊ အမျိုးသားများအတွက် မိမိကိုယ်ကို တန်ဖိုးထားမှုနှင့် ယုံကြည်မှုရှိစေရန် ထောက်ပံ့ပေးမည့် အကူအညီနှင့် သက်မွေးသင်တန်းများ ပို့ချနိုင်ရေးကို အာရုံစိုက်ပါ။ ကျူးလွန်ခံရသူများသည် ၎င်းတို့ လိုလားသော အကူအညီကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိပြီး ၎င်းတို့၏ စိတ်ဒဏ်ရာရစေသော အတွေ့အကြုံများ ပြီးသည့်နောက်တွင် ဘဝသစ်တစ်ခုကို စတင်နိုင်မည့် အခွင့်အရေးတစ်ရပ် ရရှိစေမည့်၊ အပြုသဘောဆောင်၍ အထောက်အပံ့ဖြစ်စေမည့် ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးပါ။

---

၁၀၂ Surtees, R and Laura S. Johnson (2021)၊ လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး - လေ့ကျင့်ရေးလမ်းညွှန်၊ Bangkok: ဘာလီ လုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အထောက်အကူပြုရုံး (RSO) နှင့် Washington, D.C.: NEXUS Institute

၁၀၃ UN Women (2020)၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ထိုင်းနိုင်ငံများ တစ်ဝှမ်းရှိ လူကုန်ကူးမှုများ၏ ကျား-မ ကွဲပြားမှုအနေအထားများ။ Bangkok: UN Women

၁၀၄ UN Women (2020)၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ထိုင်းနိုင်ငံများ တစ်ဝှမ်းရှိ လူကုန်ကူးမှုများ၏ ကျား-မ ကွဲပြားမှုအနေအထားများ။ Bangkok: UN Women

# ဆေးကုသမှုနှင့် စိတ်ကျန်းမာရေး စောင့်ရှောက်မှု

ကျန်းမာရေး စောင့်ရှောက်မှုရပိုင်ခွင့်သည် အခြေခံ လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ လူကုန်ကူးခံရသူတစ်ဦးအတွက် ဆေးကုသ စောင့်ရှောက်ခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်ခွင့် ရရှိရန်မှာ အလွန် အရေးကြီးသည်။ ၎င်းတို့ အများစုတွင် သာမန် သို့မဟုတ် ပြင်းထန်သော ကျန်းမာရေး ပြဿနာများ ရှိကြသည်။ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးသည် အမြတ်ထုတ်ခံရသော အခြေအနေများကြောင့် သို့မဟုတ် ထိန်းချုပ်နိုင်ရန် စီမံဆောင်ရွက်ချက် တစ်ခုအနေဖြင့် တိုက်ရိုက် ကိုယ်ထိလက်ရောက် စော်ကားခြင်းတို့ကြောင့် ထိခိုက်ပျက်စီးစေနိုင်သည်။[၁၀၅] အချို့သည် လူကုန်ကူးခံရစဉ်တွင် နာမကျန်းဖြစ်လာကြသည် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်လာကြသည်။ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် လိင်မှတစ်ဆင့် ကူးစက်ရောဂါများ ကူးစက်ခြင်းဖြစ်စေ၊ ကိုယ်ဝန်ရခြင်းဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ ဖြစ်ပွားရရှိကြသည်။

အမြတ်ထုတ်ခံရသည့် ကာလမတိုင်ခင်၊ ထိုကာလအတွင်းနှင့် ထိုကာလပြီးသည့် နောက်ပိုင်းတွင်ပင် ထိန်းသိမ်းရေး စင်တာများ သို့မဟုတ် အကျဉ်းထောင်များတွင် ၎င်းတို့ကို ထိန်းသိမ်းထားခြင်း၊ အကူအညီရရှိခြင်းမှ ကျန်ရစ်ခဲ့လေ့ရှိနိုင်သော လမ်းပေါ်တွင် နေထိုင်ရခြင်းတို့ကြောင့် လူကုန်ကူးခံရသူ အများစုတွင် ကျန်းမာရေး ထိခိုက်နိုင်ခြေများကို ဖြစ်ပေါ်စေသည်။ ကျူးလွန်ခံရသူ၏ ပြန်လည်ကျန်းမာနိုင်စွမ်းသည် လျင်မြန်၊ သင့်လျော်သော ကျန်းမာရေး စောင့်ရှောက်မှု ပေးအပ်နိုင်ခြင်း အပေါ်တွင် မူတည်နေသည်။ မည်သို့ပင်ဆိုစေကာမူ ကျူးလွန်ခံရသူများ၏ အမျိုးမျိုးကွဲပြား၍ ထိလွယ်ရှလွယ်ဖြစ်လေ့ရှိသော ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်မှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလေ့ရှိသည်။

အချို့သော အမှုများတွင် ဆေးဘက်ဆိုင်ရာ သမားတော်တစ်ဦးသည် ပထမဆုံး ထိတွေ့ဆက်ဆံရသူ ဖြစ်နိုင်သည်။ လူနာတစ်ဦးက လူကုန်ကူးခံရသော အတွေ့အကြုံကို ထုတ်ဖော်ပြောကြားခြင်းမျိုး ဖြစ်နိုင်သလို လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ လူကုန်ကူးခံရသည်ကို ညွှန်ပြသော လက္ခဏာများကို ထောက်ပံ့ကူညီသူတစ်ဦးက သတိပြုမိခြင်းမျိုးလည်း ဖြစ်နိုင်သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကာကွယ်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့သည် လူကုန်ကူးမှုတိုက်ဖျက်ရေး အကူအညီဆိုင်ရာ စီမံဆောင်ရွက်ချက်များ ကွန်ရက်တွင် ကျန်မာရေးစောင့်ရှောက်မှု၏ အဓိက နည်းလမ်းတစ်ခုဖြစ်သည်ဟု ဆိုရမည်။

---

၁၀၅ IOM (2009)၊ လူကုန်ကူးခံရသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပံ့ပိုးပေးသူများအတွက် လမ်းညွှန်ချက် Geneva: IOM.



**လူကုန်ကူးခံရခြင်း၏ နောက်ဆက်တွဲတစ်ရပ်နေနှင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ကိစ္စများဆိုင်ရာ အကျဉ်းချုပ်**[၁၀၆]

**ရုပ်ပိုင်းဆိုင်ရာ**

- ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ/အပွန်းအပဲ့များနှင့် ခြေလက်များ ကျိုးခြင်း၊
- လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ (HIV/AIDS နှင့် အခြားသော လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ) အပါအဝင် ကူးစက်တတ်သော ရောဂါများ၊
- အာဟာရ ချို့တဲ့ခြင်း၊
- အဝတ်အစား လုံလုံလောက်လောက်မရှိခြင်း၊
- ခိုလှုံရာနေရာ သို့မဟုတ် သင့်လျော်သော နေရာထိုင်ခင်း မရှိခြင်း၊

**စိတ်ပိုင်းဆိုင်ရာ**

- မိမိကိုယ်ကို တန်ဖိုးထားမှု နည်းပါးခြင်း၊
- စိတ်ကျရောဂါ၊
- စိတ်ဒဏ်ရာ၊
- ကြောက်စိတ်၊ စိတ်မလုံခြုံမှု၊ စိုးရိမ်ကြောင့်ကြမှု၊
- မိမိကိုယ်ကိုနှင့် အခြားသူများအပေါ် အယုံအကြည်မရှိခြင်း၊
- မူးယစ်ဆေးဝါးအသုံးပြုခြင်းနှင့် မူးယစ်ဆေးစွဲခြင်း၊

အောက်ပါ ထိခိုက်နစ်နာမှုများကို အာဆီယံတွင် လူကုန်ကူးခံရသူများကို ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ရာတွင် အတွေ့ရများသည်ဟု သတ်မှတ်ထားသည်။ ဖြစ်လာနိုင်ဖွယ်ရှိသော ထိခိုက်နစ်နာမှုများ သိရှိရန်နှင့် ထိခိုက်နစ်နာမှု မရှိစေရေးလမ်းညွှန်ကို ထိုထိခိုက်နစ်နာမှုများ ကာကွယ်ရန် သို့မဟုတ် လျော့ပါးစေရန် နည်းလမ်းတစ်ခုအဖြစ် လက်ခံစဉ်းစားရန်မှာ ရှေးဦး တုံ့ပြန်ဆောင်ရွက်သူ သို့မဟုတ် ထောက်ပံ့ကူညီသူ တစ်ဦးဖြစ်သော သင့်အတွက် အရေးကြီးလှသည်။

၁၀၆ IOM (2009)၊ လူကုန်ကူးခံရသူများအား ပြုစုစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပံ့ပိုးပေးသူများအတွက် လမ်းညွှန်ချက် မှထုတ်ယူ၍ ဆီလျော်အောင်ပြုစုထားသည်။ Geneva: IOM

# ၁ ဆေးကုသမှုနှင့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်းရရှိခွင့် မရှိခြင်း

အခမဲ့ သို့မဟုတ် တန်ဖိုးသင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများမရှိခြင်းသည် ကျူးလွန်ခံရသူ အများအပြားအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်တွင် အဓိက အတားအဆီးတစ်ခုဖြစ်သည်။ ကျူးလွန်ခံရသူအဖြစ် အသတ်မှတ်ခံပြီးသူများသည် အဖိုးအခများကျသင့်ခြင်းနှင့် သက်ဆိုင်ရာ အေဂျင်စီများတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ခွဲဝေသတ်မှတ်ထားသော ဘတ်ဂျက် မရှိခြင်းတို့ကြောင့် ဆေးရုံ၊ ဆေးခန်းများကို လွှဲပြောင်းမတင်ပေးနိုင် ဖြစ်ရသည်။ နိုင်ငံသား ကျန်းမာရေးအာမခံစနစ် အများစုသည် နိုင်ငံသားမဟုတ်သူများအတွက် မလောက်ငသောကြောင့် နိုင်ငံခြားသား လူကုန်ကူးခံရသူများသည် အထူးသဖြင့် ထိခိုက်လွယ်ကြသည်။ နိုင်ငံခြားသား ကျူးလွန်ခံရသူများအတွက် ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်ရှိရန် စာရွက်စာတမ်းများနှင့် အချိန်များလည်း ပို၍ လိုအပ်သောကြောင့် ၎င်းတို့ကို လျစ်လျူရှုခံရနိုင်ခြေများ ပို၍ မြင့်မားနေသည်။

HIV/AIDS ကဲ့သို့ လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ၊ ကိုယ်ဝန်ဖျက်ချခြင်း၊ မူးယစ်ဆေး အသုံးပြုခြင်းတို့နှင့် ပတ်သက်သော အမဲစက်ကြောင့် ကျူးလွန်ခံရသူအချို့သည် အလွန်အရေးကြီးသော အထူးဆေးကုသမှုကို မရရှိခြင်းမျိုး ဖြစ်နိုင်သည်။ ဆရာဝန်များနှင့် သူနာပြုများသည် အဆိုပါ ရောဂါများကို ကုသပေးရန် ဝန်လေးနေကြခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းတို့၏ ရောဂါများနှင့် ကိုယ်ဝန်တို့အတွက် ကျူးလွန်ခံရသူများကို အပြစ်တင်လိုဟန်လည်း ရှိကြသည်။



# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ကျူးလွန်ခံရသူတစ်ဦးသည် အထူးဆေးကုသမှုကို အရေးတကြီး လိုအပ်လျှင် စစ်ဆေးအကဲဖြတ်ပြီး ၎င်းတို့ကို ဆရာဝန်တစ်ဦး သို့မဟုတ် ဆေးပညာရှင်တစ်ဦးဆီသို့ အမြန်ဆုံး လွှဲပြောင်းပေးပါ။

- ဖြစ်နိုင်လျှင် ကျူးလွန်ခံရသူများကို TIP အမှုများ ကုသရာတွင် အတွေ့အကြုံရှိသည့် လေ့ကျင့်ပေးထားသော ဆေးဘက် ဆိုင်ရာ သမားတော်များထံသို့ လွှဲပြောင်းပေးပါ။ အနာဂတ်တွင် လွယ်ကူစွာ ပြန်လည်ရှာဖွေနိုင်ရန် ဤကဲ့သို့ အရည်အချင်းရှိ သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များကို စာရင်းပြုစုထားပါ။

- ဘတ်ဂျက် သို့မဟုတ် အရင်းအမြစ်များ မရှိခြင်းကြောင့် လူကုန်ကူးခံရသူများသည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အတွက် ငြင်းဆိုခံရခြင်း မရှိစေရန် အခြားသော အေဂျင်စီများ သို့မဟုတ် NGO လုပ်ဖော်ကိုင်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက် ပါ။

- ကျူးလွန်ခံရသူတစ်ဦး၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ မနှစ်သက်သည့်သဘောမျိုး၊ အပြစ်တင်သည့် သဘောမျိုး သက်ရောက်စေမည့် မေးခွန်းများ မေးမြန်းခြင်း သို့မဟုတ် မှတ်ချက်များ ချခြင်းတို့ကို ရှောင်ရှားပါ။

- ခာတ်ခွဲခန်းတွင် စစ်ဆေးခွင့်ရှိလျှင် ကိုယ်ဝန် ရှိမရှိစစ်ဆေးခြင်းအပြင် HIV နှင့် အခြားသော လိင်မှတစ်ဆင့်ကူးစက်သော ကူးစက်ရောဂါများ ရှိမရှိ စစ်ဆေးပေးပါ။ မျိုးဆက်ပွားနိုင်သော အသက်အရွယ်ရှိ အမျိုးသမီးများအားလုံးအတွက် အရေးပေါ် သန္ဓေတားခြင်းကို ဖြစ်နိုင်လျှင် မည်သည့်နေရာတွင်မဆို ရရှိနိုင်ရန် ဆောင်ရွက်ပေးပါ။

- ရလဒ်များနှင့်ပတ်သက်၍ ကျူးလွန်ခံရသူများကို အသိပေးရန်နှင့် နှစ်သိမ့်ဆွေးနွေးပေးရန်အတွက် သင့်လျော်ရာ စမ်းသပ်မှု အကြို နှစ်သိမ့်ဆွေးနွေးခြင်းနှင့် နောက်ဆက်တွဲ အထူးအစီအစဉ်တစ်ခုကို ပေးအပ်ပါ။ စမ်းသပ်ချက်တွင် ရောဂါ/ကိုယ်ဝန် ရှိ သည်ကိုပြလျှင် ၎င်းအစီအစဉ်တွင် ကုသမှု အစီအစဉ်နှင့် သင့်လျော်သော လွှဲပြောင်း ပေးအပ်မှုများလည်း ပါဝင်သင့်သည်။

**အလေ့အထကောင်း။**[၁၀၇]

ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘောဒီးယား နိုင်ငံသားမဟုတ်သူများ အပါအဝင် ရွှေ့ပြောင်းလုပ်သား အားလုံးအတွက် အခမဲ့ ဆေးကုသမှု ပေးအပ်ရန် နယ်စပ်ဒေသများ (ဘတ်တမ်ဘောန် (Battambang)၊ ပိုင်လင် (Pailin)၊ ဗန်တေးမိန်ချေ (Banteay Meanchey) နှင့် ခါအို့ဝ်ကောင်း၌ (Koh Kong) စီရင်စုတို့) ရှိ လွှဲပြောင်းပေးအပ် ရာ ဆေးရုံအားလုံးတွင် တက်ရောက်နိုင်ရန် ရွှေ့ပြောင်းနေထိုင်သူများ၏ ကျန်းမာရေးဆိုင်ရာ မူဝါဒ တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ခါအို့ဝ်ကောင်း၌ စီရင်စု၌ ထိုင်းနယ်စပ်တွင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းနေထိုင် သူများ သည် ဖျားနာကြသည့်ဖြစ်ရပ်များ တော်တော်များများ ရှိသည်။ ထိုရွှေ့ပြောင်းနေထိုင်သူများကို ၎င်းတို့ အခမဲ့ ဆေးကု သမှု ခံယူနိုင်မည့် ခါအို့ဝ်ကောင်း၌ စီရင်စုရှိ လွှဲပြောင်းပေးအပ်ရာ စီရင်စုဆေးရုံသို့ ပို့ဆောင်ပေးသည်။ ဆေးရုံသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းနေထိုင်သူအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများလည်းအခမဲ့ ထောက်ပံ့ပေးသည်။

---

၁၀၇ ကမ္ဘောဒီယား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၃ နိုဝင်ဘာ ၂၀၂၁။

## ၂ အကန့်အသတ်ရှိသော သို့မဟုတ် ကာလတိုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ

လူကုန်ကူးမှု ကျူးလွန်ခံရသူအများအပြားတွင် ရုတ်တရက်ကြည့်လျှင် မသိသာနိုင်သော ကျန်မာရေးစောင့်ရှောက်မှု လိုအပ်ချက်များစွာ ရှိကြသည်။ ၎င်းတို့သည် စိတ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အကျပ်ကိုင်မှုနှင့် ထိန်းချုပ်မှု၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုနှင့် အန္တရာယ်များသော အလုပ်အကိုင်အခြေအနေတို့၏ ဒဏ်ကို ခံရခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာအမျိုးမျိုးဆီသို့ ဦးတည်လျက်ရှိသည်။ အများအပြားသည် ထိခိုက်မှုကို ကြုံပြီးနောက် စိတ်ထိခိုက်မှုဝေဒနာကို လချီ သို့မဟုတ် နှစ်ချီ ခံစားကြရသည်။

လက်တွေ့တွင်မူ ကျူးလွန်ခံရသူများအတွက် ကြီးမား၊ ရှုပ်ထွေး၍ ကာလရှည် လိုအပ်ချက်များ တစ်မျိုးမျိုးကို အထူး စောင့်ရှောက်မှုပေးရန်မှာ အများအားဖြင့် ကန့်သတ်ချက်ရှိသည်။ ဥပမာအားဖြင့် ကျူးလွန်ခံရသူအချို့တွင် လက်ရှိ ဖြစ်ပေါ်နေသောစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့လိုအပ်ချက် သို့မဟုတ် ၎င်းတို့၏ ဌာနေအသိုင်းအဝိုင်းတွင် မရရှိနိုင်သော လက်ရှိ သို့မဟုတ် အထူးဆေးကုသ စောင့်ရှောက်မှု လိုအပ်နေသော နာတာရှည်ကျန်းမာရေးကိစ္စများ ရှိကြသည်။[၁၀၈]

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ၎င်းတို့တွင် ကျန်းမာရေး ပြဿနာတစ်မျိုးမျိုး ရှိမရှိ ကျူးလွန်ခံရသူများကို မေးမြန်းပါ။ ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ကျန်းမာရေး အခြေအနေနှင့်ပတ်သက်၍ မသိရှိခြင်း၊ အကုန်အစင် မျှဝေရန် အဆင်သင့်မဖြစ်သေးခြင်းတို့လည်း ဖြစ်နိုင်ပါသည်။ ၎င်းတို့ မပြောပြထားသော အခြားဆေးကုသမှုဆိုင်ရာ အခြေအနေများကို ပြသသည့် လက္ခဏာများကို ရှာဖွေပါ။
- ဖြစ်နိုင်သည့်အခါတွင် သင့်လျော်သော ဆေးဝါးများဖြင့် အကောင်းဆုံး လေ့ကျင့်ဆောင်ရွက်ထားပြီး ဂရုစိုက် စောင့်ရှောက်မှုကို ပံ့ပိုးရန် ကျွမ်းကျင်သော လူမှုဝန်ထမ်းတစ်ဦးနှင့်တကွ အရည်အချင်းမီ စိတ်ကျန်းမာရေး အထူးကု တစ်ဦးနှင့် ဆွေးနွေးတိုင်ပင်ပါ။
- ကုသမှု အစီအစဉ်ကို ပြုစုရေးဆွဲရာတွင် ကျူးလွန်ခံရသူများ၏ မြောက်မြားလှစွာသော လိုအပ်ချက်များဖြစ်သည့် အစားအစာ၊ ခိုလှုံရာနေရာ၊ တရားဝင် ထောက်ခံအားပေးမှု၊ စိတ်ကျန်းမာရေး အထောက်အပံ့၊ ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ရန် အေဂျင်စီများ၊ NGO များနှင့်အတူ စဉ်းစား၊ ဆောင်ရွက်ပါ။ ကျူးလွန်ခံရသူ၏ လုံးလုံးလျားလျား ပြန်လည်ကျန်းမာရေးကို ထောက်ပံ့ပေးရာတွင် ထိုအရာ အားလုံးသည် အရေးပါကြသည်။
- တစ်ခါတစ်ရံတွင် လက်လှမ်းမမီနိုင်သည့် အခြေအနေအရဖြစ်စေ၊ ကျူးလွန်ခံရသူက အလွဲပြောင်းခံရန် ငြင်းပယ်၍ဖြစ်စေ၊ နယ်နှင်ဒဏ်ပေးခံထားရသူ ဖြစ်နေ၍ဖြစ်စေ၊ ဌာနေကို ချက်ချင်း ပြန်သွား၍ဖြစ်စေ ကျူးလွန်ခံရသူကို စိတ်ကျန်းမာရေး အထူးကုဆီသို့ လွှဲပြောင်းပေးရန် မဖြစ်နိုင်ပါ။ ဤအမှုမျိုးတွင် ၎င်းတို့၏ ကျန်းမာရေးအပေါ်တွင် အပြုသဘော ဆောင်သော အကျိုးရလဒ်တစ်ခုကို တတ်နိုင်သမျှ ရရှိစေရန် သင်သည် ကျူးလွန်ခံရသူနှင့် ဆုံနိုင်သမျှများများ ဆုံတွေ့ပေးရမည်။
- မရရှိခဲ့သော အခြေခံနေထိုင်မှုပုံစံများ၊ ဥပမာ- စားသောက်မှုပုံစံနှင့် အိပ်စက်မှုပုံစံများ ပြန်လည်ရရှိနိုင်မည့် နည်းလမ်းကို ဆွေးနွေးပါ။ အပြုသဘောဆောင်သော ကိုင်တွယ်ဖြေရှင်းနည်းများ (ဥပမာ- ယဉ်ကျေးမှုအရ သင့်လျော်ရာ စိတ်ဖြေလျှော့နည်းများ) ကို အသုံးပြုရန် အားပေးပါ။ လက္ခဏာများ ဆက်လက်ပြသနေပါက ၎င်းတို့ကို နောက်ထပ် အကူအညီဆီ လွှဲအပ်မည်ဖြစ်ကြောင်း ကျူးလွန်ခံရသူကို အကြံပြုပါ။
- အရက်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲမှုတို့နှင့် ပတ်သက်၍ ဝေဖန်ရာမရောက်သော၊ အထောက်အပံ့ဖြစ်စေမည့် အကြံဉာဏ်ကို ပေးအပ်ပါ။ ကျူးလွန်ခံရသူများ စိတ်ထောင်းကိုယ်ကြေဖြစ်ခြင်းကို တားဆီးမည့် ရည်မှန်းချက် ပန်းတိုင်များ ကူညီချမှတ်ပေးပြီး စိတ်ထောင်းကိုယ်ကြေဖြစ်ခြင်းကို လျှော့ချရာတွင် ကိုယ်ပိုင် စိတ်အား ထက်သန်မှုများကို ဖော်ပြရန် ၎င်းတို့ကို အားပေးပါ။
- ပြဿနာဖြေရှင်းချဉ်းကပ်နည်းများကို အသုံးပြုပါ။ ၎င်းတို့ ရွေးချယ်သင့်သော ရွေးချယ်မှုများဟူ၍ သင့်ထင်မြင်ချက်ကို ပြောပြခြင်းထက် ကျူးလွန်ခံရသူကို ကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်ပေးပါ။ ကိုင်တွယ်ဖြေရှင်းခြင်း သို့မဟုတ် ဖြေရှင်းနည်းများ ရေးဆွဲပြုစုခြင်းတို့အတွက် ၎င်းတို့၏ ကိုယ်ပိုင် ရွေးချယ်မှုများကို ချမှတ်ရာတွင် အတူတကွ ကူညီ ဆောင်ရွက်၍ ပြဿနာများကို ခေါင်းချင်းဆိုင် အဖြေရှာဆုံးဖြတ်ပါ။

---

၁၀၈ Surtees, R and Laura S. Johnson (2021) လူကုန်ကူးခံရသူများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး - လေ့ကျင့်ရေးလမ်းညွှန်၊ Bangkok: ဘာလီလုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အထောက်အကူပြုရုံး (RSO) နှင့် Washington, D.C.: NEXUS Institute

**စိန်ခေါ်မှု။**

လူကုန်ကူးခံရသူ အများအပြားသည် သင့်လျော်သော အရည်အချင်းမီ ကျွမ်းကျင် ပညာရှင်တစ်ဦးဆီမှ ကျယ်ပြန့်သော ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများနှင့် ရေရှည် ကျန်းမာရေးဆိုင်ရာ ကုသမှုတို့ကို လိုအပ်ပါသည်။ ကိုယ်တွင်း ထိခိုက်ဒဏ်ရာများ ထိခိုက်ခံစားရသူများကို ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ မည်မျှရှိသည်ကို ဆုံးဖြတ်နိုင်ရန် ဓာတ်မှန်ရိုက်ခြင်း၊ အဏုဇီဝပိုးမွှားများကို ဓာတ်ခွဲစစ်ဆေးခြင်း၊ ကိုယ်တွင်းဆေးနှင့် ဓာတုဆိုင်ရာ စစ်ဆေးခြင်းတို့ ဆောင်ရွက်ရန် လိုအပ်သည်။ ထိုလုပ်ငန်းစဉ်များနှင့် စစ်ဆေးမှုများသည် အကုန်အကျများပြီး အချိန်ပေးရတတ်သလို ဤကဲ့သို့ စစ်ဆေးပေးနိုင်မည့် နိုင်ငံပိုင် အရင်းအမြစ်များမှာလည်း နည်းပါးလှသည်။ ဤအချက်များသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း စီမံဆောင်ရွက်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲအမျိုးမျိုးတွင် ပါဝင်ခဲ့သူများက မျှဝေသော အမြင်များထဲမှ အချို့ဖြစ်သည်။ ထို့နည်းတူပင် နာတာရှည် နာမကျန်းဖြစ်ခြင်းများနှင့် HIV/AIDS ကဲ့သို့ လိင်မှတစ်ဆင့်ကူးဆက်သော ရောဂါများကို ကုသမှုသည် ကာလကြာရှည်ပြီး အကုန်အကျများသောကြောင့် ကျူးလွန်ခံရသူများသည် ဤကဲ့သို့သော ကုသမှုများ လက်ခံရရှိနိုင်ခြင်းကို လျော့နည်းစေသည်။

ကျေးလက်ဒေသများ သို့မဟုတ် ရပ်ဝေးဒေသများ၌ နေထိုင်သူများတွင် လက်လှမ်းမမီနိုင်သောကြောင့် အရည်အသွေးမီ ကျန်းမာရေး စောင့်ရှောက်မှုဖြစ်စေ၊ အချို့သော ဆေးဝါးများဖြစ်စေ၊ နှစ်မျိုးစလုံးဖြစ်စေ ရရှိခွင့်ရရန် မဖြစ်နိုင်သည်ကိုတွေ့ရသည်။ ကျူးလွန်ခံရသူများ၏ ဆေးကုသခြင်းအတွက် ဆက်လက်ဆောင်ရွက်ရာတွင် မိသားစု၏ ထောက်ပံ့ကူညီမှုမှာ အရေးပါလှသည်။ သို့သော် ဤထောက်ပံ့ကူညီမှုကို အမြဲတမ်းမရရှိကြပါ။ မသန်စွမ်းသူ သို့မဟုတ် ရှုပ်ထွေးသောလိုအပ်ချက်များရှိသည့် ကျူးလွန်ခံရသူများသည် သင့်လျော်သော၊ စဉ်ဆက်မပြတ် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေးတွင် သာမန်မဟုတ်သော အခက်အခဲများကိုလည်း ရင်ဆိုင်ကြရသည်။ လေ့ကျင့်ပေးထားသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းမရှိခြင်း၊ နည်းပါးသော နိုင်ငံတော် ဘတ်ဂျက်နှင့် အကန့်အသတ်ရှိသော မိသားစု ထောက်ပံ့ကူညီမှုတို့ကြောင့် ကျူးလွန်ခံရသူ အများအပြားသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည် ကျန်းမာရေးအတွက် ထောက်ပံ့ကူညီမှုများနှင့် အကူအညီများကို လက်ခံရရှိနိုင်ခြင်း မရှိကြပေ။

# ၃ စိတ်ဒဏ်ရာအကြောင်း သိနားလည်စွာ စောင့်ရှောက်ပေးမှု မရှိခြင်း

လူကုန်ကူးခံရသူများသည် ကျန်းမာရေးစောင့်ရှောက်မှု တောင်းခံသည့် ဖြစ်စဉ်အတွင်းတွင် ထပ်မံ ကျူးလွန်ခံရနိုင်သည်။ နှစ်သိမ့်ဆွေးနွေးခြင်း သို့မဟုတ် ကျန်းမာရေး စစ်ဆေးခြင်း ပြုလုပ်နေစဉ်တွင် ခြိမ်းခြောက်ခံရသလို သို့မဟုတ် မလုံခြုံသလို ခံစားရလျှင်၊ မေးမြန်းသည့် ပုံစံကြောင့်ဖြစ်စေ၊ ၎င်းတို့၏ ခန္ဓာကိုယ်ကို ထိတွေ့ဆက်ဆံပုံကြောင့်ဖြစ်စေ အရှက်ရသလို သို့မဟုတ် ပျက်ရယ်ပြုခံရသလို ခံစားရလျှင်၊ အတွေ့အကြုံတစ်လျှောက်တွင် ကူကယ်ရာမဲ့ သို့မဟုတ် အထိန်းအကွပ်မဲ့ ခံစားရလျှင် ဤဖြစ်ရပ်မျိုး ဖြစ်ပေါ်နိုင်သည်။ ဤသို့ အပျက်သဘောဆောင်သော အတွေ့အကြုံများကြောင့် ၎င်းတို့၏ အမြတ်ထုတ်ခံရခြင်းကို ထုတ်ဖော် ပြောကြားနိုင်ရန်ဆိုသည်မှာ ကျူးလွန်ခံရသူများအတွက် အတားအဆီး ဖြစ်နေသည်။ အချို့အမှုများတွင် ထိုအတွေ့အကြုံများကြောင့် ၎င်းတို့သည် အနာဂတ်တွင် ကျန်းမာရေး စောင့်ရှောက်မှု တောင်းခံရမည်ကို ရှောင်ရှားကြသည်။ စိတ်ဒဏ်ရာအကြောင်း သိနားလည်စွာ စောင့်ရှောက်မှုပေးခြင်း ချဉ်းကပ်နည်းကို လူနာအားလုံးနှင့် အပြန်အလှန်ဆက်သွယ်ရာတွင် အသုံးချခြင်းဖြင့် ကျူးလွန်ခံရသူများအတွက် ပိုမိုလုံခြုံသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ပြီး ၎င်းတို့ကိုယ်တိုင် ကုစားနိုင်ရန် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များက ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။



Photo by Mufid Majnun on Unsplash

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းတို့ကို သတ်မှတ် သီးသန့် နေရာတစ်ခုတွင်ဂရုတစိုက် လုပ်ဆောင်ပါ။

- ကျူးလွန်ခံရသူက တောင်းဆိုလျှင် စစ်ဆေးမှု ဆောင်ရွက်ရာအခန်းထဲတွင် လူမှုဝန်ထမ်းတစ်ဦး သို့မဟုတ် ယုံကြည်ရသော လူကြီးတစ်ဦးကို ရှိနေခွင့်ပြုပါ။ လာရောက်စစ်ဆေးမှု မတိုင်မီတွင် ကျူးလွန်ခံရသူများသည် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းနှင့် စကားပြောဆိုရာတွင် ၎င်းတို့ကိုယ်ကို ယုံကြည်မှု ရှိစေရန်နှင့် ၎င်းတို့ကိုယ်ကို ဂရုစိုက်နိုင်ရန်အတွက် လိုအပ်သော ဗဟုသုတနှင့် သတင်းအချက်အလက်များကို ၎င်းတို့ သိရှိနိုင်ရန် လူမှုဝန်ထမ်းများက ပြင်ဆင်ဆောင်ရွက်ပေးနိုင်သည်။

- "မင်း ဘာဖြစ်နေတာလဲ" ဆိုသည့်အချက်ထက် "မင်း ဘာဖြစ်ခဲ့တာလဲ" ဆိုသည့်အချက်အပေါ်တွင် အာရုံစိုက်ပေးပါ။[၁၀၉]

- ဖြစ်လာမည့်အရာ၊ မျှော်လင့်ထားရမည့်အရာနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း၊ အေးအေးဆေးဆေး ဆက်သွယ် ပြောဆိုပါ။ ပြီးလျှင် ဖြစ်နေသည့်အရာကို ကျူးလွန်ခံရသူ နားလည်စေရန် သေချာဆောင်ရွက်ပါ။ လိုအပ်လျှင် စကားပြန် အသုံးပြုပါ။

- မည်သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ကိုမဆို ကျူးလွန်ခံရသူ၏ သိရှိ နားလည်ထားပြီးဖြစ်သော သဘောတူခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်သင့်သည်။ ပါဝင်သော အဆင့်များ၊ လုပ်ငန်းစဉ်များနှင့် ၎င်းတို့ကို စစ်ဆေးအကဲဖြတ်ရန် လိုအပ်သည့် အကြောင်းရင်းများကို ကျူးလွန်ခံရသူ သိရှိ နားလည်ထားပြီး ဖြစ်နေစေရမည်။ ကျူးလွန်ခံရသူ၏ နှုတ်ပိတ်နေခြင်းကို သဘောတူသည်ဟု ကောက်ချက်မဆွဲသင့်ပါ။ စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ကိုလည်း ကျူးလွန်ခံရသူ သက်သောင့်သက်သာရှိစေမည့် ဂျန်ဒါရှိသူတစ်ဦးနှင့် ပြီးမြောက်အောင် ဆောင်ရွက်သင့်သည်။

- ၎င်းတို့ကို ဝေဖန်ရာမရောက်ဘဲ နှစ်သိမ့်ပေးသော နည်းလမ်းဖြင့် စကားပြောပါ။ မည်သူမဆို နာကျင်ခံစားရန် မထိုက်တန်ကြောင်းနှင့် လူတိုင်းသည် လေးစားသမှုနှင့် ဆက်ဆံခံရသင့်ကြောင်း ၎င်းတို့ကို ပြောဆိုအားပေးပါ။

- စစ်ဆေးမှုဖြစ်စေ၊ ကုသမှုဖြစ်စေ ဆောင်ရွက်ရာ လုပ်ထုံးလုပ်နည်းတစ်လျှောက်တွင် ကျူးလွန်ခံရသူ သက်သောင့်သက်သာနှင့် လုံခြုံစိတ်ချမှု ရှိမရှိကို စစ်ဆေးပါ။ ၎င်းတို့၏ ဆန္ဒအလျောက်သာ ပါဝင် ဆောင်ရွက်ရမည်ဖြစ်ပြီး မည်သည့်အနေအထားတွင်မဆို ၎င်းတို့ ငြင်းဆိုပိုင်ခွင့်ရှိသည်ကို ပြောပြပါ။

- ဆေးကုသမှုခံယူနေစဉ်တွင် သတင်းအချက်အလက်နှင့် ထောက်ပံ့ကူညီမှုကို ပေးအပ်ပါ။ ဆုံးဖြတ်ချက် ချမှတ်သည့် ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ရန်နှင့် မေးခွန်းများ မေးရန် ၎င်းတို့ကို အားပေးပါ။

- စုဆောင်းရရှိသော မည်သည့် သတင်းအချက်အလက်ကိုမဆို လျှို့ဝှက်ထားပေးမည်ဖြစ်ကြောင်း ၎င်းတို့ကို သေချာပြောပြပါ။ ၎င်းတို့၏ မှတ်တမ်းများကို မည်ကဲ့သို့ လုံခြုံစွာ သိမ်းထားကြောင်း ၎င်းတို့ကို ရှင်းပြပါ။ ကျူးလွန်ခံရသူ၏ ခွင့်ပြုချက် သို့မဟုတ် တရားရုံး၏ အမိန့်မရှိဘဲ ၎င်းအချက်အလက်များကို အခြားသူများနှင့် မဝေမျှပါဟု ၎င်းတို့ကို ပြောပြပါ။

- ပထမဆုံး ဆုံတွေ့မှုတွင် ကျူးလွန်ခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ရေးအပေါ် အာရုံစိုက်ပါ။ ၎င်းတို့ ခံစားရပုံနှင့် ဆေးကုသခံလိုပုံတို့ကို မျှဝေခွင့်ပြုပါ။ နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ ဖော်ပြသော ၎င်းတို့၏ မသက်မသာဖြစ်မှုကို စာနာပါ။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် လူကုန်ကူးခံရမှု အတွေ့အကြုံကို ဆွေးနွေးခြင်းဆီသို့ ရောက်ရှိစေမည် ဖြစ်သည်။

---

၁၀၉ Polaris Project (2018)၊ချဉ်းကပ်လမ်းများ၊ လမ်းဆုံများနှင့် အထွက်လမ်းကြောင်းများ- လူကုန်ကူးမှုကို တားဆီးနှောင့်ယှက်ရန် စနစ်များနှင့်လုပ်ငန်းများအတွက် လမ်းပြမြေပုံ။

# ၄ ယဉ်ကျေးမှုအရသင့်လျော်၍ တစ်ဦးချင်းအလိုက် ဂရုစိုက်စောင့်ရှောက်မှု မရှိခြင်း

ကျူးလွန်ခံရသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် လူမှု-စီးပွားရေးဆိုင်ရာ နောက်ခံအကြောင်းအရာ၊ ပညာရေး အဆင့်အတန်းနှင့် လူကုန်ကူးခံရသော အခြေအနေအတွင်း ၎င်းတို့တွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များသည် ၎င်းတို့၏ နာမကျန်းဖြစ်မှုနှင့် ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံ၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ မျှော်မှန်းချက်များအပေါ် လွှမ်းမိုးမှုရှိပါလိမ့်မည်။ လူပုဂ္ဂိုလ်တစ်ဦးက နာမကျန်းမှုကို ခံစားရပုံနှင့် ဂရုစိုက်စောင့်ရှောက်ပေးမှုကို တုံ့ပြန်ပုံအားလုံးသည် ကျား၊မကဏ္ဍများနှင့် ထုံးထမ်းစဉ်လာများ၊ ဝိညာဉ်ပိုင်းဆိုင်ရာ ယုံကြည်သက်ဝင်မှုများအပေါ်တွင် အကြောင်းရင်းခံနေသည်။

ဥပမာအားဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းကို ‘ပုံမှန်ဖြစ်စေသော’ အခြေအနေများမှလာသည့် အမျိုးသမီးများအတွက်မှု ၎င်းတို့၏ အတွေ့အကြုံများ၏ ပြင်းထန်ဆိုးရွားမှုကို အကျယ်မချဲ့လိုကြသည်ကို တွေ့နိုင်သည်။ ကျူးလွန်ခံရသူများနှင့် ဆေးဘက်ဆိုင်ရာ သမားတော်များအကြားတွင် နောက်ခံအကြောင်းအရာများနှင့် ဗဟုသုတ အဆင့်အတန်းများတွင် သိသိသာသာ ကွာခြားမှုများ ရှိသောကြောင့် ကျူးလွန်ခံရသူများအဖို့ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို နားလည် သဘောပေါက်ရန် အခက်အခဲများရှိနိုင်ပြီး ထောက်ပံ့သူများအတွက်မှု ရောဂါလက္ခဏာများနှင့် လိုအပ်ချက်များကို စစ်ဆေးအကဲဖြတ်ရန် ခက်ခဲနိုင်သည်။

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- လိုအပ်ချက်များရှိလျှင် ဆက်သွယ်ပြောဆိုနိုင်ပြီး ထိုလိုအပ်ချက်များကို ကျူးလွန်ခံရသူများ သေချာစွာ နားလည်သဘောပေါက်စေရန်အလို့ငှာ လေ့ကျင့်၊ စိစစ်ထားသော စကားပြန်များကို အသုံးပြုပါ။ ထပ်မံတွေ့ဆုံဆွေးနွေးမှုရှိလျှင် ထိုစကားပြန်တစ်ဦးတည်းကို ထပ်မံ အသုံးပြုပါ။ စကားပြန် သို့မဟုတ် သူ/မ ၏ အေဂျင်စီကို ဆွေးနွေးမည့် ကိစ္စ (ဥပမာ-အကြမ်းဖက်မှု၊ မုဒိမ်းမှု စသည်တို့ ပါဝင်နိုင်သော ယုံကြည်စိတ်ချရသည့် ဆေးဘက်ဆိုင်ရာ ဆွေးနွေးခြင်းများ)နှင့် ပတ်သက်၍ အသိပေးပါ။ စကားပြန်သည် ဆွေးနွေးမည့် ကိစ္စနှင့်ပတ်သက်၍ အဆင်ပြေသက်သောင့်သက်သာရှိသူ ဖြစ်ရပါမည်။ ပုဂ္ဂိုလ်ရေးအဆက်အသွယ် အသေးစိတ်အချက်အလက်များကို ဖြန့်ဝေခြင်း မပြုရန်နှင့် ကျူးလွန်ခံရသူနှင့် ပတ်သက်သော သတင်းအချက်အလက်တစ်မျိုးမျိုးကို အခြားသူများကို ပြောပြခြင်းများ မပြုလုပ်ရန် စကားပြန်ကို သတိပေးပါ။
- သတင်းအချက်အလက်ကို နားလည်သဘောပေါက်စေမည့် နည်းလမ်းများဖြင့် ပေးနိုင်ရန်အတွက် ကျူးလွန်ခံရသူ၏ စာတတ်မြောက်မှုအဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ပါ။ ၎င်းတို့ နားလည်သဘောပေါက်စေရန် ရုပ်ပုံအကူအညီများ အသုံးပြုရေးကို ထည့်သွင်းစဉ်းစားပါ။
- မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပါ။
- တစ်ဦးတစ်ယောက်ချင်းစီ၏ တုံ့ပြန်ချက်များနှင့် အပြုအမူအပေါ် လျင်မြန်သော သို့မဟုတ် အပျက်သဘောဆောင်သော ယူဆချက်များကို တထစ်ချ မမှတ်ယူပါနှင့်။ ထိုတုံ့ပြန်ချက်များအတွက် ဖြစ်နိုင်သည့် ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုဆိုင်ရာ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းရင်းများကို ထည့်သွင်းစဉ်းစားပါ။
- ဥပဒေဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ အကန့်အသတ်များအပါအဝင် လက်ရှိ လူမှုဆိုင်ရာ ဖိအားကိုဖြစ်စေသော အရာများကို ခွဲခြားသတ်မှတ်ပြီး သင့်လျော်သော လူမှုဝန်ဆောင်မှုများဆီသို့ အချိန်မီ လွှဲအပ်ပါ။
- ၎င်းတို့၏ နာမကျန်းဖြစ်ခြင်းနှင့် ပတ်သက်၍ ကျူးလွန်ခံရသူများ၏ ကိုယ်ပိုင် နားလည်သိရှိထားသည်ကို စူးစမ်းရှာဖွေပါ။ ဤသို့ဖြင့် ကုသမှုအစီအစဉ်ကို လမ်းညွှန်ပေးနိုင်ပြီး ကျူးလွန်ခံရသူများနှင့် အပြန်အလှန်ဆက်သွယ်ရန် နည်းလမ်းကို သမားတော်များ ပိုမိုသိရှိနိုင်မည်ဖြစ်သည်။
- ထောက်ပံ့ကူညီသူတစ်ဦးကို ၎င်းနှင့် လိင်တူသူဖြစ်စေလိုသည့် ကျူးလွန်ခံရသူများ၏ ဆန္ဒများနှင့် ပတ်သက်၍လည်းကောင်း၊ ၎င်းတို့ကို စစ်ဆေးရန် မည်သူ့ကိုခွင့်ပြုသည်ဟူသောအချက်နှင့် ပတ်သက်၍လည်းကောင်း ၎င်းတို့၏ ရွေးချယ်မှုများကို ဖြစ်နိုင်လျှင်  သေချာစွာ ဖြည့်ဆည်းပေးပါ။
- ကျူးလွန်ခံရသူများ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်သက်ဝင်မှုတို့၏ အကြောင်းအရာအပေါ်အခြေခံ၍ လူကုန်ကူးခံရသည့် အတွေ့အကြုံအပေါ် ၎င်းတို့၏ နားလည်သဘောပေါက်မှု၊ ၎င်းတို့ ပြန်လည်နာလန်ထူရေးတွင် ဘာသာရေးဆိုင်ရာ ယုံကြည်သက်ဝင်မှုများ၏ အရေးပါပုံကို အသိအမှတ်ပြုပေးပါ။

လူကုန်ကူးခံရသူများတွင် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှုများနှင့် ဆုံးဖြတ်ချက်များကို ချမှတ်ပိုင်ခွင့်ရှိပြီး ဖြစ်နိုင်လျှင် ဖြစ်နိုင်သလောက် ဆုံးဖြတ်ချက်ချခြင်းတွင် ပါဝင်ရန် ၎င်းတို့ကို အားပေးသင့်သည်။ **အာဆီယံ ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်**တွင် "သင့်လျော်သော ကဏ္ဍတိုင်းတွင် သူမလက်ခံရရှိမည့် အကူအညီနှင့် ပတ်သက်သည့် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကဏ္ဍအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ခွင့်အားပေးပါ" ဟူ၍ ကျူးလွန်ခံရသူများအတွက် အကြံပြုထားပါသည်။[၁၁၀] ကျူးလွန်ခံရသူများနှင့် ပူးပေါင်းဆောင်ရွက်၍အလုပ်လုပ်ကိုင်ရာတွင် ဝန်ဆောင်မှုပေးသူများသည် ကျူးလွန်ခံရသူများ၏ လုပ်ပိုင်ခွင့်ကို ပြန်လည်ရရှိစေရန်နှင့် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များကို ၎င်းတို့ချမှတ်၊ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ထားသင့်သည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်နေသော ဆုံးဖြတ်ချက်များကို အေဂျင်စီကို ကျော်လွန်၍ ၎င်းတို့ကိုယ်တိုင် ပြန်လည်ချမှတ်နိုင်မည်ဖြစ်ပြီး နောက်ထပ် ဆောင်ရွက်ချက် လမ်းကြောင်းများကို ဆုံးဖြတ်ရာတွင် ၎င်းတို့၏ မိမိကိုယ်ကို ယုံကြည်မှု တိုးမြင့်လာစေမည် ဖြစ်သည်။

**အလေ့အထကောင်း။**[၁၁၁]

လူကုန်ကူးခံရသူကလေးသူငယ်များကို ဆေးစစ်ဆေးနေစဉ်တွင် လာအို ဆရာဝန်များနှင့် သူနာပြုများသည် ထိုအခန်းထဲတွင် လူမှုဝန်ထမ်းတစ်ဦးနှင့် စိတ်ရောဂါကု ဆရာဝန်တစ်ဦး ရှိနေစေရန် စီစဉ်ပေးလေ့ရှိသည်။ အဆင်ပြေပါက ကလေးသူငယ်၏ မိဘ သို့မဟုတ် အုပ်ထိန်းသူသည်လည်း ရှိနေမည်ဖြစ်သည်။ စစ်ဆေးနေစဉ်တွင် ဆေးဘက်ဆိုင်ရာ သမားတော်များကို ကလေးသူငယ် စိတ်ဒဏ်ရာ ရစေမည့် တိုက်ရိုက်မေးခွန်းများ မမေးမြန်းစေရန် လေ့ကျင့်ပေးထားသည်။ ၎င်းတို့သည် ဆောင်ရွက်ရမည့် မည်သည့်လုပ်ငန်းစဉ်မျိုး၊ ဆေးစစ်မှုမျိုးကိုမဆို မိဘများနှင့် ကလေးသူငယ်ကို သိရှိစေရန်လည်း လုပ်ဆောင် ထားသည်။ ကျန်းမာရေး စစ်ဆေးခြင်းခံယူရန် ငြင်းပယ်သော ကျူးလွန်ခံရသူတစ်ဦး၏ အမူတစ်မှုကို ကိုးကား ဖော်ပြထားသည်။ သူ/မ ၏ စိတ်ကို မပြောင်းလဲရန် အရေးကြီးရသည့် အကြောင်းရင်းနှင့် ကျူးလွန်ခံရသူကို တဖြည်းဖြည်းချင်း သွားခွင့်ပြုမည်ဆိုသည့်အကြောင်း သူ/မ ကို နှစ်သိမ့် ဆွေးနွေးပေးခဲ့သည်။

---

[၁၁၀] အပိုဒ် ၂.၆.၂ကို ကြည့်ပါ။

[၁၁၁] လာအို ပီဒီအာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၁၇ ဒီဇင်ဘာ ၂၀၁၂။

# ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်

ကျူးလွန်ခံရသူများ၏ အခွင့်အရေးများနှင့် လိုအပ်ချက်များသည် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဖြစ်စဉ်၏ ဗဟိုချက် ဖြစ်သင့်သည်။ သို့သော် ကျူးလွန်သူများကို တရားစွဲဆိုခြင်းအပေါ် အဓိကထားသော ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ဖြစ်စဉ်အတွင်း သက်သေတစ်ခုအနေနှင့်သာ ကျူးလွန်ခံရသူများသည် ပုံမှန်အားဖြင့် ဖော်ပြ၊ စောင့်ကြည့်ခံကြရသည်။ အာဆီယံဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ အမြတ်ထုတ်သူများကို စုံစမ်းစစ်ဆေးရာတွင် သို့မဟုတ် တရားစွဲဆိုရာတွင် ပါဝင်သော လူကုန်ကူးခံရသူအားလုံးကို ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းတွင် ၎င်းတို့ပါဝင်သည့် ကာလအတွင်း ပြည့်စုံသော၊ ဥပဒေအရ ပြဋ္ဌာန်းထားသော အကာအကွယ်၊ ထောက်ပံ့ကူညီမှုနှင့် အကူအညီများ ပေးအပ်သင့်သည်ဟူ၍ အတည်ပြုထားပါသည်။ ကျူးလွန်ခံရသူများသည် ဥပဒေအရ ရရှိနိုင်သော ရပိုင်ခွင့်များကို သိရှိစေရန်နှင့် လျော်ကြေးငွေကို ကျိန်းသေရရှိနိုင်စေမည့် လိုအပ်သမျှသော ဥပဒေများနှင့် လုပ်ငန်းစဉ်များကို ချမှတ်ပေးရန် အာဆီယံနိုင်ငံများက ဆောင်ရွက်ရမည်ဖြစ်သည်။



**လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုတို့အပေါ် OHCHR က အကြံပြုထားသော စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များ တွင်ပါဝင်သည့်** လမ်းညွှန်ချက် ၅ (၈) တွင် စုံစမ်းစစ်ဆေးနေချိန်၊ လူကုန်ကူးခံရသူက လုံခြုံရေးကို အထူး လိုအပ်နေသည့် အမှုစစ်ဆေးခြင်းဖြစ်စဉ်နှင့် မည်သည့် နောက်ဆက်တွဲကာလတွင်မဆို လူကုန်ကူးခံရသူတစ်ဦးချင်းစီကို ကာကွယ်ရန် အတွက် သင့်လျော်သော အားထုတ်ကြိုးပမ်းမှုဖြင့် လုပ်ဆောင်ရန် နိုင်ငံများကို တိုက်တွန်းနှိုးဆော်ထားပါသည်။ သင့်လျော် သော ကာကွယ်ရေး စီမံချက်များတွင် သွားရောက်မည့် နိုင်ငံတွင် လုံခြုံသောနေရာကို သတ်မှတ်ထားခြင်း၊ အမှီအခိုကင်း သော ဥပဒေအကျိုးဆောင် ရရှိခွင့်၊ တရားစွဲဆိုနေစဉ်တွင် ကိုယ်ရေးအချက်အလက်ကို ကာကွယ်ပေးခြင်း၊ ဆက်လက်နေထိုင် နိုင်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် နေရပ်ပြန်ပို့ပေးခြင်းတို့အတွက် ရွေးချယ်ခွင့်များကို သတ်မှတ် ဖော်ပြခြင်း၊ ဤ အချက်များမှ အချို့ သို့မဟုတ် အားလုံး ပါဝင်နိုင်သည်။

ရှေ့ဦးတုံ့ပြန်ဆောင်ရွက်သူ သို့မဟုတ် ထောက်ပံ့ကူညီသူတစ်ဦးအနေနှင့် လူကုန်ကူးခံရသူများနှင့် ၎င်းတို့ကို ကူညီပေး သည့် မည်သူမဆို ရင်ဆိုင်ကြုံတွေ့ရနိုင်သော အန္တရာယ်ဖြစ်နိုင်ခြေများကို သိရှိရန်မှာ အရေးပါလှသည်။ လူကုန်ကူးသူများ နှင့် စနစ်တကျ ကျူးလွန်သော ရာဇဝတ်မှုများမှ ခြိမ်းခြောက်မှုများသည် ပုံစံအမျိုးမျိုးဖြင့် လာကြပြီး လေးနက်စွာ အရေးယူ ဆောင်ရွက်သင့်သည်။ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် ၎င်းတို့၏ ပြင်းထန်ပုံကို စဉ်းစားရာတွင် ကျူးလွန်ခံရသူများ၏ ရှုထောင့်မှ စဉ်းစားသင့်သည်။

အန္တရာယ်ဖြစ်နိုင်ခြေကို စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် ထည့်သွင်းစဉ်းစားရမည့် မေးခွန်းအချို့-[၁၁၂]

- သင်နေထိုင်သည့်နေရာတွင် လူကုန်ကူးမှု သတင်းပို့မှုများ သို့မဟုတ် သိရှိသော လူကုန်ကူးမှုများ ရှိပါသလား။
- လူကုန်ကူးမှုကို ဖွဲ့စည်းထားသော ရာဇဝတ်အသင်းများ သို့မဟုတ် အခြားသော ကွန်ရက်များက ထိန်းချုပ်နေပါသလား။
- ထိုအသင်းများက ကျူးလွန်ခံရသူများ သို့မဟုတ် ၎င်းတို့ကို ကူညီနေသူများအပေါ် လက်စားချေရန် စီစဉ်၊ အကောင်အထည် ဖော်ထားသလား။
- ဒေသတွင်း တရားဥပဒေ စိုးမိုးရေး အေဂျင်စီများက ယုံကြည်အားထားရသလား။
- သိမြင်ခဲ့ရသည့် အကျင့်ပျက်ခြစားမှုရှိသလား။ ရှိလျှင် မည်သည့်အဆင့်ထိ ရှိသနည်း။

အောက်ပါ ထိခိုက်နစ်နာမှုများကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဖြစ်စဉ်တွင် အတွေ့ရများသည်ဟု သတ်မှတ်ထားသည်။ ရှေ့ဦးတုံ့ပြန် ဆောင်ရွက်သူ သို့မဟုတ် ထောက်ပံ့ကူညီသူတစ်ဦးဖြစ်သော သင့်အနေနှင့် ဖြစ်လာနိုင်ခြေရှိသော ထိခိုက် နစ်နာမှုများ သိရှိရန်နှင့် ထိခိုက်နစ်နာမှု မရှိစေရေးလမ်းညွှန်ကို ထိုထိခိုက်နစ်နာမှုများ ကာကွယ်ရန် သို့မဟုတ် လျော့ပါးစေရန် နည်းလမ်းတစ်ခုအဖြစ် လက်ခံစဉ်းစားရန်မှာ အရေးကြီးသည်။

၁၁၂ UNODC လူကုန်ကူးမှုတိုက်ဖျက်ရေး လက်စွဲ၊ ပြစ်မှုဆိုင်ရာ တရားမျှတရေး လုပ်ကိုင်သူများသင်ခန်းစာ ၅ ကို ကိုးကားပါ။ https://www.unodc.org/documents/human-trafficking/TIP_module5_Ebook.pdf

## ၁ ၎င်းတို့အား ခေါင်းပုံဖြတ်အမြတ်ထုတ်သူများကို ဆန့်ကျင်၍ ထွက်ဆိုမှုတွင် လွဲမှားစွာ နားလည်စေခြင်း၊ ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အကျပ်ကိုင်ခံရခြင်း

လူကုန်ကူးခံရသူများသည် ၎င်းတို့၏ ပြစ်မှုကျူးလွန်သူများကို ဆန့်ကျင်၍ တရားစွဲခြင်းတွင် ပါဝင်ရန် လွဲမှားစွာ နားလည်စေခြင်း သို့မဟုတ် ဖိအားပေးခြင်း ခံကြရသည်။ ၎င်းတို့သည် ဖြစ်စဉ်အကြောင်းအရာနှင့် ပတ်သက်၍ လည်းကောင်း၊ လွတ်လပ်၍ သိနားလည်မှုရှိစွာ သဘောတူညီမှုပေးရာတွင် ဖြစ်နိုင်ခြေရှိသည့် အန္တရာယ် ဖြစ်နိုင်ခြေများနှင့် ပတ်သက်၍ ပြည့်စုံသော သတင်းအချက်အလက်ကို ရရှိလေ့မရှိကြပါ။ ခွင့်ပြုချက်ရရှိပြီးလျှင်ပင် ကျူးလွန်ခံရသူတစ်ဦးသည် ကျူးလွန်ခံရသူ-မျက်မြင်သက်သေတစ်ဦးဖြစ်ခြင်း၏ အကျိုးဆက်များနှင့် ၎င်းတို့၏ ဘဝများအပေါ် သက်ရောက်မှုကို ပြည့်စုံစွာ နားလည်နိုင်ခြင်း မရှိပါ။

ကျူးလွန်ခံရသူအများအပြားသည် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေး ဆက်လက်ဆောင်ရွက်ခြင်း၏ သေချာရေရာသော အကျိုးကျေးဇူးများကို မမြင်ကြရသော်လည်း ထိုသို့ပြုလုပ်ရန် မေးမြန်းစစ်ဆေးသည့် အရာရှိ၊ အစိုးရရှေ့နေ၊ အကျိုးဆောင် ရှေ့နေ သို့မဟုတ် အခြားသော ဝန်ဆောင်မှုပေးသူများ၏ ခြိမ်းခြောက်၊ အကျပ်ကိုင်ခြင်းကို ခံရနိုင်သည်။ တရားမဝင်လုပ်ငန်းတွင် ပါဝင်သူများသည် ၎င်းတို့၏ လူကုန်ကူး သူများကို ဆန့်ကျင်၍ ကျူးလွန်ခံရသူ-မျက်မြင် သက်သေများ အဖြစ်ဆောင်ရွက်ရန် မဆုံးဖြတ်ပါက အပြစ်ပေးခြင်း သို့မဟုတ် ထောင်ချခြင်း ခံရနိုင်သည်။ တရားစွဲဆိုခြင်းများတွင် ပူးပေါင်းဆောင်ရွက်မှသာလျှင် အချို့ကို ငွေကြေးအထောက်အပံ့၊ အကာအကွယ်၊ လျော်ကြေးငွေနှင့် ခိုလှုံရာနေရာ ပေးမည်ဟု ကတိပြုခြင်းခံရနိုင်သည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်၊ ကျူးလွန်ခံရသူ၏ တရားဝင်အနေအထား၊ ၎င်းတို့၏ ရွေးချယ်ခွင့်များ၊ တရားစီရင်ရေး ဖြစ်စဉ်တွင် ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ကြာမြင့်ချိန်တို့ကို ရှင်းရှင်းလင်းလင်း ရှင်းပြပါ။ ကျူးလွန်ခံရသူ၏ နိုင်ငံသားခံယူမှု၊ လူမျိုးစု၊ အသက်၊ မသန်စွမ်းမှု (ရှိလျှင်) စသည်တို့ပေါ်တွင် ထည့်သွင်းစဉ်းစားပေးသင့်သည်။[၁၁၃]
- တရားစွဲဆိုမှုတစ်မျိုးမျိုးတွင် ၎င်းတို့၏ ပူးပေါင်းပါဝင်ခြင်းနှင့် ခိုလှုံရာနေရာ၊ အကူအညီပေးခြင်းတို့အပေါ် မူတည်၍ စည်းနှောင်ခြင်း မပြုပါနှင့်။ ထိုအစား လူကုန်ကူးမှု ရာဇဝတ်မှုများ၊ ပြစ်မှုကျူးလွန်သူများအတွက် အပြစ်ပေးခြင်း၊ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများသို့ တရားမျှတမှုနှင့် ဥပဒေအရ ရပိုင်ခွင့်တို့အကြောင်းကို ရှင်းပြပေးပါ။
- ကျူးလွန်ခံရသူများကို သက်သေ အထောက်အထားတစ်ဦးအနေနှင့်သာ ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။ ဤသို့ ဆက်ဆံခြင်းသည် ကျရှုံးနိုင်ခြေများသော ရေတိုချဉ်းကပ်နည်းတစ်နည်း ဖြစ်သည်။ ကျူးလွန်ခံရသူများနှင့် မျက်မြင် သက်သေများသည် ၎င်းတို့အတွက် လုံခြုံစိတ်ချရ၍ ၎င်းတို့၏ လိုအပ်ချက်များကို နားလည်ပြီး သင့်လျော်စွာ ဖြည့်ဆည်းပေးလျှင် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း ဖြစ်စဉ်တွင် ပို၍ ပူးပေါင်းပါဝင်လိုကြသည်။[၁၁၄]
- ၎င်းတို့၏ သာမန်ဘဝဆီသို့ ပြန်သွားနိုင်ရန်အတွက် ၎င်းတို့၏ အမှုများကို တရားမဝင် 'အပြီးသတ်' လိုက်ခြင်းမျိုး မလုပ်ရန် အကြံပေးပါ။ ဤသို့သော အစီအမံများသည် မလွဲဧကန် ညှိနှိုင်းထားကြခြင်းဖြစ်ပြီး အထူးသဖြင့် အကျင့်ပျက် ခြစားခြင်းနှင့် အမြတ်ထုတ်သူများ အပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို သက်ဆိုးရှည်စေသောကြောင့် ဖြစ်သည်။[၁၁၅]
- ပူးပေါင်းပါဝင်ခြင်းနှင့် ပတ်သက်၍ သတင်းပေးပြီးဖြစ်သော ဆုံးဖြတ်ချက်တစ်ခု ချမှတ်နိုင်ရန် ကျူးလွန်ခံရသူအဖြစ် အသတ်မှတ်ခံ ပြီးသူများအတွက် တွေးတောစဉ်းစားရန်နှင့် ပြန်လည်ကျန်းမာနိုင်ရန် အချိန်တစ်ခု ပေးပါ။
- ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် မိမိဆန္ဒအလျောက်၊ သိရှိနားလည်ပြီးဖြစ်သော သဘောတူခွင့်ပြုချက်ကို တောင်းခံပါ။ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဖြစ်စဉ်တွင် အချိန်မရွေး အကူအညီနှင့် အကာအကွယ်ကို ကျူးလွန်ခံရသူများက ငြင်းဆိုနိုင်ရန် အခွင့်ပေးပါ။

---

၁၁၃ အမျိုးသမီးများနှင့်ကလေးသူငယ်များအား အထူးအလေးပေးသော အာဆီယံလူကုန်ကူးမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း အပိုင်း ခ (ဆ)။ အာဆီယံ ကျားမ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက် အပိုဒ် ၃.၆.၄။ ACWC ၏ ဒေသဆိုင်ရာ ပြန်လှန်သုံးသပ်မှုအကြံပြုတိုက်တွန်းချက် ၄.၄။

၁၁၄ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ လူ့အခွင့်အရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အကြံပြုတိုက်တွန်းထားသော အခြေခံမူများနှင့် လမ်းညွှန်ချက်များ (ရက်စွဲ မသိရ)

၁၁၅ ASEAN (2019) လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWC ဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် လုပ်ကိုင် ဆောင်ရွက်သူများ၏ ပုံစံပြ အကောင်အထည်ဖော်ရေး ကိရိယာအစုံ၊ Jakarta: ASEAN Secretariat

### စိန်ခေါ်မှု။

ကျူးလွန်ခံရသူများအတွက် တိုက်ရိုက်အကူအညီနှင့် အကာအကွယ် ပေးခြင်းတွင် ဘာသာပြန်များသည် အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြသည်။ ဤဖြစ်ရပ်သည် နိုင်ငံခြားသား ကျူးလွန်ခံရသူများနှင့် နိုင်ငံသုံးဘာသာစကား မပြောသူများအတွက် အထူးသဖြင့် မှန်ကန်သည်။ သို့သော်လည်း လူကုန်ကူးခံရသူများအတွက် ဘာသာပြန်များ အသုံးပြုရာတွင် စိန်ခေါ်မှုများစွာ ရှိနေသည်။ အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးရေး အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ကြသူများက အချို့သော ဘာသာပြန်များသည် အချက်အလက်များကို ကျူးလွန်ခံရသူက ပြည့်ပြည့်ဝဝ နားလည်ပြီး ဓမ္မဒိဋ္ဌာန်ကျကျ ဆုံးဖြတ်ချက်ချခွင့်ပြုရမည့်အစား ၎င်းတို့၏ ဘက်လိုက်သော ရွေးချယ်မှုများနှင့် ကျူးလွန်ခံရသူကို လွှမ်းမိုးစေမည့် 'ဖြားယောင်းသော' ဘာသာပြန်ခြင်းကို အသုံးပြုပြန်ဆိုကြသည်ဟု မျှဝေထားပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် ရှေ့ဦးတုံ့ပြန်ဆောင်ရွက်သူများနှင့် ထောက်ပံ့ကူညီပေးသူများ အလုပ်လုပ်ကိုင်ရာတွင် အနှောင့်အယှက် ဖြစ်စေနိုင်သည်။ အခြားသော ဖြစ်ရပ်များတွင်မူ အမှုတွင် သဘောထားလွန်ဆွဲနေသော ဘာသာပြန်များကို အသုံးပြုမိသည်။ ဤဖြစ်ရပ်ကြောင့် အမှု၏ ယုံကြည်စိတ်ချရခြင်းနှင့် အမှုတွင် ပါဝင်သော ကျူးလွန်ခံရသူများ၏ လုံခြုံရေးကို ထိခိုက်စေသည်။ ကံမကောင်းသည်မှာ အာဆီယံနိုင်ငံများရှိ အေဂျင်စီအချို့တွင်သာ ဘာသာပြန်နာမည်ပျက်စာရင်း ရှိသည်။ ထို့ကြောင့် ထိုပြဿနာများသည်လည်း ဆက်လက်ဖြစ်ပေါ်နေသည်။

**ACTIP** အပိုဒ် ၁၄ (၆) တွင် လူကုန်ကူးမှုနှင့် ဆက်နွယ်သော တရားစွဲဆိုခြင်းများကို လျှို့ဝှက်ပေးရမည်ဖြစ်သည်၊ လူကုန်ကူးခံရသူများ၏ ကိုယ်ရေးကိုယ်တာနှင့် ကိုယ်ရေးအချက်အလက်ကို ကာကွယ်ပေးရန် အာဆီယံအစိုးရများကို တောင်းဆိုထားပါသည်။ **အာဆီယံ ကျား၊မ ကွဲပြားမှုကို အထူးဂရုပြုထားသော လမ်းညွှန်ချက်** တွင် "ဝန်ဆောင်မှု ပေးသူများသည် ဖော်ထုတ်ပြောကြားရန်လိုအပ်ခြင်း၊ ကျူးလွန်ခံရသူ ကူညီရေးဖြစ်စဉ်မှ ခွင့်ပြုပေးခြင်း သို့မဟုတ် ကျူးလွန်ခံရသူကိုယ်တိုင်က ခွင့်ပြုပေးခြင်းမှတစ်ပါး အခြားသော အခြေအနေများတွင် ကျူးလွန်ခံရသူ၏ အရေးကိစ္စများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်ပေးထားသင့်သည်"ဟု ဖော်ပြထားပါသည်။[၁၁၆] 'သိရန်လိုသော' စည်းမျဉ်းကို အမှုအားလုံးတွင် လိုက်နာသင့်သည်။ ကျူးလွန်ခံရသူများ၏ လူကုန်ကူးမှု အချက်အလက်နှင့် သတင်း အကြောင်းအရာ တစ်မျိုးမျိုးကို သတင်းပေးရန် လိုအပ်သော ဝန်ထမ်း သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များနှင့်သာ မျှဝေခြင်းကို သေချာစေရန် ဝန်ဆောင်မှုပေးသူများက ဆောင်ရွက်ရမည်။

---

၁၁၆ အပိုဒ် ၂.၃.၁ ကိုကြည့်ပါ။

# ၂ ကိုယ်ရေးအချက်အလက် လုံခြုံမှုနှင့် အမည်မဖော်လိုမှု ဆုံးရှုံးခြင်း

တရားစွဲဆိုမှုတစ်ခုတွင် ပါဝင်ခြင်းသည် ကျူးလွန်ခံရသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် အမည်မဖော်လိုမှု တို့ကို ချိုးဖောက်ရခြင်းမျိုး ဖြစ်နိုင်သည်။ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို မီဒီယာပေါ်တွင် မျှဝေခံရနိုင်သည် သို့မဟုတ် တရားရုံး ရုံးချိန်းတွင် ဖော်ထုတ်ခံရနိုင်သည်၊ ထို့ပြင် အများပြည်သူ ရှေ့မှောက်တွင် စစ်ဆေးသည့် တရားရုံးတွင် အစစ်ဆေးခံရန် စေခိုင်းခံရနိုင်သည်။ ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် အမည်မဖော်လိုမှု ဆုံးရှုံးခြင်းကြောင့် လူကုန်ကူးခံရသူများအပေါ် လက်တုံ့ပြန်ခံရနိုင်ခြေများရှိသဖြင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးကို ထိခိုက်စေနိုင်သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ မိသားစုများကြောင့် သို့မဟုတ် ရပ်ရွာလူထုကြောင့် ၎င်းတို့၏ ရှက်စိတ်၊ ငြင်းပယ်ဖယ်ကျဉ်ခံရခြင်းနှင့် အပြစ်တင်ခံရခြင်းဆီသို့ ဦးတည်သွားနိုင်သည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ဖြစ်စဉ်တစ်လျှောက်တွင် ကျူးလွန်ခံရသူများ၏ ကိုယ်ရေးအချက်အလက် လုံခြုံမှုနှင့် လုံခြုံစိတ်ချရမှုတို့ကို ကာကွယ်ပါ။ ဥပမာအားဖြင့် ၎င်းတို့၏ ခွင့်ပြုချက်မရှိဘဲ အသေးစိတ် အချက်အလက်များကို မမျှဝေခြင်း၊ ကျူးလွန်ခံရသူ၏ ကိုယ်ရေးအချက်အလက်နှင့် နေရပ်လိပ်စာတို့ ဖော်ထုတ်သလို ဖြစ်စေမည့် မည်သည့် သတင်းအချက်အလက်မျိုးကိုမဆို အတင်းကျပ်ဆုံး လျှို့ဝှက်ထိန်းသိမ်းပေးခြင်းတို့ကို ဆောင်ရွက်ရမည်။[၁၁၇]

- ၎င်းတို့၏ ထွက်ဆိုချက်ကို ပေးအပ်ရမည့် နည်းလမ်းနှင့် တရားပြိုင်နှင့် လူထုဆီသို့ မည်သည့်အတိုင်းအတာအထိ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ကို ဖော်ထုတ်ခံရမည်ဆိုသည့် အကြောင်းကို ကျူးလွန်ခံရသူကို ရှင်းပြပါ။

- ကျူးလွန်ခံရသူ၏ အမည်မဖော်လိုမှုကို သေချာစွာ ကာကွယ်ပေးရန် သီးခြားစောင့်ဆိုင်းခန်းများ၊ သီးသန့်ဝင်ပေါက်များ၊ အသံဖမ်းယူထားသော ထွက်ဆိုချက်၊ အမည်လွှဲများ၊ တံခါးပိတ် ကြားနာခြင်း၊ ဗီဒီယို/အသံ ဖျက်ခြင်း၊ တစ်ဖက်မြင် မှန်များ၊ ပိတ်ကားများ သို့မဟုတ် လိုက်ကာများကို တရားရုံးတွင် ကာကွယ်ရေး စီမံဆောင်ရွက်ချက်များအနေဖြင့် အသုံးပြုပါ။

- ၎င်းတို့၏ ထွက်ဆိုချက်ကြောင့် မျက်မြင်သက်သေ အန္တရာယ်ကျရောက်နိုင်သော အမှုများတွင် မျက်မြင်သက်သေများ ကိုယ်တိုင် ရုံးတော်တက်ရန် မလိုအပ်လျှင် မျက်မြင်သက်သေ၏ ထွက်ဆိုချက်မှတ်တမ်းကို အသုံးပြုရန် ထည့်သွင်း စဉ်းစားပါ။ အချို့သော တိုင်းပြည်များတွင် ဤသို့ လုပ်ဆောင်ခြင်းကို အဓိကအားဖြင့် တရားခွင်အကြို အမှုစစ်ဆေးခြင်းတွင် အသုံးချကြသည်။

- ကျူးလွန်ခံရသူများနှင့် သက်ဆိုင်ရာ မျက်မြင်သက်သေများ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှုနှင့် ယုံကြည်စိတ်ချရခြင်း တို့ကို ကျိုးပေါက်စေသော မည်သည့်မီဒီယာဝန်ထမ်းကိုမဆို တာဝန်ရှိသူများထံ တိုင်ကြားပါ။

---

၁၁၇ အာဆီယံ လက်တွေ့လုပ်ဆောင်သူများအတွက် လမ်းညွှန်မှုတွင် ဖော်ပြထားသည့်အတိုင်း "ကျူးလွန်ခံရသူ-သက်သေများ၊ လိုအပ်သောအခါများတွင် ယင်းတို့၏ မိသားစုများအား လက်စားချေခံရခြင်းမှ ကာကွယ်စောင့်ရှောက်သင့်သည်။ ကျူးလွန်ခံရသူ-သက်သေများ၏ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်နှင့် ယင်းတို့ မည်သူမည်ဝါဖြစ်ကြောင်း လျှို့ဝှက်ချက်များအားကာကွယ်ရန် ဥပဒေများ ထားရှိသင့်သည်။" အပိုင်း တစ်၊ ၄-၁ နှင့် ၄-၂၊ ACTIP အပိုဒ် ၁၄(၆)။

# ၃ ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့ခြင်း – လူကုန်ကူးမှု ကျူးလွန်သူများ၏ လက်တုံ့ပြန်မှု

လူကုန်ကူးမှု ကျူးလွန်သူများ၏ လက်တုံ့ပြန်မှုကို ကျူးလွန်ခံရသူများ၊ အထူးသဖြင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်တွင် ပါဝင်သည့် ကျူးလွန်ခံရသူများက ကြောက်ရွံ့ခြင်းသည် အမှန်တကယ် အလေးထားစရာ ကိစ္စတစ်ရပ် ဖြစ်သည်။ လူကုန်ကူးမှုမှ လွတ်မြောက်ခဲ့သော သို့မဟုတ် ၎င်းတို့အား ဆန့်ကျင်ကာ သက်သေထွက်ဆိုခဲ့သော ကျူးလွန်ခံရသူများအား လူကုန်ကူးမှု ကျူးလွန်သူများ၏ လက်တုံ့ပြန်နိုင်စွမ်းကို အသေအချာ မှတ်တမ်းတင်ထားပြီး ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများအား ဆန့်ကျင်၍ သက်သေထွက်ဆိုပေးခြင်းသည် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများကို အလွန်အမင်း သောကရောက်စေပြီး အန္တရာယ်လည်း ကျရောက်စေနိုင်သည်။[၁၁၈] လက်တုံ့ပြန်မှုသည် လူကုန်ကူးမှု ကျူးလွန်သူများထံမှသာမဟုတ်ဘဲ အလုပ်ရှင်များ၊ လူကုန်ကူးသူအေးဂျန့်များ၊ ပြည့်တန်ဆာခေါင်းများနှင့် ဥပဒေစိုးမိုးရေး အရာရှိများထံမှလည်း ဖြစ်ပွားနိုင်သည်။

ထောက်ပံ့ကူညီမှုနှင့် ကာကွယ်စောင့်ရှောက်မှုကို ကောင်းမွန်စွာမရရှိသော ကျူးလွန်ခံရသူများသည် ပြစ်မှုကျူးလွန်မှုကို တိုင်ကြားနိုင်ခြေ နည်းပါးပြီး ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ကာ ဆန့်ကျင် သက်သေထွက်ဆိုခြင်းအားဖြင့် စုံစမ်းစစ်ဆေးမှုများကို အထောက်အကူပြုနိုင်ခြေ နည်းပါးသည်။ အကျိုးဆက်အနေဖြင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်သည် အရေးပါသော သက်သေ အထောက်အထားများ ဆုံးရှုံးရပြီး လူကုန်ကူးမှု ကျူးလွန်သူများကို ပြစ်မှုဆိုင်ရာ ဥပဒေချမှတ်နိုင်ခြင်း မရှိတော့ပေ။




၁၁၈ IOM (2007)၊ လူကုန်ကူးခံရသူများအတွက် တိုက်ရိုက်ကူညီမှုဆိုင်ရာ IOM လက်စွဲစာအုပ် Geneva: IOM

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- ဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများနှင့်တကွ စိတ်ပညာရှင်များ အပါအဝင် ကျူးလွန်ခံရသူ ကူညီထောက်ပံ့ရေး ဝန်ဆောင်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ကျူးလွန်ခံရသူများ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေကို အကဲဖြတ်ချင့်ချိန်ပါ။ ကျူးလွန်ခံရသူ၏ အန္တရာယ်များကို နားလည်မှုနှင့် အကဲဖြတ်နိုင်မှုမှာ အရေးပါလှသည်။ ထိုကဲ့သို့သော အန္တရာယ်များထဲတွင် စိတ်ဒဏ်ရာရရှိမှု၊ လူကုန်ကူးမှု ကျူးလွန်သူများထံမှ သို့မဟုတ် ၎င်းတို့၏ အသိအကျွမ်းများထံမှ လက်တုံ့ပြန်မှု၊ ကဲ့ရဲ့အပြစ်တင်ခံရမှုနှင့် မိသားစု သို့မဟုတ် ရပ်ရွာ ပတ်ဝန်းကျင်၏ အရှက်ခွဲမှုတို့သာမက အခြားသော အန္တရာယ်ဖြစ်နိုင်ခြေများလည်း ပါဝင်နိုင်သည်။

- ဖြစ်နိုင်ပါက ကျူးလွန်ခံရသူများနှင့် တိုင်ပင်ကာ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့ မိသားစုဝင်များ၏ အသက်နှင့် ဘေးကင်းလုံခြုံရေးကို စိုးရိမ်ရသော ကျူးလွန်ခံရသူများအား ကာယကံမြောက် ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရန် တတ်ကျွမ်းသော အမျိုးသမီးနှင့် အမျိုးသား စစ်ဆေးမေးမြန်းသူများကို တာဝန်ပေးပါ။[၁၁၉] ကာကွယ်စောင့်ရှောက်မှု အကူအညီများပေးခြင်းကို တရားစီရင်ပိုင်ခွင့်ရှိရာ နေရာအချို့တွင်ရှိသော ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေ ကာကွယ်ရေး အေဂျင်စီ/ညှိနှိုင်းဆောင်ရွက်သူနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

- အမည်မဖော်လိုခြင်း ရှိ၊မရှိ သိရှိနိုင်ရန် အမှုများကို ပြန်လည်စစ်ဆေးပြီး အမည်မဖော်ခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် (တရားရုံးကြားနာမှုများအပါအဝင်) သင့်လျော်သော စီစဉ်များ ပြုလုပ်ဆောင်ရွက်ပါ။

- လူကုန်ကူးခံရသူများက မျက်မြင်သက်သေများအဖြစ် ဆောင်ရွက်နေစဉ်တွင် ၎င်းတို့ နေထိုင်ရာနေရာများမှ တရားရုံးသို့ အသွားအပြန် ပြုလုပ်ရာ၌ ရဲဝန်ထမ်း အစောင့်အရှောက်များ ထားရှိပေးပါ။

- ကျူးလွန်ခံရသူများ သက်သေထွက်ဆိုနေစဉ်တွင် တရားခွင်နှင့် တရားရုံးအဆောက်အအုံများ၌ ဘေးကင်းလုံခြုံမှု ရှိပါစေ။ ဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်ရာတွင် တရားရုံးအတွင်းရှိ သို့မဟုတ် အခြားအဆောက်အအုံများရှိ အခန်းများမှ ဗီဒီယို သို့မဟုတ် အသံလင့်ခ်များ၊ တရားရုံးတွင် သံသယရှိသူနှင့် အခြားသူများ၏ မြင်ကွင်းတွင် ကျူးလွန်ခံရသူ မျက်မြင်သက်သေ မပေါ်လာစေရန် ဖန်သားပြင်များ၊ ကျူးလွန်ခံရသူ မျက်မြင်သက်သေများ၊ သံသယရှိသူများနှင့် တရားခံ မျက်မြင်သက်သေများအတွက် မတူညီသော အခန်းများ၊ တရားရုံးတွင်း တာဝန်ရှိသူများသည် ကျူးလွန်ခံရသူ မျက်မြင်သက်သေများကို ကူညီကာကွယ်ရန် ဆောင်ရွက်သင့်သည်များကို သိ၊မသိ စစ်ဆေးခြင်း၊ တရားရုံး၏ အဝင်အထွက်လမ်းကြောင်းများကို ကာကွယ်စစ်ဆေးခြင်း၊ တရားရုံးတွင်းသို့ ဝင်ထွက်သွားလာနိုင်သော်လည်း လုံခြုံစိတ်ချရသည့် အခန်းတစ်ခု စီစဥ်ပေးခြင်း၊ တရားရုံး၏ အခန်းဖွဲ့စည်းပုံကို ကြားနာမှု မစတင်ခင်နှင့် တရားရုံး လုပ်ထုံးလုပ်နည်းများကို မရှင်းပြမီတွင် မျက်မြင်သက်သေများကို ပြသထားခြင်း၊ တရားစီရင်မှု တက်ရောက်နေသူ အားလုံးကို လက်နက်သယ်ဆောင်လာမှု ရှိ၊မရှိနှင့် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးလုပ်ဆောင်ခြင်းတို့ ပါဝင်သည်။[၁၂၀]

- ကျူးလွန်ခံရသူများကို ၎င်းတို့နှင့် ပတ်သက်သည့် အမှုတိုင်း၏ ပြောင်းလဲမှုအခြေအနေကို ဆက်လက်အသိပေးရမည် ဖြစ်ပြီး ၎င်းတို့သည် အချက်အလက်များကို အချိန်မရွေး တောင်းခံနိုင်သည်။[၁၂၁] အထူးသဖြင့် ပြစ်မှုကျူးလွန်သူ တရားခံကို အချုပ်ခန်းမှ လွှတ်လိုက်လျှင် ထိုသို့ဆောင်ရွက်ပေးရမည် ဖြစ်သည်။

---

၁၁၉ ASEAN (2019)၊ လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWC ဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် လုပ်ကိုင်ဆောင်ရွက်သူများ၏ စံပြ အကောင်အထည်ဖော်ရေး ကိရိယာအစုံ၊ Jakarta: ASEAN Secretariat

၁၂၀ UNODC (2008)၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကိရိယာစုံ၊ New York: UN

၁၂၁ APA အပိုဒ် ၁(ဆ) ကုလ လူကုန်ကူး နောက်ဆက်တွဲစာချုပ်၊ အပိုဒ် ၆(၂)(ခ)။

### စိန်ခေါ်မှု။

ဖြစ်ရပ်အများအပြား၌ ပြစ်မှုကျူးလွန်သူများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ် ခံရသူများအား ၎င်းတို့နှစ်ဦး၏ အခြေအနေများသည် 'ပုံမှန်' ဖြစ်သည်ဟု ထင်စေရန် ဖြားယောင်းသိမ်းသွင်းကာ ရင်းနှီးမှု ရယူပြီးဖြစ်သည်။ အာဆီယံနိုင်ငံများတွင် လူကုန်ကူးမှု ကျူးလွန်သူအများစုသည် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ သို့မဟုတ် အသိအကျွမ်းများ ဖြစ်လေ့ရှိသည်။ မိမိတို့အား လူကုန်ကူးမှု ကျူးလွန်ခဲ့သူများသည် မိမိတို့ နေထိုင်ရာဒေသမှဖြစ်ပြီး ဆင်းရဲနွမ်းပါးသည်ဟူသော အသိက ကျူးလွန်ခံရသူများအား ထိုသူများကို အမှုဖွင့်ရန် ပိုမိုဝန်လေးစေသည်။

ကျူးလွန်ခံရသူများသည် လက်စားချေလိုစိတ်၏ အဓိကလှုံ့ဆော်မှုကြောင့် သွေးပူနေစဉ်တွင် ၎င်းတို့အား လူကုန်ကူးမှု ကျူးလွန်ခဲ့သူများကို တရားစွဲဆိုရန် သဘောတူလေ့ရှိကြောင်း အမျိုးသားအဆင့် အကြံပြုတိုင်ပင်ရေး အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်သူများက ဝေမျှခဲ့သည်။ ကျူးလွန်ခံရသူများသည် အချိန်ကြာမြင့်သော တရားစွဲဆိုမှုတစ်ခုတွင် အမှန်တကယ် ပါဝင်လိုစိတ် မရှိဘဲ အမှုတစ်ဝက်တစ်ပျက်၌ ပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်လိုက်နိုင်သည်။

တရားစွဲဆိုမှုတစ်ခုသည် အချိန်အလွန်အမင်း ကြာမြင့်သည်ဖြစ်ရာ ကျူးလွန်ခံရသူများသည် လက်ငင်းလျော်ကြေးရရှိရန်အတွက် ၎င်းတို့၏ ပြစ်မှုကျူးလွန်သူများနှင့် တရားမဝင် ညှိနှိုင်းလေ့ရှိသည်။ ကျူးလွန်ခံရသူများသည် ၎င်းတို့အား လူကုန်ကူးမှု ကျူးလွန်သူများကြောင့် သို့မဟုတ် အစိုးရအရာရှိများကြောင့် ထိုသို့ညှိနှိုင်းမှုသည် ၎င်းတို့အတွက် အကောင်းဆုံး ဖြေရှင်းချက်ဖြစ်သည်ဟု လက်ခံယုံကြည်မိနိုင်သည်။ ဤသို့ လက်ခံယုံကြည်မိသည်နှင့်တစ်ပြိုင်နက် တရားစွဲဆိုမှု လုပ်ထုံးလုပ်နည်းများတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်မှုမပြုတော့ချေ။

### အလေ့အထကောင်း။

အင်ဒိုနီးရှားနိုင်ငံတွင် တည်ထောင်ထားသော မျက်မြင်သက်သေနှင့် ကျူးလွန်ခံရသူ ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီ (LPSK)သည် တရားစီရင်ရေးစနစ်တစ်ခုကို ကောင်းမွန်စွာ လည်ပတ်နေစေရန် ကူညီထောက်ပံ့ရာ၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။  ၎င်းသည် ကျူးလွန်ခံရသူ မျက်မြင်သက်သေများကိုဖြစ်စေ၊ လူကုန်ကူးသည့် ရာဇဝတ်မှုအပါအဝင် ရာဇဝတ်မှု ကျူးလွန်ခံရသူများကို ဖြစ်စေ၊ သို့မဟုတ် နှစ်မျိုးစလုံးကိုဖြစ်စေ ကာကွယ်စောင့်ရှောက်ရာ၌ အင်ဒိုနီးရှားနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး ဌာနများ၊ တရားစီရင်ရေးဆိုင်ရာ ဌာနများ၊ ရှေ့နေချုပ်ရုံးများ၊ တရားရုံးများနှင့် စင်ပြိုင်အလုပ်လုပ်သော အဖွဲ့အစည်းဖြစ်သည်။ ကျူးလွန်ခံရသူများ နေထိုင်သည့် နေရာများတွင် အစောင့်အကြပ်များ သို့မဟုတ် ရဲအရာရှိဝန်ထမ်းများကို နေရာချထားခြင်းဖြင့်လည်းကောင်း၊ ထိုနေရာများကို ကင်းလှည့်ခြင်းဖြင့်လည်းကောင်း ကာကွယ်စောင့်ရှောက်သည်။ LPSK သည် တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော ကျူးလွန်ခံရသူများ/ မျက်မြင်သက်သေများကို ဆေးပညာပိုင်း၊ စိတ်ပညာပိုင်းနှင့် လူမှု စိတ်ပညာပိုင်းဆိုင်ရာ အကူအညီများပေးသည့်အပြင် ဘေးကင်းလုံခြုံသော အိမ်တစ်လုံး ထောက်ပံ့ပေးသည် သို့မဟုတ် လိုအပ်ခဲ့ပါက အိမ်ပြောင်းရွှေ့ပေးသည်။ ယင်းအကူအညီများ ရရန်အတွက် ကျူးလွန်ခံရသူများက သက်ဆိုင်ရာ အစိုးရကိုယ်စားလှယ်များနှင့် တွေ့ဆုံရသည်။ ကျူးလွန်ခံရသူများ ခံစားပိုင်ခွင့်ရှိသည့် နစ်နာကြေးများကို မဖြစ်မနေ တွက်ချက်ပေးရမည်။ ကျူးလွန်ခံရသူက နစ်နာကြေးရပြီးသည်နှင့် ပြစ်မှုဆိုင်ရာ စီမံခန့်ခွဲမှု ပြီးဆုံးလေသည်။

### အလေ့အထကောင်း။

ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းထားသော မျက်မြင်သက်သေ ကာကွယ်ရေးဥပဒေ (၂၀၀၃ ခုနှစ်) အရ တရားစွဲဆိုမှုတွင် ပါဝင်ဆောင်ရွက်နေသော မျက်မြင်သက်သေများသည် နိုင်ငံအနေဖြင့် စီစဉ်လုပ်ဆောင်သော ဖော်ပြပါ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စီမံဆောင်ရွက်ချက်များဖြစ်သည့် နေရာထိုင်ခင်း၊ ထောက်ပံ့ကြေးငွေ၊ ကိုယ်ရေး အထောက်အထားကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ လူမှုပြန်လည်ပေါင်းစည်းရေးတွင် ကူညီခြင်း (ဥပမာ- အသက်မွေးဝမ်းကျောင်း ပညာရပ်သင်တန်း၊ ပညာရေးနှင့် အလုပ်အကိုင်)နှင့် ဘေးကင်းလုံခြုံရေး ပံ့ပိုးပေးခြင်းတို့ကို ခံစားပိုင်ခွင့်ရှိသည်။

### လူကုန်ကူးမှု ကျူးလွန်ခံရသူနှင့် ကျူးလွန်သူတို့၏ ပတ်သက်ဆက်နွှယ်မှုများ[၁၁၂]

OSCE အစီရင်ခံစာတွင် ကျူးလွန်ခံရသူနှင့် ပြစ်မှုကျူးလွန်သူတို့၏ ပတ်သက်ဆက်နွှယ်မှုများအား ကျား၊မအလိုက် ဆက်စပ်မှု ရှိစေသော ထပ်တလဲလဲဖြစ်ပေါ်နေသည့် အကြောင်းအရာလေးမျိုးကို မိသားစု၊ မေတ္တာရေး၊ စိတ်ဒဏ်ရာပေးသူကို သံယောဇဉ်တွယ်ခြင်းနှင့် အကြောက်တရားဟူ၍ သတ်မှတ်ထားသည်။

**(၁) မိသားစု –** ကျူးလွန်ခံရသူများကို စုဆောင်း၍ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတွင် မိသားစုဝင်များ ပါဝင် ပတ်သက်လေ့ ရှိသည်။ ဥပမာအားဖြင့် အမျိုးသမီးငယ်များနှင့် မိန်းကလေးများကို လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် စုဆောင်းခြင်း သို့မဟုတ် ရောင်းချခြင်းတို့ကို အမျိုးသမီး မိသားစုဝင်များဖြစ်သော အဒေါ် သို့မဟုတ် မိခင်ဖြစ်သူတို့မှ ပြုလုပ်လေ့ရှိသည်။ တစ်ဖက်တွင်မူ ယောကျ်ားလေးများသည် ၎င်းတို့၏ မိသားစု ရှင်သန်စေရန်  ထောက်ပံ့နိုင်မည့် နည်းလမ်းတစ်ခု ရှာဖွေရန် အလို့ငှာ မိသားစုဝင်များ၏ နေအိမ်မှ နှင်ထုတ်ခြင်းကို ခံရလေ့ရှိသည်။ ထိုမှတစ်ဆင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရနိုင်သည့် အန္တရာယ်များသော ဆုံးဖြတ်ချက်များကို ပြုလုပ်စေနိုင်သည်။

**(၂) မေတ္တာရေး –** ယေဘုယျအားဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရသည့် မိန်းကလေးများသည် ၎င်းတို့အား လူကုန်ကူးမှုကျူးလွန်သူများနှင့် ၎င်းတို့တွင် မေတ္တာမျှသည့် ဆက်ဆံရေးတစ်ခုရှိသည်ဟု ယုံစားကြသည်။ ကျူးလွန်ခံရသူများ သည် ၎င်းတို့၏ လူကုန်ကူးမှုကျူးလွန်သူများနှင့် ရင်းနှီးသော ဆက်ဆံရေး ရှိခြင်းကြောင့် သံယောဇဉ်ဖြစ်မိကာ ထိုသံယောဇဉ် ကြောင့် တရားရုံးတွင် သက်သေထွက်ဆိုရာ၌ အခက်အခဲများ ရှိနိုင်သည်။ ဥပမာအားဖြင့် "ပြည့်တန်ဆာခေါင်းများ"သည် ခေါင်းပုံဖြတ်အမြတ်ထုတ်နေစဉ်တစ်လျှောက်လုံး ကျူးလွန်ခံရသူတစ်ဦးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရုံသာမက လူကုန်ကူး မှုကျူးလွန်သူကို ဥပဒေစိုးမိုးရေးက အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့လျှင်လည်း ကောင်းမွန်စွာ ကာကွယ်နိုင်သည်။ "ပြည့်တန်ဆာခေါင်းများ"သည် ကျူးလွန်ခံရသူ ကလေးသူငယ်များကို ၎င်းတို့သည် အသက်(၁၈)နှစ်ပြည့်ပြီး ဖြစ်သည်ဟု လည်း လိမ်လည်ပြောဆိုကြသည်။

**(၃) စိတ်ဒဏ်ရာပေးသူကို သံယောဇဉ်တွယ်ခြင်း –** စိတ်ဒဏ်ရာပေးသူကို သံယောဇဉ်တွယ်ခြင်းသည် ပြစ်မှုကျူးလွန်သူနှင့် ကျူးလွန်ခံရသူတို့အကြားရှိ မတရားပြုကျင့်မှုများကို စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်သော မလိုလားအပ်သည့် သံယောဇဉ်တွယ်မှု တစ်ခု ဖြစ်သည်။  စိတ်ဒဏ်ရာပေးသူကို သံယောဇဉ်တွယ်မှု ပုံစံတစ်မျိုးမှာ "စတော့ဟုမ်း ရောဂါစု" ဖြစ်ပြီး ကျူးလွန်ခံရသူက ပြစ်မှုကျူးလွန်သူကို အလွန်အမင်း အားကိုး၊တွယ်တာလိုစိတ် ဖြစ်ပေါ်လာစေရန်အလို့ငှာ လူကုန်ကူးမှုကျူးလွန်သူ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ တစ်ဦးဦးက စိတ်ဒဏ်ရာဖြစ်စေသော အဖြစ်အပျက်များနှင့် ဆုပေးလိုက်၊ ဒဏ်ပေးလိုက် ဖြင့် အချိန်ကြာမြင့်စွာ နှိပ်စက်ညှဉ်းပန်းမှုများကို ထပ်တလဲလဲ အသုံးပြုသောကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ဤဆက်ဆံရေး မျိုးသည် ကျူးလွန်ခံရသူများကို ဇဝေဇဝါဖြစ်စေပြီး ဆက်ဆံရေးတစ်ခုရှိသည် ဟူသော အသိမှားတစ်ခု ဖြစ်ပေါ်စေမှုကြောင့် ကျူးလွန်ခံရသူကို မိမိ၏ မူလအသိစိတ်ပျောက်ကာ လူကုန်ကူးမှုကျူးလွန်သူအပေါ် ကျေးဇူးတင်စိတ်၊ ယုံကြည်စိတ်နှင့် သစ္စာစောင့်သိလိုစိတ်တို့ ဖြစ်ပေါ်လာစေသည်။ ထိုကဲ့သို့သော ဖြစ်ရပ်များတွင် လူကုန်ကူးမှု ကျူးလွန်သူများသည် ၎င်းတို့ကို အိမ်ထောင်ဖက် သို့မဟုတ် အမိအဖအဖြစ် သဘောထားသည့် ကျူးလွန်ခံရသူကို ဆက်လက် ထိန်းချုပ်နိုင်ရန် အစောင့်အရှောက် သို့မဟုတ် အုပ်ထိန်းသူအဖြစ် တာဝန်ယူရသည်။ ဥပမာအနေဖြင့် အရှေ့တောင်အာရှ နိုင်ငံများတွင် ကျူးလွန်ခံရသူများသည် ပြည့်တန်ဆာအိမ်ပိုင်ရှင်များကို မိခင် သို့မဟုတ် အဒေါ်ဟု ခေါ်ဝေါ်လေ့ရှိကြပြီး အားလပ်ရက်များကို အတူတကွ ဖြတ်သန်းလေ့ရှိကြသည်။ ထိုသို့ မိခင်တစ်ယောက်သဖွယ် အခန်းကဏ္ဍရရှိခြင်းမှာ ကျူးလွန်ခံရသူများသည် ဒေသခံဘာသာစကား မပြောတတ်ခြင်း၊ ဒေသယဉ်ကျေးမှုနှင့် မရင်းနှီးခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးများကို နားလည် သိကျွမ်းမှုမရှိခြင်းစသည့် အခြားသော အားနည်းချက်များကြောင့် ဖြစ်သည်။

**(၄) အကြောက်တရား –** လူကုန်ကူးမှုကျူးလွန်သူများသည် အကြမ်းဖက်မှုနှင့် အကြောက်တရားကို အသုံးပြုကာ ကျူးလွန်ခံ ရသူများကို ထိန်းချုပ်သည်။ ကျူးလွန်ခံရသူများသည် အချိန်ကြာမြင့်စွာ ထိန်းချုပ်ခြယ်လှယ်ခံရမှုပုံစံကြောင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်မှုများဖြစ်ပေါ်ကာ ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများတွင် သက်သေမခံနိုင်ဟု ထင်မှတ်စေ နိုင်သည်။ ပြစ်မှုများကို တိုင်ကြားခြင်း သို့မဟုတ် တရားရုံးတွင် သက်သေထွက်ဆိုခြင်းတို့ကို ဟန့်တားရန်အတွက် အမျိုးသား များရော၊ အမျိုးသမီးများပါ ငွေညှစ်ခံရခြင်း၊ ခြောက်လှန့်ခြင်းနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် ကလေးသူငယ် များအား ခြိမ်းခြောက်ခြင်းတို့ကို ကြုံတွေ့ရသည်။ အထူးသဖြင့် ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းမှုမရှိပါက လူကုန်ကူးမှု ကျူးလွန်သူများ အသုံးပြုသော အတင်းအကျပ် ထိန်းချုပ်မှုနှင့် သက်ဆိုင်သော ကျား၊မသတ်မှတ်မှုဆိုင်ရာ ရှုထောင့်များကို နားလည်ရန် အရေးကြီးသည်။

---

၁၂၂ OSCE လူကုန်ကူးမှု တိုက်ဖျက်ရေး အထူးကိုယ်စားလှယ်နှင့် ညှိနှိုင်းရေးမှူးရုံး (၂၀၂၁)၊ လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကျား-မ ကွဲပြားမှုကို ဂရုပြုသောသော နည်းလမ်းများကို ကျင့်သုံးခြင်း၊ Vienna: OSCE

# ၄ တရားစီရင်ရေး လုပ်ငန်းစဉ်အတွင်း ထပ်တလဲလဲ ကျူးလွန်ခံရသူဖြစ်ခြင်း

ကျူးလွန်ခံရသူများသည် ၎င်းတို့၏ ဆန္ဒအလျောက် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် သဘောတူညီထားပြီး ၎င်းတို့၏ တရားလိုဘက်ရှေ့နေများက အသင်ပြင့်ပေးထား/ဆွေးနွေးအကြံပေးထားစေကာမူ တရားရုံးတွင်း၌ရော၊ ပြင်ပ၌ပါ ခြိမ်းခြောက်မှုကို ခုခံနိုင်စွမ်းမရှိကြပါ။ ကျူးလွန်ခံရသူများကိုဖြစ်စေ၊ ၎င်းတို့၏ မိသားစုကိုဖြစ်စေ သို့မဟုတ် နှစ်ဦးစလုံးကိုဖြစ်စေ လာဘ်ပေးလာဘ်ယူ ခြိမ်းခြောက်မှုကြောင့် အလွယ်တကူ ဩဇာလွှမ်းမိုးခံရခြင်း၊ ၎င်းတို့၏ အများယုံကြည်လက်ခံနိုင်မှုကို တရားခံဘက်ရှေ့နေက ချေဖျက်နိုင်ခြင်း၊ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်နေမှုကို ရပ်စဲရန် လူကုန်ကူးမှု ကျူးလွန်သူများ၏ သွေးဆောင်ဖြားယောင်းခံခြင်း တစ်ခုခုကို ကြုံတွေ့ရနိုင်သည်။[၁၂၃] ကျူးလွန်ခံရသူ များသည် စစ်ဆေးမေးမြန်းခံရမှုနှင့် စီရင်ချက်ချခံရမှုတို့ကြောင့် မိမိကိုယ်ကို အပြစ်တင်မှု သို့မဟုတ် ရှက်ရွံ့မှုတို့ကို ခံစားရနိုင်သည်။ ၎င်းတို့၏ လူကုန်ကူးမှုကျူးလွန်သူများနှင့် မျက်နှာချင်းဆိုင်ရန် တွန်းအားပေးခံရသူများသည် တရားစီရင်မှု ဖြစ်စဉ်တွင်း စိတ်ဒဏ်ရာထပ်မံရရှိနိုင်သည်။




၁၂၃ နိုင်ငံတကာ ကျွန်ပြုမှုတိုက်ဖျက်ရေး (2002)၊ လူကုန်ကူးမှု၊ လူ့အခွင့်အရေးများ - ကျူးလွန်ခံရသူ ကာကွယ်ရေးကို ပြန်လည်သတ်မှတ်ခြင်း London: Anti-Slavery International.

# ထိခိုက်နစ်နာမှု မဖြစ်စေရေး လမ်းညွှန်ချက်

- မျက်မြင်သက်သေအား တရားခွင်ဝင်ရာ၌ မျှော်လင့်ထားရမည့်အချက်များ၊ တရားစီရင်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ပုံများ၊ အမေးခံရနိုင်ဖွယ်ရှိသည့် မေးခွန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ပြည့်စုံစွာ ထောက်ပံ့ပေးပါ။

- ကျူးလွန်ခံရသူ ယုံကြည်မှုရှိသော ကျွမ်းကျင်ဥပဒေအကျိုးဆောင်တစ်ဦးကို ကျူးလွန်ခံရသူနှင့် တရားရုံးသို့ အတူလိုက်ပါပြီး စစ်ဆေးမေးမြန်းမှုအတွင်း သူ/သူမနှင့်အတူ ထိုင်ခွင့်ပြုပါ။

- တရားစွဲဆိုမှုဖြစ်စဉ်တစ်လျှောက်တွင် ကျူးလွန်ခံရသူနှင့်အတူ လိုက်ပါကာ ထောက်ပံ့ကူညီရန်အတွက် 'ကျူးလွန်ခံရသူ မျက်မြင်သက်သေ၏ ရှေ့နေ' သို့မဟုတ် 'ကျူးလွန်ခံရသူ မျက်မြင်သက်သေ၏ ညှိနှိုင်းဆောင်ရွက်သူ' တစ်ဦးကိုသာ တာဝန်ပေးပါ။ ထိုပုဂ္ဂိုလ်သည် အမှုနှင့် ပတ်သက်သည့် နောက်ဆုံးအခြေအနေများနှင့် ဝန်ဆောင်မှုများ လွှဲအပ်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ပေးနိုင်သည်။[၁၂၄]

- လူကုန်ကူးခံရသူများ၏ ထူးခြားသော အခြေအနေများကို နားလည်သိကျွမ်းနိုင်ရန် လေ့ကျင့်ထားပြီး ကျူးလွန်ခံရသူ များကို စစ်ဆေးမေးမြန်းရာတွင် တတ်နိုင်သမျှ ထောက်ထားသက်ညှာမှုပြမည့် တရားသူကြီးများ၊ ရှေ့နေများနှင့် ရဲများကို တောင်းဆိုပါ။[၁၂၅]

- ကျူးလွန်ခံရသူ၏ စိတ်ဖိစီးမှုနှင့် စိတ်ဒဏ်ရာလျော့ပါးစေမည့် သင့်လျော်သော တရားခွင် အထောက်အကူပြု ဆောင်ရွက်ချက်များဖြစ်သော အမှုစစ်ဆေးကြားနာမည့် တရားခွင်ဝန်းကျင်နှင့် မည်သည့်နေရာတွင် မည်သူထိုင်မည်ကို ကျူးလွန်ခံရသူများ သိကျွမ်းနေစေရန် တရားစီရင်မှုအကြို တရားရုံးသို့ လာရောက်ကြည့်ရှုခွင့်၊ တရားရုံး အဆောက်အအုံကို ဝင်ထွက်ရာတွင် အစောင့်အကြပ်များ ထားရှိပေးမှု၊ တရားရုံးအဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန် မတူညီသော ဝင်ပေါက်များ အသုံးပြုစေမှု၊ သီးသန့်စောင့်ဆိုင်းရန်နေရာများ စီစဉ်ပေးမှု၊ တရားစွဲဆိုမှုဖြစ်စဉ် တစ်လျှောက်တွင် တရားလိုဘက်မှ အမှုရင်ဆိုင်ကြားနာမှုများနှင့် ပတ်သက်သည့် အချက်အလက်များကို ပုံမှန် ထောက်ပံ့မှု စသည်တို့ကို တောင်းဆိုပါ။[၁၂၆]

- ကျူးလွန်ခံရသူကို သက်သေထွက်ဆိုရန် အချိန်လုံလုံလောက်လောက် ခွင့်ပြုပြီး ကြားဖြတ်ခြင်း သို့မဟုတ် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို အလျင်အမြန်စဉ်းစားရန် တောင်းဆိုခြင်း မပြုပါနှင့်။

- ကျူးလွန်ခံရသူ၏ ထွက်ဆိုချက်နှင့် သက်သေခံချက်များသည် ကျူးလွန်ခံရသူကို အန္တရာယ်ဖြစ်စေမည်ဆိုလျှင် ၎င်းတို့အစား အခြားသော ရွေးချယ်စရာဖြစ်သည့် ခိုင်လုံသော သက်သေနှင့် ကျွမ်းကျင်သူ/အခြားမျက်မြင်သက်သေ များကို အသုံးပြု၍ ရ၊ မရ ကျူးလွန်ခံရသူနှင့် ပူးပေါင်းဆုံးဖြတ်ပါ။ ခိုင်လုံသောသက်သေကို အသုံးပြုလျှင် ကျူးလွန်ခံရသူ၏ သက်သေခံချက် တစ်ခုတည်းကိုသာ အားထားစရာမလိုတော့ဘဲ ကျူးလွန်ခံရသူက သက်သေ မထွက်ဆိုနိုင်လျှင်ဖြစ်စေ၊ ထွက်ဆိုရန် ဆန္ဒမရှိလျှင်ဖြစ်စေ အမှုကို ဆက်လက်ဆောင်ရွက်နိုင်သည်။

- မည်သည့် တရားစွဲဆိုမှုကိုမဆို ကျူးလွန်ခံရသူများ တက်ရောက်နိုင်ပြီး ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ခွင့်ရှိကြောင်း ပြောပြပါ။[၁၂၇]

---

၁၂၄ ASEAN (2019) လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ACWCဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် လုပ်ကိုင်ဆောင်ရွက်သူများ၏ စံပြ အကောင်အထည်ဖော်ရေး ကိရိယာအစုံ Jakarta: ASEAN Secretariat

၁၂၅ OSCE ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးရုံး (ODIHR) (2004)။ လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တယား/လုပ်ငန်းစဉ်၊ လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်ရန်ကျိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခြင်း - လက်တွေ့ လက်စွဲစာအုပ် Warsaw: OSCE

၁၂၆ ASEAN လက်တွေ့လုပ်ဆောင်သူများအတွက် လမ်းညွှန်ချက်များ အပိုင်း တစ်၊ စ-၄။ ASEAN ကျားမကွဲပြားမှုကို အထူးဂရုပြုထားသောလမ်းညွှန် အပိုဒ် ၃.၆။

၁၂၇ APA အပိုဒ် ၁(ဆ)၊ ကုလ လူကုန်ကူး နောက်ဆက်တွဲစာချုပ် အပိုဒ် ၆(၂)ခ။

## စိန်ခေါ်မှု။[၁၂၈]

အာဆီယံနိုင်ငံများတွင် ကျူးလွန်ခံရသူ မျက်မြင်သက်သေများသည် အမှုတစ်ခု စတင်သည်နှင့် တရားစွဲဆိုမှု ဆက်လက်လုပ်ဆောင်ရန် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ကျူးလွန်ခံရသူနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်မှု မပြုနိုင်လျှင် သို့မဟုတ် အဆက်အသွယ်မရလျှင် တရားစွဲဆိုမှုကို ထုံးစံအတိုင်း ဆက်လက်မလုပ်ဆောင်နိုင်ပေ။ တရားသူကြီးများသည် တရားရုံးတွင် ကြားနာစစ်ဆေးရာ၌ ကျူးလွန်ခံရသူ မျက်မြင်သက်သေများ တက်ရောက်ပေးခြင်း၏ အရေးပါပုံကို အလေးထား ပြောကြားကြသည်။ အချို့သော TIP ဥပဒေများတွင် ကျူးလွန်ခံရသူ မျက်မြင်သက်သေ၏ သက်သေထွက်ဆိုချက် တစ်ခုတည်းကိုပင် သက်သေအဖြစ် အသုံးပြုနိုင်သည်။ တရားခံထံမှ ရဲ သို့မဟုတ် စုံထောက်များက စုဆောင်းရရှိသော သက်သေအထောက်အထား မလုံလောက်သည့် အမှုများတွင် ယင်းသက်သေထွက်ဆိုချက်သည် အထူး အရေးပါလှသည်။

ဥပမာအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ တရားစီရင်ရေးတွင် ကျူးလွန်ခံရသူ မျက်မြင်သက်သေများသည် အမှုအခင်းများ၊ အထူးသဖြင့် TIP ကို ဖော်ထုတ်ရန်အတွက် တရားရုံးသို့ မဖြစ်မနေ တက်ရောက်ရသည်။ ၂၀၁၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ဝေးလံခေါင်ဖျားသော ဘန်ဂျီနာကျွန်းတွင် အရေအတွက် ရာနှင့်ချီသော ငါးဖမ်းသမားများကို အလုပ်ကြမ်း အတင်းအကျပ် ခိုင်းစေကာ ကျွန်ပြုခြင်းနှင့်ပတ်သက်၍ ဖော်ထုတ်မှုတွင်  မြန်မာနိုင်ငံမှ ကျူးလွန်ခံရသူ မျက်မြင်သက်သေများသည် ၎င်းတို့၏ နေရပ်ဌာနများသို့ ပြန်သွားပြီဖြစ်သောကြောင့် အမှုပိတ်ခံရလုနီးပါး ဖြစ်ခဲ့သည်။[၁၂၉] အင်ဒိုနီးရှား LPSK သည် ဩစတြေးလျ-အာရှ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (AAPTIP)၏ အကူအညီဖြင့်  မြန်မာနိုင်ငံရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာနကို ဆက်သွယ်ကာ (မြန်မာနိုင်ငံမှ ကျူးလွန်ခံရသူ ဦးရေ ၅၀၀အနက် ) ၁၃ ဦးကို သက်သေထွက်ဆိုရန်အတွက် အင်ဒိုနီးရှားနိုင်ငံသို့ ချောမွေ့စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။ နောက်ဆုံး၌ ထိုင်းနိုင်ငံ ငါးဖမ်းသင်္ဘော ကပ္ပတိန် ၅ ဦးနှင့် အင်ဒိုနီးရှား ငါးဖမ်းသင်္ဘော ကပ္ပတိန် ၃ ဦးကို ပင်လယ်စာထုတ်လုပ်မှုလုပ်ငန်းတွင်  ကျွန်ပြုခိုင်းစေမှုနှင့် လူကုန်ကူးမှုအတွက် ထောင်ဒဏ် ၃နှစ် ချမှတ်ခဲ့သည်။ ထိုင်းသင်္ဘောကပ္ပတိန်များကို ၎င်းတို့၏ သင်္ဘောအမှုထမ်းများအား လျော်ကြေးအနေဖြင့် စုစုပေါင်း ဒေါ်လာ ၆၇,၈၀၀ ပေးရန်လည်း အမိန့်ချမှတ်ခဲ့သည်။[၁၃၀] ကျူးလွန်ခံရသူ မျက်မြင်သက်သေ ၁၃ ဦး လူကိုယ်တိုင် တက်ရောက်မှု မရှိပါက ဤရလဒ် ရရှိနိုင်ခဲ့မည်မဟုတ်ပါ။

ဗီဒီယိုဖြင့် သက်သေထွက်ဆိုမှုများကို ပို၍ပြုလုပ်လာပြီး ကိုဗစ်-၁၉ ကပ်ဘေးကြောင့် အရှိန်မြင့်လာပြီ ဖြစ်သော်လည်း အာဆီယံနိုင်ငံအများစုတွင် အပြည့်အဝ အကောင်အထည်မဖော်ရသေးပါ။ ဗီဒီယိုမှတ်တမ်း စစ်မှန်မှုနှင့် ပတ်သက်သည့် စည်းမျဉ်းများကိုလည်း သေချာရှင်းလင်းရန် လိုအပ်သေးသည်။ ဗီဒီယိုမှတ်တမ်းများကို ရှေ့နေများ သက်သေခံခြင်းနှင့် ဒစ်ဂျစ်တယ် အထောက်အထားများ တရားဝင်ရန်  လိုအပ်သည့် အခြားသော စည်းကမ်းချက်များ အပါအဝင် ဒစ်ဂျစ်တယ် အထောက်အထားများ စုစည်းမှုပြုလုပ်ရန် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဗီဒီယိုဖြင့် သက်သေထွက်ဆိုမှုကို လက်ရှိတွင် တားမြစ်ထားပြီး အထူး ကျူးလွန်ခံရသူ မျက်မြင်သက်သေများ ဖြစ်သော ကလေးသူငယ်များနှင့် စိတ်ဒဏ်ရာခံစားနေရသူများသာ ဗီဒီယိုဖြင့် သက်သေထွက်ဆိုမှု ပြုလုပ်နိုင်သည်။

---

၁၂၈ အင်ဒိုနီးရှား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၁ အောက်တိုဘာ ၂၀၂၁။

၁၂၉ Jakarta Post “အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပင်လယ်စာလုပ်ငန်းကျွန်ပြုမှုဖြင့် လူ ၇ ဦးကို ဖမ်းဆီးခဲ့သည်” ၁၃ မေ ၂၀၁၅၊ https://www.thejakartapost.com/news/2015/05/13/indonesian-police-arrest-7-seafood-slavery-case.html ကို ကြည့်ပါ။

၁၃၀ Associated Press in Ambon “ပင်လယ်စာလုပ်ငန်းကျွန်ပြုမှုဖြင့် လူငါးဦးထောင်ကျခြင်း” ၁၁ မတ် ၂၀၁၆၊ https://www.theguardian.com/world/2016/mar/11/seafood-slave-drivers-given ကိုကြည့်ပါ။

**ဖြစ်မှုဆိုင်ရာ တရားစီရင်ရေးဖြစ်စဉ်တွင် မျက်မြင်သက်သေ ကလေးသူငယ်များအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ** [၁၃၁]

- ကလေးသူငယ်ဖြစ်သူ၏ သက်သေထွက်ဆိုချက်ကို ဗီဒီယိုမှတ်တမ်းတင်ခွင့်ပြုခြင်း၊
- စီစီတီဗီအသုံးပြုခြင်း၊
- သက်သေထွက်ဆိုရန်အတွက် အခြားသော နည်းလမ်းများ စီစဉ်ခြင်း၊ ဥပမာ - လိုက်ကာများ
- ကလေးသူငယ်ဖြစ်သူမှ သက်သေထွက်ဆိုနေချိန်တွင် အားပေးကူညီနိုင်သော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရှေ့နေတစ်ဦး တက်ရောက်ခြင်း၊
- မျက်မြင်သက်သေ ကလေးသူငယ်များ သက်သေထွက်ဆိုရာတွင် ကူညီရန် ကြားလူတစ်ဦးကို အသုံးပြုခြင်း၊
- ကျူးလွန်ခံရသူ ကလေးသူငယ်နှင့် တရားခံဘက်မှ လူကိုယ်တိုင် ပြန်လှန်စစ်မေးခြင်းကို တားမြစ်ခြင်း၊
- တရားခံရှေ့နေက ရန်လိုသည့် သို့မဟုတ် မသင့်လျော်သည့် ပြန်လှန်စစ်မေးခြင်းကို ကန့်ကွက်ခြင်း၊
- ခုံရုံးနှင့်ပတ်သက်၍ အများပြည်သူကို ချမပြခြင်း၊
- မီဒီယာများ ရှိနေရန် ခွင့်မပြုခြင်း၊
- ရှေ့နေများကို ဝတ်လုံမဝတ်စေခြင်းကဲ့သို့သော ဆောင်ရွက်ချက်များပြုလုပ်၍ တရားခွင်၏ ဟိတ်ဟန်ကြီးမှုကို လျော့နည်းစေခြင်း။

---

၁၃၁ UNODC (2008)၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကိရိယာစုံ၊ New York: UN

# ၅ ဘက်လိုက်မှုနှင့် ပုံသေကားကျသတ်မှတ်ချက်များအပေါ် အခြေခံသော တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေး ဆုံးဖြတ်ချက်များ

ကျားမအလိုက် ပုံသေကားကျသတ်မှတ်ချက်များနှင့် အခြားသော ခွဲခြားဆက်ဆံမှုပုံစံများသည် ဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည်။ ဤအချက်သည် မသင့်လျော်သော မေးခွန်းများ မေးမြန်းခြင်း၊ ကျူးလွန်ခံရသူဖြစ်ကြောင်း တောင်းဆိုချက်များကို ပယ်ချခြင်းနှင့် ကျူးလွန်ခံရသူဖြစ်ကြောင်း အဆင့်အတန်းကို ငြင်းပယ်ခြင်းကဲ့သို့သော ကျူးလွန်ခံရသူများအား ဆိုးရွားစွာ ဆက်ဆံခြင်းကို ဖြစ်စေနိုင်သည်။ "ကျူးလွန်ခံရသူအဖြစ် သမားရိုးကျ သတ်မှတ်ခံရလေ့ရှိသူ"ကို ယုံကြည်ကြသော တရားသူကြီးများ သို့မဟုတ် အစိုးရရှေ့နေများသည် အမျိုးသားများကို လူကုန်ကူးခံရသူများအဖြစ် ရှုမြင်ရန် အခက်တွေ့ ကြသည်။ ထိုသို့မြင်ရမည့်အစား ၎င်းတို့သည် အတင်းအကျပ် အလုပ်ခိုင်းစေခြင်း ကိစ္စရပ်များကို လုပ်ငန်းခွင် ပြဿနာများအဖြစ် သတ်မှတ်ကြကာ ရာဇဝတ်မှုကို အဆင့်လျှော့ကျစေသည်။ အမျိုးသားများသည် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုမှ ၎င်းတို့ကိုယ်ကို ကာကွယ်နိုင်ကြသည်ဟူသော အယူအဆအမှားလည်း ရှိကြသည်။

ကျူးလွန်ခံရသူ အမျိုးသမီးများအပေါ် မှားယွင်းသော စီရင်မှုများသည် ၎င်းတို့ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံခဲ့ရသော လူကုန်ကူးမှု အမျိုးအစားများဖြစ်သည့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုနှင့်လည်းကောင်း၊ ၎င်းတို့၏ အပြစ်တင်ခံထိုက်သည်ဟု ယူဆရသော အပြုအမူများနှင့်လည်းကောင်း တိုက်ရိုက် ဆက်စပ်နေလေ့ရှိသည်။ ဥပမာအားဖြင့် ကျူးလွန်ခံရသူက လူကုန်ကူးသူ၏ငွေကြေးဖြင့် ဝယ်ယူထားသော အဝတ်အစားကို လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးရချိန်တွင် ဝတ်စားထားကြောင်း အသေးစိတ်တင်ပြခြင်းဖြင့် ကျူးလွန်ခံရသူ၏ နစ်နာကြေး တောင်းဆိုမှုကို ပယ်ချရန် တရားခံရှေ့နေများက ကြိုးစားတတ်ကြသည်။ တရားခံရှေ့နေများသည် ဖေ့စ်ဘွတ်ခ် (Facebook)နှင့် အင်စတာဂရမ် (Instagram)ကဲ့သို့သော လူမှုကွန်ရက်စာမျက်နှာများမှ ကျူးလွန်ခံရသူ၏ ဓာတ်ပုံများကိုလည်း ပြသကာ သူမသည် လူကုန်ကူးခံရသူ မဟုတ်ကြောင်း သက်သေပြနိုင်ရန်အတွက် ကြိုးစားရာတွင် သူမ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်စေရန် ထိုဓာတ်ပုံများကို အသုံးပြုကြသည်။

ဆင်းရဲနွမ်းပါးသူများ၊ ဉာဏ်ရည်မသန်စွမ်းသူများ၊ တိုင်းရင်းသားလူနည်းစုများကဲ့သို့သော အချို့လူအုပ်စုများကို အရည်အချင်းမပြည့်မီသော သို့မဟုတ် စိတ်မချရသော သက်သေများအဖြစ် ယူဆကြသည်။ လိုအပ်သော ညှိနှိုင်းမှုများနှင့် ထောက်ပံ့ကူညီမှုများ မရှိလျှင် ၎င်းတို့၏ ထွက်ဆိုချက်များကို တရားသူကြီးများနှင့် အစိုးရရှေ့နေများက အလွယ်တကူ ပယ်ချလိုက်နိုင်သည်။

စိတ်ဒဏ်ရာများ ဆိုးဆိုးရွားရွား ခံစားထားရသော ကျူးလွန်ခံရသူများသည် ရှင်းလင်း၍ ရှေ့နောက်ညီညွတ်သော ထွက်ဆိုချက်ကို ပေးရာတွင် အခက်အခဲရှိနိုင်သည်။ အမှုစစ်ဆေးနေစဉ်အတွင်း ၎င်းတို့၏ ဖြစ်စဉ်များကို အကြိမ်ပေါင်းများစွာ ပြောင်းလဲနိုင်ခြင်းကြောင့် ၎င်းတို့ကိုယ်တိုင်နှင့် သက်သေခံအထောက်အထားအပေါ်တွင် သံသယ ဖြစ်စေနိုင်သည်။

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- သင်ကိုယ်တိုင်နှင့် သင့်ပတ်ဝန်းကျင်မှ လူများအပေါ်တွင် သိစိတ်မှသော်လည်းကောင်း၊ မသိစိတ်မှသော်လည်းကောင်း ဖြစ်ပေါ်လာသော ဘက်လိုက်မှုများကို သတိထားမိအောင် လုပ်ဆောင်ပါ။ ဤဘက်လိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် စတင်ဆောင်ရွက်ပါ။

- ကျူးလွန်ခံရသူများ ခံစားခဲ့ရသော ခေါင်းပုံဖြတ်အမြတ်ထုတ်မှု အမျိုးအစားနှင့် စိတ်ဒဏ်ရာကို အခြေခံကာ ၎င်းတို့၏ လိုအပ်ချက်များအပေါ် အာရုံစိုက်ပါ။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် လွတ်မြောက်လာသူများ ဦးဆောင်သော အဖွဲ့အစည်းများအကြား ပူးတွဲဆောင်ရွက်ခြင်းကိုလည်း  ကျူးလွန်ခံရသူများ၏ ရှုထောင့်ကို ထည့်သွင်းစဉ်းစားပေးသည့် အလေ့အထကောင်း တစ်ခုအနေဖြင့် အလေးပေးလာကြသည်။[၁၃၂]

- တရားသူကြီးများနှင့် တရားခံရှေ့နေများသည် ၎င်းတို့ လိုက်နာရမည့် ကျင့်ဝတ်နှင့် ပညာရှင်ပီသသော အလေ့အထ များကို စောင့်ထိန်းရမည် ဖြစ်သည်။ ဤနေရာတွင် စော်ကားပုတ်ခတ်သော သို့မဟုတ် ရန်လိုသော အသုံးအနှုန်း သို့မဟုတ် လေသံမျိုး အသုံးမပြုခြင်း ပါဝင်သည်။ ထို့အပြင် မည်သည့်ကျူးလွန်ခံရသူကိုမဆို ၎င်းတို့၏ ဖြစ်စဉ်များ အကြောင်း ပြန်လည်ပြောပြရန် တွန်းအားမပေးသင့်ပါ။

- ပြစ်မှုဆိုင်ရာ တရားစီရင်ရေး ပညာရှင်များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ၊ ကျား၊မအလိုက် ပုံသေကားကျ သတ်မှတ်မှု၊ ဘက်လိုက်မှုတို့နှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးပါ။ တရားစီရင်ရေးဆိုင်ရာ ပုံသေကားကျသတ်မှတ်ခြင်း၏ အန္တရာယ်ကို သက်သေအခြေပြု သုတေသနမှတစ်ဆင့် အလေးပေး လေ့ကျင့် သင်ကြားပါ။ ပုံသေကားကျသတ်မှတ်ခြင်း၏ သက်သေအတွက် တရားသူကြီး၏ဆင်ခြင်တုံတရားကို ဆန်းစစ် လေ့လာပါ။ ထို့နောက် ကျား၊မအလိုက် ပုံသေကားကျ သတ်မှတ်မှုများကို စိန်ခေါ်၊ ကျော်လွှားခဲ့သော တရားစီရင်ရေး ကဏ္ဍတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သူများ၏ သာဓက အလေ့အထကောင်းများကို အလေးပေး လေ့ကျင့် သင်ကြားပါ။

---

**အလေ့အထကောင်း။**

ထိုင်းနိုင်ငံတွင် လူကုန်ကူးခံရသူများအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေး၊ လူကုန်ကူးခံရသူများအတွက် ကန့်သတ်ငွေကြေးအကူအညီ၊ လူကုန်ကူးခံရသူများကို နေရပ်ပြန်ပို့ပေးခြင်း၊ NGO များကို ကန့်သတ်ပံ့ပိုးမှု စသည့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် လူကုန်ကူးမှု တိုက်ဖျက်ရေးရန်ပုံငွေကို မတည်ထူထောင်ထားသည်။

---

၁၃၂ OSCE ဒီမိုကရက်တစ်အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးရုံး (ODIHR) (2004)။ လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ အမျိုးသားအဆင့် ယန္တယား/လုပ်ငန်းစဉ်၊ လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်ရန်ကျိုးပမ်းမှုတွင် ပါဝင်ဆောင်ရွက်ခြင်း - လက်တွေ့ လက်စွဲစာအုပ် Warsaw: OSCE

# ၆ စီးပွားရေးဆိုင်ရာ စိတ်ဖိအားများနှင့် ကန့်သတ်နစ်နာကြေး သို့မဟုတ် လျော်ကြေး

တရားစွဲဆိုမှုတစ်ခုတွင် ပါဝင်ခြင်းသည် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအပေါ်တွင် ကြီးမားသော ငွေကြေးဆိုင်ရာ ကုန်ကျမှုများကို ဖြစ်စေနိုင်သည်။ တရားရုံးတွင် စစ်ဆေးသည့် အမှုများသည် လပေါင်းများစွာ/ နှစ်ပေါင်းများစွာ ကြာရှည်နိုင်ပြီး စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ တရားရုံးတွင် ကြားနာခြင်းနှင့် တရားစီရင်ချက် ချခြင်းတို့ကြောင့် ကုန်ဆုံးသွားသော အချိန်သည် မိသားစုအတွက် လုပ်ကိုင်စားသောက်ရန်အတွက် အခွင့်အရေးများကို ပျောက်ဆုံးသွားစေနိုင်သည်။ ကျူးလွန်ခံရသူ မျက်မြင်သက်သေအချို့သည် တရားစွဲဆိုမှုကာလအတွင်း ခိုလှုံရေး စခန်းများတွင် နေထိုင်ရန် လိုအပ်ခြင်းကြောင့် ၎င်းတို့၏ ဝင်ငွေရှာနိုင်စွမ်းကို အနှောင့်အယှက်ဖြစ်စေသည်။ မိသားစုအား အဓိက လုပ်ကိုင်ကျွေးမွေးနေရသော ကျူးလွန်ခံရသူများအတွက် ထိုအခြေအနေသည် လွန်ကဲသော စီးပွားရေးဆိုင်ရာ၊ စိတ်ခံစားချက်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားများ ဖြစ်စေသည်။ လူကုန်ကူးသူများကို အောင်မြင်စွာ တရားစွဲဆိုနိုင်ခြင်းသည် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် နစ်နာကြေးကို အမြဲတစေ မရစေနိုင်ပါ။ အမှုအတော်များများတွင် ပြစ်မှုကျူးလွန်သူများသည် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ပေးနိုင်စွမ်းမရှိသဖြင့် ၎င်းတို့ကို ထောင်ချခြင်းဖြင့် အစားထိုးကြသည်။

နစ်နာကြေး သို့မဟုတ် လျော်ကြေးရသော အမှုများတွင်လည်း အုပ်ချုပ်ရေးယန္တရားဆိုင်ရာနှင့် ဥပဒေရေးရာ အကျပ်အတည်းများကြောင့် ၎င်းနစ်နာကြေး သို့မဟုတ် လျော်ကြေးကို လက်လှမ်းမီရယူနိုင်ရန် ခက်ခဲလေ့ရှိသည်။ အာဆီယံရှိ နိုင်ငံခြားသား ကျူးလွန်ခံရသူများသည် ၎င်းတို့၏ "ပုံမှန်မဟုတ်သော" အဆင့်အတန်းနှင့် တောင်းဆိုချက် မပြုလုပ်မီမှာပင် ၎င်းတို့ကို နေရပ်ပြန်ပို့လေ့ရှိသော အချက်ကြောင့် ပြန်လည်ကုစားရေး လုပ်ငန်းစဉ်များကို လက်လှမ်းမီ ရယူနိုင်ရန် အလွန်ပင် ခက်ခဲသည်။

ကျူးလွန်ခံရသူ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ပေါင်းစည်းရေးတို့ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကုစားရေး လုပ်ငန်းစဉ်များ လက်လှမ်းမီရယူနိုင်မှုသည် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ကျူးလွန်ခံရသူများအား ဆုံးရှုံးမှုနှင့် ထိခိုက်နစ်နာစေမှုကို အသိအမှတ်ပြုကာ ပေးအပ်သော လျော်ကြေးသည် နာလန်ထူလာရေး လုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေပြီး ကျူးလွန်ခံရသူများ၏ ထပ်မံလူကုန်ကူးခံရနိုင်သော ထိရှလွယ်မှုကို လျော့နည်းသွားစေသည်။[၁၃၃]

လူကုန်ကူးမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ အပိုဒ် (၆)တွင် "စာချုပ်အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းတို့၏ နိုင်ငံတွင်း ဥပဒေရေးရာစနစ်တွင် လူကုန်ကူးခံရသူများ ခံစားခဲ့ရသော ထိခိုက်နစ်နာမှုအတွက် ၎င်းတို့ လျော်ကြေးရနိုင်သည့် အခွင့်အရေးကို ပေးအပ်သော စီမံဆောင်ရွက်ချက်များ ပါဝင်စေရမည်"ဟု ဖော်ပြထားသည်။ ဤအချက်သည် နိုင်ငံ့ဥပဒေအရ လျော်ကြေး ရနိုင်ခြေမရှိပါက သင့်လျော်သည့် စီမံချက်များ ချမှတ်ရန်အတွက် ဥပဒေပြဋ္ဌာန်းရန် လိုအပ်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ACTIP အပိုဒ် (၁၃)နှင့် (၁၄)သည် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ ပြည်တွင်းဥပဒေစနစ်များသည် လူကုန်ကူးခံရသူများ ထိခိုက်နစ်နာခံစားရမှုများအတွက် လျော်ကြေးငွေရရှိနိုင်ခြေကို ပံ့ပိုးပေးမှု သေချာစေရန် အလေးထားဖော်ပြထားပါသည်။ လူကုန်ကူးခံရသူများကို စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် နိုင်ငံတော်ရန်ပုံငွေများ ထူထောင်ရန် တောင်းဆိုထားသည်။ ACTIP ၏ အပိုဒ် (၂၂)တွင် လူကုန်ကူးခံရသူများအား လျော်ကြေးနှင့် အကူအညီအဖြစ် ပြန်လည် ပေးအပ်ရန်အတွက် ပြစ်မှုနှင့်သက်ဆိုင်သော ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာများကိုသိမ်းယူ၍ အသုံးပြုရန် နိုင်ငံများကို တိုက်တွန်းထားသည်။

---

၁၃၃ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်၊ လူကုန်ကူးခြင်းခံရသူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ဒေသတွင်း လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ နောက်ဆက်တွဲ - အကိုးအကားများနှင့် အလေ့ကျင့်ကောင်းများ (ရက်စွဲမသိရ)။

လူကုန်ကူးခံရသူ၏ လိုအပ်ချက်များကို ရည်ညွှန်းဖော်ပြခြင်းဆိုင်ရာ ACWC ၏ ဒေသတွင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် (ပြစ်မှုကျူးလွန်သူမှ ပေးသော) ပြစ်မှုဆိုင်ရာ လျော်ကြေးများကို ပေးအပ်ရန်သော်လည်းကောင်း၊ လူကုန်ကူးမှု ကျူးလွန်သူက လျော်ကြေး သို့မဟုတ် နစ်နာကြေး ပေးဆောင်ရမည့် အမိန့်များ ချမှတ်ရန်သော်လည်းကောင်း၊ နှစ်မျိုးစလုံးသော်လည်းကောင်း နိုင်ငံတော်ဥပဒေရေးရာမူဘောင်က ရာဇဝတ်ခုံရုံးများကို ခွင့်ပြုရမည်ဟု နိုင်ငံများကို တောင်းဆိုထားသည်။ ဤအချက်ကို ထိရောက်စေရန် လိုအပ်သော လုပ်ထုံးလုပ်နည်းများတွင် ရှိနှင့်ပြီးသား စည်းမျဉ်းစည်းကမ်းများအတွင်း အစိုးရရှေ့နေများကဖြစ်စေ၊ အခြားသက်ဆိုင်ရာ အာဏာပိုင်များကဖြစ်စေ၊ နှစ်မျိုးစလုံးကဖြစ်စေ ပြစ်မှုကျူးလွန်သူများထံမှ နစ်နာကြေး တောင်းခံရမည့် တာဝန်တစ်ရပ် ပါဝင်သည်။[၁၃၄]

စင်္ကာပူနိုင်ငံမှလွဲ၍ အာဆီယံနိုင်ငံအားလုံးသည် ၎င်းတို့၏ နိုင်ငံ့ဥပဒေတွင် လူကုန်ကူးခံရသူများ နစ်နာကြေးနှင့် လျော်ကြေးကို လက်လှမ်းမီရယူနိုင်စေရန် ထောက်ပံ့ပေးထားသည်။

**ဘရူနိုင်းနိုင်ငံ –** (၂၀၁၉) လူကုန်ကူးမှု တိုက်ဖျက်ရေးအမိန့် ပုဒ်မ (၄၄) တွင် လူကုန်ကူးမှု တိုက်ဖျက်ရေး ရန်ပုံငွေ မတည်ထူထောင်ခြင်းကို ဖော်ပြထားသည်။ ပုဒ်မ (၄၆) တွင် ထိုရန်ပုံငွေကို လူကုန်ကူးခံရသူများအတွက် အခြားအချက်အလက်များကို ဖော်ပြထားသည့်အပြင် လျော်ကြေးနှင့် လူကုန်ကူးခံရသူများကို နေရပ်ပြန်ပို့ရသည့် ကုန်ကျစရိတ်အတွက် ငွေကြေးအထောက်အပံ့အနေဖြင့် အသုံးပြုနိုင်ကြောင်း ဖော်ပြထားသည်။

**ကမ္ဘောဒီးယားနိုင်ငံ –** (၂၀၀၈) လူကုန်ကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု နှိမ်နင်းရေးဥပဒေ ပုဒ်မ (၄၆)တွင် လူသားများကို လဲလှယ်ခြင်း သို့မဟုတ် ရောင်းချခြင်း/ ဝယ်ယူခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းတို့မှတစ်ဆင့် ကြီးပွားချမ်းသာလာကြသူများထံမှ နစ်နာကြေးရယူရန် ပြဋ္ဌာန်းထားသည်။

**အင်ဒိုနီးရှားနိုင်ငံ –** (၂၀၀၇) လူကုန်ကူးမှုဆိုင်ရာ ရာဇဝတ်မှုကို အမြစ်ပြတ်ဖယ်ရှားခြင်းဥပဒေ နံပါတ် (၂၁) ပုဒ်မ (၄၈) တွင် အဖိုးတန်ပစ္စည်းများ ဆုံးရှုံးခြင်း သို့မဟုတ် ဝင်ငွေဆုံးရှုံးခြင်း၊ ဆင်းရဲဒုက္ခခံစားရခြင်း၊ ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်အတွက်သော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ ကုသမှု ကုန်ကျစရိတ်အတွက်သော်လည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာ ပြစ်မှုကြောင့် ကျူးလွန်ခံရသူ ကြုံတွေ့ခဲ့ရသော အခြားဆုံးရှုံးမှုများအတွက် သော်လည်းကောင်း၊ အားလုံးအတွက် သော်လည်းကောင်း လျော်ကြေးအနေဖြင့် နစ်နာကြေးကို လက်ခံရရှိရန် ကျူးလွန်ခံရသူများတွင် အခွင့်ပေးထားသည်။

**လာအိုနိုင်ငံ –** (၂၀၁၆) လူကုန်ကူးမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ (၃၆)တွင် ကျူးလွန်ခံရသူ သို့မဟုတ် တရားမမှုဆိုင်ရာ တရားလိုက တရားမမှုဆိုင်ရာ လျော်ကြေးအတွက် ပြစ်မှုဆိုင်ရာ တရားစွဲဆိုနေစဉ်အတွင်း တောင်းဆိုရန် ပြဋ္ဌာန်းထားသည်။

**မလေးရှားနိုင်ငံ –** (၂၀၀၇) လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများအား လူမှောင်ခိုကုန်ကူးမှု တိုက်ဖျက်ရေးအက်ဥပဒေ ပုဒ်မ (၆၆) တွင် ပြစ်မှုကျူးလွန်သူက လူကုန်ကူးခံရသူအား လျော်ကြေးပေးဆောင်ရန် ပြဋ္ဌာန်းထားသည်။ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ထားခြင်းမရှိသော အမှုမျိုးတွင် လူကုန်ကူးခံရသည်ဟု ဆိုနိုင်သော ပုဂ္ဂိုလ်အား လုပ်အားခကြွေးကျန်များ ပေးရန်လည်း ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသည်။

**မြန်မာနိုင်ငံ –** (၂၀၀၅) လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ (၃၃) တွင် တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခံရသူအား နစ်နာကြေး ပေးသည့်အမိန့် ချမှတ်နိုင်ကြောင်း ဖော်ပြထားသည်။

**ဖိလစ်ပိုင်နိုင်ငံ –** R.A. (၇၃၀၉) ကျူးလွန်ခံရသူအား လျော်ကြေးပေးခြင်း အက်ဥပဒေ - DOJ အောက်ရှိ နစ်နာကြေး တောင်းဆိုမှုများဆိုင်ရာ ဘုတ်အဖွဲ့က မတရားထောင်ချခံရသော သို့မဟုတ် ထိန်းသိမ်းခံရသော ကျူးလွန်ခံရသူများနှင့် လူကုန်ကူးခံရသူများအပါအဝင် ကြီးလေးသော ပြစ်မှုများ ကျူးလွန်ခံရသူများအတွက် လျော်ကြေးထောက်ပံ့သည်။

**ထိုင်းနိုင်ငံ –** (၂၀၀၈) လူကုန်ကူးမှု တိုက်ဖျက်ရေး အက်ဥပဒေ(၂၀၁၇) အပိုင်း (၃၃)၊ (၃၄)၊ (၃၅) နှင့် (၃၇) တို့တွင် လူကုန်ကူးမှုကျူးလွန်ခြင်းကြောင့် ထိခိုက်နစ်နာမှုများအတွက် လူကုန်ကူးခံရသူ၏ လျော်ကြေးရပိုင်ခွင့်ကို ပြဋ္ဌာန်းထားသည်။

**ဗီယက်နမ်နိုင်ငံ –** (၂၀၁၁) လူကုန်ကူးမှု ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေ ပုဒ်မ (၆) တွင် ကျူးလွန်ခံရသူများ၏ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးရပိုင်ခွင့်ကို ဥပဒေအောက်၌ ဖော်ပြထားသည်။ ပုဒ်မ (၃၆)တွင် လျော်ကြေးအကြောင်း ဖော်ပြထားသည်။

---

၁၃၄ လျော်ကြေးငွေပေးခြင်းဆိုင်ရာ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အပိုဒ်၅.၂ ကိုကြည့်ပါ။

# ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- တရားစွဲဆိုခြင်းတွင် ပါဝင်ခြင်း၏ အကျိုးကျေးဇူးများကို လွန်ကဲစွာ ကတိပေးခြင်း သို့မဟုတ် ချဲ့ကားပြောဆိုခြင်း မပြုလုပ်ပါနှင့်။
- ကျူးလွန်ခံရသူများ လက်လှမ်းမီရယူနိုင်သော ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များကို ၎င်းတို့အား စေ့စပ်လျင်မြန်စွာနှင့် ပြည့်စုံစွာ ပြောပြပြီး ထိုလုပ်ငန်းစဉ်များတွင် ၎င်းတို့အား မည်သို့ပံ့ပိုးပေးမည်ကို ပြောပြပါ။ လျော်ကြေး/ နစ်နာကြေးနှင့် ထိခိုက်ပျက်စီးမှုလျော်ကြေးကို ရယူပုံ၊ လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်နှင့် လိုအပ်သော စာရွက်စာတမ်းများ၊ ချမှတ်နိုင်ခြေရှိသော ပြစ်ဒဏ်၊ တရားရုံးအမှု၏ကြာချိန် အစရှိသည့် အချက်အလက်တို့ကို ရှင်းလင်းစွာ ပြောပြသင့်သည်။[၁၂၅]
- ကျူးလွန်ခံရသူများနှင့် တိုင်ပင်ဆွေးနွေးရာတွင် တရားမမှုဆိုင်ရာနှင့် ပြစ်မှုဆိုင်ရာ လျော်ကြေး နှစ်မျိုးစလုံးအတွက် တိုင်ချက်ဖွင့်ရန် စဉ်းစားပါ။ ဤအချက်သည် ကျူးလွန်ခံရသူများက လူကုန်ကူးမှု ကြုံတွေ့နေရစဉ်နှင့် ကြုံတွေ့ပြီး နောက်တွင် ၎င်းတို့ နစ်နာခဲ့ရသော စီးပွားရေးဆိုင်ရာ/ဝင်ငွေ ဆုံးရှုံးမှုများအတွက် လျော်ကြေးပေးခံရနိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။
- နိုင်ငံသားမဟုတ်သော ကျူးလွန်ခံရသူများကို ၎င်းတို့၏ လျော်ကြေးတောင်းဆိုချက် ဖြေရှင်းပြီးသွားသည်အထိ ၎င်းတို့ဆန္ဒရှိလျှင် အလုပ်လုပ်ကိုင်ခွင့် အပါအဝင် နိုင်ငံအတွင်း ဆက်လက်နေထိုင်ခွင့်ပြုသင့်သည်။
- လူကုန်ကူးမှုအတွက် အမှုစစ်ဆေးခြင်းများနှင့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းများကို အလွန်အမင်း နှောင့်နှေးခြင်းမရှိဘဲ စတင်ရန်နှင့် ပြီးစီးစေရန် တောင်းဆိုပါ။ ကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် အလွန်ထိရှလွယ်သူများ ပါဝင်သော အမှုများအတွက် လုပ်ငန်းစဉ်များကို အမြန်ပြီးစီးစေရန် ဆောင်ရွက်ပါ။

---

**စိန်ခေါ်မှု။**[၁၂၆]

အင်ဒိုနီးရှားနိုင်ငံရှိ လူကုန်ကူးခံရသူများသည် နစ်နာကြေးရရှိစေရန်အတွက် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရသည်။ လျော်ကြေးပမာဏတစ်ခု (ဥပမာ - အင်ဒိုနီးရှား ရူပီးယား သန်း ၂၀၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၄,၀၀၀) တောင်းခံခြင်းအတွက် ၎င်းတို့ကို တရားသူကြီးများက တစ်ခါတစ်ရံ အကြောင်းပြချက် တောင်းတတ်ကြပြီး ထိုတရားသူကြီးက မယုံကြည်လျှင် နစ်နာကြေးမရနိုင်ပါ။ လစာများမပေးခြင်းနှင့် ဆေးကုသမှုဆိုင်ရာ ငွေကြေးများ မပေးခြင်း ကဲ့သို့သော တိကျသေချာသည့်/ထင်ရှားသည့် ဆုံးရှုံးမှုများကိုသာ ကိုင်တွယ်ဖြေရှင်းသော၊ ကျူးလွန်သူများ ခံစားခဲ့ရသော စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများနှင့် တရားစွဲဆိုစဉ်အတွင်း ၎င်းတို့ကြုံတွေ့ခဲ့ရနိုင်သော ဝင်ငွေ ဆုံးရှုံးနိုင်ခြေများကို မျက်ကွယ်ပြုခဲ့သော တရားသူကြီးတစ်ယောက်အကြောင်းကို အမျိုးသားအဆင့်ဆွေးနွေးတိုင်ပင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများက မျှဝေခဲ့ကြသည်။ ထိုအခါမျိုးတွင် ရရှိလာသောပမာဏသည် ကျူးလွန်ခံရသူများ ကြုံတွေ့ခဲ့ရသော အခွင့်အရေးချိုးဖောက်မှုများနှင့် ဆုံးရှုံးမှုများ၏ အတိုင်းအတာနှင့် အချိုးညီမျှခြင်း မရှိတော့ပေ။

---

၁၂၅ ASEAN လက်တွေ့လုပ်ဆောင်သူများအတွက် လမ်းညွှန်ချက်များ အပိုင်း တစ်၊ စ-၄။ ASEAN ကျားမကွဲပြားမှုကို အထူးဂရုပြုထားသောလမ်းညွှန် အပိုဒ် ၃.၆။
၁၂၆ အင်ဒိုနီးရှား အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ၊ ၂၁ အောက်တိုဘာ ၂၀၂၁။

# ၇ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှု သို့မဟုတ် ကိုယ်စားပြုမှု ကင်းမဲ့ခြင်း

ဥပဒေအကျိုးဆောင်ရှိခြင်းသည် ပြစ်မှုဆိုင်ရာ တရားစွဲဆိုခြင်းတွင် ကျူးလွန်ခံရသူများအား ၎င်းတို့၏ အခွင့်အရေးများနှင့် အခန်းကဏ္ဍအကြောင်း ကူညီ၊ အသိပေးရန်နှင့် လုပ်ငန်းစဉ်တစ်လျှောက်လုံး ၎င်းတို့နှင့် အတူရှိပေးရန်တို့အတွက် အရေးပါလှသည်။ ဥပဒေအကျိုးဆောင်များသည် ကျူးလွန်ခံရသူများ၏ အမြင်များကို ဖော်ပြရန်နှင့် ၎င်းတို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို အကျိုးသက်ရောက်မှုရှိစေရန်တို့တွင် ကူညီပေးသည်။ ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်းသည်လည်း ကျူးလွန်ခံရသူများ တရားစွဲဆိုခြင်းများအတွက် ပြင်ဆင်ပေးပြီး ၎င်းတို့ ထပ်မံ၍ စိတ်ဒဏ်ရာများရနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ၎င်းသည် သက်သေထွက်ဆိုချက်များ ကျိုးကြောင်းခိုင်လုံ၍ ရှေ့နောက် ညီညွတ်မှု အလားအလာကို မြင့်တက်စေပြီး လူကုန်ကူးသူများကို အောင်မြင်စွာ တရားစွဲဆိုနိုင်စေရန် ကူညီပေးသည်။ ကျူးလွန်ခံရသူများ ဥပဒေရေးရာ ကိုယ်စားပြုမှုကို လက်လှမ်းမီမှုနှင့် အောင်မြင်သော တရားစွဲဆိုမှု ရလဒ်များအကြားတွင် သိသာသော ဆက်နွယ်မှု တစ်ခုရှိသည်။[၁၃၇]

ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှု သို့မဟုတ် ကိုယ်စားပြုမှု ကင်းမဲ့ခြင်းသည် ကျူးလွန်ခံရသူများ တရားစွဲဆိုခြင်းများတွင် ပါဝင်ခြင်းကို အဟန့်အတား ဖြစ်စေနိုင်သည်။ ကျူးလွန်ခံရသူများ ဥပဒေရေးရာ အကြံဉာဏ်ကို လိုအပ်ချိန်တွင် အချိန်မီ လက်လှမ်းမီရယူနိုင်မှု မရှိခြင်းလည်း ဖြစ်စေနိုင်သည်။

## ထိခိုက်နစ်နာမှု မရှိစေရေး လမ်းညွှန်ချက်

- နိုင်ငံတော်က ကျခံပေးသော ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်မှု မရရှိလျှင် နိုင်ငံလုံးဆိုင်ရာ ရှေ့နေအဖွဲ့အစည်းများ သို့မဟုတ် ဥပဒေအဖွဲ့အစည်းမှ ဥပဒေရေးရာ အခမဲ့ဝန်ဆောင်မှုကို စီစဉ်ပေးပါ။ အခြားတစ်နည်းအနေဖြင့် ရှေ့နေစီစဉ်ပေးရန် NGO လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ကိုင်ပါ။

- လူကုန်ကူးခံရသူများကို အကြံပေးရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများရှိပြီး အမျိုးမျိုးသော တရားစွဲဆိုမှုများအတွင်း ၎င်းတို့ကို ထိထိရောက်ရောက် ကိုယ်စားပြုနိုင်မည့် ကျွမ်းကျင်ဥပဒေ အကျိုးဆောင်များကို တောင်းခံပါ။

- ဥပဒေရေးရာ အကြံဉာဏ်ကို ပညာရပ်ဆန်သောအသုံးအနှုန်းများမသုံးဘဲ ရိုးရှင်း၍ နားလည်လွယ်သော ပုံစံဖြင့်ပေးပါ။ ၎င်းတို့အား ပေးသော သတင်းအချက်အလက်များကို သေချာစွာ နားလည်သဘောပေါက်စေရန် ကျူးလွန်ခံရသူများကို ပုံမှန်ကြည့်ရှုစစ်ဆေးပေးပါ။

- မိဘစောင့်ရှောက်မှု ကင်းမဲ့သော (ဥပမာ - ကွဲကွာနေခြင်းကြောင့်ဖြစ်စေ၊ လူကုန်ကူးမှုတွင် မိဘ ပါဝင်ပတ်သက် နေမှုကြောင့်ဖြစ်စေ) ကျူးလွန်ခံရသူ ကလေးသူငယ်အတွက် ၎င်း၏ အကျိုးစီးပွားနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာမှု ရရှိစေရန်နှင့် တရားစွဲဆိုမှုများတွင် ၎င်းကို ကိုယ်စားပြုပေးရန် တရားဝင် အုပ်ထိန်းသူ တစ်ယောက် ခန့်အပ်ပေးပါ။

---

၁၃၇ UNODC (2008)၊ လူကုန်ကူးမှုတိုက်ဖျက်ရေးကိရိယာစုံ၊ New York: UN

# ရည်ညွှန်းချက်များ

Anti-Slavery International (2002). Human Traffic, Human Rights: Redefining Victim Protection. London: Anti-Slavery International. http://www.antislavery.org/wp-content/uploads/2017/01/hum_traff_hum_rights_redef_vic_protec_final_full.pdf

ASEAN (2016). Gender Sensitive Guideline for Handling Women Victims of Trafficking in Persons. Jakarta: ASEAN Secretariat. https://asean.org/wp-content/uploads/2012/05/FAASN_gender_8_email_REV.pdf

ASEAN Commission on the Promotion and Protection of the Rights of Women and Children. Regional Guidelines and Procedures to Address the Needs of Victims of Trafficking in Persons. Annex: References and Good Practices. (n.d.).

ASEAN Commission on the Promotion and Protection of the Rights of Women and Children (2016). Regional Review on Laws, Policies and Practices within ASEAN relating to the Identification, Management and Treatment of Victims of Trafficking, especially Women and Children. Jakarta, ASEAN Secretariat. https://acwc.asean.org/resources/activities-recommendations/regional-review-on-laws-policies-and-practices-within-asean-relating-to-the-identification-management-and-treatment-of-victims-of-trafficking-especially-women-and-children/

ASEAN (2015). ASEAN Community Vision 2025. Jakarta: ASEAN Secretariat. https://asean.org/wp-content/uploads/2021/01/6_AHRD_Booklet.pdf

ASEAN (2018). ASEAN Enabling Masterplan 2025: Mainstreaming the Rights of Persons with Disabilities. Jakarta: ASEAN Secretariat.

ASEAN. ASEAN Regional Plan of Action on Eliminating Violence Against Women. See https://www.asean.org/storage/images/2015/November/27th-summit/ASCC_documents/ASEAN%20Regional%20Plan%20of%20Action%20on%20Elimintation%20of%20Violence%20Against%20WomenAdopted.pdf

ASEAN (2019). Practitioners' Model Implementation Toolkit for the ACWC Regional Guidelines and Procedures to Address the Needs of Victims of Trafficking in Persons. Jakarta: ASEAN Secretariat.

ASEAN-ACT Victim Rights Strategy (2021).

Bail Process (2015). Policy Guide on Identifying Victims of Trafficking: An Introductory Guide for Policy Makers and Practitioners. Bangkok: Regional Support Office of the Bali Process. https://www.baliprocess.net/UserFiles/baliprocess/File/Policy%20Guide%20on%20Identifying%20VIctims%20of%20Trafficking.pdf

Bail Process (2015). Policy Guide on Protecting Victims of Trafficking: An Introductory Guide for Policy Makers and Practitioners. Bangkok: Regional Support Office of the Bali Process. https://www.baliprocess.net/UserFiles/baliprocess/File/Bali%20Process%20Policy%20Guide%20on%20Protecting%20Victims%20of%20Trafficking%20(1).pdf

Basic Principles and Guidelines on the Right to a Remedy and Reparation for Victims of Gross Violations of International Human Rights Law and Serious Violations of International Humanitarian Law, C.H.R. res. 2005/35, U.N. Doc. E/CN.4/2005/ L.10/Add.11 (19 April 2005).

International Justice Mission (2020). Online Sexual Exploitation of Children in the Philippines: Analysis and Recommendations for Governments, Industry and Civil Society. See https://www.ijm.org/stories/online-sexual-exploitation-of-children-hidden-in-plain-sight

Inter-Agency Coordination Group against Trafficking in Persons (ICAT). Draft Submission to CEDAW's General Recommendation on Trafficking in Women and Girls in the Context of Global Migration (n.d.). http://icat.network/sites/default/files/publications/documents/ICAT%20submission%20to%20CEDAW.pdf

IOM (2009). Caring for Trafficked Persons, Guidance for Health Providers. Geneva: International Organisation for Migration. https://publications.iom.int/system/files/pdf/ct_handbook.pdf

IOM (2007). The IOM Handbook on Direct Assistance for Victims of Trafficking. Geneva: International Organisation for Migration. https://publications.iom.int/system/files/pdf/iom_handbook_assistance.pdf

McAdam, M (2021). Implementation of the non-punishment principle for victims of human trafficking in ASEAN member states: Executive summary. Bangkok: ASEAN-ACT.

McAdam, M (2020). Freedom of movement for victims of trafficking: Law, policy and practice in the ASEAN region. Information note supported by the Australian Government. Bangkok: ASEAN-ACT. See https:// aseanactpartnershiphub.com/ resources/asean-shelterstudy-mcadam-freedom-ofmovement-for-victims-oftrafficking-final/

O'Brien, E (2018). Challenging the Human Trafficking Narrative: Victims, Villains, and Heroes. (Chapter 4: Ideal and Invisible Victims). Taylor & Francis Group.

Office of the High Commissioner for Human Rights. Recommended Principles and Guidelines on Human Rights and Human Trafficking. (n.d.) https://www.ohchr.org/Documents/Publications/Traffickingen.pdf

OSCE Office of the Special Representative and Co-ordinator for Combating Trafficking in Human Beings (2021). Applying Gender-Sensitive Approaches in Combating Trafficking in Human Beings. Vienna: OSCE.

OSCE Office for Democratic Institutions and Human Rights (ODIHR) (2004). National Referral Mechanisms. Joining Efforts to Protect the Rights of Trafficked Persons: A Practical Handbook. Warsaw: OSCE.

Polaris Project (2018). On-Ramps, Intersections, and Exit Routes: A Roadmap for Systems and Industries to Prevent and Disrupt Human Trafficking. https://polarisproject.org/wp-content/uploads/2018/08/A-Roadmap-for-Systems-and-Industries-to-Prevent-and-Disrupt-Human-Trafficking-Health-Care.pdf

Surtees, R and Laura S. Johnson (2021). Recovery and Reintegration of Trafficking Victims: A Practitioner Guide. Bangkok: Regional Support Office of the Bali Process (RSO) and Washington, D.C.: NEXUS Institute.

Surtees, R (2017). Supporting the Reintegration of Trafficked Persons: A Guidebook for the Greater Mekong Sub-Region. Bangkok: NEXUS Institute, UN-ACT and World Vision. https://nexushumantrafficking.files.wordpress.com/2017/04/final-reintegration-guidebook-gms.pdf

UNICEF (2006). Guidelines on the Protection of Child Victims of Trafficking. UNICEF Technical Notes. New York: UNICEF. https://ec.europa.eu/antitrafficking/sites/antitrafficking/files/unicef_guidlines_on_protection_of_the_rights_of_teh_child_2006_en_2.pdf

UN Women (2020). The Gendered Dynamics of Trafficking in Persons Across Cambodia, Myanmar and Thailand. Bangkok: UN Women. https://asiapacific.unwomen.org/-/media/field%20office%20eseasia/docs/publications/2020/02/ap-gendered-dynamics-of-trafficking-s.pdf?la=en&vs=327

UNODC (2009). Anti-Human Trafficking Manual for Criminal Justice Practitioners: Risk Assessment in Trafficking in Persons Investigation. New York: United Nations Office on Drugs and Crime. https://www.unodc.org/documents/human-trafficking/TIP_module5_Ebook.pdf

UNODC (2008). Toolkit to Combat Trafficking in Persons. New York: United Nations Office on Drugs and Crime.
UNODC (1999). Handbook on Justice for Victims: On the use and application of the Declaration of Basic Principles of Justice for Victims of Crime and Abuse of Power. New York: UNODC.

Zimmerman, C. & Watts, C (2003). WHO Ethical and Safety Recommendations for Interviewing Trafficked Women. London: London School of Hygiene & Tropical Medicine with support from the Daphne Programme of the European Commission and the World Health Organisation. https://www.who.int/mip/2003/other_documents/en/Ethical_Safety-GWH.pdf

# နောက်ဆက်တွဲ ၁။ အမျိုးသားအဆင့် ဆွေးနွေးတိုင်ပင်ရေး အလုပ်ရုံ ဆွေးနွေးပွဲတွင် ပါဝင်သူများကို နိုင်ငံအလိုက် ခွဲခြားဖော်ပြထားမှု ဇယား

| နိုင်ငံ | အစိုးရ | အစိုးရမဟုတ်သော | ACWC | စုစုပေါင်း |
|---|---|---|---|---|
| ကမ္ဘောဒီးယား | ၂၀ | ၁၄ | ၂ | ၃၆ |
| အင်ဒိုနီးရှား | ၂၆ | ၂၂ | ၁ | ၄၉ |
| လာအို PDR | ၃၀ | ၇ | ၀ | ၃၇ |
| မလေးရှား* | ၀ | ၁ | ၀ | ၁ |
| ဖိလစ်ပိုင် | ၁၂ | ၁၄ | ၀ | ၂၆ |
| စင်္ကာပူ* | ၀ | ၃ | ၀ | ၃ |
| ထိုင်း | ၁၅ | ၂၁ | ၂ | ၃၈ |
| ဗီယက်နမ် | ၃၃ | ၁၃ | ၀ | ၄၆ |
| **စုစုပေါင်း** | **၁၃၆** | **၉၅** | **၅** | **၂၃၆** |

* မလေးရှားနှင့် စင်္ကာပူတို့အတွက် ပါဝင်ပတ်သက်သူများနှင့်ပါ နှစ်ဦးနှစ်ဖက်ပါဝင်သော ဆွေးနွေးတိုင်ပင်မှုများ ကျင်းပခဲ့သည်။

**ရှေ့တန်းမှတုံ့ပြန်ဆောင်ရွက်သူများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးဆိုင်ရာ အာဆီယံ လမ်းညွှန်ချက် –**
လူကုန်ကူးခံရသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးခြင်း